www.burmeseclassic.com

# မမသဥ္ဇါမောင်



"ယုရယ်..သူရယ်..ကျွန်တော်ရယ်..

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ ဇန်နဝါရီလ။

ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်ဝိုင်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးအေးလွင် (၀၈၂၁၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်ဝိုင်းလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

ဖြန့်ချိရေး - ၁၆၀၀ ကျပ်

အုပ်ရေ - ၅၀၀ အုပ်

၈၉၅ ၈၃
မမသဒ္ဒါမောင်
ယုရယ်…သူရယ်…ကျွန်တော်ရယ်/ မမသဒ္ဒါမောင် - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၀ - စာ ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) ယုရယ်…သူရယ်…ကျွန်တော်ရယ်


မမသဒ္ဒါမောင်

# ယုရယ်…သူရယ်…ကျွန်တော်ရယ်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ယုကို သိပ်ချစ်တယ်။ ကျွန်တော့် အသက်ထက် ပိုပြီးချစ်တာပါ။ မိဘတွေကအစ ကျွန်တော်တို့လူငယ်တွေအဆုံး ဘယ်လိုအတားအဆီး, ဘာအနှောင့်အယှက်မှ မရှိဘဲ ယုနဲ့ ကျွန်တော် လက်တွဲသွားနိုင်မယ်လို့ လုံးဝကို ယုံကြည်ထားတာပါလေ။ သို့သော် ကျွန်တော်နဲ့ယု ကြားမှာ ကာဆီးထားတဲ့အရာတစ်ခုကို လက်တွေ့ကြုံမှပဲ သိခဲ့ရပါတယ်။ အဲဒါကတော့ ပိုင်ဆိုတဲ့ ကြွပ်ဆတ်ဆတ် မာကျောကျောနဲ့ ဒေါင့်မကျိုးတဲ့ ကောင်လေးပါပဲ။

မိုးသားဖြူ

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာကို သိပြီးတဲ့အခါ ဘဝမှာ ပိုပြီး အထီးကျန်လာတတ်ပါတယ်။

## အခန်း (၁)

အရုဏ်ဦးအလင်းရောင်က သူ့အခန်းထဲသို့ ဖြာကျလာလေ၏။ ပြတင်းပေါက်မှတစ်ဆင့် နံနက်ခင်းလေပြည်က အခန်းထဲသို့ တိုးဝင်ရောက်လာလေသည်။ ခပ်တိုတိုညှပ်ထားသည့်ဆံပင်ကို လေလာထိတာမို့ ပြတင်းပေါက်ကို အန်တီလေး လာဖွင့်သွားမှန်း သူသိလိုက်ပါ၏။ သူ့အန်တီလေးက သူ့ကို မနက်နိုးတိုင်း အသံညံ့ညံ့မျိုး မနှိုးတတ်ပါချေ။

ဖက်လုံးကိုခွကာ ဖက်ထားရာမှ လွှတ်လိုက်ပါသည်။ ဟိုဘက် ဒီဘက် လိမ့်ကာနှပ်နေသည့် ဗိုက်က ပျက်ပြိုကိုး။ မျက်လုံးကို မဖွင့်ခင် တစ်ချက်သမ်းလိုက်ပြီး ခြေရောလက်ပါ ထုတ်ဆန့်လိုက်သဖြင့် ခုတင်ခေါင်းရင်းနှင့် ခြေရင်းကို လက်သီးဆုပ်နှင့် ခြေဖျားက ပြိုင်တူထိသွားလေသည်။ စားပွဲထက်နာရီမှ တတီတီနှင့် ခပ်သာသာ နှိုးစက်



www.burmeseclassic.com

www.burmeseclassic.com



သံက သူ မနက်နိုးထချိန်နဲ့ အံကိုက်မြည်လာတော့၏။

‘တီ တီ တီ တီ’

ဆတ်ခနဲထထိုင်ကာ နှိုးစက်လေးတ်ကို ပိတ်လိုက်၏။ ခုတင်မှ ဆင်းကာ ကွင်းထိုးပိတ်ဖိနပ်ကိုစီးလိုက်ပါသည်။ ညအိတ်ဝတ်အင်္ကျီနှင့် ဘောင်းဘီက ပိန်ပိန်ရှည်ရှည် သူ့ခန္ဓာကိုယ်ထက်မှ ပွရောင်းရောင်း ဖြစ်နေလေ၏။ ပြတင်းပေါက်အနီးမှာရပ်၍ တစ်ဖက်ခြံသို့ ကြည့်လိုက် မိသည်။

အိမ်တံခါးတွေ အလုံပိတ်ထားပါသည့်တိုက်ကြီးက ငြိမ်သက် တိတ်ဆိတ်နေလေ၏။ သူ့တို့တိုက်က ပိုကြီးကာ မြင့်လည်းမြင့်တာမို့ တစ်ဖက်ခြံရှိ တိုက်ကို အပေါ်စီးမှ မြင်နေရပါသည်။ ဝရန်တာမှာ သစ်ရွက်ခြောက်တွေတင်နေတာမို့ ဘယ်သူမှ ပြန်မရောက်သေးမှန်း သိနေပါ၏။ ခရီးသွားတာကလည်း ကြာလိုက်တာနော်။

“လွမ်းတယ်ကွာ”

တီးတိုးရေရွတ်လျက် သူပြုံးလိုက်မိပါ၏။ သူက စကားပြော တိုးပြီး စကားနည်းသည့်လူပါ။ သို့သော် သူ အင်မတန်ချစ် သံယောဇဉ် ကြီးလှန်းပါသည့် မိန်းကလေးကဖြင့် လျှာသွက် အာသွက် ပေါက် ပေါက်ရော့်လေးမင် မဟုတ်ပါလား။ ဆံပင်ကို ကျောလယ်ခန့် ဝိုင်းဝိုင်း လေး ညှပ်ထားတာ။ နဖူးထက်မှာ ခပ်ညီညီလေး တိထားပြီး ဘယ် တော့မှ မစည်းနှောင်သည့် ဆံနွယ်စင်းစင်းလေးနှင့် မိန်းကလေး။

ခန္ဓာကိုယ်က ကျစ်ကျစ်လျစ်လျစ်လေးဖြစ်ပြီး မိန်းမတို့တွင်





ရှိအပ်သည့် အလှတရားတို့ စုံရထားပါသည့် ကောင်မလေး။ မျက်လုံး ဝိုင်းဝိုင်းလေးမှာ အရည်လေးလဲ့နေပြီး ညို့အားပြင်းတတ်သူ။ နှာတံ စင်းစင်းလေးနှင့် လိုက်ဖက်ညီလှသည့် ခပ်ဖူးဖူးနှုတ်ခမ်းတစ်စုံကို ပိုင်ဆိုင်ထားပါသည့် အနှိမ်နင်းကလေး၏အမည်သည်ကား ယုဖြစ်ပါ၏။

“တော်တော် ပျော်နေတယ်ထင်ပါရဲ့”

ခရီးထွက်ရတာကို နှစ်ခြိုက်သည့် ယု၊ တစ်ဦးတည်းသော သမီးမို့ အိမ်မှာ ဝိုင်းပြီးအလိုလိုက်ခြင်းခံရသည့် သူ၏ယုက သူ့အပေါ် ငယ်သူငယ်ချင်းဖြစ်တာထက် ပို၍ ဆိုးနွဲ့ဗိုလ်ကျတတ်တာပါလေ။ သူက တစ်ယောက်တည်းနေ၊ တစ်ယောက်တည်းတွေးပြီး ခပ်ဆိတ် ဆိတ်နေတတ်သူ။ ယုက ဆူဆူညံညံ သီချင်းဖွင့်ပြီး ကခုန်တာကို နှစ်သက်သူ။ သူက အခန်းအောင်းပြီးစာဖတ်၊ ဂစ်တာတီးပြီး သီချင်း ခပ်တိုးတိုးညည်းတာကို နှစ်ခြိုက်သူ။ ယုကဖြင့် အိမ်ထဲနေရတာကို ပျင်းလွန်းပြီး လမ်းထွက်လည်တာကိုသာ ပျော်ဝင်သူ။

သူက လူရှုပ်သည့်နေရာကိုရှောင်ပြီး ချောင်ကျကျနေရာမှာ ထိုင်လေ့ရှိသူ။ ယုက လူများသည့်နေရာကို မျက်စိကျပြီး Club မှာ ကခုန်ရတာကို သဘောကျသူ ထိုသို့သော ဆန့်ကျင်ဘက်လူသားနှစ်ဦး ကို ယခု အသက် (၂၀) ကျော်အထိ အတူတွဲနေမည်ဟု ဘယ်သူထင် ပါ့မလဲ။ တကယ်ပါ။ သူနှင့်ယုက အမှန်တကယ်ပင် တတွဲတွဲမခွဲဘဲ အတူရှိခဲ့တာ အမှန်ပါလေ။

‘ဒေါက် ဒေါက်’



www.burmeseclassic.com

www.burmeseclassic.com



"ပိုင် နိုးပြီလား"

"ဟုတ်"

"ကိုကိုက Breakfast စားကြစို့တဲ့"

"ပိုင် ရေချိုးပြီးဆင်းလာမယ် အန်တီလေး"

"အေး . . . အေး"

သတိပေးနေပြီမို့ ရေချိုးခန်းတွင်းသို့ ဝင်လိုက်ရပါ၏။ ရေအေးအေးကို တစ်ဝကြီး ချိုးလိုက်ပါသည်။ ဒီဇင်ဘာရောက်တော့မှာမို့ သူနှင့်ယု မွေးနေ့ကို လုပ်ရတော့မှာလေ။ သူကဖြင့် အလုပ်ကိုကြိုးစားပြီးလုပ်နေပေမယ့် သူ၏ယုကဖြင့် ယခုတိုင် ကလေးတစ်ယောက်နှယ် မိဘပိုက်ဆံကို ဖြုန်းတီးနေတုန်းပါပဲ။

ရွယ်တူချင်းဖြစ်ပါလျက် တစ်ဦးနှင့်တစ်ဦးလည်း သူငယ်ချင်းထက်မက ချစ်နေပါလျက်နဲ့ ဘဝကို ပေါ့ပေါ့တွေး၊ ပျော်ပျော်နေတတ်သည့် ယုကြောင့် ရင်မောရတာအမှန်ပါ။ အရွယ်ထက်ပိုပြီး တည်ငြိမ်ရင့်ကျက်မှုမျိုး ယုမှာရှိစေချင်တာ။ ဘာကိုမဆို အလေးအနက်ထားပြီး ဆုံးဖြတ်စေချင်တဲ့ စေတနာတွေကို သူ၏ယုကဖြင့် မမြင်တတ်ပါလေ။

"မျက်စိနောက်တယ်" ဟု ပြောင်ပြောင်တင်းတင်းပြောတတ်သည့်ကိုကို့ကြောင့် ယုဟာ ကိုကို ရှိချိန်မျိုးမှာ သူတို့ခြံဘက် မကူးလာရဲပါချေ။ သူကတော့ ယုကိုချစ်သည့်စိတ်ဖြင့် အပြစ်သေးသေးမွှားမွှားလေးကိုကအစ မမြင်ဘဲ ခွင့်လွှတ်တတ်တာကို။ ကိုကို့လိုလူကြီးအမြင်မှာတော့ မျက်စိနောက်လောက်အောင် လျှပ်ပျာလျှပ်ပျာ လုပ်



တတ်သည့် ယုပုံစံက တကယ့်ကို cross ပဲ မဟုတ်ပါလား။

ကိုကို ဘုန်းမြင့်နိုင်က အင်ဂျင်နီယာဖြစ်ပြီး ကုမ္ပဏီမှာ ဝင်လုပ်နေပါ၏။ ပိုင်က ဖေဖေတို့ ဘိုးဘွားစဉ်ဆက်လုပ်ခဲ့သည့် မြန်မာ့ရိုးရာပန်းပုလက်ရာတို့ကို ရောင်းချသည့်ဆိုင်မှာပင် ဆက်လုပ်ဖြစ်လေသည်။ မိဘတွေမရှိတော့တာမို့ ပိုင်တို့နှစ်ဦးကို အန်တီလေးကပင် အုပ်ချုပ်ထိန်းကြောင်းပေးခဲ့ပါ၏။

ပိုင်နှင့်ကိုကိုက အသက် (၈) နှစ်ကျော် ကွာပေမယ့် အငယ်ဖြစ်သည့်ပိုင်က ခပ်ဆိုးဆိုးမဖြစ်ခဲ့ပါ။ ဘယ်သွားမယ်၊ ဘယ်လာမယ်၊ အချိန်ဘယ်လောက်ကြာမယ် ဆိုသည်ကို အိမ်ကလူကြီးတွေကို ပြောပြီးမှ သွားတတ်သူပါ။ အကယ်၍ နောက်ကျပါကလည်း စိတ်မပူစေရန် Phone ဖြင့် Contanct လှမ်းလုပ်ကျင့်ရှိတာမို့ အိမ်က ပိုင့်ကို ဘယ်သူမှ စိတ်ပူစရာမလိုအောင် လိမ္မာရေးခြားရှိတဲ့ အငယ် တစ်ယောက်ပါပဲ။

"ပိုင်"

"လာပြီ ကိုကိုရေ"

အသံလှမ်းပြုလိုက်ပြီး အခန်းထဲမှထွက်ကာ လှေကားကို ခပ်သွက်သွက်ဆင်းခဲ့ရပါ၏။ အလုပ်သွားတာဖြင့် မတူပါဘဲ ပိုင်၏ကိုကိုက မနက် breakfast ပိုင်းမှ တူအရီးသုံးဦး မျက်နှာစုံညီရှိရန် စည်းကမ်းထုတ်ထားတာပါလေ။ အဲဒါက ပိုင်တို့မိဘတွေရှိကတည်းက ထုံးစံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လို့ ကြာနေတာလဲ"

မျက်မှောင်ကြုတ်ပြီး လှမ်းပြောလိုက်သည့်ကိုကို့ကို ဘာမှ ပြန်မပြောဘဲ ပြုံးရုံသာပြုံးပြလိုက်ပါ၏။ အိမ်မှာ အိမ်မှုကိစ္စတွေကို အန့်အသေသာလုပ်ပြီး ပိုင်တို့အဝတ်အစားတွေကို အဝတ်လျှော်စက် ဖြင့် မလျှော်တန်လျှော်၊ လက်ဖြင့်လျှော်တန်လျှော် လုပ်ပေးပါသည်။ ပြီးမှ သက်တို့လက်တောင်းဆိုင်းရန် ခွေမျိုးတော်စပ်သည့် ဖိုးကျော် ဆိုသည့် ကောင်လေးကို နယ်မှခေါ်ထားလေ၏။

ကိုကိုရောပိုင်ပါ နားအေးပါးအေးနေတတ်တာမို့ အိမ်ကို လှုပ်ဆတ်သော်လည်း မိသားစုသီးသန့်သာ နေကြပါ၏။ ဖေဖေမကွယ်လွန် ခင်က ကိုကို့ကို အိမ်ထောင်ချပေးရန် စီစဉ်ပေးခဲ့ပါသော်လည်း ထိုစဉ် က အသက်တန်းသာရောက်သေးသည့်ပိုင့်ကို ငဲ့ကာ အိမ်ထောင်မပြု ခဲ့တာပါ။ ယခု ပိုင်အရွယ်ရောက်နေပြီဖြစ်သော်လည်း ကိုကိုက အိမ်ထောင်ရေးကို လုံးဝ မစဉ်းစားသည့်နှယ်ပါလေ။

"ပြောနေတာမဖြေဘဲ ဘာတွေ စဉ်းစားနေပြန်တာလဲ ပိုင်"

"ဟာ ... ဘာလဲကိုကို"

"ဆိုင်မှာ ရောင်းအား ဘယ်လိုရှိလဲလို့"

"ဪ ... အဲဒါလား ဒီလိုပါပဲ"

"ဘာ ... ဒီလိုပါပဲလဲ၊ စကားကို ရှင်းရှင်းပြောစမ်း ပိုင်၊ Yes or No ပြတ်ပြတ်သားသား"

"ဆိုင်သိပ်ရောင်းမကောင်းသေးဘူးရင် ဖြုတ်ပစ်ဖို့ ကိုကိုက



ပြောနေတာ ပိုင်"

"ဟာ ... ဒါတော့ ဘယ်ဖြစ်ပါ့မလဲ"

"ပိုင်က စိတ်ကောင်စားလို့လား။ လုပ်ငန်းတစ်ခုလုပ်တယ် ဆိုတာ ရှေ့ကို ကြိုမြင် ကြိုတွေးပြီး လုပ်ရတယ်ကွ။ ဒီလိုပဲ တစ်လ လုံးမှ နှစ်သိန်းဝန်းကျင်လေး ဝင်ငွေရတာမျိုး မဖြစ်သင့်ဘူး။ ရေရှည် တည်တံ့နိုင်ဖို့ ကြည့်တတ်ရတယ်"

"ဆိုင်ကို ပိုင်မဖြုတ်ချင်ပါဘူး၊ ဖေဖေ့လက်ငုတ်လက်ရင်း လုပ်ငန်းကြီးကို"

"အေးပါ ... အဲဒါကို ကိုကိုလည်း သိပါတယ်၊ ဒါပေမဲ့ တစ်နှစ်နဲ့တစ်နှစ် တူတော့တာမှမဟုတ်တာ အပြောင်းအလဲဆိုတာကို လက်သင့်ခံနိုင်ရမယ် ပိုင်"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိပါ၏။ အကြောင်းမရှိဘဲတော့ ကိုကို ထိုသို့မပြောမှန်း ပိုင်သိနေပါသည်။ ဘာလဲ ကုမ္ပဏီလုပ်ငန်းထဲ ငွေလိုနေလို့များလား။ မဟုတ်သေးပါဘူး။ ကိုကို့လုပ်ငန်းအတွက်တော့ ဖေဖေ လုပ်ထားတာကို အလွယ်တကူနဲ့ ဖျက်သိမ်းပါ့မလား။ ပိုင် အများကြီး စဉ်းစားရဦးမှာပါလေ။

"ပိုင် စဉ်းစားပါ့မယ်"

"ပိုင့်ကို အဲဒီရုပ်တုတွေရောင်းတဲ့ဆိုင်မျိုးထက် Furniture (ပရိဘောဂ) ဆိုင်မျိုးပဲ ထိုင်စေချင်တယ်၊ ပိုင်လည်း အဲဒါကို ဝါသနာပါတယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပိုင့်မျက်နှာ ခပ်အမ်းအမ်းဖြစ်သွားရပါ၏။ ဘုရားရေ ကိုကို ဘာကိုများ ထိုသို့ပြောရတာပါလိမ့်။ ဆိုင်မှာ ပိုင်လုပ်နေသည့်ပစ္စည်းကို မြင်သွားလို့များလား။ မဟုတ်သေးပါဘူး။ ကိုကိုက ပိုင်လုပ်သမျှကို မျက်စိဒေါက်ထောက်ကြည့်ပြီး အပြစ်ပြောတတ်တဲ့ အစ်ကိုမျိုးမှ မဟုတ်တာလေ။

"ပိုင်ပြောပြီးပြီလေ"

"Chance တစ်လရမယ်"

"အာ . . . ကိုကိုကလည်း နည်းလိုက်တာ"

"တစ်လဆိုတဲ့ကာလမှာ ငွေ သန်းပေါင်းများစွာ ကိန်းဂဏန်း ကွာဟသွားနိုင်တယ် ပိုင်၊ အေးစက်ငြိမ်သက်နေတဲ့စိတ်ကို နိုးကြားတက်ကြွအောင် လေ့ကျင့်စမ်း။ ဘယ်အရာမဆို တစ်သမတ်တည်း မတည်ငြိမ်ဘူး။ သဘောပေါက်"

ဆူတာမဟုတ်ပါ။ သို့သော် မျက်နှာတည်ကြီးဖြင့် အလေးအနက်ပြောသည့် ကိုကို့စကားကို ပိုင်က နာခံရမှာ (80%) မဟုတ်ပါလား။ နှာခေါင်းကို ဖျတ်ခနဲရှုံ့လိုက်မိပေမယ့် ကိုကို့ကို မရှိသေရာမြသလို ဖြစ်မှာစိုးပြီး မျက်နှာကို အမြန်ပြင်လိုက်ရပါသည်။ ပိုင်က အိမ်မှာ အငယ်ဆုံးမဟုတ်ပါလား။

"အဲဒီဆိုင်မျိုးနဲ့ အခုဆိုင်က အခြေအနေအများကြီးကွာခြားတာ ကိုကိုရဲ့"

"သိတယ်လေ၊ ကိုကိုပြောပြီးပါပကော၊ ခေတ်နဲ့ပြောင်းလဲ





ခြင်းကို လက်သင့်ခံနိုင်ရမယ်လို့လေ"

"ပိုင်က ပိုင်က ဖေဖေ့လုပ်ငန်းကို ဆက်ခံနိုင်မယ့်လူ မဖြစ်နိုင်ဘူးလို့များ ကိုကို ထင်နေလို့လား ဟင်"

"ကျစ် . . . ပိုင် နားလည်တာလွဲနေပြီ"

"ဟုတ်သားပဲ ပိုင်ကလည်း။ အိမ်မှာ ပိုင့်ဖေဖေရဲ့ လုပ်ငန်းဝင်ငွေမရှိပေမယ့် ကိုကို့ဝင်ငွေနဲ့ ရပ်တည်နေနိုင်တာ ပိုင်သိရဲ့သားနဲ့၊ ဘာလို အတွေးချော်ရတာလဲ၊ ပိုင့်ကို အလုပ်မလုပ်ဘဲနေလည်း အန်တီလေးတို့က ဆူနေမှာမှမဟုတ်တာ၊ သိရဲ့သားနဲ့"

"ပိုင်မှ အလုပ်မလုပ်ဘဲ မနေနိုင်တာ"

"အဲဒါကြောင့်မို့ ပြောနေတာပေါ့"

ကိုကိုက ဘာမှ ဆက်မပြောတော့ဘဲ မနက်စာစားတာကိုသာ အာရုံစိုက်လိုက်ပါ၏။ အန်တီလေးက ပိုင့်ရှေ့ကို မုန့်ပန်းကန်တွေ ရွှေ့ပေးနေပေမယ့် အစားရွေးသည့်ပိုင်က တစ်ခုမှ ယူမစားဖြစ်ပါလေ။ ကိုကိုက အစားအစာကို စနစ်တကျစား လေ့ကျင့်ခန်းမှန်မှန်လုပ်သူမို့ ကျန်းမာကျစ်လျစ်ပြီး ယောကျ်ားပီသသည့် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားလေ၏။

ပိုင်ကဖြင့် ဟိုဟာမကြိုက် ဒီဟာမစားချင်ဆိုပြီး အစားရွေးကာ စားရင်လည်း အနည်းအကျဉ်းသာ စားတတ်တာမို့ ခန္ဓာကိုယ်က ပိန်ပိန်ပါးပါးလေးဖြစ်ကာ ရှည်မျောမျောအရပ်ကိုသာ ရလေသည်။ ခန္ဓာကိုယ်က အဆီမရှိ အသားမရှိ ပါးလှပ်လှပ်လေးဖြစ်ပြီး ကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းမူးတတ်သည့် သွေးအားနည်းရောဂါရှင်လည်း ဖြစ်နေရလေ၏။

"ကျွန်တော်သွားတော့မယ် . . . အန်တီလေး၊ ဒီည Dinner ရှိတာမို့ အိမ်ပြန်နောက်ကျမယ်"

"အေး အေး . . . ကိုကို"

"ပိုင့်ကို အစားဝင်အောင်ကျွေးဦး"

ဒီတစ်ခါတော့ဖြင့် မျက်နှာကို တမင်တကာပင် ရှုံ့တွလိုက်ပါ၏။ ကိုကိုက ပိုင့်ခေါင်းကို လက်သီးဆုပ်ဖြင့် မနာကျင်အောင် တစ်ချက်ထုကာ ထွက်သွားတော့သည်။ လူကို ကလေးလို ဂရုတစိုက်ဖြင့် အရိပ်တကြည့်ကြည့်ရှိကြတာလောက် စိတ်တိုတာမရှိပါလေ။ အထူးသဖြင့် ပိုင် အစားအသောက်စားပြီးတိုင်း သောက်ရသည့်အားဆေးနှင့် နို့တစ်ခွက်ကို အမုန်းဆုံးပါပဲ။

မသောက်ဘဲငြင်းလို့လည်းမရတာမို့ လူရှေ့မှာ မျက်စိမှိတ်ပြီး အတင်းမျိုချပြရတာ မဟုတ်ပါလား။ ပြီးမှ အခန်းထဲမှာ ဘယ်သူမှ မသိအောင် ထိုးအန်ချပေတော့ပဲ။ အဲဒီဒုက္ခကို ငယ်စဉ်ကတည်းက ယခုတိုင် ခံစားခဲ့ရသည့် ဝေဒနာပါ။ အလုပ်ပင်ပန်းရင် မောတတ်ပြီး အသက်ရှူမဝသည့်အခါ မူးလဲကျဖို့ရှိတာမို့ လူတူထပ်သည့်နေရာမျိုးကို ပိုင် ကျပ်ကျပ်ရှောင်ကျဉ်ခဲ့ရတာပါလေ။

"နေ့လယ် ဘာစားချင်လဲ ပိုင်"

"ချက်ချင်တာချက်ပါ အန်တီလေးရာ"

"ရှင့်အတွက် ပြောနေတာရှင့်၊ ပြောရခက်တဲ့ ကလေးရှိနေလို့





ကိုကို ဒီနေ့အထိ အိမ်ထောင်မပြုတာ မြင်တယ်မဟုတ်လား"

"ယူချင်ယူပါစေပေါ့၊ ပိုင်က ကန့်ကွက်နေတာမှ မဟုတ်တာ"

"ပြောလိုက်ရင် အဲဒီလိုပဲ၊ အစ်ကို ဘယ်လောက်ချစ်သလဲ ဘယ်တော့မှ မတွေးပေးဘူး၊ တကယ်ပါပဲ"

"ဒီအပျိုကြီး ပွစိ ပွစိ ပြောပြန်ပြီ" ဟူသည့် စကားကို စိတ်ထဲမှသာ ပြောဖြစ်ပါ၏။ တော်ကြာ ပိုင်၊ အန်တီလေး ဒေါပွမဆုံးဖြစ်တော့မှာလေ။ ဂိုဒေါင်ထဲမှကားကို ကိုကိုပင် အပြင်ထုတ်ပြီး ဆေးကြောစစ်ဆေးပေးသွားတာမို့ ကားသော့ကိုယူကာ ထွက်ခဲ့ပါသည်။ ပိုင်က Aircon ဖွင့်ပြီး မှန်အလုံပိတ်မောင်းရင် အသက်ရှူမဝတာမို့ ကားပြတင်းကို မှန်ချကာ လေဝင်ထွက်အောင်လုပ်ပြီး မောင်းကျင့်ရှိခဲ့တာပါ။ Let's go ပိုင်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

'တီတီ တီတီ'

"ကျစ်"

အနောက်မှလမ်းတောင်းနေသည့်ကားကြောင့် ပိုင် အတော်စိတ်ပျက်မိပါ၏။ ပိုင်က ကားကို ပုံမှန်သာမောင်းတတ်တာမို့ ထိုသို့အလောတကြီး လမ်းလုမောင်းတတ်သည့်ကားမျိုးနှင့်တိုးရင် လန့်တတ်တာပါ။ ဒါကြောင့် ကိုကို စိုးရိမ်တာမဟုတ်ပါလား။ အလုပ်သွားရတာထက် အလုပ်ပြန်သည့်အချိန်ကိုသာ အေးအေးဆေးဆေးမို့ ပိုစိတ်ချမ်းသာပြီး နှစ်ခြိုက်တတ်တာပါလေ။

ကိုကို့ထက် ပိုင်က ခန္ဓာကိုယ် သေးသွယ်သလို ယောကျ်ားမဆန်ဘဲ မိန်းမဆန်ဆန် ချောမောနေသည့်မျက်နှာကြောင့် လမ်းမှာရှိညှဲသဲ့စကြတဲ့ လူရမ်းကားမျိုးနဲ့တွေ့ရင် ဘယ်လိုရှောင်ရှားပြီး အကာယ





၌ အန္တရာယ်ပြုလာပါက အလွယ်ခုံးနည်းလမ်းမျိုးနဲ့ ဖြေပေါ်လှဲသိပ်နေမလဲဆိုသည့် ကိုယ်လုံပညာရပ်ကို ဖေဖေက ပိုင့်ကိုသာသင်ပေးခဲ့တာပါ။

ဒီတော့ ပိုင့်ကိုယ်ပိုင်ယုံကြည်စိတ်ချမိပေမယ့် သတိကိုတော့ အမြဲထားတတ်ရတာမဟုတ်ပါလား။ မျက်စိရှေ့နဲ့ ဘေးဘက်တွေကိုမြင်နေရလို့ အန္တရာယ်ကိုသိရပေမယ့် နောက်ကျောကလာမယ့် ရန်သူကိုမမြင်ရင် ကိုယ်ပဲနစ်နာရတာပါ။ ဒါကြောင့် ကျောဘက်ကို ကာကွယ်ဖို့ သစ်ပင် သို့မဟုတ် နံရံတစ်ခုခုကို cover ယူတတ်ဖို့ သင်ကြားခဲ့ရတာလေ။

'တီ တီ'

"ကျွတ် လုပ်ပြန်ပြီ၊ ဘယ်လိုဖြစ်နေလဲ မသိဘူး"

ယာဉ်လမ်းကြောကျပ်နေပြီမို့ ဖြည်းဖြည်းမောင်းနေပါတယ်ဆိုမှ ဘယ်လိုဖြစ်ပြီး လောနေတယ် မသိတော့ပါဘူး။ ကျော်ချင်လည်းကျော်စေတော့ဟု ဆုံးဖြတ်ကာ အလယ်လမ်းမှ ဘေးသို့ လမ်းကြောင်းကို ပြောင်းယူလိုက်ပါ၏။ ထိုသို့လည်း မဟုတ်ပြန်။ ပိုင့်ကားနောက်ကိုသာ လိုက်ပြောင်းနေပြန်ပါရောလား။ ခက်တော့တာပါပဲ။

'ဒုန်း'

'ခွမ်း'

"ဟိုက် ... သွားပြီ"

ကားက တုံ့ခနဲဖြစ်ကာ ရပ်သွားသလို တစ်ခေါင်းလုံး ထူပူ



www.burmeseclassic.com

www.burmeseclassic.com



သွားရပါ၏။ ပြဿနာပါပဲ။ ဒီပုံနဲ့ ပိုင့်ကားအသစ်စက်စက်လေးတော့ ကားဂိုဒေါင်ထဲ အသိမ်းခံနိုင်ဖွယ်ရှိနေပြီကော။ လူက ဒေါသဖြစ်ရမှာထက် အန္တရာယ်ဖြစ်မှာကို ပိုစိုးရိမ်နေရတာပါ။ ကားပေါ်မှဆင်းလိုက်စဉ် ပိုင့်ကားကို နောက်မှဝင်တိုက်သည့်လူပါ ဆင်းလာလေသည်။

"ဟော့ . . . ဘယ်လိုလုပ်လိုက်တာလဲကွ၊ ရပ်မယ်ဆို အချက်ပြရတာ နားမလည်ဘူးလား"

"ဘာ"

ကြည့်စမ်း . . . သူကပဲ ဝင်အောင်းသေး၊ လူကို ကြိုဟောက်ရတယ်လို့။ ကားနောက်ကိုကြည့်ဖို့ထက် ဒင်းကို နာနာလေး ကျွေးချင်စိတ်က ရှေ့ရောက်နေချေပြီ။ တကယ်ဆို သူစမှားရင် ပိုင့်ကို တောင်းပန်ပြီး နှစ်ဦးနှစ်ဖက် ပြေအေးရမှာပါလေ။

"စကားကို ကြည့်ပြောကွ၊ မင်းနောက်က တိုက်လိုက်လို့ ငါ့ကားနောက်မီးသီးကွဲသွားတာ မမြင်ဘူးလား"

"အဲဒါ . . . မင်းမှားတာလေ"

"ဘာမှားရမှာလဲ၊ မင်းသာ နောက်ကနေ တတီတီလုပ်ပြီး ကားလမ်းတောင်းပြီးဖြစ်တာ၊ စောစောစီးစီး အရေးကြီးနေရအောင် ဘာလဲ မင်းညီမ လင်နောက်လိုက်သွားလို့လား"

"ဘာကွ . . . မင်း မင်း"

ထိုလူက ပိုင့်အင်္ကျီစကို ဆတ်ခနဲ ဆွဲယူလိုက်စဉ် ပိုင်က အမြန်ရှောင်လိုက်ပြီး ဒင်းမေးစေ့ကို ခပ်သာသာမျှ တွန်းလိုက်မိလေ၏။





လူကို ငပိန်လေးဆိုပြီး လျှော့တွက်ထားသည့်ကောင်မို့ မထင်မှတ်ဘဲ တန့်ပြန်တိုက်ကွက်ကို မြင်လိုက်ရသဖြင့် အံ့သြသွားလေသည်။ ဒီလိုပဲ ဖြစ်ရမယ်လေ၊ ပိုင့်ကို လာထိရင် မီးပွင့်ပြီမှတ်။

"ဟော့ ဟော့ . . . ရန်မဖြစ်နဲ့လေ၊ ခက်တော့တာပဲ၊ ပြေပြေလည်လည် ညှိနှိုင်းမှပေါ့၊ ဘာဖြစ်သွားသေးလဲ ပိုင်"

ဟိုက် . . . နာမည်တစ်အပ်ခေါ်လိုက်တာမို့ နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်မိ၏။ သေစမ်း၊ ကိုကို့သူငယ်ချင်း မင်းရဲ ကျော်စွာနဲ့မှ လာတိုးရတယ်လို့။ ဒီအစ်ကိုက ပိုင် ငယ်စဉ်ကတည်းက အိမ်ကို ဝင်ထွက်ခဲ့တဲ့ ကိုကို့ငယ်သူငယ်ချင်းဖြစ်သလို ဖေဖေ့မိတ်ဆွေ ဦးရဲမြင့်ရဲ့ သားလည်းဖြစ်လေ၏။

ပိုင့်အကြောင်းကို အစအဆုံးသိနေသူမို့ မဟုတ်တာလုပ်မိတိုင်း ဒီအစ်ကိုမြင်တာနဲ့ အိမ်ကို သတင်းရောက်တော့တာပါပဲ။ အခုလည်း ပိုင် Accident ဖြစ်တာနဲ့ တည့်တည့်ကြီးလာတိုးရတယ့်လို့။ ကိုကိုသာသိသွားရင် ကျိုင်အကြီးကြီးပူတော့မှာ အမှန်ပါလေ။ ဒီနေ့တော့ ပိုင့်အတွက် တကယ့်ပြဿဒါးရက်ပါပဲလား။

"ပိုင့်ကားက ကိုယ့်နောက်ဘန်ပါကိုပါ လာတိုက်လို့ ရှေ့မီးသီးပါကွဲနေပြီ"

"ဗျာ . . . ဟာ သွားပါပြီ၊ အဲဒါ မင်းကြောင့်ဖြစ်ရတာကွ"

"ဘာကွ မင်း"

"ကဲ . . . တော်ကြပါတော့၊ အေးအေးဆေးဆေး ညှိနှိုင်းရင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးမယ့်ကိစ္စကို ဒေါသနဲ့ မဖြေရှင်းချင်ပါနဲ့"

"ဒီကောင်လွန်တာ အစ်ကိုရ"

"အဲမှာ . . . မင်းမှလွန်တာကွ၊ လူကြည့်တော့ဖြင့် လက်တောင့်လောက်လေးရှိသေးတယ်၊ ကိုယ့်ထက်အကြီးကို မခန့်လေးစားနဲ့"

"ဘာ . . . ဟောကောင်၊ လူကို အထင်အသေးနဲ့မြင်ပြီး မပြောနဲ့ကွ၊ မင်းလိုကောင်စား (၁၀) ယောက်လောက်ကို ဖြုတောင် မဖြုဘူး၊ ခဏလေးနဲ့ မြေပေါ် flat ပြသွားအောင် အသာလေး kick ပြီး သိပ်လိုက်လို့ရတယ်မှတ်"

"ဘာရယ်"

"တော်ပါတော့ ပိုင်ရယ်၊ ဘာမှ ကြီးကြီးမားမားဖြစ်တာမှ မဟုတ်ဘဲ၊ လူ ဘာမှမဖြစ်ရင် ပြီးရောပေါ့"

"ပိုင့်ကားပဲ ရှေ့ရော နောက်ရော ထိတာအစ်ကိုရ"

"ဟ . . . ငါ့ကားလည်းထိတာပဲ"

"ညီလည်း ကျေအေးပေးလိုက်ပါကွာ၊ အမှုကို ကြီးအောင် မလုပ်ပါနဲ့၊ ပိုင်လည်း စိတ်ကိုလျှော့လိုက်ပါ"

"တောက် . . . စောစောစီးစီး ကျက်သရေကိုမရှိဘူး"

"ဟ်ာ . . . မင်း"

နှစ်ယောက်သား ခင်ဘတ်ချင်းထိလုမျှ တိုးလိုက်စဉ် မင်းရဲ့ကျော်စွာက ကြားထဲ အမြန်ဝင်လိုက်ရလေ၏။ ရော်၊ ဒီလူငယ်နှစ်ဦးကို





ရှင်းရတာ မလွယ်ပါလား။ တစ်ဖက်လူငယ်ထက် သူငယ်ချင်းရဲ့ ချာတိတ်က ပိုပြီး သွေးဆူလွယ်တဲ့သူ ဖြစ်နေလို့ပါပဲ။ ဘုန်းမြင့်နိုင်က သွေးအေးပြီး တည်ငြိမ်ရင့်ကျက်သလောက် ညီဖြစ်တဲ့ ပိုင်ကဖြင့် ထစ်ခနဲရှိ လက်ကအရင်ပါတော့တာပါလေ။

ငယ်စဉ်ကတည်းက ခပ်ညှက်ညှက်လေးမို့ အကောင်ခပ်ကြီးကြီး ကောင်လေးတွေ အနိုင်ကျင့် ဗိုလ်ကျတတ်တာကို ကာကွယ်တတ်ရန် လေးလေးဦးအောင်နိုင်က ပိုင့်ကိုသာ ကိုယ်လုံပညာသင်ကြားပေးခဲ့တာပါ။ အန်တီခိုင် (ဒေါ်သက်သက်ခိုင်) ရှိစဉ်က အမြဲးတွေပြည့်နှက်နေပြီး။ နွဲ့နွဲ့လေးနေခဲ့ပါသည့် ပိုင်တစ်ယောက် ကျားကျားလျားလျား ဖြစ်လာချိန်မှာဖြင့် ကိုယ်လုံပညာကို ကိုယ်ချပညာလိုသုံးပြီး ထစ်ခနဲရှိ ကြမ်းတော့တာပါပဲ။

အိမ်မှာ အငယ်လည်း အငယ်၊ ရောဂါကလည်း (မဆိုစလောက်လေး) ရှိတာမို့ ဖူးဖူးမှုတ်အလိုလိုက်ခံရပြီး ဆိုးချင်ချင်လေး ဖြစ်နေတော့တာပါ။ မိဘတွေ မရှိကြတော့ပေမယ့် အစ်ကိုဖြစ်တဲ့ ဘုန်းမြင့်နိုင်ရော ဒီအစ်ကိုကပါ အနီးကပ် စောင့်ရှောက်ကြည့်ရှုနေမှန်း သိလို့လည်း သတ္တိတွေရှိပြနေတာ ထင်ပါရဲ့။ ခက်ချေပြီကော ပိုင်။

"အစ်ကို တောင်းပန်ပါတယ် ညီ၊ ဒီလောက်နဲ့ပဲ ကျေအေးလိုက်ပါ"

"ဟာ . . . ပိုင်လွန်တာမှ မဟုတ်တာ ကိုရဲရ၊ ကြားထဲက ဘာမှတောင်းပန်စရာ မလိုဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . အတော်ရင့်တဲ့ကောင်ပဲ၊ ကြီးတဲ့လူ တောင်းပန်နေလို့ အလျှော့ပေးလိုက်တယ်မှတ်"

"အံမာ . . . အကြောကြီးနဲ့၊ မလျှော့တော့ မင်းက ဘာဖြစ်ချင်လို့လဲ ပြော၊ Don't care ပဲဟိတ်ကောင်၊ လာလေ"

"ပိုင် ပိုင် . . . ခက်တော့တာပဲ၊ ညီလည်း သွားပါတော့၊ လာ ပိုင်"

ပိုင့်လက်မောင်းကို ဆွဲခေါ်နေတာမို့ ကိုရဲနောက် ပါလာခဲ့ပေမယ့် ဟိုလူကို ဖြုတ်ကြည့်ကြည့်နေမိသည့်အကြည့်ကိုဖြင့် နည်းနည်းမှ မလွှဲပါဘဲ စိုက်ကြည့်နေတော့တာပါ။ တောက်၊ ကိုရဲသာရောက်မလာရင် ဒင်းကို မျက်ခွက်စုတ်ပြီး နှာခေါင်းသွေးလျှံအောင် သုံးချက်လေးချက်လောက် ကျွေးလိုက်ပြီ၊ အလကားကောင်၊ မိန်းမလို မိန်းမရနဲ့ ယောကျ်ားဖြစ်ပြီး ရန်တွေ့ကောင်းလိုက်တာ၊ အမြင်ကပ်ပါ့။

"စိတ်ကိုလျှော့စမ်း ပိုင်"

"ကိုရဲက ဘယ်ကဘယ်လို ပေါ်လာရတာလဲ"

"ဘယ်ကမှ ပေါ်လာတာမဟုတ်ဘူး၊ ဒီအချိန်အလုပ်သွားတာပဲကို၊ နောက်ကနေ အသံပေါင်းစုံနဲ့ ဒီလောက် ခပ်ကြမ်းကြမ်းမောင်းလာမှတော့ ပိုင်မှန်းသိလို့ ဘေးကပ်ရပ်လိုက်တာ"

"သွားပါပြီကွာ . . . ကားပြင်ရတာထက် ကိုကိုသိမှ ကျိုင်တက်မှာ"

"ဘုန်းနိုင်ကို ကိုယ် မပြောရင်ပြီးရော မဟုတ်လား။ Work-





shop ဝင်အပ်ပြီး ကိုယ့်ကားနဲ့ လိုက်ခဲ့လေ၊ ဆိုင်သွားမှာမဟုတ်လား"

"ဟုတ်"

ပိုင်က အနည်းငယ်မျက်နှာပျက်အမ်းသွားမိပါ၏။ ကိုကို မသိအောင် ဘယ်လောက်များ ဖုံးထားနိုင်မှာမို့လဲ၊ ပိုင်က မဟုတ်တာ မလုပ်တတ်တာမို့ သုံးလေးရက်အတွင်း နှုတ်က ထွက်ပြီး ပြောမိတော့တာပါလေ၊ အဲဒီလို ကလေးဆန်လွန်းလို့ ပိုင့်ကို ကိုကို စိတ်မချ လက်မချဖြစ်ရတာ မဟုတ်ပါလား။

နားရွက်ဖျားကို တစ်ချက်ကုပ်လိုက်စဉ် ကိုရဲက ပိုင့်ခေါင်းကို အသာဖိလိုက်လေ၏။ ဘာဖြစ်လဲ၊ ဒီအစ်ကိုလည်း ပိုင့်ကို အလိုလိုက်တဲ့အစ်ကိုပဲ မဟုတ်ပါလား။ ဒီအစ်ကိုတွေအကြောင်းမှ နောကျေအောင်မသိရင် ပိုင်မဟုတ်တော့ဘူးလေ။

"ဘာလဲ စုထားတာကုန်ပြီလို့ တွက်နေပြီလား။ ကားပြင်ခ ကိုယ်ပေးပါ့မယ် ချာတိတ်ရာ"

"မဟုတ်တာ၊ ကိုရဲကိစ္စမှ မဟုတ်တာကို"

"ကျစ် . . . ပိုင့်ကိစ္စက ကိုယ့်ကိစ္စပဲပေါ့၊ ခွဲခြားခွဲခြား ပြောစရာလား"

"ဟိုလေ အားနာလို့"

"ဒီလူနဲ့ ဒီလူ အားနာစရာလား ပိုင်ရယ်၊ လာ သွားကြစို့၊ ကိုယ့်အသိ workshop ဝင်ပို့ပေးမယ်"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



ပခုံးကို အသာပုတ်ကာ ကားပေါ်တက်စေပြီးမှ အားနာမျက်နှာပူစွာဖြင့် တက်လိုက်ရပါ၏။ ကိုရဲမိတ်ဆွေကား workshop မှာပင် ကားကိုအပ်ခဲ့ပြီး ဆိုင်ရှိရာဆီ လိုက်ပို့ပေးသည့်အစ်ကို့ကို လှည့်ကြည့်မိလိုက်ပါသည်။ အစ်ကိုရော ကိုကိုပါ ကိုယ်လုံးကိုယ်ထည်နှင့် အရပ်အမောင်းပါ တူပြီး ယောကျ်ားပီသလွန်းတာပါလေ။

"သိပ်မကြည့်နဲ့လေ၊ အနေခက်အောင်"

"အာ . . . အစ်ကိုကလည်း၊ ပိုင်က မမြင်ရတာကြာလို့ပါ"

"ဘာထူးခြားနေလို့လဲ"

"ပြောရင် စိတ်တိုမှာပေါ့"

"မဆိုးပါဘူး ပြောမှာသာပြောပါ"

"အဟင်း . . . ပါးမြိုင်းမွေးတွေ ထွက်နေလို့"

"အဲဒါ . . . မခန့်ဘူးလား။ ကိုယ့်ကုမ္ပဏီကကလေးတွေက အခုမှ ပိုချောတယ်ဆိုလား ပြောကြတာပဲ"

"ဘယ်လို"

ပိုင် ဟန်ပင်မဆောင်နိုင်ဘဲ တဟားဟား အော်ရယ်မိတော့၏။ ကိုကို့ကိုက အကြီးမို့ ပိုင် ကြောက်ချစ်ရိုသေလေးစားရပေမယ့် ကိုရဲကိုတော့ ကြောက်ရွံ့နိုင်မရှိဘဲ ရင်းနှီးခွင့်ရတာပါလေ။ ပြီးတော့ ကိုရဲက ကိုကို့လို ဟိတ်မာန်မျိုးမရှိဘဲ အခုလို ပိုင် သဘောကျအောင် ပြောတတ်တာကို။

"ကားပြင်ပြီးရင် ကိုယ်ပဲ လာပို့ပေးမယ်"





"အိမ်ကိုလား"

"အင်းလေ"

"ဒါဆို ကိုကိုသိသွားမှာပေါ့"

"သိတော့လည်း နှစ်ယောက်အတူ အဆူခံရုံပေါ့ ပိုင်ရဲ့၊ မဟုတ်ဘူးလား"

"ကောင်းတိုက်တဲ့အကြံဉာဏ်၊ ကုမ္ပဏီက GM မလုပ်ဘဲ lawer လုပ်ပါလား"

"ကိုယ်က အပြောမကောင်းပါဘူး ချာတိတ်ရယ်"

"ဟာဟ . . . ယုံရခက်ကြီး"

"ရောက်ပြီ . . . ဖုန်းဆက်လိုက်မယ်"

"အိုကေ . . . thanks ကိုရဲ"

ကိုရဲ ကားပေါ်မှ ဖျတ်ခနဲခုန်ချကာ နှုတ်ဆက်စကားဆိုလိုက်ပါ၏။ လက်ပြနှုတ်ဆက်ကာ ကားမောင်းထွက်သွားတော့မှ ဆိုင်ထဲသို့ ပိုင် လှမ်းဝင်ခဲ့ပါ၏။ ဝန်ထမ်းတွေက ကိုယ့်အလုပ်ကိုယ်လုပ်နေကြသော်ငြား တစ်ဆိုင်လုံး တိတ်ဆိတ်နေတော့တာပါလေ။ ဒီပ်စ္စည်းတွေကို စတိုခန်းထဲထည့်သိမ်းထားရတော့မှာလား။

ပိုင့်ကို ခွင့်လွှတ်ပါဖေဖေ။ ဖေဖေထားခဲ့တဲ့လုပ်ငန်းကြီးကို တိုးတက်အောင်မြင်အောင် မလုပ်နိုင်တဲ့အတွက် ပိုင်အများကြီး ရှက်နည်းရပါတယ်။ လောကနိယာမမှာ အခြေအနေနဲ့ အချိန်အခါကို သင့်လျော်သလို မလုပ်နိုင်ရင် အောင်မြင်ခြင်းကို မရနိုင်ဘူးတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်၊ အမြဲတမ်း အစွန်းရောက်ပြီး ခေါင်းမာမာနဲ့ ဆုံးဖြတ်တတ်တဲ့ ပိုင့်အတွက် ဒါက သင်ခန်းစာအကြီးကြီးပါလေ။ နောက်မှရတတ်တဲ့ နောင်တထက် လက်ရှိဆင်ခြင်နိုင်မှသာ ဆုံးရှုံးနစ်နာမှုနည်းပါးမှာကိုး။ ကြေကွဲသည့် မျက်ဝန်းတို့မှာ မျက်ရည်တို့ ခိုသီနေတာကို သိပါမြင်ပါလေစ ဖေဖေရယ်။



## အခန်း (၃)

"တောက်"

'ဒုန်း'

"ဟဲ့ ဟဲ့ ... ဘာဖြစ်လာပြန်လဲ သားသားရယ်"

ကားတံခါးကို ဆောင့်ပိတ်လိုက်သံက ခပ်ကျယ်ကျယ်ထွက်သွားတာမို့ မာမီက ရင်ဘတ်ဖိလျက် ထွက်လာလေ၏။ ကျွန်တော် အတော်လေးကို ဒေါသဖြစ်မိတာအမှန်ပါ။ ကျွန်တော့်စရိုက်အမှန်က အေးအေးဆေးဆေးနေတတ်ပြီး စကားပြောခဲသည့်လူပါ။ အခုတော့ အဲဒီလိုလူကို ဒေါသတွေဆူပွက်စေပြီး ရင်ထဲ ဗလောင်ဆူဝေအောင် လုပ်ရတယ်လို့။

"မာမီမေးနေတာ ဖြေဦးလေ ... သားသား"

"ကားတိုက်မိလာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရား . . . ငှါသားလေး ဘာဖြစ်သွားသေးလဲ၊ ဘယ်သူ့ကို တိုက်မိခဲ့တာလဲ၊ တော်တော်များလား သား"

ကျွန်တော် သက်ပြင်းကို ရှိုက်ထုတ်လိုက်မိပါ၏။ အိမ်မှာ အစိုးရိမ်လွန်ကဲကြတဲ့လူတွေပဲ ရှိနေတာ မဟုတ်ပါလား။ ဒီနေ့မှပဲ အရေးတကြီးလုပ်ရတဲ့ကိစ္စကို ပြဿနာဖြစ်လာရတယ်လို့။ ငါနော် စိတ်ရှိလက်ရှိသာလုပ်မိရင် အဲဒီကောင်လေး အရိုးကို တစ်စစီ တကျွတ် ကျွတ်ချိုးမိမှာထင်ပါရဲ့။ စိတ်တိုတယ်နော်၊ စိတ်တိုတယ်။

"ရေ"

"ဟဲ့ . . . တစ်ယောက်လောက် ငှါသားဖို့ သောက်ရေ လာပို့ပေးစမ်း၊ မြန်မြန်"

ဆက်တီဆိုဖာပေါ် ပစ်လှဲထိုင်ချကာ မှုန်ကုပ်ကုပ်ဖြစ်နေမိသည်။ တွေးလိုက်တိုင်း ခင်းမျက်နှာကို ပြန်မြင်နေပြီး ဒေါသတွေပဲ တစ်ချောင်းချောင်း ထွက်နေမိတာလေ။ မာမီက Aircon လွှတ်ထားပါသည့် ဧည့်ခန်းမှာ ကျွန်တော့်ကို စိုးရိမ်တကြီးနဲ့ ယပ်ပင်ခတ်ပေးနေသေး။ အိမ်မှာ ရွှေပေါ်မြတင်နေရတာလောက် စိတ်တိုင်းကမကျတော့ ခက်သားပါပဲ။ ကျွန်တော့်ဘဝမှာ ဒုက္ခဆိုတာ ဘာလဲလို့ မေးယူရ လောက်အောင် ရှားပါးလွန်းတာလေ။

"ဟော . . . သောက်ရေရပြီ သားသား၊ ဖြည်းဖြည်းသောက်နင်မယ်"

ရော် . . . ရေကိုပဲ နင်မယ်ဆိုပြီး ပြောရသေးတယ်။ ကျွန်





တော်ကလည်း ကျွန်တော်ပါပဲ။ ဘယ်သွားသွား ဘာလုပ်လုပ် ကြဲဖန်ပြီး ပြဿနာဖြစ်တတ်တာလေ။ ခြံထဲ လမ်းဆင်းလျှောက်ရင်း တောင် ခလုတ်တိုက်ပြီး ခြေမကွဲတာမျိုး သွေးခြေဥတတ်တာမျိုး ဖြစ်တတ်တာမို့ အိမ်မှာ မိန်းကလေးလို ဂရုတစိုက်စောင့်ကြည့်ခြင်းခံရ တော့တာပါပဲ။

အားလုံးက ဝိုင်းပြီး ဂရုစိုက်ကြလေ ကျွန်တော့်အတွက် အသက်ရှူရကြပ်သလိုဖြစ်ပြီး ဘာကိုမှ စိတ်တိုင်းမကျတော့တာပါ။ အခုလည်း ကျွန်တော့်အချစ်တော်ခွေးလေး Blacky နေမကောင်းလို့ ဆေးခန်းသွားပြရင်း ဆေးရုံပါတင်ခဲ့ရတာ မဟုတ်လား။ လူက စိတ် ပျော့ပြီး သတ္တဝါတွေကိုချစ်တဲ့စိတ်က ကြီးပြီး သည်းခံစိတ်ရှိသော်ငြား အခုလို အဲဒီကောင်လေးရဲ့ပြဿနာဖြစ်ရတာ အံ့ပါရဲ့။

လူကောင်လည်း ကွာမှန်းသိသိကြီးနဲ့ နည်းနည်းမှ ကြောက် စိတ်မရှိသလိုနဲ့ယ်ပါ။ မေးကို တစ်ချက်စမ်းလိုက်မိ၏။ အထိုးတော့မခံ ရပါဘူး။ လာထိတဲ့လက်ကမကြမ်းဘဲ အနည်းငယ်မျှ (ကျွန်တော့်စိတ် ထင်) ပျော့သည့်နှယ် တွန်းလွှတ်ခံရတာလေ။ အလကားငပျော့ ကောင်။

"တောက်"

"ဟော . . . ဖြစ်ပြန်ပြီ၊ Blacky ရော"

"ဆေးရုံတင်ခဲ့ရတယ်"

"ဘာဖြစ်တာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"Heart မကောင်းဘူးတဲ့"

"အလိုတော် . . . ဖြစ်ရလေ"

"ဒင်းကို အမှုန့်ကြိတ်လိုက်ချင်တယ်"

"ဘယ်သူ့ကို ကြိမ်းနေပြန်တာလဲ သားသား"

"ကျွန်တော့်ရဲ့ ကားချင်းငြိမိတဲ့ကောင်ကို ပြောတာပါဗျာ။ လူက မလေးကလေးမလောက်စား ပျော့ဖတ်ဖတ်နဲ့ ရန်လိုလွန်းလို့ ပြောတာပါ"

"ကား ဘာဖြစ်သွားလဲ"

"နည်းနည်းချိုင့်သွားရုံပါ"

"တော်သေးတာပေါ့ သားရဲ့၊ ဘာမှ ကြီးကြီးကျယ်ကျယ် မဖြစ်တာပဲ ကံကောင်း။ ဘယ်လိုဖြစ်ရတာလဲ"

"လမ်းတောင်းတာကို မဖယ်ပေးဘဲ ဘရိတ်အုပ်လိုက်တာ မီးအချက်မပြတော့ တိုက်မိရော"

"သူကလား"

"ဟုတ်ဘူး၊ ကျွန်တော်က နောက်ကဝင်အောင်းတာ"

"ဟဲ့ . . . ဒါဆို သားက မှားတာလေ"

"ကျွန်တော် မမှားပါဘူးဆို၊ မာမီလည်း ထပ်ပြောပြန်ပြီ"

"ဩော် . . . သားသားက စိတ်တိုတတ်ပြီး ဒေါသကြီးတတ်တဲ့ ကလေးမှမဟုတ်တာလေ၊ ဘယ်လိုဖြစ်ပြီး စိတ်က ပူလောင်နေရတာလဲ"



ဟုတ်ပါရဲ့၊ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် အံ့သြနေမိတာ အမှန်ပါ။ ဘယ်တော့မဆို စိတ်ရှည်သည်းခံနိုင်တဲ့စိတ်က ဒီနေ့မှ ဘယ်လိုဖြစ်ပြီး ဒေါသက ရှေ့မှာကာဆီးပြီး စကားများရန်ဖြစ်ခဲ့ရတာပါ လိမ့်။ တရားခံက ဒင်းသာဖြစ်မှာပါလေ။

ဟုတ်တယ်။ လူကို နည်းနည်းမှ မရှိန်မလန့်တဲ့ ရန်ပြုရတယ်လို့။ စကားပြောရင့်သီးပြီး ကိုယ် စိတ် အမူအရာပါ ရိုင်းစိုင်းတဲ့ ကောင်လေးပါပဲ။ ပုံစံကိုမြင်ရုံနဲ့ အိမ်မှာ အကုန်လုံး ဝိုင်းစုပုံပြီး အလိုလိုက်ထားတဲ့ ပိုးဟပ်ဖြူလေး ဖြစ်မှန်းအသိသာကြီးပါ။ ဆောင့်ကြွားကြွား ထိမထင်ဟန်ကိုက အမြင်ကပ်စရာလေ။

အသားအရေက သွေးမရှိသည့်နှယ် ဖြူဖပ်ဖြူရော်ဖြစ်ပြီး နေမထိ လေမရှိ ဖွေးဥနေတာကိုက ယောကျ်ားမဟုတ်သည့်နှယ်ပါ။ မြေပေါ်မြတင်နေရတဲ့ ဘဝချင်းက ဆင်တူနေပေမယ့် သူ့လိုတော့ ကျွန်တော်က မရိုင်းစိုင်းပါ။ မိဘတွေ အဘယ်မျှ ဖူးဖူးမှုတ်ပြီး စွပ်အလိုလိုက်ထားတာပါလိမ့်နော်။

"သူသာ ပြေလည်အောင် တောင်းပန်ရင် အခုလို ကျွန်တော် စိတ်တိုစရာမှ မလိုတာ မာမီရ၊ အဲဒီကောင် အတော်မိုက်ရိုင်းတယ်"

"သူ မယဉ်ကျေးပေမယ့် ကိုယ်က မရိုင်းပျရဘူးလေ သားသားရယ်၊ တကယ်ပါပဲ"

"ဒင်းက နူတ်ပါ ရိုင်းတာမဟုတ်ဘူး မာမီရဲ့ လက်ပါရဲ့တာ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သူ့ကော်လံစကို ဆွဲရုံပဲရှိသေးတယ်၊ ကျွန်တော့်မေးစေ့ကို ဒင်း ပိတ်တွန်းတာ မြန်မှမြန်ပဲ၊ အံ့ရော"

မာမီက မျက်လုံးပြူးလျက် ကျွန်တော့်ကိုကြည့်လိုက်လေ၏။ ဟုတ်ပါရဲ့။ သူပြောသလို (၁၀) ယောက်လောက် အသာလေးဆိုတာ တကယ်ပဲဖြစ်မယ်ထင်ပါရဲ့။ ကေနွ ဒီကောင် တိုက်ကွမ်ဒိုတွေ ဘာတွေ တတ်ထားလို့ပေါ့လေ။ ဒါကြောင့်လည်း ဂျို (ချို) သွေးချင်နေတဲ့ သမင်ပေါက်စလေးလို ရန်စောင်နေတာပဲ ဖြစ်ပေမည်။

"သားက သူ့ကို အရင်သွားထိတာကိုး"

"သူပြောတာ မာမီမှ မကြားဘဲ"

"ဘာပြောလို့လဲ"

"မင်းနှမ လင်နောက်လိုက်သွားလို့ အလောတကြီး လိုက်နေတာလားတဲ့လေ၊ ဘယ်လောက် တင်းစရာကောင်းလိုက်လဲ"

"ဟဲ့"

မာမီက အထိတ်တလန့်ဖြစ်သွားပြီး ပြုံးမြမြ ဖြစ်သွားလေ၏။ ရော် သားဖြစ်သူ စော်ကားခံရတာကို ပြုံးနိုင်သေးတာပါလား။ သူ လောကြီးမိတာမှန်ပေမယ့် ဒီလိုလာကျောတာကိုဖြင့် လက်သင့်မခံချင်ပါလေ။ ရွယ်တူချင်း Do or Die ဆိုပြီး Challenge ခေါ်ရအောင် လက်ဝှေ့စင်ပေါ်မှာမှ မဟုတ်ဘဲ၊ ရှူးပဲ့။

"ဟင်း ဟင်း . . . သူလည်း စိတ်တိုလို့ပြောလိုက်တာပဲ ဖြစ်မှာပေါ့ သားရယ်"





"မာမီ မသိပါဘူးဗျာ၊ ဒင်းက ဘာညာသရကာတွေ တတ်တာနဲ့ လူကို ချမယ်ချည်းဖြစ်နေတာ"

"ဘာလဲ . . . ဘာညာသရကာဆိုတာ"

"ဂျူဒိုတို့ တိုက်ကွမ်ဒိုတို့ကို ပြောတာလေ၊ အလကားကောင် သူကြည့်တော့ဖြင့် ပိုးဟပ်ဖြူလို သွေးရောင်မရှိ၊ ဘာမရှိ၊ အရပ်က ညှိလမျောနဲ့ အရိုးပဲရှိတာကိုများ၊ လေကလည်း ကျယ်သေးတယ်၊ ကျွန်တော့်လို (၁၀) ယောက်ကိုတောင် မြေပေါ်အသာလေး လှဲသိပ်နိုင်တယ်တဲ့ ကြွား"

မာမီ ဟက်ဟက်ပက်ပက်ရယ်လေတော့၏။ ခက်တော့တာပဲ ကျွန်တော်ပြောသမျှ မယုံဘဲ ရယ်စရာလို့များ မြင်နေလေသလား။ တစ်ခါမှ ပေါက်ပေါက်ရော်အောင် စကားမပြောတတ်တဲ့လူကို ပွစိပွစိ ရေရွတ်အောင် ဒင်းလုပ်လိုက်တာလေ။

"ကလေးတွေလည်းမဟုတ်ဘဲ သားရယ်၊ စကားနဲ့ ဒါလေး ပြောတာ နာစရာလား၊ ပြန်ပြောပေါ့"

"ကျွန်တော်မှ သူ့လိုမပြောတတ်တာ"

"အဲဒါနဲ့ပဲ လက်ရုံးအားကိုးဖို့ မြင်တာပေါ့လေ"

"အလကားပါ မာမီရာ၊ တစ်ချက်စာလေးပဲရှိတာကိုများ"

"သူများသားသမီးကို အဲဒီလို လုပ်စရာလား၊ သားသားကို မာမီပြောထားတယ်လေ ဘယ်တော့မဆို သူ့ဘက်ကိုယ့်ဘက် လဲပြီး တွေးတတ်ပါလို့"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . မာမီကလည်း အခုဟာက ကျွန်တော်ချည်း ခံလာရတာကို"

"ပြောတော့ . . . သားကား ဘာမှ သိပ်မဖြစ်ဘူးဆို"

"ဟုတ်တယ်လေ၊ သူ့ကားက ရှေ့ကားကိုပါ သွားဆောင့်မိလို့ ရှေ့မီးသီးရော နောက်မီးသီးပါ ကွဲကုန်တာ။ နည်းတောင်နည်းသေးတယ်"

"အဲဒီတော့ ဘယ်သူနစ်နာရလဲ"

ကျွန်တော် နှုတ်ဆိတ်သွားရပါ၏။ ဘယ်လိုလဲ၊ မိန်းမဆန်ဆန်ချောတဲ့ကောင်မျိုးကို မိန်းမလျာလို့ ခေါ်ကြတာလေ။ အဲဒီလို နွဲ့တဲ့တဲ့ကောင်မျိုးဆို လုံးဝ ကြည့်မရတဲ့ ကျွန်တော်လိုလူနဲ့မှ ဒင်းနဲ့ ဆုံရတယ်လို့။ ဘယ်သူနစ်နာသလဲတဲ့။ တကယ်တမ်း နစ်နာတာက သူပါပဲ။ ကြားထဲမှာ ကားနှစ်စီးစလုံးနဲ့ တိုက်မိလို့ ရှေ့ရောနောက်ပါ မီးလုံးတွေ ကွဲကုန်တာမဟုတ်ပါလား။

"ပြောရခက်နေပြီလား"

"အဲဒါက"

"မာမို့သားကို ဆုံးမသမျှ အလကားပါပဲလား မိုးသားဖြူ လူလိမ္မာသားယဉ်ပါး လူမိုက်သားရမ်းကားတဲ့၊ ဟိုက မှိုင်းနေရင်တောင် သားက ယဉ်ကျေးပြရမှာပေါ့"

"ကျွန်တော်"

"ဘယ်သူမှားလဲဆိုတာ ဘုရားအသိ နတ်အသိပါ သားရယ်





လူတိုင်း သိစရာမလိုပါဘူး။ ဘယ်သူမှားမှား ကိုယ်က ဦးဆုံးတောင်းပန်ရင် တစ်ဖက်က အလိုလို မလျှော့နိုင်ဘူးလား။ ပြဿနာက ပြေလည်ပြီး အေးချမ်းသွားမှာပေါ့သားရယ်၊ မာမီပြောတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ဒါဖြင့် ဟိုကလေးကို လျော်ကြေးမပေးရင်တောင် တောင်းပန်စကားပြောသင့်တာပေါ့။ ဒါလေးလုပ်လိုက်ရလို့ သားဆီက ဘာများ ပဲ့ပါသွားမှာလဲ . . . ပြောပါဦး"

"သိက္ခာတွေပဲ့ကုန်တာပေါ့ မာမီ" ဟူသည့်စကားကိုတော့ စိတ်ထဲမှသာ ပြောဖြစ်၏။ တစ်ဦးတည်းသောသားမို့ ကျွန်တော့်ကို ဝိုင်းအလိုလိုက်ကြသော်ငြား ဆုံးမစရာရှိရင် နှုတ်ကသာ ချိုသာစွာ ပြောဆိုပြီး ဆူပူရိုက်နှက်တာမျိုး တစ်ခါမှ မရှိခဲ့ဖူးပါချေ။ သွားပါပြီ တပ်ကူရမလား မာမို့ကိုရင်ဖွင့်မိပါတယ် သူစိမ်းဘက်က လိုက်ပေးရတယ်လို့။

"ကလေး မဟုတ်ပါဘူး။ ကျွန်တော်နဲ့ရွယ်တူလောက်ပါပဲ"

"ကြီးသူကိုရိုသေ၊ ငယ်သူကိုသနား။ ရွယ်တူကိုလေးစားရမယ်လို့ မပြောဖူးဘူးလား"

ကျွန်တော့်မျက်နှာ ရှုံ့တွသွားရပါ၏။ စကားကြွယ်လိုက်တာနော်။ လူကို ချောင်ပိတ်ပြီး နှိပ်စက်နေတော့တာပဲ။ ဟိုကောင်လည်း မာမို့လိုမျိုး စေ့စေ့ပေါက်ပေါက် ပြောတတ်လို့ ကျွန်တော်ခံခဲ့ရတာ။ မပြီးပြတ်သေးပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်"

"နာမည်ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ ဖုန်းနံပါတ် မေးခဲ့ရဲ့လား"

"ဟင့်အင်း"

"ကောင်းရော၊ နောက်တစ်ခါထပ်တွေ့ရင် မာမီ့သားကို လူဆိုးလေးလို့ မြင်တော့မှာပဲ"

"အဲ"

ရုတ်တရက် ကျွန်တော်သတိရသွားပါ၏။ သူ့ကို ဟိုအစ်ကိုတစ်ယောက် ချော့မော့ပြောဆိုရင်း ခေါ်လိုက်တာလေ၊ ဘာပါလိမ့် ပိုင် ဟုတ်တယ် ပိုင်ဆိုတဲ့နာမည်နဲ့ မိန်းမလို မိန်းမရ ကောင်လေး မင်းတော့လား။

"ကြားလား"

"ဗျာ ... ဘာလဲမာမီ"

"နောက်တစ်ခါတွေ့ရင် တောင်းပန်ဖြစ်အောင် တောင်းပန်ဖို့ ကတိတောင်းနေတာလေ"

"ဟုတ်"

"တကယ့်စိတ်ရင်းနဲ့နော်"

"ဟုတ်ကဲ့ပါ မာမီရယ်"

"ဒီလိုမှပေါ့"

အောင်မယ်လေး ... နောက်တစ်ခါတဲ့။ မတွေ့နိုင်ဘူး



မာမီရေ၊ ဒင်းနဲ့ဆုံမယ့်အစား ကျားမြီးပဲ ပြေးဆွဲလိုက်တော့မယ်။ သူနဲ့တော့ လုံးဝ လုံးဝပဲ။ ကမ္ဘာကြီးပြောင်းပြန်လည်ရင်တောင် မတွေ့ချင်ပါဘူး၊ မေ့လိုက်ချင်ပါပြီ။

Blacky လေး နေမကောင်းဖြစ်လို့ စိတ်မကောင်းဖြစ်ရတဲ့ကြားထဲ ဒင်းနဲ့ ပြဿနာဖြစ်ရတယ်လို့ ပိုင်တဲ့။ ခေါ်သံ့မှာ အစ်ကိုတစ်ယောက်လို နွေးထွေးပြီး အကြည့်မှာလည်း သံယောဇဉ်တွေ ပုံပေးနေသလိုမျိုး အပြုံးအပြည့်နဲ့ ဟိုလူကြီးက ဘာပါလိမ့်၊ ကြည့်စမ်း။ ဒီကောင်က အဲဒီလို ခပ်နွဲ့နွဲ့နဲ့ ယောကျ်ားရင့်မကြီးတွေကို တွဲနေတတ်တဲ့ကောင်မျိုးများလား။ ကျောချမ်းလိုက်ပါဘိ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

မျက်ရည်မကျမိအောင် စိတ်ကို မနည်းထိန်းနေရပါ၏။ ဝတို ထဲသိမ်းထားပြီး ယဉ်ကျေးမှုပြတိုက်လိုနေရာမျိုး လျှုပစ်မည်တဲ့။ ကိုကို ဆုံးဖြတ်ချက်က အတည်မို့ ပိုင် ဘာကိုမှ စောဒကတက်လို့မရတော့ပါ ချေ။ ကိစ္စက ပြတ်နေပြီကော။ မနက်အိပ်ရာထသော်ငြားစိတ်က မကြည်လင်ဘဲ မှုန်ကုပ်ကုပ်ဖြစ်နေတော့၏။

"ပိုင်ရေ"

"လာပြီ"

အန်တီလေးခေါ်တာကို အသံလှမ်းပြုလိုက်ပြီး မှန်ရှေ့ရပ်နေ တာကို လက်စသပ်ရလေသည်။ ပျော့ပျောင်းပြီးစင်းနေသည့် ဆံပင်တို့ ကို Haircoat အမြန်လူးကာ ဘီးဖြင့်ဖြီးလိုက်ပါ၏။ ပိုင့်ဆံပင်က ကလေးပိစိလေးတွေလိုနုနယ် နူးညံ့လွန်းတယ်ဆိုပြီး ဖွဲ့ ဆော့တာ





မျိုးကို ယုက မကြာခဏ လုပ်တတ်လေသည်။

သတိရသွားပြန်ပါပြီ။ ပျော်ချင်တိုင်းပျော်နေတယ်ပေါ့လေ။ ပြန်လာမှတွေ့ကြသေးတာပေါ့ ယုရာ။ အတိုးနဲ့အရင်းပေါင်းပြီး ဆပ်ရ တာပေါ့လေ။ အတွေးဖြင့် ပြုံးလိုက်ပြီး မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သေသပ်မှု ရှိ မရှိ နောက်ဆုံးအကြိမ် စစ်ဆေးမှုပြုကာ ခုတင်ထက်မှ ကျောပိုးအိတ်ကိုလွယ်၍ အခန်းထဲမှ ထွက်လိုက်၏။

လှေကားကို ခပ်သွက်သွက်ဆင်းစဉ် မျက်နှံုးအလိုလို လှုပ် သွားတာမို့ ခြေလှမ်းက ရပ်သွားရပါသည်။ ဘာလဲ ပြဿနာ ထပ်ဖြစ် ဦးမှာများလား။ ဟိုနေ့ကကိစ္စကို ခုထိ ပိုင် အစာမကြေသေးတာအမှန် ပါ။ ကြားထဲက မဆီမဆိုင်ဝင်တောင်းပန်ပေးတဲ့ ကိုရဲကြောင့်သာ နောက်ဆုတ်ခဲ့ရတာမဟုတ်ပါလား။

တောက် ... အတော့်ကို လူပါးဝတဲ့ကောင်ပါပဲ။ သူကပဲ ပိုင့်ကားကို နောက်ကဝင်တိုက်ပြီး ပြဿနာစရှာသေး။ ပြီးတော့ သူပဲ ပိုင့်ကို ရမယ်ရှာပြီး ရန်လုပ်တာမဟုတ်လား။ ပိုင်တို့က မြွေခြောက်တိုင်း ကြောက်တတ်တာမှမဟုတ်ဘဲ။ ဒင်းမျက်ခွက်ကို မတွေ့နဲ့ဆဲ တစ်ချက် လောက် ခပ်နာနာလေး ကျွေးလိုက်ရမှာလေ။

ပုံစံကိုကြည့်ကတည်းက မိဘကို အဘယ်မျှနဲ့ပြီး အဘယ်မျှ အလိုလိုက်ခံထားရတဲ့သားမှန်း အသိသာကြီးပါ။ ပိုင်က အဲဒီလို မိခင် ရင်ခွင်.ခိုပြီး လူကြီးပြောသမျှ ခေါင်းညိတ်ကာ လိုက်လုပ်တတ်သည့် ကောင်မျိုးကို အထင်မကြီးပါလေ။ ယောက်ျားမှန်ရင် ကိုယ့်အားကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုးပြီး အမှန်တရားကို လက်ထဲမှာ မြဲမြဲမြံမြံ ဆုပ်ကိုင်ထားရမှာ မဟုတ်ပါလား။ အဲဒီလို အဆိပ်မရှိတဲ့ ရေမြွေလိုကောင်မို့ ကြည့်မရတာ။ ပိုင့်ကို ညွှက်လေးဆိုပြီး အထင်သေးတာကို မျက်လုံးထဲကြည့်ရုံဖြင့် သိနိုင်တာ မဟုတ်လား။ အပြင်ပုံပန်းသဏ္ဌာန်ကို အပေါ်ယံကြည့်ပြီး လူတစ်ယောက်ရဲ့ အစွမ်းအစကို သိနိုင်တာမှ မဟုတ်ဘဲ။ အလကား ငတုံး။ သုံးစားမရတဲ့ စက္ကူလို အကောင်ပဲ။

"ပိုင်"

"ဗျာ ... လာပြီကိုကို"

ထမင်းစားခန်းထဲသို့ အမြန်ဝင်လိုက်ပါ၏။ ကိုကိုက ပိုင့်ကို တစ်ချက်ကြည့်ကာ မေးဆတ်ပြပြီး ထိုင်ခိုင်းလိုက်လေ၏။ ရှေ့ကို ရောက်လာသည့် ခေါက်ဆွဲပြုတ် ပန်းကန်လုံးကြောင့် နှာခေါင်းရှုံ့လိုက်မိပါသည်။ စောစောစီးစီး ဒါမျိုးစားရပြန်ပါရောလား။ အန်တီလေးကို အထွန့်မတက်ဝံ့ပါ။ ကိုကိုမရှိချိန်မှာ ဂျိုက်ကျောင်ကျလို့ရနိုင်ပေမယ့် ကိုကို့ရှေ့မှာ အမြဲတစေ သတိအနေအထားဖြင့် ငြိမ်ပြနေရတာပါလေ။

"ကုန်အောင်စား။ နေ့လယ်စာဆို ကောင်းကောင်းမစားချင်ဘူး။ နို့သောက်ပြီးလည်း အန်ပစ်တယ်ဆို"

"တစ်ခါတလေပါ ကိုကိုရ"

"အဲဒီလိုလုပ်လို့ ပိုင့် ခန္ဓာကိုယ်အားနည်းနေရတာပေါ့။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ရင် ဘယ်သူလာ ဂရုစိုက်မှာလဲ"

ခေါက်ဆွဲကို အေးအောင်မှုတ်ကာ စားနေပြီမို့ ကိုကို



ဘာမှ ထပ်မပြောဘဲ ကောင်ဖီသောက်လေသည်။ အန်တီလေးက ပိုင်သောက်ရမည့်ဆေးနှင့် သောက်ရေကို (ပန်းကန်ပြားနှင့် ဖန်ခွက်ထဲ ထည့်ကာ) လင်ပန်းလေးဖြင့် လာချပေးပြီးမှ ထမင်းစားပွဲမှာ နေရာယူလေ၏။ ယောက်မြင်သည့်နေရာမှာ ဖေဖေ့ခြေရာကို အန်တီလေး ထပ်တူရခဲ့တာပါလေ။

"ပြောစရာ ဘာမှမရှိဘူးလား"

"ဗျာ"

မျက်လုံးပြူးသွားရပါ၏။ စားလက်စခေါက်ဆွဲပြုတ်ပင် သီးမလို ဖြစ်သွားရပါသည်။ အလို ပိုင့်ကားကိစ္စကို သိသွားပြီလား။ ကိုရဲဖုံးထားပေးမည်မို့ ကိုကိုမသိအောင် နှုတ်ဆိတ်နေခါမှ ဘယ်လိုလုပ်ပြီး သိသွားတာပါလိမ့်။ ဒါကြောင့် ခုန မျက်ခုံးလှုပ်တာကိုး။ သေစမ်း ပိုင်။

"ကားက ဘာဖြစ်တာလဲ"

"အဲ ... အဲဒါက"

"လိမ်မယ်မကြံနဲ့ပိုင်၊ ပိုင့်မျက်လုံးကိုကြည့်ရုံနဲ့ အမှန်ပြောတာလား၊ လိမ်ပြောတာလားဆိုတာ ကိုကို ကောင်းကောင်းကြီး ခွဲခြားတတ်တယ်။ မင်းရဲကျော်စွာပြောတာနဲ့ လုံလောက်ပြီမှတ်မနေနဲ့"

"ကိုရဲက ဘာပြောလို့လဲ"

"ပိုင်ပြောတာကမှ အမှန်ဖြစ်မှာပေါ့။ ကိုကို ဘာပြောထားလဲ။ သူတစ်ပါးကို အားကိုးစိတ်မျိုးက ကိုယ်ပျော့ညံ့တဲ့သဘောမျိုး

www.burmeseclassic.com



သက်ရောက်နေမှန်း မသိဘူးလား''

ငြိမ်နေမိ၏။ တမင်တကာ ဖုံးထားတာမျိုးတော့ မဟုတ်ပါလေ။ ပိုင်ပြောထားသားပဲ။ ပိုင်က မဟုတ်တာလုပ်မိရင် သုံးရက်နဲ့ အကုန်ပေါ်တော့တာပါလို့။ အခုလည်းကြည့်၊ ပိုင့်ကိစ္စကို ကိုကို့နားထဲ အလိုလို ရောက်တော့တာပါလေ။ ဟုတ်တာပေါ့၊ ကိုကိုက ပိုင့်ထက် စောပြီး (၈) နှစ်ကျော်ကာလမှာ ထမင်းအရင်စားခွင့်ရတဲ့လူကြီးမို့ ဘာမဆို သိနေတာ မဟုတ်ပါလား။

"Accident ဖြစ်တာပါ"

"ရှေ့ရောနောက်ပါထိရအောင် ဘယ်လိုဖြစ်ရတာလဲ"

"ကြားညပ်သွားတာပါ ကိုကို"

"ကျော်စွာကားက ဘာမှသိပ်မဖြစ်ဘူးဆိုတော့ နောက်ကားက အတော်ထိသွားလား"

"ဟင့်အင်း ... ပိုင့်ကားပဲ အထိနာတာပါ"

"ဘယ်သူ့အမှားလဲ"

"နောက်ကား"

"Address တို့ ဖုန်းနံပါတ်တို့ ယူထားသေးလား"

"ဟင့်အင်း ... ကိုရဲပဲ အားလုံးရှင်းပေးတာပါ ကိုကို၊ ဘာပြဿနာမှ မရှိပါဘူး"

ကိုကိုက ခေါင်းညိတ်ပြလေ၏။ ပိုင် အမှန်ပြောနေမှန်းသိ၍ တော်ပါသေး၏။ ကိုရဲတစ်ယောက် ပိုင့်အတွက် ဖုံးဖုံးဖိဖိ ကာကွယ်ပြော



ပေးမည်မှန်း ပိုင်ယုံကြည်ပါသည်။ သို့သော် ဘာမဆို ကြိုတင်တွက်ဆ တတ်သည့် ကိုကိုဘုန်းမြင့်နိုင်မို့ ခက်သားလား။

"ဒီနေ့ကစပြီး တစ်လတိတိ ကားသုံးခွင့်မပြုတော့ဘူး ပိုင်"

"ဟာ ... ကိုကို ဒါတော့"

"ယောက်ျားဆိုတာ ပေးထားတဲ့ကတိကို အသက်ထက်ပိုပြီး တန်ဖိုးထားတည်နိုင်ရတယ် ပိုင်။ ကားဝယ်ပေးကတည်းက ကိုကို့ကို ဘယ်လိုကတိပေးခဲ့သလဲဆိုတာ ပြန်ပြောပြရမှာလား"

မျက်လုံးကိုစုံမှိတ်လိုက်မိ၏။ အား ပိုင့်အတွက် ကံမကောင်းခြင်းတွေက အလုံးအရင်းနဲ့ကို ဆက်တိုက်ဖြစ်နေတာပါလေ။ အဲဒါ ခင်းကြောင့်ပဲ။ ခင်းနဲ့စတွေ့ကတည်းက ပိုင့်အဖို့ နစ်နာစရာတွေချည်း ဖြစ်လာရတာပါ။ တောက် အတော့်ကို ညစ်ပတ်စုတ်ပွဲတဲ့အကောင်ပါပဲ။

"ဟုတ်ကဲ့၊ ပိုင် နာခံပါ့မယ် ကိုကို"

"Taxi စီးရင် သေချာရွေးဦး"

"ဟုတ်"

ခေါက်ဆွဲပြုတ်ကုန်သလောက်ဖြစ်နေပြီမို့ အန်တီလေးက ခွဲယူလိုက်ပြီး ဆေးကို ပိုင့်လက်ဝါးထဲသို့ ထည့်ပေးလေ၏။ အင်း တို့ကောင်လည်း ပိုင့်လိုပင် အိမ်မှာ ဖူးဖူးမှုတ်ခံရတာမျိုး ထင်ပါရဲ့။ ဒါကြောင့်မို့လည်း သည်းခံစိတ်နည်းပြီး ဒေါသကြီးတတ်တာလေ။ အတော့်ကို နုသေးတာပါလား ပိုင်။ ကိုယ်မှန်တယ်ထင်ပြီး တစ်ပန်းသန်ဖြစ်နေသည့်စိတ်က ဆန်းစစ်မှုတက် အလိုလို ပြောင်းလဲသွားရတာ

www.burmeseclassic.com



အံ့ဩစရာပါလေ။

ပိုင်က ကိုယ်ချည်းအနိုင်ယူ အနိုင်ပိုင်းတတ်တဲ့အကျင့်ရှိတာမှ မဟုတ်တဲ။ အထူးသဖြင့် ယုအပေါ်မှာ ဘာမဆို အလျှော့ပေး အရှုံးပေးတတ်တဲ့အလေ့အထက ငယ်စဉ်ကတည်းက ရှိခဲ့တာပါ။ ကိုယ့်ထက်အားနည်းသူကို လျှော့ပေးတတ်ပေမယ့် ယှဉ်ပြိုင်တဲ့ရွယ်တူမျိုးကို ပခုံးယှဉ်တိုက် အလျှော့မပေးဘဲ ဖွဲ့က ခပ်ကြီးကြီးပါပဲ။

"နေရာတကာ ကျော့စွာကို cover ယူပြီး အားမကိုးစမ်းပါနဲ့ ကြားလား"

"ဟုတ်ကဲ့"

"ညနေ စောစောပြန်လာ"

"ဟုတ်"

ခေါင်းပဲ ညိတ်ပြရပေမပေါ့။ ကိုယ်က အပြစ်လုပ်ထားတဲ့လူကိုး။ ဆေးသောက်ပြီးသည်နှင့် တိုက်ရှေ့သို့ ထွက်ခဲ့စဉ် မျက်လုံးအစုံကျယ်သွားရပါသည်။ ပိုင့်ကားလေးက အသစ်စက်စက်လေးနှယ် တိုက်ရှေ့မှာငြိမ်သက်ပြီး ရှိနေလေ၏။ ကိုရဲလာပို့သွားတာပေါ့လေ။ ဒါကြောင့် ကိုကို သိနေတာကိုး။

"မင်းနဲ့ တစ်လလောက်ခွဲရမယ်တဲ့၊ လွမ်းစရာကြီးကွာ"

ကားခေါင်းကို အသာပွတ်ကာ တီးတိုးဆိုလိုက်ပါ၏။ ဘယ်သူမပြု မိမိမှုဆိုမှတော့ ပိုင့်အပြစ် ပိုင်ခံရမှာပေါ့လေ။ ကားနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာပြဿနာဖြစ်လာပါက ပေးသည့်ပြစ်ဒဏ်ကို





ခံယူဖို့ ကတိပြုခဲ့တာ မဟုတ်ပါလား။ သံယောဇဉ်မပြတ်သေးပေမယ့် ကားကို နှုတ်ဆက်ပြီး ခြံထဲမှထွက်ခဲ့ရပါသည်။

လမ်းထိပ်မှာ ကားစောင့်ပြီးအတော်ကြာလေမှ Taxi တားတာ ရလေ၏။ ကားထဲထိုင်လိုက်သည်နှင့် ဖုန်းခေါ်သံမြည်လာတာမို့ Driver ကို ဆိုင်နာမည်ပြောလိုက်ပြီးမှ ဖုန်းကို ထုတ်ကိုင်လိုက်ပါသည်။ ပိုင်က ဖုန်းထဲမှနံပါတ်တွေကို ringtone ခွဲခြားပြီး စီထားတာမို့ ဘာတီးလုံး ဘာသီချင်းလာသည်နှင့် ဘယ်သူ့မှုန်း မကြည့်ဘဲ သိနိုင်လေ၏။

"ဟယ်လို ကိုရဲ"

"မနက်အစောကြီး ကားပို့ခိုင်းလိုက်တယ်။ တော်တော်မှ အပွမ်ခံလိုက်ရရဲ့လား"

"သေချာတာပေါ့၊ ဦးဘုန်းမြင့်နိုင်ရဲ့ အဆုံးအဖြတ်ပဲဟာ"

"ဟင်း ဟင်း ... ကိုယ် ဒီလောက်ပြေလည်အောင် ရှင်းပြထားသားနဲ့ ဘုန်းနိုင်လွန်တာပေါ့"

"မလွန်ပါဘူး အစ်ကိုရဲ၊ ပိုင်က ကတိဖောက်ဖျက်မိတာကိုး"

"ဘယ်လောက်ကြာမှာလဲ"

"A month"

"အာပါး ... ကြမ်းလိုက်တာ"

"အစ်ကိုဘော်ဒါအကြောင်း သိတယ်မဟုတ်လား"

ကိုရဲက ခပ်တိုးတိုးရယ်နေလေ၏။ ပိုင်က ကိုကို့စကားကို



www.burmeseclassic.com

www.burmeseclassic.com



မယယ်ရှားတဲ့လူပဲလေ။ မိဘတွေမရှိတော့တာမို့ ကိုကို့ကိုပင် အဖေလို အမေလို အစ်ကိုလိုမျိုးအရာထားပြီး အားကိုးယုံကြည်နေရတာပါ။ ကိုကိုက No တစ်ခွန်းပြောရုံနဲ့ ပိုင်က Yes လုပ်လို့မှမရတာပဲ။

"ကိုယ် ဘာထပ်ပြောပေးရမလဲ"

"နေပါစေအစ်ကို ... ရပါတယ်"

"ကားပြင်ခကို ဘုန်းနိုင်ပဲရှင်းပေးတယ်၊ ကိုယ်မှ တားလို့မရတာ"

"များလား"

"အင်း ... ထိုက်သလောက်တော့ ပေးရတာပေါ့၊ Taxi ဖိုးနဲ့မုန့်ဖိုးတွေ ပြောင်တော့မှာပဲ၊ ကိုယ် ဖယ်ရီလုပ်ပေးရမလား ပိုင်"

"သူတစ်ပါးကို အားကိုးစိတ်မရှိနဲ့" ဟု ခုမနက်ပဲ သတိထပ်ပေးခြင်း ခံခဲ့ရတာမို့ ပြုံးလိုက်မိပါသည်။ ပိုင်နှင့်ပတ်သက်ရင် သူငယ်ချင်းအရင်းကြီးကိုတောင် မယုံပေးပါလား ကိုကို။ ဒီလိုအားနည်းပြီး ပျော့ပျော့လေးဖြစ်နေတဲ့ ပိုင့်ကို ခပ်မာမာလေးဖြစ်အောင် စိတ်ဓာတ်ကို ကအစ မြှင့်တင်ပေးနေတာ ပိုင့်ကိုကိုပင် မဟုတ်ပါလား။

"မလုပ်ပါနဲ့ အစ်ကို"

"ဘာဖြစ်လို့လဲ"

"ကိုကိုမကြိုက်ဘူးဗျ"

"ကျစ် ... ဒီကောင်ကတော့လေ၊ အန်တီလေးက ဘာမှ ဝင်မပြောပေးဘူးလား"



"ဘယ်ပြောရဲပါ့မလဲ၊ သိသားနဲ့"

"Ok လေ ... ပိုင်လိုအပ်ရင် ကိုယ့်ကိုခေါ်ပေါ့။ Call me may be"

"Thanks ပါ. အစ်ကို"

Phone ပိတ်လိုက်ပြီး အပြင်ကို တစ်ချက်ကြည့်လိုက်ပါ၏။ ဆိုင်နားရောက်တော့မှာမို့ ကားခပေးရန် အိတ်ထဲမှပိုက်ဆံအိတ်အပြားလေးကို ယူ၍ ဖွင့်လိုက်ပါသည်။ ခေါက်ပိုက်ဆံအိတ်လေးထဲမှာ ပိုင်က ပခုံးကိုဖက်ထားပြီး ယုက ပိုင့်ခါးကိုဖက်ထားသည့်ဓာတ်ပုံလေးကို မြင်လိုက်ရသဖြင့် အလွမ်းတို့ကပိုဖြစ်လေ၏။ နေနိုင်ပါပေ့ ယုရယ်။

"ရပြီ ဦးလေး။ ရှေ့နားမှာပဲရပ်လိုက်ပါ၊ ကျေးဇူးပဲနော်"

Taxi ပေါ်မှဆင်းကာ Platform ထက် ရပ်လိုက်ပါသည်။ 'ADORER' ဆိုင်းဘုတ်ကြီးက နေရောင်အောက်မှာ အထင်းသားပါပဲ။ "မြတ်နိုးသူ" တဲ့။ ဖေဖေ မြတ်နိုးတဲ့ပစ္စည်းတွေအားလုံးကို မြန်သိမ်းထားရတော့မှာပါလား။

ရက်စက်လိုက်တာဟု မရေရွတ်ချင်ပေမယ့် ရင်ထဲမှာ မကောင်းတာကတော့ အမှန်ပါပဲ။ ပိုင် အခုရက်ပိုင်းတွေမှာပဲ ကံမကောင်းခြင်းတွေ ဆက်တိုက်ဖြစ်နေတာကို တားဆီးပေးစေချင်ပါတယ် ဖေဖေ။ ဖေဖေသိပ်ချစ်တဲ့ပိုင့်ကို စိတ်မချမ်းသာဖြစ်နေတာကို မကြည့်ရှုစိမ့်ရှင်ပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

“ဒေါက် ဒေါက်”

“သားသားရေ”

သွားပါပြီ၊ အိပ်ရာထဲနှပ်ချင်သေးပါတယ်ဆိုမှ မာမီ ကိုယ်တိုင်လာနှိုးရတယ်လို့၊ ကျွန်တော်က ယခုတိုင် ဒယ်ဒီ့အလုပ်မှာ အပျော်သဘောမျိုးနှင့် လုပ်နေရတာပါ။ ကိုယ်တိုင်ဦးဆောင်ချင်ပေမယ့် မိဘတွေ စိတ်မချသေးတာမို့ ကလေးလို အပူအပင်ကင်းစွာဖြင့် နေခွင့်ရနေသေးတာလေ။

ဘယ်လိုဖြစ်ပြီး မနိုးစဖူး စောစောစီးစီးလာနှိုးရတာပါလိမ့်။ တံခါး lock ချထားတာမို့ သွားဖွင့်ပေးရမှာပါ။ ခုတင်ထက်မှ အိပ်ချင်မူးတူးဖြင့် ဆင်းလိုက်စဉ် စောင်ကိုနင်းမိပြီး လူက ဟပ်ထိုးလဲကျလေ၏။ အား ကံမကောင်းပါလား ကိုတွတ်ပီ။





‘ဒုန်း’

“ဟယ် . . . ဘာဖြစ်တာလဲ”

“ဘာမှမဖြစ်ပါဘူး မာမီ၊ အား . . . ကျွတ် ကျွတ်”

‘ဂျလောက်’

Doorlock ကိုဖွင့်လိုက်စဉ် မျက်နှာရှုံ့တွလျက် ဒူးကိုပွတ်နေမိသည့်ကျွန်တော့်ကို မာမီက စိုးရိမ်တကြီး ဖြစ်လေတော့၏။ ဘယ်တော့မဆို အလိုလိုက် အလျှော့ပေးလေ့ရှိကြတာမို့ မိုးသားဖြူ ဟာ ဘယ်သူ့ကိုမဆို အနိုင်ရမှ ကျေနပ်တတ်ကျင့်ရှိနေတော့တာပေါ့လေ။

“ချော်လဲတာလား သား”

“ဟုတ်”

“ဒူးနာသွားတာလား”

“နည်းနည်းပါ”

“သားဒယ်ဒီ ခေါ်နေလို့ မာမီလာနှိုးရတာပါ”

“ရေချိုးပြီး ဆင်းခဲ့မယ် မာမီ”

“အေးအေး . . . မြန်မြန်နော်”

“ဟုတ်”

မာမီ လှည့်ထွက်သွားလေမှ ရေချိုးခန်းထဲ အမြန်ပြေးဝင်ကာ ရေချိုးရပါ၏။ မျက်နှာသစ်၊ သွားတိုက်စဉ် အာရုံထဲ ကွက်ခနဲရောက်လာသည့်မျက်နှာတစ်ခုကြောင့် ခေါင်းကို ခပ်မြန်မြန်ခါလိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ပြီး ဒင်းက ကျွန်တော့်ကို အာရုံနောက်စေပါလိ
နော်။

အဝတ်အစား သပ်သပ်ရပ်ရပ်ဝတ်ကာ အပေါ်ထပ်မှ ဆင်
လာခဲ့ပါ၏။ ဒယ်ဒီ့ကို ညွှန်းခန်းမှာ မမြင်ရတာမို့ ထမင်းစားခန်းမှာယ
ရှိမည်ထင်ပြီး နောက်ဘက်သို့ဝင်ခဲ့ရလေသည်။ မာမီနှင့်အတူ ကော်
သောက်ရင်း စကားပြောနေသည့်ဒယ်ဒီ့ကို အေးအေးလူလူပင် တွေ့
ပါ၏။

"လာ သားသား"

"ဒယ်ဒီ ပြောစရာရှိလို့ဆို"

"အေး . . . သားကို ဒီနေ့ တစ်နေရာကို ခိုင်းစရာရှိတယ်"

"ဘယ်ကိုလဲ ဒယ်ဒီ"

"Hotel Decoration အတွက် ပစ္စည်းသွားမှာရမယ်"

"ဗျာ . . . အဲဒါတွေ ဒယ်ဒီမှာပြီးပြီ မဟုတ်လား။ ကျန်ခဲ့တဲ့
ကပဲ ဆင်ပြီးနေပြီလေ"

"ကျစ် . . . အဲဒီ နောက်ဆုံးပေါ်မီးဆိုင်းတွေ ဘာတွေမျိုး
မဟုတ်ဘူး သားရဲ့၊ ပန်းပုရုပ်တို့ ပန်းချီကားတို့ကိုပြောတာ၊ အဲဒါတွေ
ကမှ Foreigner တွေကို ဒယ်ဒီတို့ hotel က ဆွဲဆောင်နိုင်မှာ
မေတ်မိတယ်ဆိုတာ သူတို့အတွက် ဆန်းမှမဆန်းတော့ဘဲ"

ကျွန်တော် အသာငြိမ်နေမိပါ၏။ Hotel အတွက် တကယ်
ရှားပါးပစ္စည်းတွေကိုမှ ရှာခိုင်းမတဲ့လေ။ ခက်ခက်ခဲခဲကိစ္စကို





ကျွန်တော့်ကို ခိုင်းရတယ်လို့။ ဒီလိုမျိုး တာဝန်တစ်ခုယူခိုင်းပြီး လုပ်ရ
တာမျိုး ကျွန်တော့်ဆီမှာ တစ်ကြိမ်တစ်ခါမှ မရှိသေးပါလေ။ အဖေက
သားကိုယုံကြည်ပြီးအပ်သည့်ကိစ္စကို ပြီးဆုံးအောင်မြင်အောင် လုပ်ဖို့က
ကျွန်တော့်အတွက် အရေးကြီးဆုံးမဟုတ်ပါလား။

"အဲဒါတွေက တစ်နေရာတည်းမှာရှိလို့လား"

"မရှိဘူး။ ပန်းချီက Catalouge ထဲရှာပြီးမှာလို့ရတယ်။
အဲဒါ ဒယ်ဒီ PA မင်းဇေယျာလုပ်လို့ရတယ်။ သားက ပန်းပုရုပ်တွေ
ရှာရမှာ"

"ဟုတ်ကဲ့"

"သုံးလေးနေရာတော့ ရှိတယ်၊ ဒယ်ဒီက တရုတ်လက်ရာမျိုး
သုံးချင်ဘူး၊ ဒီတော့ မြန်မာလက်ရာရှင်စာရင်းကိုရှာတော့ အတော်
ရှားနေပြီ"

"မြန်မာလက်ရာဆိုတော့ သဘာဝရုပ်တုမျိုးလားဒယ်ဒီ"

"မှန်တယ်၊ အဲဒီပညာရှင်က ဒီလောကမှာမရှိတော့ဘူး၊
ဆရာဦးအောင်နိုင်တဲ့၊ သူ့လက်ရာတွေက သိပ်နာမည်ကြီးခဲ့တာ၊ သူ့ရှိ
တုန်းက ဆိုင်ဖွင့်ခဲ့ပေမယ့် အခုဆို ရှိမှ ရှိပါတော့မလားမသိဘူး။ ဒီ
လိပ်စာနဲ့ သွားရှာကြည့်ပါ သား။ နောက်ထပ်မရနိုင်တဲ့ လက်ရာတွေမို့
ရနိုင်သလောက် ဝယ်နိုင်အောင် ကြိုးစားပေးပါ"

"ဟုတ်ကဲ့ပါ ဒယ်ဒီ"

ဒယ်ဒီ ထုတ်ပေးလိုက်သည့် လိပ်စာကတ်ကိုယူ၍ ဖတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



မိတ်။ 'ADORER' တဲ့။ အဓိပ္ပာယ်ရှိလိုက်တာနော်။ အနုပညာရှင်ကြီးရဲ့ နောက်ဆုံးလက်ရာတွေကို ရှာရတော့မှာမို့ ရင်ထဲမှာ မသိမသာ ခုန်လှုပ်လိုက်မောနေမိတာအမှန်ပါ။ စိတ်လှုပ်ရှားစရာကြီးပါပဲ။

"သားကို အဲဒီ Hotel ပြီးတဲ့အခါ ဦးစီးခိုင်းမှာ"

"ဗျာ"

"ဘာလဲ မလုပ်နိုင်ဘူးလား။ သူများကုမ္ပဏီ MD တွေရဲ့ သားသမီးတွေဆို ကိုယ့်တာဝန်ကိုယ်ယူပြီး ဦးစီးနေကြပြီ ဖယ်ဒီ့သားက ခုချိန်အထိ ကလေးဆန်နေဦးမှာလား"

"ကျွန်တော် ကလေးမှ မဟုတ်တော့တာ ဒက်ဒီရဲ့"

"ဒါဖြင့် ရင့်ကျက်နေပြီဆိုတဲ့သဘောပေါ့လေ"

"အဲ"

ကျွန်တော် ဘာပြောရမည်မှန်းမသိပါချေ။ ဒီအရွယ်အထိ မာမီ့ထံလက်ဖြန့်ပြီး မုန့်ဖိုးတောင်း သုံးနေတုန်းမဟုတ်ပါလား။ အိမ်မှာ ဘာအလုပ်မှ မယ်မယ်ရရမလုပ်ဘဲ ပြင်ထားပြီးသား ထမင်းစားပွဲမှာ အဆင်သင့် ဖွန်းခက်ရင်းကိုင်ပြီး စားရုံသာ။ ပြီးရင် ထထွက်သွားပြီး လှည့်ကြည့်စရာမလိုဟု ထင်နေတာပဲ မဟုတ်လား။ ဖျားနာလို့ ဆေးသောက်ရမှာတောင် ဆေးထယူဖို့ထက် မာမီကိုယ်တိုင် ပါးစပ်ထဲ လာထည့်ပေးသည့်ဆေးကို အဆင်သင့်ခပ်လာပေးသည့်ရေဖြင့် မျိုချဖို့သာ တတ်တာပါလေ။

"ရင့်ကျက်နေပြီလား" ဟူသည့်မေးခွန်းက ကျွန်တော့်





အတွက် ရက်စက်ဖွယ်ပါပဲ။ သူငယ်ချင်းတွေပြောသလို "မအေနို့စို့ဖို့ အားမစိုက်ဘဲ နို့သက်တာကို ဖိမ်ခံစို့မယ့်အကောင်" ဆိုပြီးပြောတာ မှန်နေတာပဲ မဟုတ်ပါလား။ ကိုယ့်အားကိုယ်ကိုးဖို့ထက် မိဘအရိပ်ခိုပြီး မိဘကိုသာ အားကိုးနေမိတာပေါ့လေ။

ရှက်စရာပါလား မိုးသားဖြူ။

"ယောက်ျားဆိုတာ ကိုယ်ပိုင်အစွမ်းအစရှိရတယ်သားရဲ့။ ဒါမှ အိမ်ထောင်တစ်ခုကို ဦးစီးဦးဆောင် ပြုနိုင်မှာပေါ့။ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"အခုဆို သားအသက် (၂၂) နှစ်ရှိနေပြီ၊ ရှိသင့်ရှိထိုက်တဲ့ တည်ငြိမ်ရင့်ကျက်မှုမျိုး ရှိသင့်ပြီ မိုးသားဖြူ၊ ဖယ်ဒီပြောတာ နားလည်လား"

"ဟုတ်"

"ပြောပါဦး ... ရည်းစားဘယ်နှစ်ယောက် ထားပြီးပြီလဲ"

"အာ ... မရှိပါဘူး ဒယ်ဒီရ"

"ညံ့ပါ့ကွာ ... ဘာလဲ ခုထိ သူငယ်ချင်းတွေနဲ့ ဝေလေလေ လုပ်တုန်းပဲလား။ ဒယ်ဒီတို့က သားကို အချိန်တန်ရင် ဘယ်သူ့ဘယ်ဝါရဲ့ သမီးနဲ့ယူဆိုပြီး ပေးစားမှာမဟုတ်ဘူးနော်။ သားအစွမ်းအစနဲ့ ရှာလာပေးတဲ့ မိန်းကလေးကိုပဲ ကြည့်ပြီး စိတ်တိုင်းကျမှ ပေးစားမှာ"

"ကျွန်တော် အိမ်ထောင်မပြုချင်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဒယ်ဒီကလည်း အခုချက်ချင်း ယူပါလို့ မပြောပါဘူး။ အပြင်ထွက်တဲ့အခါ မျက်စိဖွင့်နားစွင့်ဖို့ အသိပေးနေတာပါ"

ကျွန်တော် မျက်နှာရှုံ့သွားပေမယ့် မာမီက ပြုံးတုံ့တုံ့နှင့်ပါလေ။ ဘယ်လိုလဲ၊ ပြောင်းပြန်ကြီးဖြစ်နေပါရောလား။ အခြားသော တစ်ဦးတည်းသောသားတွေဆိုရင်ဖြင့် ယယ်ယယ်ရွှယ်ရွှယ်နဲ့ အိမ်ထောင်ကျမှာကိုစိုးပြီး မျက်စိဒေါက်ထောက်အကြည့်ခံရတာမျိုးပါလေ။ အခုဖြင့် ကျွန်တော်က အိမ်ထောင်ဖက် ဖူးစာရှင်ကို မျက်စိဖွင့်နားစွင့်ပြီး ရှာရမတဲ့။

ဒုက္ခပါပဲ။ ဒီနေ့အထိ ဘယ်မိန်းကလေးတစ်ဦးတစ်ယောက်ကိုမှ ချစ်တယ်ဟု နှုတ်ကနေ ပေါ့ပေါ့လေးတောင်မှ မပြောခဲ့ဖူးတာလေ။ ခပ်မိမိ ခပ်မိုက်မိုက် မိန်းကလေးတွေမြင်ရင် "လှလိုက်တာ" ဟု စိတ်ထဲမှ အသိအမှတ်ပြုရုံကလွဲပြီး ပစ်မှားမိတာမျိုးလည်း မရှိခဲ့။ ဆယ်ကျော်သက်အရွယ်တုန်းက ကောင်မလေးတွေနောက်က တကောက်ကောက်လိုက်ပြီး ပါးစပ်က တတွတ်တွတ်ပြောပြီး နှောင့်ယှက်တဲ့ကောင်တွေကို မုန်းတီးခဲ့တာအမှန်ပါ။

ရဲတင်းတာထက် တစ်ဖက်သားရဲ့ လွတ်လပ်မှုကို အနှောင့်အယှက်ဖြစ်စေတာကို။ သို့ပေမယ့် အဲဒီလို ပေါက်ပေါက်ဖောက်ခဲ့ဖူးတဲ့ ကျွန်တော့်သော်ဒါတွေက ရည်းစားတွေ ထည်လဲတွဲခွင့်ရခဲ့တာလေ။ ကျွန်တော်ကသာ ဖြစ်ဖြစ်မြောက်မြောက် တစ်ဦးတလေနှင့်





သောင် မကွဲဖြစ်ခဲ့။

ညံ့ပါ့ မိုးသားဖြူ။

"ရှာနိုင်မယ်မဟုတ်လား"

"ဗျာ ... ဘာကိုလဲ ဒယ်ဒီ"

"ဒယ်ဒီပြောကဲ့ နှစ်ခုစလုံးကိုလေ"

"အဲ"

ဟိုက် ... အလုပ်ကိစ္စနဲ့ ကျွန်တော့်အိမ်ထောင်ရေးကိစ္စကိုမှ တွဲပေးရတယ်လို့။ ကတိပေးမိရင် မတည်ပါက ဒယ်ဒီက ကျွန်တော့်ကို တစ်သက်လုံး ဗိုဟောက်ဆူငေါက်တော့မှာပါ။ ဘယ့်နှယ်လုပ်ရပါ့မလဲ။ မာမီ့ကို အကူအညီတောင်းသလိုကြည့်လိုက်မိပေမယ့် မာမီက မသိယောင်ဆောင်နေတာမို့ ခက်ချေပြီလေ။

"ယောကျ်ားဆိုတာ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်၊ ရဲရဲဝံ့ဝံ့ ကတိပေးရတယ် မိုးသားဖြူ။ မဝံ့မရဲဖြစ်နေရင် ယောကျ်ားမဟုတ်လို့ပဲ"

"ကျွန်တော် ကြိုးစားမှာပါ ဒယ်ဒီ"

"May be ထက် Must be ကပိုပြီး မတိကျဘူးလား"

"ဟုတ်ကဲ့"

"ဒီလိုမှပေါ့၊ ဒယ်ဒီတို့လောကမှာ ဒယ်ဒီ့သားမိုးသားဖြူကို နာမည်တစ်လုံးနဲ့ ထင်ပေါ်ကျော်ကြားစေချင်တယ် သား။ ဒယ်ဒီ့အရိပ်၊ ဒယ်ဒီ့ပံ့ပိုးမှုနဲ့ အမြင့်ကိုရောက်တာမျိုး မဖြစ်စေချင်ဘူး။ သဘောပေါက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်”

“You must be try, Moe Thar Phyu. Are you promise”

“Yes, Promise ပါ ဒယ်ဒီ”

“Ok”

အခုမှပဲ Coffee ကို မော့သောက်မိတော့လေ၏။ အောင်မယ်လေး *စိတ်တွေရှုပ်ရပါလား။ ဖေါ့ဖေါ့နေ ဖေါ့ဖေါ့တွေးတဲ့စိတ်ကို* ပြင်ရဦးမှာပါလေ။ အလုပ်ကိုဦးစားပေးနေမှဖြင့် ကိုယ့်ဖူးစာဘက်ကို ဘယ်လိုရှာရမှာပါ။ ကျွန်တော်က မိန်းကလေးဆို လှလှပပဆိုတာထက် ချစ်စဖွယ်ကောင်းပြီး တီတီတာတာ အမူအရာနှင့် သွက်လက်တာမျိုးကို သာ နှစ်သက်သဘောကျတာပါ။ ဒါမှသာ ကျွန်တော်နှင့်အတူ ယှဉ်တွဲလိုက်ဖက်တော့မှာကိုး။

“ဒါဖြင့် . . . စိတ်ချမယ်နော်၊ အောင်မြင်အောင် လုပ်ပြစမ်းပါ”

“ဟုတ်ကဲ့ ဒယ်ဒီ”

လောလောဆယ် Yes ရုံပဲ တတ်နိုင်တာကိုး။ နောက်မှ နောင်ခါလာ နောင်ခါချေးပေါ့လေ။ ဒယ်ဒီနှင့် ရှေ့ဆင့်နောက်ဆင့် အိမ်မှထွက်ခဲ့ပါ၏။ ကျွန်တော်သွားရမည့်ဆိုင်က တခြားလမ်းမို့ မီးပွိုင့် လမ်းဆုံမှာ ဒယ်ဒီ့ကားနှင့် လမ်းခွဲခဲ့ရလေသည်။

ပန်းပုဆိုင်မို့ လူရှင်းမည်မျှော်လင့်ရပါ၏။ ပန်းချီဆိုင်တွေသာ





လေ့လာကြည့်ရှုသူများပြီး ကျိုတ်ကျိုတ်တိုး လူစည်နေတတ်တာပါလေ။ ဆိုင်ရှင်နှင့် အေးအေးလူလူ ဆွေးနွေးပြီး ရုပ်တုတွေကို အချိန်ယူ ကြည့်ရှုရွေးချယ်ဖြစ်ရင် ကောင်းမှာပါပဲ။ ဒယ်ဒီ့ကို ကတိပေးပြီးပြီမို့ ဦးဆုံးလုပ်ရမည့်တာဝန်ကို ကျေပွန်အောင်မြင်စေချင်တာ အမှန်ပါပဲ။

ကားကို လမ်းကြောင်းပြောင်းကာ ခပ်မှန်မှန်မောင်းလာခဲ့ပါ၏။ ကားလမ်း သိပ်မရှုပ်ပါဘဲ ချောင်ကျသလိုဖြစ်နေသည့် လမ်းမှာမှ ဒီဆိုင်မျိုး ရှိရပါသလား။ အရောင်းအဝယ်ပါးတော့မှာပဲ။ ဒါမှမဟုတ် ပိုင်ရှင်ကိုယ်တိုင်ကကိုက မျက်စိရှုပ် နားဆူတာမျိုး မရှိစေချင်လို့ တမင်ရွေးချယ်ဖွင့်တာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပေမည်။

ကားကို လမ်းအတိုင်း ဖြည်းဖြည်းမောင်းကာ ဘေးဘီဝဲယာကို ကြည့်မိလေ၏။ ဆိုင်အသီးသီးရှိတာမျိုး မဟုတ်တာမို့ ရှာရလွယ်ပေမည်။ ခပ်လှမ်းလှမ်းမှာ ဖျတ်ခနဲ မြင်လိုက်ရသည့် အညိုရောင်ဆိုင်းဘုတ်ကြောင့် ကားကို နှေးလိုက်မိ၏။ သေချာပါတယ်။ ဒါ ADORER ပါပဲ။

Platform ဘေးမှာ ကားရပ်၍ ဆင်းလိုက်ပါ၏။ ဆိုင်ရှိရာဆီ လှမ်းခဲ့ပြီး ဝန်းကျင်ကို ကြည့်မိစဉ် နှာခေါင်းရှုံ့လိုက်မိပါသည်။ ဆိုင်ရှေ့ ချထားသည့်အပင်တွေကအစ အရွက်စိမ်းစိမ်းတွေချည်းပါလေ။ မျက်စိ ပသာဒမရှိမှတော့ ဆိုင်ထဲကအပြင်အဆင်တွေကို ဘယ်လိုလုပ်အောင် ထားတတ်ပါ့မလဲ။

ဒါနဲ့များ ပန်းပုရုပ်တွေကို လူကြိုက်များသတဲ့လေ။ ပညာရှင်



www.burmeseclassic.com

www.burmeseclassic.com



ကို လေးစားသမှုရှိသော်ငြား အရောင်းမန်နေဂျာကိုဖြင့် သူ ရှုံ့ချမိတာ အမှန်ပါ။ ဆိုင်းဘုတ်နာမည်ကိုကအစ ထင်းမနေဘဲ အရောင်ခပ်မှိုင်း မှိုင်းမို့ အထင်သေးစိတ်က ရင်ထဲမှာ စတင်ဖြစ်တည်လေတော့၏။

မှန်တံခါးကိုတွန်းဖွင့်ကာ အထဲဝင်လိုက်စဉ် သူ ပါးစပ် အဟောင်းသား ဖြစ်သွားရပါသည်။ ပန်းပုရုပ်တုမပြောလေနဲ့ သစ်သား နှင့်တူတာဆို၍ ဘာတစ်ခုမှ ရှိမနေပါဘဲ Hall ခန်းကြီးအဖြစ်သာ ရှိနေတာပါ။ သေစမ်း၊ အပြင်မှာနေပူနေတာမို့ ဆိုင်ထဲကို မတွေ့ရပါဘဲ ဝင်ခဲ့မိတာ များချေပြီ။

ဘာလဲ ဆိုင်ပဲဖျက်မလို့လား။ ပြင်ဆင်စရာရှိလို့ပဲ ပစ္စည်းတွေ သိမ်းကာ သန့်ရှင်းရေးလုပ်နေလို့များလား။ သို့လော သို့လော ဒွိဟ စိတ်ဖြင့် လှည့်ပတ်ကြည့်နေမိလေသည်။ မှိုးသားဖြူတို့ ကံမကောင်း ချက်ကဖြင့် ဒီနေ့မနက်ထကတည်းက ဆက်တိုက်ကြီးကို ဖြစ်နေတော့ တာပါလေ။ ဘယ်လိုများ တွေးရပါ့မလဲ ADORER။



# အခန်း (၆)

စားပွဲထက်ရှိ handphone မှ (ကွယ်လွန်သွားပြီဖြစ်သည့်) ပိုင်အနှစ်သက်ဆုံး အဆိုတော်စိုးလွင်လွင်၏ ယု သီချင်းသံစဉ်လေး ထွက်လာစဉ် Phone ပြောနားကျပ် Bluetooth ခလုတ်ကို တစ်ချက် နှိပ်ကာ ဖုတ်ခနဲ ထရပ်လိုက်မိလေသည်။ မျှော်ရတဲ့ လူရဲ့အမောကို ယု သိပါရဲ့လားကွယ်။

"ပြော ချစ်လေး"

"ဟင်း ဟင်း . . . ယု ဖုန်းမဆက်လို့ စိတ်ကောက်နေပြီမှတ် တာ"

"ကောက်စရာလား"

"လွမ်းတော့လွမ်းနေမယ်ပေါ့လေ"

"အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ပိုင် . . . ခု ဘာလုပ်နေလဲ"

"လောလောဆယ် မပြောနိုင်သေးဘူး"

"အံမယ် . . . Secrete ပေါ့လေ"

ခပ်တိုးတိုးရယ်လိုက်မိပါ၏။ ဒီလောက် အကြာကြီးလွမ်းနေမိတာတောင်မှ အသံလေးကြားရရုံနဲ့ ရင်ထဲမှာ တဒိတ်ဒိတ်အခုန်မြန်လာပြီး အပျော်တွေ အလိုလို ဖြစ်လာရတော့တာပါလား။ ချစ်လိုက်ရတာ တုံ့နေရပါရောလား ယုရယ်။

"မပြန်လာသေးဘူးလား"

"လာမယ်လေ"

"ဘယ်တော့လဲ"

"သန်ဘက်ခါအတွက် လက်မှတ်ဝယ်ထားပြီးပါပြီပိုင်ရယ်၊ ပိုရန်ကော"

"ကိုယ့်အလွမ်းတွေကို မသိဘူးမှတ်လား"

"သိပါ့ရှင် . . . သိပါ့"

"မယုံပုံပါလား"

"ယုံပါ့ရှင် . . . ယုံပါ့၊ ဒီကလည်း လွမ်းလွန်းလို့ ပိန်သွားတဲ့ သစ်ပင်လိုဖြစ်နေပါပြီ"

"အံမယ် . . . အပိုတွေပြောနေပြန်ပြီ ခရီးထွက်လို့ပင်ပန်းပြီး weight ကျသွားတာ မဟုတ်လား။ မညာပါနဲ့ ချစ်လေးရာ"

Customer ရောက်နေတာကိုတောင် သတိမထားမိဘဲ



န်ပြောနေသည့် ဆိုင်ဝန်ထမ်းကို ကျွန်တော် အတော်မြင်ပြင်းကပ်မိပါ၏။ ဒီလောက်ဆိုင်ပြုတ်သလို ဖြစ်နေတာတောင် ရယ်မောနေနိုင်တာ အာဂကောင်ပါပဲ။ စားပွဲထက်မှာ ပုံစံငယ်အိမ်လေးတစ်ခု ရှိနေပါ၏။

အရမ်းသေးတာမျိုးမဟုတ်ပါဘဲ တီဗီပုံးအရွယ်အစားရှိတာမို့ အတွင်းမှပစ္စည်းတို့ကို ကောင်းကောင်းကြီးမြင်နေရလေသည်။ ရှေ့ မျက်နှာစာကို ဖွင့်ထားတာမို့ အထဲမှာ နှစ်ထပ်ဖြစ်နေတာရော အခန်း တွေပါမက တစ်ဆစ်ချိုးလှေကားအကွေးလေးကိုပါ မြင်နေရပါ၏။ အလယ်တစ်ဆင့်မှာ အိမ်တွင်းကိုဝရန်တာလေးထုတ်ကာ Assessory ပစ္စည်းလေးတွေဖြင့် အလှဆင်ထားတာမို့ အတော့်ကို လှနေလေသည်။

အလို၊ ဒီကောင်လေး ဒီလို အနုစိပ်လက်ရာမျိုး လုပ်တတ်တာပါလား။ အံ့သြဖွယ်ကောင်းလေစွ။ အနားမှာ လူရောက်နေတာကို လှည့်မကြည့်ဘဲ သူလုပ်နေတာကိုသာ အာရုံစိုက်နေတဲ့လူပါပဲ၊ ဘာလဲ ဒါ ဦးအောင်နိုင်ရဲ့သားများလား။ သူက တိုးတိုးရယ်မောလိုက်ကာ Polish တင်နေသည့် Dreambed လေးကို ခြောက်သွေ့မသွေ့ စမ်းလိုက်ပြီး အိပ်ခန်းရှိ ခုတင်ဘေးမှာ သေသပ်စွာထားလိုက်လေသည်။

"Bye ချစ်လေး . . . See you"

Bluetooth ခလုတ်ကို တစ်ချက်ပိတ်ကာ လက်မှာဝတ်ထားသည့် Glove ကို ဆွဲချွတ်လိုက်ပါ၏။ နားမှာတပ်ထားသည့် နားကျပ်ကို ဖြုတ်ကာ ဖုန်းအနီးထားရန် နေရာရွေ့လိုက်စဉ် ပိုင့်အနောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



မားမားကြီးရပ်နေပါသည့် လူကို ရုတ်တရက် မြင်လိုက်ရလေသည်။

"အာ ... လန့်လိုက်တာ"

"ကျွန်တော်ရောက်နေတာ ... ကြာ ... ဟာ"

ကျွန်တော် အလန့်တကြားဖြစ်သွားရပါ၏။ ရေစက်နှ ကြုံဖန်ဖြစ်ရတယ်လို့။ ဘယ်လိုဖြစ်ပြီး ဒီကောင်လေးနဲ့မှ လာထပ်ဆုံရ သလဲ။ အံ့ဩဟန်ပြုရာမှ သူ့မျက်လုံးအစုံ တွန့်ခေါက်လာ ကျွန်တော့်ကိုမှတ်မိသွားပုံပါပဲ။ သွားပါပြီ ကျွန်တော့် Case တော ပျက်ဖို့ (99 %) မဟုတ်ပါလား။

"ဘယ်အချိန်ကဝင်လာတာလဲ Showroom ထဲမှာ ဘာ မရှိတာ မမြင်ဘူးလား။ ဒီအခန်းရှေ့မှာ "တာဝန်မှအပ မဝင်ရ" ဆိုတ စာတမ်းကို မဖတ်တတ်တာတော့ မဟုတ်ပါဘူးနော်"

"Sorry သိချင်စိတ်အရမ်းများသွားလို့ ဝင်လိုက်မိတာပါ"

"ဒါဖြင့် ... ခုချက်ချင်း ပြန်ထွက်ပါ"

"ဘာရယ်"

"ရုံးခန်းထဲက ထွက်ခိုင်းနေတာလေ"

"ဟာ .. မင်း ဘယ်လိုလူလဲ၊ ကိုယ့်ဆီလာတဲ့ Custome ကို ဒီလိုမျိုး ဆက်ဆံရသလား"

"For Sale ပစ္စည်းမှမရှိတာ၊ မင်းကို ဘာလို့ Custome အဖြစ် ဘာလို့သတ်မှတ်ရမှာလဲ၊ အပိုတွေပြောမနေပါနဲ့"

မှန်တံခါးကိုပါ ဖွင့်ပေးနေပြီမို့ ကျွန်တော့်စိတ် ကယ်





အောက် ဖြစ်ကာ Showroom ဘက်ပြန်ထွက်လိုက်ရပါ၏။ ဒင်း မှ ဘာကြောင့်များ ရင့်သီးတဲ့ပြောဆိုမှုမျိုး ရှိနေရပါသလဲ။ ကိုယ့် တ်ကလွန်မိတာမို့ တောင်းပန်စကားဆိုတာကိုတောင် အလေး နက် မထားသလိုနှယ်ပါလေ။

"မေးစရာရှိလို့ပါ"

"ဘာလဲ"

"ဒီမှာ ပန်းပုရုပ်တုတွေရှိတယ်ဆိုပြီး လမ်းညွှန်လိုက်လို့ ရောက်လာတာပါ"

ပိုင် မျက်မှောင်ကြုတ်လိုက်မိပါ၏။ ခင်းကျင်းပြသထားတုန်း ကဖြင့် တစ်ရက်မှ ပေါက်ချမလာပါဘဲ စတိုခန်းထဲ ထည့်ထားမှပဲ ရောက်လာရတယ်လို့ အလုပ်ကို နှစ်ကြိမ်နှစ်ခါလုပ်ရတာလောက် ပိုင် ဒေါသဖြစ်တာမရှိပါလေ။ အထူးသဖြင့် စမြင်ကတည်းက တဖောင်း စေးနဲ့ မျက်ချေးဖြစ်ခဲ့ဖူးသည့် ဒင်းလိုကောင်ကို မျက်နှာချိုသွေးပြီး ဈေးရောင်းရမှာလောက်ပုံတာ မရှိတော့။

ကောင်းပြီ။ အလှည့်ကျ မနွဲ့စတမ်းမို့ အခု ပိုင့်အလှည့်မှာ ဒင်းကို lesson ကောင်းကောင်းကြီးပေးဖို့ကို တစ်ထိုင်တည်းမှာပင် ဆုံးဖြတ်ချက်ချလိုက်မိတာပင်။ လူက ညစ်နေရသည့်ကြားထဲ အမှိုက် လာပုံချင်မှတော့ ပြကြရသေးတာပေါ့။

"မင်းမျက်လုံး အတော်မွဲနေတဲ့ကောင်ပဲ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ဘာပစ္စည်းမှ မရှိတာ မြင်မြင်ကြီးနဲ့ စကားရှည်နေလို့ ပြောနေတာလေ"

"မင်း . . . မင်း"

ကျွန်တော် စိတ်ကို အတော်ထိန်းနေရပါ၏။ ဒေါသဖြစ်ချင်နေပေမယ့် ကိုယ်က အလိုရှိနေသူမို့ ပြဿနာမဖြစ်စေချင်တာအမှန်ပါ။ ပြီးတော့ ဒီမနက်မှပဲ ဒယ်ဒီ့ကို ပေးခဲ့ရတဲ့ကတိကြောင့် စတင် လုပ်ဆောင်တဲ့လုပ်ငန်းကို အဆင်ပြေချောမွေ့စေချင်တာပါလေ။

"ဒါ . . . ရုပ်တုရောင်းတဲ့ ပန်းပုဆိုင်မဟုတ်လား"

"အစက ဟုတ်တယ်လေ၊ အခုမှ မရောင်းတော့တာ"

"ဘာဖြစ်လို့လဲ"

"မရောင်းချင်တော့လို့ မရောင်းဘူးပြောနေတာပေါ့။ ဘယ်လိုဖြစ်ပြီး ကပ်သပ်မေးနေရတာလဲ၊ အံ့ပါရဲ့"

"ဒါဖြင့် . . . ဆိုင်ကပစ္စည်းတွေရော"

"မရှိတော့ဘူး"

"မရှိအောင် ဘယ်ရောက်သွားလို့လဲ"

ရော် ဘယ်လိုကောင်ပါလိမ့်။ စကားများများမပြောချင်ပါဘူးဆိုနေမှ လေတယ်ရှည်နေပါလား။ ပုံစံကြည့်ရတာတော့ တကယ်ပဲ ပိုင်ဘို့ဆိုင်မှာ ပစ္စည်းလာရှာတင်ပင်ဖြစ်မှာပါ။ ခက်တာက ရင်ထဲမှာ မကျေညက်နိုင်သည့် အဖုအထစ်တွေ ရှိနေသေးတာမို့ မင်းကို ဘာဆိုဘာမှ ရှည်ရှည်ဝေးဝေး မရှင်းပြချင်ပါလေ။





"ကျစ် . . . လုံလိုက်ပြီ"

"ဘယ်လို"

"အကုန်လုံးပစ်လိုက်ပြီလို့ ပြောနေတာလေ"

"ဟာ . . . နည်းနည်းပါးပါးလေးတောင်မှ မကျန်တော့ဘူးလား။ ကိုယ့်အဖေလက်ရာတွေကို အမှတ်တရလေးတောင် မထိန်းသိမ်းဘူး။ မင်း ဘယ်လိုသားလဲကွ"

ပိုင် တွန့်ခနဲဖြစ်သွားရပါ၏။ အလို ပိုင့်ကို ဖေဖေ့သားမှန်း ဘာကြောင့် သိနေတာပါလိမ့်။ တော်ရုံလူတွေက ကိုကို့ကိုသာ ဖေဖေနှင့် တွဲမြင်ဖူးသိဖူးကြပြီး နောက်ကျမွေးလာပါသည့်ပိုင့်ကို သိသူက အတော်ရှားပါးလွန်းပါ၏။ အရမ်းရင်းနှီးကြသည့် မိတ်ဆွေကသာ ပိုင့်ကို ကိုကို့ထက် အငယ်မှန်းသိကြတာပင်။

ဒင်းကို ခပ်တုံးတုံး ခပ်ညံ့ညံ့ဟု ထင်ထားမိတာ မှားပါရောလား။ အမြင်က အတော်စူးရှပါပေ့။ နေဦး ယုအတွက် မွေးနေ့လက်ဆောင်ကို မြင်သွားတာကြောင့်လည်း ဖြစ်နိုင်ပါသည်။ တောက်၊ ဒီအိမ်လေးကို ယုသာ ပထမဆုံးမြင်ခွင့်ရသည့် လူဖြစ်ချင်သည့်ဆန္ဒက ဒင်းကြောင့် ပျက်ရောက်ပါရောလား။

ပိုင် အတော်စိတ်တိုလာရပေပြီ။

"အဲဒါ . . . မင်း ဝေဖန်စရာမလိုပါဘူး။ ကိုယ့်ထမင်းကိုယ်စားပြီး အေးဆေးနေစမ်းပါ"

"ဟ . . . ငါက စေတနာနဲ့ပြောပြတာပါကွ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး။ ကြီးဒေါ်နွားကျောင်းပြချင်တာကိုများ အထင်မကြီးဘူး"

"ဘာ . . . ဘာ . . . မင်းကွာ၊ ရုပ်လေးနဲ့ မလိုက်အောင် ထွက်လာတဲ့ စကားတိုင်း အကြမ်းတွေချည်းပဲ၊ ဘယ်လိုကောင်လဲ"

"ဘာကွ"

ပိုင် တရှူးရှူး တရှဲရှဲ ဖြစ်သွားရပါ၏။ ကြည့်စမ်း။ ပိုင့်ကို ဒီလိုဝေဖန်စရာလား။ မျက်နှာရဲခနဲ ဖြစ်သွားတာကို မနည်း ဣန္ဒြေဆည်လိုက်ရပါ၏။ နဂိုကတည်းက ပိုင့်ကို မိန်းမဆန်လွန်းစွာ ချောသည်ဟု သူငယ်ချင်းတွေ ဝေဖန်ခဲ့ဖူးတဲ့ကြားထဲ မနည်း ကျားကျားလျားလျားဖြစ်အောင် လေ့ကျင့်ထားရတာကို၊ တောက်။

"မင်း သူများပိုင်နက်ထဲလည်းလာသေး လူကိုစော်ကားမော်ကားပြောရလား"

"ဟာ ဟာ . . . မလုပ်နဲ့လေ၊ ငါပြောတာ ဘာများမှားလို့လဲ၊ လွှတ်ပါကွ"

ပိုင့်လက်က သူ့ Sport Shirt ကော်လံကို ဆတ်ခနဲဆွဲလိုက်တာမို့ သူက ပိုင့်လက်ကို အပေါ်မှ ထပ်၍ ကိုင်လိုက်လေသည်။ ဪ ဒီကောင်တော့ လုပ်ပုံမဟုတ်သေးပါဘူး။ ကျားကျားချင်း ယှဉ်မယ်မရှိ၊ လူကိုစိုက်ကြည့်ပြီး လက်ကိုပါ ကိုင်ရတယ်လို့။ စိတ်တိုတိုဖြင့် ဒင်းရင်ဘတ်ကို တွန်းလိုက်မိတော့သည်။

"မင်း . . . မြန်မြန်ပြန်တော့နော်၊ ငါ့လက်တွေ အတော်





သားနေပြီ"

"မင်းကိုယ်မင်း ဘာကောင်လဲဆိုတာ သိရောသိရဲ့လားပိုင်၊ အနုပညာလက်ရာကောင်းတဲ့လူနဲ့မတူဘဲ Boxer လိုချည်း လုပ်လုပ်နေတယ်"

"ဘာကွ"

ဟာ . . . ဒီကောင် ပိုင့်နာမည်ကို ဘယ်လိုသိနေပြန်ပါလိမ့်။ ဟိုတစ်လောက ကိုရဲနဲ့ သုံးဦးဆုံစဉ်က ကိုရဲခေါ်တာကို ကြားသွားပုံပါပဲ။ နားကလည်း ပါးပါဘိ။ နည်းနည်းလေးကြားတာနဲ့ မှတ်မိနေပုံပါလား။ ပိုင် တော်တော်ကြီးကို တင်းသာရတာအမှန်ပါလေ။

"Customer ကို လေးလေးစားစား ပြုမူဆက်ဆံမှပေါ့"

"ဒီမှာ"

"ပြော"

"ငါ့ဆိုင်မှာ ဘာမှမရောင်းတဲ့အတွက် မင်းကိုလည်း Customer အဖြစ် သတ်မှတ်စရာအကြောင်း ဘာမှမရှိဘူး။ အကယ်၍ ရောင်းစရာရှိနေလည်း မင်းလိုလူကို ဘာမှမရောင်းဘူး။ သိပြီလား"

"ဘာဖြစ်လို့လဲ"

"ဟာ . . . မင်းအတော်ရစ်တဲ့ မူလီပါပဲလား။ မရောင်းဘူးဆိုပြီးရောပေါ့"

ဪ နေရင်းထိုင်ရင်း လူဘဝကနေ မူလီဘဝကိုပြောင်းရတယ်လို့။ ဒီကောင်လေးနဲ့ ဘယ်လိုမှ စကားပြောလို့ အဆင်မပြေပါ



www.burmeseclassic.com

www.burmeseclassic.com



လား။ ဘယ်လိုနည်းမျိုးသုံးမှ ပြေလည်မှာပါလိမ့်။ ကျွန်တော်က သူ့လို စကားလုံးကြွယ်ဝသူမဟုတ်တော့ ခက်ချေပြီ၊ အတော်လိုသေးပါလား မိုးသားဖြူ။

"ဒါဖြင့် ဒီမှာ ဘာမှမရောင်းဘဲ Hall ကြီးအတိုင်းပဲ ထားတော့မှာလား"

"ရောင်းမှာ ... ရောင်းမှာ"

"ဘာများလဲ"

"မစားကောင်းတဲ့အသား"

"အဲဒါဘာလဲ"

"သစ်သားလေ၊ သစ်သားနဲ့လုပ်တဲ့ပစ္စည်းတွေ ရောင်းလိမ့်မယ်၊ မင်းမိန်းမယူရင် လာဝယ်လို့ရမယ့် ခုတင်တွေ, မီရိုတွေ, စားပွဲတွေ, ခုံတွေ၊ အဲဒီတော့မှ လာမှာချေ။ အခုတော့ ကြွတော်မူ"

ကျွန်တော် စိတ်ညစ်နေသည့်ကြားမှ ပြုံးလိုက်မိပါ၏။ ကြည့်ပါဦး။ အတော်ရယ်အောင်ပြောတတ်သည့် ကောင်ပါပဲ။ ကျွန်တော် မိန်းမယူရင် လာဝယ်ဖို့တဲ့။ ရွဲ့ပြောတာမှန်းသိနေပေမယ့် တိုက်ဆိုင်မှုက ဤမျှအထိ ရှိနေပါလား။ ဒီမနက်တဲ ဒယ်ဒီပြောလိုက်တဲ့အကြောင်းနဲ့ ဆက်စပ်မှု ရှိနေတော့တာကိုး။

"တကယ်ပြောင်းရောင်းမှာလား"

"___"

"ဒါဖြင့် ... ပြန်လိုက်ပါဦးမယ်"





"ကောင်းပါလေ့"

"ထပ်လာခဲ့ပါဦးမယ်"

စူးခနဲအကြည့်ကို ရလိုက်တာမို့ ပခုံးတွန့်ကာ ဆိုင်ပြင်သို့ ထွက်လိုက်တော့၏။ ဘယ်လိုကောင်ပါလိမ့်။ လူက ခပ်ပါးပါးနွဲ့နွဲ့လေး လေး ရုပ်လေးသန့်သလို ဖြစ်နေတာပါ။ မျက်ခုံးကလည်း ခပ်ပါးပါး၊ မျက်လုံးက အတော်ကြည့်ကောင်းသည့်နှယ် ရွှန်းနေတာလေ။

အား ... မှားနေပြီး မိုးသားဖြူ။ ယောက်ျားလေးချင်း ဒီလို အယနုကြည့်ဖြစ်တာ အတော်လွန်နေပြီပဲ။ ခေါင်းခါကာ ကားတံခါးကို ဖွင့်၍ တက်လိုက်ရပါ၏။ ကားစက်နှိုးလိုက်စဉ် ကျွန်တော်က ခိုးကြည့်နေသလို ခံစားလိုက်ရတာမို့ ADORER ဘက်လှည့်ကြည့်လိုက်စဉ် ရင်ထိတ်သွားရလေသည်။

အလိုလေး၊ ပိုင်ဆိုသည့်ချာတိတ်က ဆိုင်ရှေ့မှာ ခါးထောက်ရပ်ပြီး စိုက်ကြည့်နေတာကိုး။ ကျောချမ်းပါပေ့ မိုးသားဖြူ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

လောကားမှ ပြေးဆင်းခဲ့စဉ် ညှော်ခန်းမှာ သတင်းစာဖတ်နေသည့် ကိုကိုက ဆတ်ခနဲ လှမ်းကြည့်လိုက်သဖြင့် အရှိန်သပ်လိုက်ရပါသည်။ အလောတကြီး ပြေးဆင်းလာတာကို မြင်သွားတာကိုး။

"ဖြည်းဖြည်းဆင်းလေ ... ဒါက ဘယ်လဲ"

"ဟို"

လက်ညှိုးက တစ်ဖက်ခြံကို ညွှန်လိုက်ပြီး အမြန်ရှပ်လိုက်မိပါသည်။ ယုနှင့် တရင်းတနှီးရှိတာကို ကိုကိုမကြိုက်မှန်း သိနေလို့ပါပဲ။ မခေါ်မပြောနဲ့ဟု တစ်ခွန်းမှ မပြောသော်ငြား မနှစ်မြို့သည့်အကြည့်များကို ပိုင်က အလိုလို ဘာသာပြန်နားလည်နေမှန်ပင်။

"မိုးမချုပ်စေနဲ့"

"ဟုတ်"





"ပြီးရင် ... ပိုင်နဲ့ပြောစရာရှိသေးတယ်၊ (၈) နာရီ စာကြည့်ခန်းမှာ ဆုံတယ်"

"ဟုတ်ကဲ့"

အိမ်ပေါက်ဝကို လှမ်းလိုက်စဉ် အန်တီလေးက ပိုင့်ပခုံးပေါ် ဂျာကင် သှမ်းတင်ပေးလိုက်လေ၏။ ဆောင်းဝင်သည်နှင့် မှောင်ရီပြိုးပြမှာ နှင်းကျပြီး အေးတတ်ပြီလေ။ ပိုင်က ကိုယ်ငွေ့နည်းသူမို့ အအေးမခံနိုင်ပါ။ ခြေထောက်အေးသည်နှင့် နှာစေးကျင့်ရှိသဖြင့် ပိုင်ဝတ်နေကျဖိနပ်က ခြေစွပ်နှင့်ဝတ်ရသည့် shoe လို အားကစားဖိနပ်များသာ အများဆုံးဖြစ်လေသည်။

ခြံဘေးဝံခါးကို အသာတွန်းဖွင့်ကာ တစ်ဖက်ခြံသို့ တိတ်တိတ်လေး ကူးလာခဲ့ပါ၏။ အိမ်ထဲမှာ စကားပြောသံ၊ ရယ်မောသံတို့ဖြင့် ဆူညံနေလေသည်။ စူးခနဲ တစ်ချက်တစ်ချက် ထွက်လာတတ်သည့် ယု၏ ဆည်းလည်းသံလေးက ပိုင့်ရင်ကို အေးချမ်းစေတာ မဟုတ်ပါလား။

"ဟယ်လို ... ဟိုင်း"

"ဟယ် ... ပိုင် မျှော်နေတာ အတော်ပဲ"

အပြင်မှာအေးနေပါလျက် ယုကတော့ အေးပုံမရပါချေ။ ဝတ်ထားသည့် Blouse ပါးပါးနှင့် short pants က ပေါင်တံလုလုလေးကို ထင်းခနဲ မြင်သာနေစေတာလေ။ ဒီလို လွှတ်လွှတ်လပ်လပ် ဝတ်တာမျိုးကို ပိုင်ကလွဲပြီး တခြားသူစိမ်းယောကျ်ားတွေ မြင်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူးနော်။

"လာ"

လက်မောင်းကိုရိုတွဲလျက်ခေါ်နေမပြီမို့ ပြုံးလိုက်မိ၏။ အကြာကြီးလွမ်းနေသမျှ တစ်ခါတည်းထွက်ပြေးသလို ကုန်သွားလေပြီ။ မိသားစုတွေအကုန် ဧည့်ခန်းမှာပင်ရှိနေတာမို့ ယုဆွဲခေါ်ရာခုံမှာပင် ဝင်ထိုင်လိုက်ရပါသည်။ တစ်ယောက်ထိုင်ဆက်တီခုံမို့ ယုက ခုံလက်ရမ်းပေါ် ထိုင်လျက် ပိုင်နှင့် ပူးပူးကပ်ကပ်ရှိနေပေမယ့် လေးလေးဦးသက်မောင်ရော အန်တီဒေါ်ယုယမွှေးပါမက ဘွားဘွားဒေါ်ရင်မြပါ ဘာမှမပြောပါလေ။ ယုနှင့်ပိုင်က ဝိစိအရွယ်လေးကတည်းက အတူရှိခဲ့ကြတာမဟုတ်ပါလား။

December (၃၁) ရက်နေ့ ည (၁၂) နာရီတိတိမှာ ယုကို မွေးပြီး နောက် (၅) မိနစ်စွန်းစဉ်မှာ မေမေက ပိုင့်ကိုမွေးပေးခဲ့တာပင်။ တကယ်တမ်းမှာ ယုနှင့်ပိုင်ဟာ (၅) မိနစ်သာ ကွာခြားပြီး မွေးခဲ့ပါလျက် နှစ်အပိုင်းအခြားအရ (၁) နှစ်တိတိ ကွဲသွားတာအံ့ဩစရာပင်။

ဒါကြောင့်လည်း ယုကပိုင့်ကို အငယ်လိုသဘောထားပြီး ပိုင့်ဆံပင်ကို ထိုးဖွဆော့ကစားတတ်တာလေ။ တစ်ခါတလေ "မမကလေ" ပြောတိုင်း မခံချိမခံသာဖြစ်ရတာက ပိုင်ပါပင်။ ပိုင့်ဘက်က အစစအလေးအနက်ထားသမျှ ပိုင်ချစ်ရပါသည့်ယုကဖြင့် ရယ်စရာလုပ်တတ်တာ အကျင့်လို ဖြစ်နေလေသည်။

"အန်တီတို့သွားတာ တော်တော်ကြာတယ်နော်"





"ဟုတ်ပါ့ပိုင်ရယ်၊ နေရာအနှံ့သွားခဲ့ရလို့ ပျော်လည်းပျော် မောလည်းမောနဲ့ ပျော်မောကြီးပေါ့။ နေပါဦး ပိုင်တို့မိသားစုဖို့ လက်ဆောင်ပါလာတာ ဘယ်ထဲထည့်လာမိလဲ မသိတော့ပါဘူး"

"ဖြည်းဖြည်းအေးအေးရှာပါ မွေးရယ်၊ ဒီလူနဲ့ဒီလူ မတွေ့ရမှာမှ မဟုတ်တာ"

"ဟုတ်ပါရဲ့၊ နောက်မှပဲ ပိုင်တို့အိမ်ကို ယုလာပို့ပေးလိမ့်မယ်နော်"

"ရပါတယ် အန်တီရယ်"

"ယုဝယ်လာတာတော့ ယုအိတ်ထဲထည့်လာတယ် ပိုင်ရဲ့။ လိုက်ယူလေ"

"နေပါစေ ယုရဲ့"

"လိုက်သွားလေ ပိုင်ရဲ့၊ အပြင်မှာအေးနေပြီ မဟုတ်လား။ အခန်းထဲမှာ နွေးမှာပေါ့"

"လာ"

ပိုင့်လက်မောင်းကို ဆွဲခေါ်နေပြီမို့ အပေါ်ထပ်အိပ်ခန်းဆီသို့ လိုက်ခဲ့ရတော့၏။ ဒီအခန်းလေးကို ညစဉ်ညတိုင်း လှမ်းကြည့်နေရသည့် အမောက အခုမှပြေတော့တာပါလေ။ ယုက ပိုင့်ကို ခုတင်ထက်ထိုင်စေပြီး ခရီးဆောင်အိတ်အတွင်း မွှေနေတော့၏။ ပိုင်တို့အိမ်က လှမ်းကြည့်ပါက ဒီအခန်းထဲ ပိုင်ရှိနေတာကို မြင်နိုင်တာမို့ ပြတင်းပေါက်လိုက်ကာကို ထဆွဲပိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ကိုကြီးမြင့်မှာစိုးလို့လား"

"အင်း"

"ခုချိန်ထိ ပိုင့်ကို ချုပ်ချယ်တုန်းပဲပေါ့လေ"

"သိပြီးသားကို ဘာလို့ပြောနေလဲ"

လည်ဂုတ်ထက်မှာ နူးညံ့သည့်အရာ လာတင်လိုက်တာမို့ ပိုင် အခန်းထဲသို့ ပြန်လှည့်လိုက်ပါ၏။ ယုက ပိုင့်လည်ပင်းကို မာဖလာ အနီရောင်လေးပတ်ပေးလေသည်။ ကာလာကလည်း ရဲလိုက်တာ။ ပိုင်က အရောင်ဖျော့ဖျော့ကြိုက်မှန်း သိပါလျက်နှင့် ယုက သူမကြိုက်သည့် ကာလာကို တမင်ဝယ်လာပေးတာပင် ဖြစ်ပေမည်။

"ဘာလဲ ... အနီရောင်မို့ မကြိုက်တာလား"

"မဟုတ်ပါဘူး"

"မဟုတ်ဘူးပြောနေ၊ ပိုင့်မျက်နှာကြည့်တာနဲ့ အသိသာကြီး။ မမကို မညာချင်ပါနဲ့ မောင်လေးရယ်"

"ဟာ ... ယုနော်၊ လုပ်ပြန်ပြီ"

မေးစေ့ကိုကိုင်လျက် ချစ်စဖွယ်ပြောလိုက်တာမို့ ပိုင့်မျက်နှာ ရဲသွားရပါ၏။ လုပ်ချလိုက်ပြန်ပြီ။ ဤသို့ မမ သုံးတိုင်း ပိုင် မခံချိ မခံသာဖြစ်တာကို သိသိကြီးနဲ့ ပြောပြန်လေပြီ။ ပြီးတော့ မမီလည်သည့်အရပ်ကို ခြေဖျားထောက်လျက် ပိုင့်ခေါင်းကို လှမ်းဖွပြန်လေ၏။

"ဟော ... ကြည့်"

"ဟင်း ဟင်း ... ဘိုကေကျော့နေတော့ မနာလိုလို့ပေါ့ကွ"





"(၅) မိနစ်လေးငယ်တာကို သိပ်ဗိုလ်မကျပါနဲ့"

"မကြိုက်ပြန်ဘူးလား၊ အံမယ် ... ပြူးတယ်ဟဲ့"

"ယုနော်"

အခန်းထဲမှာ ယုရယ်သံသာ ထွက်နေတော့တာပါလေ။ အိပ်ခန်းထဲမှာ မွှေးရနံ့တွေက အတော်လေးပျံ့နေပါ၏။ ပိုင်ရော ကိုကိုပါ အဝတ်အစားကို ပရုတ်လုံးဖြင့် သိမ်းတတ်ပြီး အခန်းထဲမှာ သင်းသင်းလေး မွှေးသည့် spray မျိုးကိုသာ သုံးလေ့ရှိပါ၏။ အထူးသဖြင့် စပယ်ရနံ့ကိုသာ အသုံးများလေသည်။ ယုကဖြင့် ကိုယ်ခန္ဓာမှာရော အိပ်ခန်းထဲမှာပါ ရနံ့စူးရှရှပြင်းတာမျိုး သုံးတတ်တာပင်။ ဒါကြောင့်လည်း ပိုင့်ကိုယ်မှာ ဒီလိုအနံ့မျိုးကပ်ပါလာတာမို့ ဒီအိမ်ကပြန်လာမှန်း ကိုကို အလိုလိုသိရတာပါလေ။

"ဆိုင်အခြေအနေရော ဘယ်လိုလဲ"

"ပစ္စည်းပြောင်းတင်နေပြီ"

"ယုလာလို့တော့ရတယ် မဟုတ်လား"

"ရတာပေါ့၊ ဘာလို့မရရမှာလဲ"

"ကိုကြီးနဲ့တိုးမှာစိုးလို့ပါ"

"ဆိုင်ကို ကိုကို အမြဲမလာပါဘူး ယုရာ"

"ကိုကြီးကိုတော့ ယု ကြောက်ပါတယ်"

"ဒါဆို ... ပိုင့်ကိုရော"

ညင်းသွဲ့သွဲ့ရယ်ပြန်လေ၏။ ခုတင်ထက်အတူထိုင်မိစဉ် ပိုင့်



www.burmeseclassic.com

www.burmeseclassic.com



ပန်းကို ယုက ခွပ်နွဲ့နွဲ့မှီထားလေသည်။ ဒီနေ့ ခေါင်းလျှော်ထား၍ထင့် ယုခေါင်းရှိ ဆံနွယ်စင်းစင်းလေးများထံမှ shampoo နံ့ကို ရှူရှိုက်မိလေ၏။ ဖြောင့်စင်းနေပါသည့် ဆံနွယ်တို့က ပိုင့်ရင်ဘတ်နားမှာ ပေါ်း လေးခိုနေသည့်နှယ်ပါ။ ခပ်ဖွဖွလေးကိုင်မိစဉ် ယု၏သမင်မျက်ဝန်းတို့က လက်ခနဲ ပိုင့်ကို ကြည့်လိုက်လေသည်။

"ဘာလုပ်တာလဲ"

"ကိုင်ကြည့်တာ"

"ခွင့်မတောင်းဘူး"

"အခွင့်မရှိဘူးပေါ့လေ"

"အလကားစတာ"

နှစ်ယောက်သား အသံတိတ်သွားပါ၏။ ယု ဘာတွေတွေးနေမည်မှန်း ပိုင်မသိပါ။ နှစ်ဦးသား လွတ်လပ်စွာတွေ့ခွင့်က ပိုင့်ထံမှာ အချိန်ကန့်သတ်ချက်နှင့်သာရှိနေတာကို။ လက်မှနာရီက (၇) နာရီ (၄၅) မိနစ်ကို ညွှန်ပြနေချေပြီ။ အချိန်က ကုန်မြန်လိုက်ပါဘိ၊ ပြန်ရတော့ပေမည်။

ပြန်မယ်ဟုပြောရန် နှုတ်ကမပွင့်ပါ။ အထူးသဖြင့် လက်မောင်းကိုမှီထားရင် ပိုင့်ညာလက်ကို တင်းတင်းလေးဆုပ်ကိုင်ထားပါသည့် ယုကြောင့် ပိုပြီးမပြောဝံ့တာပင်။ ပိုင်က ယုလောက်အသည်းမမာတာကို ဝန်ခံချင်ပါ၏။ ပြောသည့်စကားတိုင်း မြန်သလောက် နှလုံးသားက ထိရှလွယ်တတ်သူမို့ပါပဲ။ ဒီအားနည်းချက်ကို ပိုင့်ကိုကိုနှင်





ယုသာ သိထားကြတာပါလေ။

"လက်တွေကြမ်းနေပြီ ပိုင် ဘာတွေလုပ်နေလဲ"

"ဒီလိုပါပဲ"

"လက်သည်းညှပ်ပေးရမလား"

"နေပါစေ ... မိုးချုပ်နေပြီ"

"ဂီတာရော တီးဖြစ်လား"

"ဟင့်အင်း"

"ဒါနဲ့များ ယုကိုလွမ်းတဲ့အလွမ်းတွေကို ဘာနဲ့ဖြေနေသလဲ"

ခေါင်းကိုသာ ခါပြလိုက်ပါ၏။ အလွမ်းတွေထက် စိတ်ရှုပ်စရာတွေကသာ ခုတလော ပိုင့်ထံမှာ ဆက်တိုက်လိုလို ဖြစ်နေတာပါလေ။ ဒီမနက်မှာပဲ မတွေ့ချင်တဲ့မျက်နှာကို ထပ်တွေ့ခဲ့ရတာ မဟုတ်လား။

"အာ"

"Sorry နာသွားလား"

"ဘာဖြစ်နေလဲ ပိုင်"

"ဟင်"

"ရင်ထဲမှာ ဒေါသတွေရှိနေတာ မဟုတ်လား၊ ယုလက်ကို ညှစ်လိုက်တာ နည်းနည်းနောနောအားမဟုတ်ဘူး"

"ဒီလိုပါပဲ ဆိုင်ကိစ္စရော နောက်ပြီး ဟိုတလောလေးကပဲ Accident ဖြစ်ပြီး လူတစ်ယောက်နဲ့ငြိဖူးတာရောကြောင့် စိတ်ရှုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ အရေးမကြီးပါဘူး"

"ကိုကိုကျော်နဲ့တွေ့ဖြစ်သေးလား"

"ဟင့်အင်း ... အဲဒီတုန်းက ကိုရဲဖြေရှင်းပေးလို့ ပြေလည်ခဲ့ရတာပဲ တော်သေး"

ယုက ပိုင် အကျဉ်းချုံးရှင်းပြတာကို နားစိုက်ထောင်ပြီး အံ့ဩလိုက် မျက်မှောင်ကြုတ်လိုက်လုပ်ကာ နောက်ဆုံး ဟက်ဟက်ပက်ပက် ရယ်မောလေတော့၏။ ဘယ်လိုလဲ ပိုင်ပြဿနာဖြစ်တာကို ရယ်စရာလို့ပဲ ယု ယူဆလေသလား။ စိတ်ရှုပ်ရပါဘိ။

"မရယ်နဲ့လေ"

"ဟင်းဟင်း ... သဘောကျလို့ပါ ပိုင်ရဲ့ စိတ်မဆိုးပါနဲ့"

"ဘယ်သူ့ကို သဘောကျရပြန်တာလဲ"

"ဘယ်သူရှိမလဲ ပိုင့်ကိုပေါ့။ ယုမရှိတာနဲ့ပဲ ထင်တိုင်းကြဲနေတာပေါ့လေ"

"မဟုတ်ပါဘူး။ အဲဒီကောင်ကို oxygen ဖြစ်လွန်းလို့ပါ"

"ယုက ပိုင့်လက်မှာ ဘာဒဏ်ရာမှ မရှိစေချင်လို့ပါ"

"ပိုင်သိပါတယ်"

"သိတယ်ဆိုပြီး ဘာလို့ ရန်ဖြစ်ချင်ရတာလဲ"

ငြိမ်နေမိပါ၏။ ယုပြောတာလည်း အမှန်ပါပဲ။ အိမ်မှာ စိုးရိမ်တတ်ကြသလို ယုသည်လည်း ပိုင် ရန်ဖြစ်ချင်ရင် အဲဒီနေရာကနေ မရမက အတင်းဆွဲခေါ်တတ်တာပါ။ ပိုင်ကသာ အန္တရာယ်ကို





အကြောက်ဘဲ စိတ်မြန်လက်မြန် ရှင်းချင်တာမဟုတ်ပါလား။

"ကိုကြီး ... မိန်းမ မယူသေးဘူးလား"

"ယူစရာလား"

"ဟယ် ... မျက်စောင်းကြီးက ကြောက်စရာ၊ မမညီ့ဆောက်သွယ်ဘူးလား"

"ဘယ်သိမှာလဲ"

"ကိုကြီး အရင်အိမ်ထောင်မပြုရင် ပိုင့်အလှည့် ဘယ်ရောက်ပါတော့မလဲ"

"အိမ်ထောင်ရေး စဉ်းစားစရာလား။ အခုမှ အသက် (၂၂) နှစ်ပြည့်မှာကို"

"ယုတို့က (၂၂) နှစ်ပေမယ့် ကိုကြီးက (၃၀) ရှိနေပြီလေ ပိုင်ရဲ့ အဘိုးကြီးဖြစ်ရင် ဘယ်သူက ယူတော့မှာလဲ"

"ဘယ်သူယူယူပေါ့၊ ရှာကျွေးနိုင်ရင် ယူမယ့်မိန်းမတွေများ တစ်ပုံကြီး။ ခေါင်းခေါက်ရွေးပါလေ့"

ရယ်ပြန်လေ၏။ ဘယ်လိုလဲ ပိုင့်ကို မခံချင်အောင် တမင်သက်သက်စလေသလား။ ပိုင်က ကိုကို့ကို အိမ်ထောင်မပြုအောင် တားဆီးနေတဲ့ညီမှ မဟုတ်တာလေ။ သို့တည်းမဟုတ် အစ်ကိုကိုချစ်တဲ့ ညီဆိုတဲ့သဘောမျိုးနဲ့ဆိုပြီး ပြောတာပဲ ဖြစ်မယ်ထင်ပါရဲ့။

"ယောက်ျားတွေက ဘယ်အချိန်ယူယူပေါ့၊ ကိစ္စမရှိဘူး။ ယုတို့မိန်းမတွေက အရွယ်မလွန်ခင်ယူမှဖြစ်မှာ၊ Over ဖြစ်သွားလို့က



www.burmeseclassic.com

www.burmeseclassic.com



တော့ အိုပယ်ဖြစ်သွားမယ်၊ အဖြစ်မခံနိုင်ပါဘူး’

“ယုနော်”

“သဘောပြောတာပါရှင်၊ မျက်နှာက ချက်ချင်းပျက်တော့တာပဲ၊ ခက်ပါ့”

ရင်တွင်းမှ စိုးထိတ်မှုကို ဘယ်မြင်နိုင်ပါ့မလဲ၊ အိမ်ထောင်ရေးကို စဉ်းစားနေပြီလား။ အိမ်မှာဖြင့် ကိုကိုနဲ့ ဒီခေါင်းစဉ်မျိုး တစ်ခါမှ မဆွေးနွေးဖူးတာလေ။ ဘယ်လိုပဲ၊ ဒီအရွယ်လေးနဲ့ ဒီလိုကိစ္စတွေက ယုခေါင်းထဲကို ဘယ်လိုများ ဝင်လာရတာပါလိမ့်၊ ရင်မောရပါလား ယုရယ်။



## အခန်း (၈)

ဒယ်ဒီ့မျက်နှာကိုမကြည့်ဝံ့တဲ့ ခေါင်းငုံ့နေမိ၏။ အနိုင်မရသူရဲ့ အရှုံးဆိုတာ ဒါမျိုးကိုပြောတာထင်ပါရဲ့။ နှစ်ယောက်ခွဲပြီး နိုင်းတယ်ဆိုလည်း သားဖြစ်တဲ့ကျွန်တော့်ကို သက်သာလွယ်ကူတာမျိုးကို ဦးစားပေး နိုင်းသင့်တာပါလေ။ ခုတော့ ကျားမြီးဆွဲရတာထက် ကြောက်စရာကောင်းတဲ့ကောင်ဆီကိုမှ လွှတ်ရတယ်လို့။

“ဘာမှဖြစ်ဖြစ်မြောက်မြောက်ကိုမရှိဘူး။ အတူတူချင်းနိုင်းတာ မင်းဗေယျာက အဆင်ပြေပြေလုပ်နိုင်တယ်၊ ဘယ်မှာလဲ မင်းကို နိုင်းလိုက်တဲ့ကိစ္စ”

“မရှိတော့တာကို ကျွန်တော်က ဘယ်လိုဝယ်လာလို့ရမှာလဲ ဒယ်ဒီရဲ့”

“ဟ . . . စီးပွားရေးလုပ်တယ်ဆိုတာ စိတ်ရှည်သည်းခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရပြီး တစ်ဖက်သား ပစ်ကျလာအောင် အပြောအဆို ညက်နေရတယ် မိုးသားဖြူရဲ့၊ ဟိုဘက်ကို မချေမငံပြောလို့ ဟိုက ဘူးခါလိုက်တာ ဖြစ်မှာပေါ့"

"အဲဒီကောင်ကို အဲဒီမှာ ရှိနေမယ်လို့ ဘယ်ထင်ထားပါ့မလဲ"

"ဘာ ... ဘယ်ကအဲဒီကောင်လဲ"

"ဟိုတစ်ခါ ကျွန်တော်နဲ့ ပြဿနာဖြစ်တဲ့ကောင်လေ၊ ပိုင် ဆိုတာ"

"ကြည့်စမ်း ... ဒါဖြင့် ဆရာဦးအောင်နိုင်ရဲ့သားနဲ့ ဖြစ်ခဲ့တာ ပေါ့လေ၊ နေပါဦး ဘုန်းမြင့်နိုင်က ကိုယ်ပိုင် Construction လုပ်နေ တာပါ၊ ဒါဖြင့် အဲဒါ အငယ်ပေါ့"

"မသိဘူး"

"ဘာမသိဘူးလဲ၊ ပြောလိုက်ရင် ဘာကိုမှ အလေးအနက် မရှိဘူး"

ကျွန်တော် မှုန်ကုပ်ကုပ်မျက်နှာဖြင့် ထိုင်နေမိ၏။ ဒင်းကြောင့် ထပ်ပြီး အဆူခံရပြန်ချေပြီ။ ရေစက်ကိုက ဆိုးပါ့။ စိတ်က သူ့ထံ ရောက်သွားသည်နှင့် အာရုံမှာ ဒင်းမျက်နှာက ဖျတ်ခနဲပေါ်လာတော့ တာပါလေ။ ငါနော် လက်သီးတစ်ချက်စာလေးလောက်သာ ရှိပေလို့။ ဒင်းကို အမှန်သာ ကျိတ်ချင်တော့တာပါ။

"ငါ ဖုန်းဆက်ပေးမယ်၊ အဲဒါတောင်မှ အဆင်ပြေအောင် မလုပ်နိုင်ရင် ဟိုတယ် GM လုပ်ဖို့ စိတ်မကူးလေနဲ့ မိုးသားဖြူ။





နဦး ... ငါပြောလို့မပြီးသေးဘူး"

ဖုန်းခေါ်နေပြီမို့ လစ်လို့ရပြီထင်နေတာ။ ဒယ်ဒီက အလစ် မပေးဘဲ ဆက်ထိုင်နေစေတာလေ။ စိတ်များလည်း ညစ်ရပါ့။ ဒင်းနဲ့ နောက်ထပ်မဆုံချင်တော့ပါဘူးဆိုမှ မရောက်ရောက်အောင် အတင်း တွန်းပို့နေပါရောလားနော်။ ညစ်နေသမျှ ဆပ်ပြာမှုန့်နဲ့ လျှော်လို့ရရင် လျှော်လိုက်ချင်ပါရဲ့။

"အန်ကယ်လည်း အခုမှ သေချာသိလိုက်ရလို့ပါမောင်ဘုန်း၊ ဟုတ်တယ် ... အန်ကယ့်သားနဲ့ ပြဿနာဖြစ်ခဲ့တာပါ၊ အန်ကယ့်သား အလွန်ပါကွယ်၊ ဘယ်လို ကလေးကို ကားစီးခွင့်တစ်လ ပိတ်လိုက် တယ် ... ဟုတ်လား၊ မလုပ်ပါနဲ့ကွယ်၊ ကလေးအပြစ်မှမဟုတ်တာ၊ အန်ကယ့်သားကိုယ်စား အန်ကယ်ကပဲ တောင်းပန်ပါတယ်ကွယ်"

လူကြီးကိုယ်တိုင် တောင်းတောင်းပန်ပန်ပြောနေရတာမို့ ကျွန်တော် အတော်လေး မျက်နှာပူမိပါ၏။ ဘယ်လိုဖြစ်ပြီး ကျွန်တော် တို့ဘက်ကပဲ အရှုံးပေးတောင်းပန်နေရတာပါလိမ့်၊ တကယ် ကိုယ်ထိ လက်ရောက် ပြုမူခဲ့တာ စော်ကားမော်ကား ပြောခဲ့တာက အဲဒီ...က် က ကောင်လေးမဟုတ်ပါလား။

"ဟုတ်တယ် ... သားကို အန်ကယ်လွှတ်လိုက်တာ၊ ဒီကောင်က အပြောကိုမတတ်ပါဘူးကွယ်၊ သူ မချေမငံပြောလို့ ဒီကလေးက အပြတ်ပြောလိုက်တယ်ထင်တာပဲ၊ ဟုတ်လား ရှိသေး သလား၊ ဝမ်းသာလိုက်တာကွယ်၊ အန်ကယ်က မောင်ဘုန်းဖေဖေရဲ့



www.burmeseclassic.com

www.burmeseclassic.com



လက်ရာကိုပဲ လိုချင်လို့ တမင်အပင်ပန်းခံရှာခိုင်းတာကွယ့်၊ ဟုတ်ပြီ လေ၊ ကျေးဇူးတင်လိုက်တာ တကယ့်ကို ကျေးဇူးတင်တာပါ မောင်ဘုန်းရဲ့"

"ဒါဖြင့် သားကို နောက်ရက်ထပ်လွှတ်လိုက်မယ်လေ၊ ကူညီ ပေးပါလို့ တောင်းဆိုပါရစေ။ Thanks, Ok မောင်ဘုန်း"

ဒါပဲလား . . . ဘာမှလည်း သိပ်မပြောရပါဘဲ အိုကေ စိုင်း ပြီတဲ့လေ။ အစ်ကိုဖြစ်သူက စကားပြော အဆင်ပြေသလောက် ညီဖြစ် သူကဖြင့် လူကန့်လန့်လေးပါလေ။ သက်ပြင်းကို ရှိုက်ထုတ်လိုက်ပြီး ကွန်ခြေဆည့်လိုက်ရပါ၏။ တော်ကြာ ဒယ်ဒီ ဆက်ဆူနေဦးမှဖြင့်။

"တွေ့လား . . . လူ့အောက်ကျို့လို့ မသေသွားဘူး၊ လူချင်း မတွေ့တာတောင် ဖုန်းနဲ့ပြောတာနဲ့ အဆင်ပြေတာချည်းပဲ၊ မြင်ပြီလား"

"အစ်ကိုနဲ့ညီက တူမှမတူတာ ဒယ်ဒီရဲ့"

"အံမာ . . . မိချောင်းမင်း ရေခင်းပြချင်ပြန်ပါပြီ၊ ချိုတ်ချိတ် ခြင်းမို့ ချိတ်မိတာပေါ့။ မင်းဘက်က ပြေပြေလည်လည်ပြောရင် ဟိုက အဲဒီလိုလုပ်မတဲ့လား။ ကိုယ်ဖြောင့်ရင် သူလည်း လိုက်ဖြောင့်ပေးမှာ ပေါ့"

ဟွန်း . . . ပြောတော့ဖြင့် လွယ်လိုက်တာ။ ဒယ်ဒီက အဲဒီ ကောင်နဲ့ လက်တွေ့မှ မဆုံဖူးတာကို ဘယ်လောက်လက်ပေါက်ကပ်ပြီး ပြောဆိုရခက်တဲ့ကောင်ဆိုတာ ကာယကံရှင်ဖြစ်တဲ့ ကျွန်တော်သာ အသိဆုံးပါလေ။ ဒင်းနဲ့ ဘယ်ဘဝကတည်းက ဆုတောင်းမှားခဲ့လို့များ ဒီဘဝမှာ ကျွန်တော်ဆုံရတာပါလိမ့်။

"သူ့အစ်ကိုက အဲဒီကလေးကို ညီဆိုတာထက် သားလိုမျိုး သုယပြီးမွေးခဲ့တာ။ ညီလေးကိုချစ်လွန်းလို့ အခုထိ အိမ်ထောင်မပြု ဖြစ်တာပဲကြည့်၊ အဲဒီလို ရွှေလိုဥထားတဲ့ကလေးကိုမှ သွားထိရဲရတယ် လို့"

"ကျွန်တော်မထိပါဘူး ဒယ်ဒီရဲ့၊ သူကချည်း ထိုးမယ် တကဲ ကဲ ဖြစ်နေတာပါ"

"တွေ့လား . . . ဒီလောက်ပြောနေတဲ့ကြားက မင်းအတော် ခေါင်းမာတဲ့ကောင်ပါပဲလား"

"ဟိုကောင်က ကျွန်တော့်ထက် (၁၀) ဆပိုပြီးတောင် ခေါင်း မာသေး" ဆိုတာကိုတော့ မပြောဖြစ်အောင် မျိုချလိုက်ရပါ၏။ အိမ်မှာ အလိုလိုက်ခံရတာခြင်းအတူတူ ဘယ်လိုဖြစ်ပြီး ကျွန်တော့်ထက် သူက သာနေရပါသလဲ။ အစ်ကိုရှိတာထားပါတော့ ဟိုနေ့က ကိုရဲဆိုတာက ရော ဘာလဲ။ အားကိုးစရာအစ်ကိုတွေများနေလို့ပဲ ဒင်း မောက်မာနိုင် တာ ထင်ပါရဲ့။

"ဆိုင်ကို နောက်ထပ်သွားပါ မိုးသားဖြူ၊ ဟိုရောက်ရင် အဲဒီကလေးကို သေချာတောင်းပန်ပြီးမှ အလုပ်ကိစ္စကိုဆက်ပြော ကြားလား"

"မပြောလည်ရင်ကော"

"မင်း ပြန်မလာနဲ့ပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"အာ . . . ဒယ်ဒီကလည်း"

"ယောကျ်ားမှန်ရင် မဆုတ်မနစ် ဖွဲနဲ့လုပ်တတ်ရတယ်ကွ ဒီလောက်ပျော့ညံ့နေမှဖြင့် ဒီဘဝ မိန်းမရဖို့လမ်းလည်း တယ်မမြင်ပေါင်၊ သွား သွား။ ကြာလေ ကြာလေ ကြည့်မရတော့ဘူး"

"ကိုအောင်ပြောတာပြီးရင် သားကို ရွှေစင် ခေါ်သွားမယ်နော်"

"ကြွကြွ"

ဒယ်ဒီ့ရှေ့မှ အမြန်ဆုံးလစ်ရတော့၏။ မာမီ shopping ထွက်မည်ဆို၍ ရေချိုးသည့်အလုပ်ကို အမြန်ဆုံးလုပ်ရလေသည်။ ရင်ထဲမှာ ဘယ်လိုမှမကောင်းနိုင်တာတော့ အမှန်ပါပဲ။ ကျွန်တော့်အတွက် ရှေ့ဆက်ရမယ့် အနာဂတ်က ပိုင်ဆိုတဲ့ကောင်ပေါ်မှာ မူတည်နေရတာယ်လို့

ပစ္စည်းတွေရှိသေးပါလျက် အဘယ်ကြောင့် မရှိတော့ဘူးဟု ပြောရပါသနည်း။ တကယ်ဆို ကျွန်တော်တို့ယောကျ်ားတွေက အမှန်ကိုသာ ပြောလေ့ရှိကြတာပါ။ မိန်းမတွေကသာ မူရာမာယာများပြီး စကားကို ပလီခြောက်ချက် ပြောတတ်ကြတာလေ။ "ချစ်တယ်" ဆိုတဲ့ ရိုးရှင်းတဲ့စကားလောက် ရိုးစင်းတာ ဘာများရှိတော့မှာလဲ။ ဒါကိုတောင် သူမတို့နှုတ်က "မုန်းတယ်" ဆိုတာကိုပဲ လွယ်လင့်တကူ ပြောထွက်လာတတ်တာလေ။

ဒီကောင်ကရော ဘာကြောင့် အခုလို လိမ်ပြောရပါသလဲ။ ယောကျ်ားချင်း ညာစရာမှမလိုတာလေ။ ဒါမှမဟုတ် ကျွန်တော့်အပေါ်





မှာ မကျေညက်သေးလို့ပဲလား။ ဖြစ်နိုင်ပါ၏။ နစ်နာခဲ့တဲ့လူက ဘယ်မေ့နိုင်ပါ့မလဲ။ ကျွန်တော်ကလည်း ကျွန်တော်ပါပင်၊ ဘယ်သူ့ကိုမဆို အလျှော့မပေးဘဲ အနိုင်ရယူချင်စိတ်က ငယ်ငယ်ကတည်းက အရိုးစွဲအောင် ရှိခဲ့ရတာကိုး။

"သားရေ"

"လာပြီ . . . မာမီ"

အပေါ်ထပ်မှအမြန်ဆင်းခဲ့ပါ၏။ မာမီက ကားပေါ်ရောက်နေပြီမို့ ကျွန်တော့်လိုပင် စိတ်မြန်သူဖြစ်ကြောင်း ပြနေသလိုပါ။ စက်နှိုးလျက် ကားကိုမောင်းထွက်လိုက်ပါ၏။ Sunday မို့ Plaza တွေမှာ လူပိုများနေမှာလေ။ မာမီက ကျွန်တော်အားတဲ့နေ့ကို တမင်ရွေးပြီး ဒီလို shopping ထွက်ဖြစ်တာပင်။

"ဘာဝယ်စရာရှိလို့လဲ မာမီ"

"ဒီလိုပဲ သွားရင်းနဲ့တွေ့တာ ဝယ်ရမှာပေါ့၊ သားဒယ်ဒီ မွေးနေ့မှာ သံဃာတော်တွေ ဆွမ်းကျွေးမှာမို့ ပန်းကန်တွေ၊ Tea set တွေ ထပ်ဝယ်ရဦးမယ်။ အဟောင်းတွေ မသုံးချင်လို့"

ကျွန်တော် ခေါင်းညိတ်ပြလိုက်ပါ၏။ မာမီသွားနေကျ Plaza ဘက် ကားလမ်းကို ရွေးလိုက်ရပါသည်။ ကားရပ်ဖို့နေရာပင် အတော်ရှားနေသလောက်ပါပဲလား။ အပေါ်ထပ်မှာ နေရာရှိလောက်သည် ယူဆ၍ ကားကို Plaza ဘေးဘက်မှ အတွင်းသို့ မောင်းဝင်ခဲ့ပါ၏။ အေးအေးဆေးဆေး လျှောက်ဝယ်မှာမို့ ကားကို ကြာကြာရပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာလေ။

"မာမီ ဘာအရင်ဝယ်မှာလဲ"

"Underwear"

"အာ ... မာမီကလည်း"

"ဟဲ့ ... ရှက်စရာလား၊ ရှင်တို့သားအဖအတွက်ပါ ဝယ်ရမှာကို၊ မလိုက်ချင်ဘူးလား"

"မလိုက်ဘူး"

"တွေ့လား ... လမ်းထွက်လာရင် မအေနဲ့ စကားမများရရင် မနေနိုင်ဘူး။ ဒါဖြင့်လည်း လှမ်းကြည့်ရင် မြင်သာတဲ့နေရာမှာစောင့်။ မာမီ လိုက်မရှာနိုင်ဘူးနော်"

"ဟုတ်"

လိုက်မရှာချင်လည်း ဖုန်းလှမ်းဆက်ရင် ဖြစ်တာပဲကို။ မာမီနှင့် လူခွဲလိုက်ပြီး အထည်ထပ်မှာ ဖြည်းဖြည်းချင်း လျှောက်လာခဲ့ပါ၏။ ရုတ်တရက် ကောင်မလေးတစ်အုပ် ရယ်ရယ်မောမောဖြင့် သူ့ဘေးနားက ဖြတ်သွားတာမို့ လှည့်ကြည့်လိုက်မိလေသည်။ ဒယ်ဒီပြောထားသည့်ကိစ္စကို တွေးလိုက်မိလို့ပါပဲ။

"အမိုက်စားပဲ"

"မိတယ်ကွာ"

ရော် ကျွန်တော့်ကိုပဲ ပြန်စသွားရတယ်လို့။ လောကကြီးက ရေများရေနိုင်ပြီး မီးများမီးနိုင်ပေကိုး။ ငါးယောက်အုပ်စုဖြစ်နေသည်





ကြားမှ ကျွန်တော်က တစ်ယောက်တည်းဖြစ်နေတာလေ။ မထိတထိ စနောက်ကြသည့် မိန်းကလေးတွေကြောင့် မရှက်မိအောင် အတော်သတိထားလိုက်ရလေ၏။

"ဟယ် ... ပြုံးတယ်ဟဲ့"

"သွားပေါက်ချင်ပြီထင်တယ်"

"သားသားမာမီ မပါဘူးလားကွယ်"

ကျွန်တော် ဟက်ခနဲ ရယ်လိုက်မိတော့၏။ အိမ်နာမည်ခေါ်ပြီး ပြောသလို တိုက်ဆိုင်ရတယ်လို့။ မာမီပါလာတယ်လို့ ပြောလိုက်မိရင် သူမတို့ကိုရောပါပြီဆိုပြီး လူကို ဝိုင်းလှောင်မှ မဟာ့မဟာ အရှက်တော်ကွဲတော့မှာလေ။ ခေါင်းကိုခါကာ ကျောပေးဆက်လျှောက်ခဲ့ပါ၏။

"တစ်ချက်လေး ××× စောင်းငဲ့ကြည့်ဦး ××× ဟင်း ဟင်း"

ဝူး တကယ်မလွယ်ကြောပါပဲ။ ကျွန်တော် ဦးတည်လိုက်သည့်နေရာက လျှပ်စစ်ပစ္စည်းတန်းဘက် ဖြစ်နေပြီး Phone Assessary တွေ၊ Handset တွေ၊ cover တွေရောင်းသည့်ဘက် ဖြစ်နေလေသည်။ ဒီဘက်မှတော့ မိန်းကလေးအတော်ရှားပါးနေသလိုပါလေ။

"ဒါလေး လှတယ်နော်"

ခပ်ချွဲချွဲအသံလေးကြောင့် အမှတ်တမဲ့ လှမ်းကြည့်လိုက်မိ၏။ ထောင့်ချိုး counter မှာ style မိမိလေးရပ်ကာ ပြောလိုက်ပါသည့်



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး။ Mini skirt ခေါ်မလား ဒူးထိရောက်သည့် ကိုယ်ကျပ် ဂါဝန်အနီရဲရဲလေးကို ဝတ်ထားတာပင် နဖူးထက်မှာ ဆံနွယ်လေးကို မျက်ခုံးနှင့်အညီ ခပ်တိတိလေးထားပြီး ကျောလယ်ခန့် စင်းစင်းလေး ဖြန့်ချထားပုံက ကော်ပတ်ရုပ်လေးနှယ်။

ဘေးနားမှ အဖော်ပါလာသည်ထင့် လှည့်ကြည့်ကာ ပြုံးလိုက်ပါသည့် ပတ္တမြားသွေးရောင်လို ကာလာနှင့် နှုတ်ခမ်းဖူးဖူးလေး။ ပြီးနောက် အရောင်းစာရေးမလေးထံ မျက်ခနဲ ပြန်ကြည့်လိုက်ပါသည့် သောက်ရူးကြယ်နှယ် တောက်ပလွန်းပါသည့် မျက်ဝန်းတစ်စုံ။

ဘုရားရေ ... နှလုံးသားတစ်ရလုံး ရထားစက်သံလို တဂျိမ်းဂျိမ်း တဒုန်းဒုန်း မြည်လာပါရောလား။ ဘယ်လိုများ ဖြစ်သွားရတာပါလိမ့်။ ဘေးဘီကို သတိမထားမိသည့်ကောင်မလေးက ဘာကို သဘောကျမှန်းမသိ ချစ်စဖွယ်ဟန်ဖြင့် ရယ်မောလိုက်လေသည်။ အလို ... ရယ်လိုက်လေမှ သူမအလှက ပိုပြီးပြည့်စုံသွားသလိုပါပဲလား။

"ဒါလေးပဲ ယူလိုက်မယ်လေ၊ အတော် ချေးများတဲ့ကလေးပဲ၊ မမရွေးတာယူ"

"ဟင်း ဟင်း ... Sorry ကွာ၊ မကြိုက်ရင်မပြောတော့ပါဘူး။ စိတ်မကောက်နဲ့၊ ယုက ချစ်လို့စတာကို၊ တကယ်ပါပဲ၊ ဘယ်လိုလေးမှန်းကို မသိဘူး"

တစ်ဖက်မှလူကို ခေါင်းကိုင်လိုက်လေသလား။ ချော့မော့





ပြောဆိုပုံက ချစ်ခင်ကြင်နာပြီး အလိုလိုက်မည့် အစ်မနှယ်ပါလေ။ ယုတဲ့၊ နာမည်ကိုထည့်ပြောကျင့်ရှိပုံပါပဲ။ ငုံကြည့်လိုက်သည့် မျက်ဝန်းမှာ အဘယ်မျှ ကြင်နာနွေးထွေးမှုရှိလိုက်ပါသလဲ။ အဝတ်အစားနှင့်မလိုက် ဖက်အောင်ကို သူမထံမှ အနွေးဓာတ်တို့က ဝန်းကျင်ကို ဖြန့်ထွက်နေသည့်နှယ်ပါလေ။

"ယု ရှင်းမယ်ဆိုမှ ကြည့် ... ပိုင်ကတော့လေ"

ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားရပါ၏။ ခြေလှမ်းကို ခပ်ဖြည်းဖြည်းချလျက် အကွယ်နေရာမှ လှမ်းကြည့်လိုက်စဉ် ကျွန်တော်ပါးစပ်အဟောင်းသား ဖြစ်သွားရပါသည်။ သူမလက်ချိတ်လိုက်တာ၊ တစ်ဖက်လူရဲ့ပါးကို ရွတ်ခနဲနမ်းရှိုက်ပြလိုက်တာ ဝန်းကျင်ကို ဂရုမစိုက်သလိုပါလေ။ မျက်နှာရဲလျက် အတင်းရုန်းနေပါသည့်ကောင်လေးက ပြန်အမ်းငွေကို လှမ်းယူကာ ပိုက်ဆံအိတ်အပြားလေးထဲ အမြန်ထည့်လိုက်လေ၏။

"ပိုင် ... ယုက မင်းနဲ့ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဒီမှာ "မိုးသားဖြူ" . . . "ယု" အပေါ်မှာ မင်းက မင်းအသက်ထက် ပိုပြီးချစ်တယ်ဆိုရင် ငါက "ယု" ကို ငါ့ဘဝကြီးတစ်ခုလုံးပုံပေးပြီး ချစ်ခဲ့တာကွ။ နောက်မှရောက်လာတဲ့ မင်းလိုလူကို အခွင့်သင့် နေရာဖယ်ပေးရလောက်အောင် "ဗိုင်"ဆိုင်တဲ့ ငါက မင်းထင်နေသလို ငနံ့ငအ မဟုတ်ဘူး။

ဗိုင်

အချစ်ဆိုတာ အပျော်တွေနဲ့ ပြည့်နက်နေတဲ့ ဥယျာဉ်ကြီး မဟုတ်တာတော့ အသေအချာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဒုတိယအကြိမ်မြောက် လာရခြင်းဖြစ်သလို သူနဲ့ တတိယအကြိမ်မြောက် ကျွန်တော် ဆုံတွေ့ခြင်းပါပဲ။ တိုက်ဆိုင်မှုဆိုတာ တစ်ကြိမ်တစ်ခါပဲဖြစ်သင့်တာပါ။ ကျွန်တော့်ရင်ကို ခုန်ပေါက်လှုပ်ရှား စေသည့် မိန်းကလေးက အဘယ်ကြောင့် သူနှင့်ရင်းနှီးနေရပါသနည်း။ ဘယ်လိုမှ ထင်မထားတဲ့ပတ်သက်မှုမျိုးကို မြင်ရုံနဲ့ သိသာစေတာပါလေ။

မပြိုင်ခင်က ရှုံးနေတာတော့ မဖြစ်သင့်ပါဘူး။ အချစ်နဲ့စစ်မှာ အားလုံးတရားမျှတပါတယ်ဆို။ ဒီတော့ ကျွန်တော် ချစ်ခွင့်ရမယ့်ခရီးမှာ အနှောင့်အယှက် ဖြစ်နေရင် ရှင်းထုတ်ရုံသာ ရှိတော့တာပါပဲ၊ အချစ်က လူကို ရဲစေပါတယ်။ မင်းရဲ့ချစ်သူဖြစ်နေရင်တောင် အဲဒီမိန်းကလေးကို ငါ မရရအောင် လုပြမယ် ပိုင်။ စောင့်ကြည့်နေပါ။





ကားပေါ်မှဆင်းလိုက်စဉ် ဆိုင်အပြင်အဆင်က ကျွန်တော့်ဆီမှာ အခေါက်ရောက်တုန်းကနှင့်မတူတော့ပါ။ ဆိုင်ရှေ့မှာ ခပ်စိမ်းစိမ်း ချုံလှုပင်တွေနှင့်အတူ ကန္တာရနှင်းဆီ (မလေးရှားစကား) ပန်းအိုးတို့က ဆဝေဆာဆာ ပွင့်လန်းလို့ပါလေ။ မှန်ချပ်များမှတစ်ဆင့် ဆိုင်ထဲမှာ အစီအရီစီချထားပါသည့် ကျွန်းသားပရိဘောဂများ ဒီလောက်မြန်မြန် ကြီး ဆိုင်ခင်းနိုင်တာ အံ့သြစရာပါပဲ။

"မင်္ဂလာပါရှင် ADORER မှ ကြိုဆိုပါတယ်၊ လူကြီးမင်း စိတ်ကြိုက် ဆိုင်ထဲကြည့်ရှုနိုင်သလို မှာချင်တဲ့ပစ္စည်းများကို Catalogue ထဲမှာရှာပြီးမှာနိုင်ပါတယ်၊ ကြွပါရှင်"

Sale girl ၏ ခပ်သွက်သွက်ကြိုဆိုနှုတ်ဆက်မှုက ပြည့်စုံနေပါ၏။ အဟုတ်ကိုပင် ဆိုင်ထဲမှာ အမျိုးအစား အတော်ကို စုံလင်နေပါသည့်ပစ္စည်းများပါပဲ။ အလိုရှိတာက ဒါတွေမဟုတ်ဘူး ကလေးမ ရေ့ မင်းတို့ Boss ကိုပဲ။

"Wedding အတွက်လား။ ဒါမှမဟုတ် Birthday Present အတွက်များလားရှင်"

"တစ်ခုမှမဟုတ်ဘူး။ မင်းတို့ Boss နဲ့ တွေ့ဖို့လာတာပါ"

"ရှင်"

"ပိုင်နဲ့တွေ့မလို့လေ၊ မရောက်သေးဘူးလား"

"ဟို ... ဟို"

"သြော် ... ရောက်နေပြီလား။ အထဲမှာရှိတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရင်းနှီးဟန်ပြကာ ရုံးခန်းအတွင်းဝင်ရန် လျှောက်ခဲ့စဉ် ကောင်မလေးက ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့တော့၏။ တံခါးခေါက်ရမည်မှန်းသိပေမယ့် တမင်မခေါက်ဘဲ Door-lock ကို လှည့်ဖွင့်ကာ ရုံးခန်းထဲဝင်လိုက်ပါသည်။ ထင်သည့်အတိုင်းပါပဲ သူက ထိုအိမ်သေးလေးနှင့် အလုပ်ရှုပ်နေပြန်တာလေ။

အပြီးသပ် ပြင်ဆင်နေပုံပါပဲ။ အိမ်တွင်းပြင်ပြီး၍ အပြင်ဘက်မှာ အလှဆင်တာကို သေချာလုပ်နေတာပင်။ မျက်နှာစာကို ပြန်ပိတ်ထားပြီးမို့ အပြင်ကိုပါ ဝရန်တာထုတ်ထားပြီး Plastic ပန်းအိုးလေးတွေ ထားထားလေ၏။ အပေါ်ထပ်တံခါးနှင့် အောက်ထပ်တံခါးဝမှာ အသည်းပုံပန်းဆိုင်းလေးကို ဇာဂနာဖြင့်ကိုင်ကာ Glue သုတ်ပြီးကပ်နေလေ၏။ ဘေးမှာချထားသည့် စက္ကူပုံးကြောင့် ဒီနေ့ Parking ပိတ်မှာမှန်း သိလိုက်ပါသည်။

ဘာအတွက်ပါလဲ။ ချစ်သူ့ဖို့ ကိုယ်တိုင်စိတ်တိုင်းကျလုပ်ပေးသည့်ပစ္စည်းက အနုစိတ်လွန်းလှချည်လား။ ကျွန်တော်သာဆို အပြင်ကနေ တန်ဖိုးရှိသည့်ပစ္စည်းတစ်ခုခုသာ ဝယ်ပေးမိမှာပါ။ စိတ်ရှည်သည်နေရာမှာတော့ သူက ကျွန်တော့်ထက်သာနေတာ အမှန်ပါပဲလား။

"ဟား ... finish"

သူက လက်မှာဝတ်ထားသည့် လက်အိတ်ကိုချွတ်ကာ မတ်တပ်ရပ်လျက် အကြောဆန့်လိုက်လေ၏။ ဒီနေ့ဝတ်ထားသည့် shirt အဖြူက သူ့ပခုံးအနေအထားကို သိသာစေလေသည်။ ယောကျ်ား





လေးဖြစ်ပြီး အတော်ပခုံးကျဉ်းတာပါလား။ ဘေးမှာချထားသည့်စက္ကူပုံးကို စားပွဲနားသို့ ဆွဲကပ်လိုက်စဉ် ကျွန်တော့်ကို သူမြင်သွားလေ၏။

"ဟော ... ရောက်လာပြန်ပြီ"

ပထမဆုံးလုပ်ရမည့်အလုပ်ကို လုပ်ဖြစ်အောင် ကျွန်တော် သုပ်လိုက်ပါ၏။ အဲဒါကတော့ သူ့ကို နှစ်လိုစွာပြုံးပြလိုက်ခြင်းပါပဲ။ စက္ကူပုံးကိုင်ထားရာမှ သူ အံ့ဩသွားလေသည်။ ဒါပဲလေ၊ မင်းချော်လင့်မထားတဲ့တိုက်ကွက်တွေ ငါ့မှာရှိနေတယ် ပိုင်၊ ဒါ အစပါပဲ။

"ကူပေးရမလား"

"မလိုပါဘူး ... ဒါနဲ့ ဘာကိစ္စရှိလို့လဲ၊ မင်းကို ငါ အပြတ်ပြောထားပြီးသားလေ"

"လာဖို့အကြောင်းရှိနေလို့ပေါ့"

သူက စက္ကူပုံးအသစ်ကိုဖွင့်စဉ် အဖုံးက လုန်ချ၍မရတာမို့ ပစ္စည်းကိုထည့်ရန် ခက်ခဲနေပါ၏။ အဲဒါပဲ ကျွန်တော့်မှာ သူ့နဲ့ပတ်သက်ပြီ change ရှိနေတာပါလေ။ အဖုံးတွေကို ကူဖိပေးစဉ် သူက အိမ်ကို မ,ယူလိုက်လေ၏။ သစ်စားဖြင့်သေချာလုပ်ထားသည့် အိမ်ကလေး ချက်ချင်းမကြွပါလေ။

"ကျစ်"

"ကူပေးပါမယ်ဆိုနေမှပဲ"

ကျွန်တော်က သူနှင့်အတူ အိမ်ကို ဝိုင်းကူမရန် ကိုင်လိုက်စဉ် ကျွန်တော့်လက်က သူ့လက်ဖမိုးကို ဆုပ်ကိုင်မိသွားပါ၏။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ လက်ကိုရုပ်ကာ ကျွန်တော့်ကို မျက်လုံးပြူးလျက် ကြည့်လိုက်လေသည်။ ရော် မတော်တဆဖြစ်တာကိုလည်း အကဲပိုနေပါလား

"မင်း ... ဘာလုပ်တာလဲ"

"ပြောပြီးပြီလေ ကူမလိုပါခို၊ မင်း မနိုင်ဘူးမဟုတ်လား"

မျက်နှာအနည်းငယ်ပျက်နေပါသည့် သူက ကျွန်တော့်ထံ အကြည့်ကို ဖျတ်ခနဲလွှဲဖယ်ကာ လက်ကို အကျီရင်ဘတ်ဖြင့် သုတ် လိုက်လေ၏။ ဘယ်လိုကောင်လဲ၊ မိန်းကလေးက ပါးကို kiss ပေး တုန်းကလည်း မျက်နှာက ပန်းသီးလို နီရဲသွားတာ။ အခုလည်း ကျွန်တော်နှင့် လက်ချင်းအသာထိမိတာကို ရှက်ချင်နေရပြန်ပါပြီ အတော်နားလည်ရခက်ပါလား ပိုင်။

"မလိုဘူး ... ရတယ်လို့ပြောနေတယ် မဟုတ်လား"

"နှစ်ယောက်အတူလုပ်တော့ မင်းကိစ္စ အမြန်မပြီးဘူးလား ဒါမှ ငါ ရောက်လာတဲ့ကိစ္စကို မင်းလုပ်ပေးလို့ရမှာပေါ့"

အကျိုးလို၍ ညောင်ရေလောင်းပြန်ချေပြီ။ ဒီကောင် ဘာ များ ဒီနေ့မှ သဘောကောင်းနေရပါသလဲ။ စေတနာတွေ ရေစီးကမ်း ပြိုပြီး လုပ်ပေးတာက ကိစ္စမရှိ၊ ပြဿနာက ပိုင့်အသားကို လာထိ ပါ။ ပိုင်က ကိုယ့်အသားကို တစ်ယောက်ယောက်လာထိရင် စိတ် ယားကျိကျိဖြစ်လာတတ်တာလေ။

ဒါကိုသိလို့လည်း ယုက ပိုင့်ကို မထိတထိစတတ်တာ မဟုတ် ပါလား။ ယုနဲ့က ပြဿနာမရှိ။ အခုလို သူစိမ်းတစ်ယောက်နှင့်





လက်ပွန်းတတီးရှိဖာနိပြုလာတာက ရင်ထဲမှာ ဗလောင်ဆူပြီး ဒေါသွေး ပြန်ချင်လာရတာလေ။ Aircon များပျက်နေပြီလား။ မဟုတ်သေးပါ ဘူး။ ပိုင်ထားနေကျ (၂၂) က အနေတော်ပါပင်။

"လုပ်လေ"

"ဘာ ... ဘာကိုလဲ"

"ဟောကြည့် ... ပါကင်ပုံးထည့်မယ့်ကိစ္စကို ပြောတာလေ၊ ငါပဲထည့်ပေးမယ်"

"ဖြည်းဖြည်းနော်"

"သိပါတယ်ကွာ"

စက္ကူပုံးထဲထည့်ပြီး စားပွဲထက် ပြန်တင်ပေးရပြန်လေ၏။ စားပွဲထက်မှာ packing paper တွေနှင့်အတူ တိပ်ရော၊ ဖဲကြိုးပါမကာ ကတ်ကြေးပါရှိနေတာမို့ အပြီးအစီးလုပ်မယ့်ပုံပါပဲ။ အိမ်ကို အဖြူလေး နှင့်အတူ အပြာရောင်အနားသတ်ထားသလို စက္ကူကိုပါ အပြာနုရောင် ရွေးထားတာမို့ အမြင်အေးနေပါ၏။ မဆိုးဘူး ဒီကောင် ကာလာအရွေး တော်သားပါပဲလား။

"ကပ်လေ ဘာကူပေးရဦးမလဲ"

"ရတယ်"

ဘယ်လိုလဲ။ တကယ်ပဲ ပိုင်အလုပ်ပြီးတာကို စောင့်မယ်ပုံ ပါပဲ။ အခုမှ စိတ်ရှည်တဲ့ပုံ လာပြနေတာလေ။ ဟိုနေ့ကပဲ ပိုင် မပြော ထားတဲ့ကိစ္စက ကိုကို့နားထဲ ရောက်သွားရတာပါ။ ပစ္စည်းတွေ မသိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရသေးတာကို ပိုင် ညာပြောလိုက်လို့တဲ့။ ကုမ္ပဏီက MD ကြ
ကိုယ်တိုင် ဆက်သွယ်လေမှ ပိုင့်ခေါင်း ဆင်နင်းခံရတာလေ။

ဘယ်လောက်ဒေါပွစရာ ကောင်းလိုက်ပါသလဲ။ သူ့ကို အ
ကတည်းက မကြည်ပါဘူးဆိုနေ ထပ်ထပ်ဆုံဖို့ကို ဖြစ်လာတာလေ
ပုံစံက ပိုင့်ဆီက လိုချင်တာတွေ ရှိနေပေမယ့် အောက်ကျို့တောင်း
မယ့်ပုံမှ မပေါ်တာကို။ ပိုင်ကလည်း ပိုင့်ကို ပန်းလာယှဉ်ရင် တိုက်
ဝန့်မှမလေးတာလေ။

"ကိုယ် တောင်းပန်ပါတယ်၊ စိတ်ရင်းနဲ့ပါ ပိုင်"

"ဘာ"

စက္ကူပုံးကို တိစ်အကြည့်ဖြင့်ပိတ်နေစဉ် သူ တီးတိုးဆို
၏။ ဘာကြီးလဲ၊ အရင်းမရှိ အဖျားမရှိ တုံးတိတိကြီးပြောရသလာ
ဘာကိုပြောတယ်ဆိုတာ ကာယကံရှင်ဖြစ်တဲ့ ပိုင်အသိဆုံးပါလေ
အစဆွဲထုတ်ပြောပြဖို့မှ မလိုအပ်တာပဲ။

"ကိုယ် မှားမှန်းသိနေပေမယ့် ဘယ်သူ့ကိုမှ အလျှော့မပေ
ချင်တဲ့ အကျင့်က စွဲနေလို့ပါ"

"---"

"ခွင့်လွှတ်ပေးမှာလား"

မျက်နှာကို ငုံ့လိုက်တာမို့ ပိုင့်မျက်နှာနှင့် နီးသွားသဖြင့် ဘေး
ရွှေ့ရပ်လိုက်ရပါ၏။ ဒီကောင်တော့ မလွယ်ပါလား။ လူကို အနေခ
အောင် တစ်ခုပြီးတစ်ခု လုပ်နေတာလေ။ ပိုင့် shirt နောက်ကျော





ချွေးတော့စိုနေတော့မှာပါပဲ၊ ခက်ပါရဲ့။

"ဟင်လို့"

"စကားပြောရင် ခွာပြောကွ၊ ဘယ်လိုဖြစ်နေလဲ"

"ဘာဖြစ်လဲ ပိုင်ရဲ့၊ ယောက်ျားအချင်းချင်းပဲကို"

ပိုင်တွန့်ခနဲဖြစ်သွားရပါ၏။ ဘာလဲကွ။ ဒီကောင် ဆေးမှား
သောက်လာလေသလား။ စကားအဆန်းတွေပြောပြီး လူကိုကြည့်တဲ့
အကြည့်ကိုက ထူးခြားနေတာလေ။ မဟုတ်သေးပါဘူး၊ ဒီတိုင်းဆက်
နေရင် ပိုင်တော့ မူးလဲတော့မှာပဲ။ ပိုင်က စိတ်လှုပ်ရှားလွန်းပြီး ချွေး
ထွက်လွန်ရင် မူးလဲတတ်တဲ့အကျင့်ရှိနေတာကိုး။

"နေမကောင်းဘူးလား မှန်း"

"မထိနဲ့"

သူ့လက်ကို ဖျတ်ခနဲ ရိုက်ထုတ်ကာ စိတ်ကိုတင်းထားလိုက်
ရပါ၏။ မဖြစ်ဘူးနော်။ ပိုင် စိတ်ပျော့သွားရင် ဒင်းက ပိုင့်အားနည်း
ချက်ကိုနင်းပြီး အနိုင်ရသွားမှာ။ ပိုင်က ကိုယ့်ကိုယ်ကိုယ် မာမာလေးလို့
ယူဆသတ်မှတ်ထားပေမယ့် တကယ့်တကယ် စိတ်အရမ်းပျော့တာကို
ပိုင်နှင့်အနီးဆုံးမှ လူတွေအကုန်သိထားကြတာလေ။

"ဘယ်လိုဖြစ်တာလဲ၊ ကိုယ်က ခင်မင်စိတ်နဲ့ လုပ်မိတာပါ"

"မလိုပါဘူး။ မင်းနဲ့ငါ ရင်းနှီးတာမှ မဟုတ်ဘဲ"

"ဒါဖြင့်လည်း ... အခုစပြီး မိတ်ဆက်ကြစို့လေ"

ရော် လုပ်ချလိုက်ပြန်ပါပြီ။ လူကို ပြုံးပြပြီး ပိုင် packing



www.burmeseclassic.com

www.burmeseclassic.com



paper ကပ်တာကို ဝိုင်းကူပေးနေပုံက ဘာမှမဖြစ်သလိုနှယ်ပါ။

ဒီကောင် ဘာသဘောလဲ။ တကယ်ပဲ လိမ္မာပြနေတာလား။ ဒါမှမဟုတ် ပိုင်ထင်ထားသလို အပေါယံအတုနဲ့များလား။ စိတ်ရှုပ်ထွေးရပါ၏။

"အဲဒီနားထပ်ကပ်လိုက်လေ ဟနေတယ်"

တိပ်ဖြတ်တာကို ဝိုင်းကူပေးပြီး ပိုင့်လက်မှာ ကပ်ပေးတာနဲ့ ကြက်သီးမွေးညင်းတွေ ထလေတော့၏။ မြန်မြန်ပြီးပြတ်မှပါပဲ။ ခင်းလို့ ချင်တာတွေ ထုတ်ရောင်းပြီး မြန်မြန်ပြန်မှပဲ ပိုင့်စိတ်ထဲ မရိုးမရွဖြစ်သမျှ သက်သာပေတော့မည်။

ဖဲကြိုးအပြားက ဖျတ်ခနဲ အောက်သို့လွင့်ကျသွားတာနဲ့ ကောက်ရန် ကိုယ်ကိုကိုင်းလိုက်ပါ၏။ သူ့ပါ ကိုယ်ကိုင်းလိုက်တာနဲ့ ပိုင့်ပခုံးထက်မှာ သူ့လက်မောင်းက ရှိနေလေသည်။ ဘုရား။ ဒါ ဘယ်လိုအနေအထားကြီးလဲ။ ရင်ထဲ ဒိုးထိတ်နေစဉ် လက်တံရှည်လျားသည့်သူသာ ဖဲပြားကိုကောက်မိလေသည်။

ခန္ဓာကိုယ်ကို ပြန်မတ်စဉ် သူ့နှာခေါင်းမှ မှုတ်ထုတ်လိုက်သည့် လေငွေ့က ပိုင့်လည်တိုင်နား လာထိလေ၏။ သေစမ်း၊ ဒီကောင် တော့ ပိုင့်ကို တမင် တိုက်ကွက်ဆင်နေပြီပဲ။ သူငယ်ချင်းလည်းမဟုတ် အရမ်းလည်းမရင်းနှီးပါပဲ ဘာကြောင့်များ ဤသို့ရည်ရွယ်လုပ်ဆောင် နေရပါသလဲ။ သတိထားပေတော့ပိုင်။

"ကိုယ်လုပ်ပေးမယ်"





ဖဲကြိုးချည်ပြီး ပန်းပုံဖော်တာကို သူပင် လုပ်ပေးလေ၏။ သူ့အတွက် ကိုယ်တိုင်လုပ်မည့်လက်ဆောင်က သူ့ကြောင့် စိတ် ကသိကအောက်နှင့် အပြီးသပ်ခဲ့ပြီ၊ အချစ်တွေအများကြီးနဲ့ တည်ဆောက်ထားပေမယ့် အပြည့်အဝ မပျော်ရွှင်ရတာ ဘာကြောင့်များပါလိမ့်။

"ကိုယ့်နာမည် မိုးသားဖြူပါ ပိုင်"

ကမ်းပေးနေသည့် လက်ကို ဆွဲယူနှုတ်ဆက်ရန် တွန့်ဆုတ်နေမိစဉ် သူကပင် ပိုင့်လက်ကို လှမ်းဆွဲကာ နှုတ်ဆက်လိုက်လေ၏။ အတင်းကြီးပါပဲလား။ ကိုကိုပြောထားတာမို့ သူ့ကို ပိုင့်ဘက်က လျှော့ပေးရမှာဖြစ်ပေမယ့် ချက်ချင်းကြီးဆုံးဖြတ်ရမှာက တစ်မျိုးကြီးဖြစ်နေတာ မဟုတ်ပါလား။

သူက ပိုင့်ကို ပြုံးကြည့်နေပြီး လက်ကိုမလွှတ်ပေးသေးပါချေ။ မကြည့်သလိုအကြည့်ဖြင့် တုံ့ပြန်ကြည့်ကာ လက်ကို ဆောင့်ရုန်းလိုက်ရပါ၏။ နာလိုက်တာ၊ ပိုင့်လက်က သေးသေးသွယ်သွယ်လေးမို့ ဖြူနေသည့်အသားက ရဲနေတော့တာပါပဲ။ စိတ်တိုတယ် မိုးသားဖြူ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဂိုဒေါင်သော့ကိုဖွင့်ကာ တံခါးကို တွန်းဖွင့်လိုက်ပါ၏။ အထဲမှာ မှောင်နေတာမို့ အလင်းရောင်ရစေရန် ဂိုဒေါင်မီးချောင်းခလုတ်တွေကို လိုက်ဖွင့်လိုက်ပါသည်။ လေလုံသည့်နေရာမျိုးမှာနေပါက ပိုင် အသက်ရှူမဝတာတတ်တာမို့ ဂိုဒေါင်တံခါးကို အကုန်ဟာလာ ဟင်းလင်းဖွင့်လိုက်ရလေ၏။

"အကုန်လုံး စက္ကူပုံးတွေထဲရောက်မှ လာရတယ်လို့ လူကို ပင်ပန်းအောင်လုပ်ရလား"

ကျွန်တော် ပြုံးမိပြန်ပါ၏။ ဒီလိုတော့လည်း ဒီကောင်လေး မဆိုးပါလား။ စူပုတ်နေသည့်မျက်နှာက အတော် လျော့သွားသလို လေသံပါ အတော်လေးပျော့သွားပါ၏။ ဟုတ်သားပဲ၊ စက္ကူပုံးတွေကို ပါကင်ပိတ်ထားပြီးသား ဖြစ်နေလေသည်။ အားနာမိပေမယ့် ကိုယ့်





အနာဂတ်က မင်းအပေါ်မူတည်နေလို့ ဒုက္ခပေးသလို ဖြစ်ရတာပါ။ ပိုင် *နားလည်ပေးစေချင်ပါတယ်။*

"ဘယ်ပုံးထဲ ဘယ်နှစ်ရုပ်ရှိလဲ မမှတ်မိဘူးလား"

"ဘယ်မှတ်မိပါ့မလဲ၊ ပြီးတော့ cost label တွေကိုပါ အကုန်ခွာထားပြီးပြီမို့ မင်းကို ဘာပစ္စည်း ဘာဈေးနဲ့ ရောင်းရမယ်မှန်းမသိတော့ဘူး"

"Catalouge ထဲမှာရော"

မျက်စောင်းက ခဲခနဲရောက်လာလေ၏။ အလို ယောက်ျားလေးဖြစ်ပြီး လူကို ဒီလိုမျိုးလုပ်ရသလား။ သေချာကြည့်လေ ဒီကောင်လေးပုံစံက ပုံမှန်မဟုတ်သလို ပေါ်လာလေပါ။ ကြည့်ပါဦး။ မျက်ခုံးကမသန်ပါဘဲ မျက်တောင်က သာမန်ထက်ရှည်နေသလိုပါပဲလား။

"တစ်ရုပ်ချင်းထုတ်ပြီး Catalouge ထဲရှာရရင် မှုးလဲရုံရှိတော့မပေါ့များ၊ လူကို တော်ရုံပဲ နှိပ်စက်ပါ"

ကျွန်တော် ရယ်မိချေပြီ။ အိမ်မှာအလိုလိုက်ခံရတာ သိသာလိုက်တာနော်။ မျက်မှောင်ကြုတ်ကာ ဂျစ်ကန်ကန်လုပ်နေပုံကိုက ရိုက်ချင်စရာပဲကိုး။ တိပ်ပိတ်ထားတာကို ဓားဖြင့် လှီးဖွင့်စဉ် သူ့ထံမှ အာမေဋိတ်သံထွက်လာလေ၏။

"အ ... အား ကျွတ် ကျွတ်"

"ဘာဖြစ်သွားလဲ"

www.burmeseclassic.com



"ဟင့်အင်း"

"မားထိသွားတာလား"

လက်ကို ဆတ်ခနဲ ခါထုတ်လိုက်တာမို့ သွေးက ဖြာခနဲ ထွက်လာလေ၏။ ဒုက္ခပဲ၊ ပိုင်က သွေးကြဲပြီး ဒဏ်ရာတစ်ခုခုရရင် တော်ရုံနှင့် သွေးမတိတ်တတ်တာလေ။ ဘယ်လိုဖြစ်ပြီး ဒီလူရှေ့မှာမှ ကမောက်ကမတွေ ဖြစ်ရပါသလဲ။

"မခါနဲ့လေ ... ပိုဆိုးမှာပေါ့ မှန်း"

ကြည့် လုပ်ပြန်ပြီ လူကို။ ပိုင့်ဘယ်ဘက်လက်ကောက်ဝတ်ကို ဖျတ်ခနဲ လှမ်းဆုပ်ကိုင်လိုက်ပြန်လေ၏။ မားက ထက်လွန်းတာမို့ အရှိန်ဖြင့် တိပ်ခွဲစဉ် ထိန်းကိုင်ထားသည့် လက်ဝါးစောင်းကိုရှသွားတာပင်။ ရဲခနဲ မြင်လိုက်ရသည့် အနီရောင်သွေးတို့ကြောင့် ခေါင်းထဲ မိုက်ခနဲဖြစ်သွားရပါ၏။

"ပိုင် ပိုင် ... ရရဲ့လား"

"အင်း"

"မဖြစ်ဘူး ... ဆေးထည့်မှဖြစ်မယ်၊ ဆေးခန်းသွားမလား"

"ဟင့်အင်း"

"ဆိုင်မှာ cross box (ကြက်ခြေနီသေတ္တာ) ရှိလား"

"ရှိတယ်"

"ဒါဖြင့်လာ ကိုယ့်ကိုတွဲ"

သွားပါပြီ။ မျက်စိထဲ ဝေဝါးနေတာမို့ သူဆွဲခေါ်ရာနောက်





လိုက်ခဲ့ရပါ၏။ လက်ကို တစ်ခုခုနှင့် ပတ်ပေးလိုက်မှန်းသိလိုက်ပေမယ့် လူက ကတုန်ကရင်ဖြစ်နေတော့ ခက်သားလား။ ဗိုက်ထဲမှာ အစာမရှိလို့လည်း ဖြစ်မှာပါလေ။

"အစ်ကိုလေး ... ဘာဖြစ်လို့လဲဟင်"

"လက်ထိသွားတယ်၊ ဆေးထည့်ဖို့ရှာပေးပါ ညီမ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

သန့်စင်ခန်းရှိ လက်ဆေးဘေ့စင်မှာ ဘုံပိုင်ခေါင်းကို ဖွင့်ချလျက် လက်ဆေးပေးလေမှ ခေါင်းက အနည်းငယ်ကြည်လေ၏။ မီးခိုးရောင်ဖျော့ဖျော့ ယောကျ်ားကိုင်လက်ကိုင်ပုဝါကဖြင့် ရွှဲရွဲစိုသွားလေပြီ။ ကိုကိုသာမြင်ရင် ဆူတော့မှာပဲ။ သူတစ်ပါးကို အားကိုးမှီခိုစိတ် မဖြစ်ရဘူး ပြောထားခါမှ နောက်တစ်ကြိမ်ထပ်ဖြစ်ရတယ်လို့။

"ရပါပြီရှင်"

"အေး အေး ... ထားခဲ့ချေ"

သန့်စင်ခန်းမှထွက်ကာ ပိုင့်ကို ခုံမှာထိုင်စေလေ၏၊ ဂွမ်းစဖြင့် ရေခြောက်အောင်သုတ်ကာ အရက်ပျံလောင်းချလိုက်စဉ် ပိုင့်မျက်နှာ ရှုံ့တွသွားရပါသည်။ စပ်လိုက်တာနော်။ သူ့အသားမဟုတ်တိုင်း သူများအသားကို ဒီလောက်ထိ ရက်ရက်စက်စက် လုပ်ပေးရသလား။

"ဒဏ်ရာနက်တယ် ပိုင်၊ ပေါ့လို့မဖြစ်ဘူးနော်၊ မေးခိုင်တာကွယ်ဆေးထိုးဖို့ မမေ့နဲ့ဦး"

"အင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာကလုပ်ပြန်ပြီဟု ပြောလိုက်ချင်ပေမယ့် လက်က နာနေတာမို့ အောင့်ခံကာ မပြောဖြစ်။ အနာကျက်ဆေးကို goss စလေပြန်းပြီး ဖိဖိတ်စဉ် ပိုင့်ညာလက်က သူ့လက်မောင်းကို လှမ်းဆွဲမိလေ၏။ သူက ပိုင့်ကို တစ်ချက်ကြည့်ကာ လက်အနာကို လေတဖူးဖူးမှုတ်ပေးနေပါသည်။

"ဦးဖွ ဦးဖွ"

"အရမ်းနာနေလား ပိုင်"

"နာတယ်"

"ဆေးခန်းသွားကြမယ်လေ"

"ဟင့်အင်း ... နေပါစေ၊ အိမ်ပြန်မှပဲ family doctore ခေါ်ပြီး ဆေးထိုးနိုင်းလိုက်ပါ့မယ်"

"သတိထားမှပေါ့ပိုင်ရာ"

"မဆူပါနဲ့ကွ၊ အိမ်မှာလည်း အငယ်ဆိုပြီး အပေါက်ခံနေရလို့ ညစ်နေပါတယ်ဆိုနေမှ"

"ဆူတာမဟုတ်ပါဘူး စေတနာနဲ့ပြောတာပါကွာ"

ပတ်တီးစည်းပေးရသည့် လက်က အတော့်ကို သေးသွယ်နေပါ၏။ လက်ချောင်းရှည်ရှည်လေးတွေက အနုပညာသမားပီသလွန်းစွာ လှနေသည့်နှယ်ပါ။ လက်သည်းခွံလေးတွေကိုက ညီညီညာညာလေးနှင့် ကြည့်ကောင်းနေတာမို့ မသိရင် မိန်းကလေးလက်ဟု အထင်မှားချင်စရာပင်။





"ပိုင်"

"ဘာ ... ဘာလဲ"

ရင်ထိတ်သွားရပြန်ပါ၏။ စိတ်ရှုပ်ပါတယ်ဆိုမှ လက်ကို သေချာစိုက်ကြည့်ပြီး ခေါ်နေပြန်တာလေ။ ခက်တော့တာပဲ၊ ဘယ်လိုဖြစ်ပြီး လူကို သေချာအကဲခတ်နေတာပါလိမ့်။ ပိုင့်လက်ကို အသာပွတ်မိစဉ် သူက မျက်ခုံးပင့်လျက် မေးလိုက်လေ၏။

"အသက်ဘယ်လောက်ရှိပြီလဲ"

"လာမယ့်တစ်လပိုင်းဆို (၂၂) နှစ်ပြည့်မှာ"

"ဘယ်နေ့ရက်လဲ"

"ဟာ ... မင်း စပ်စုလှချည်လားကွ"

"သိချင်လို့မေးတာလေကွာ၊ ဒါလေးမေးတာကို ဖြစ်နေလိုက်တာ၊ ကိုယ့်ထက် ဘယ်နလငယ်လည်းသိချင်လို့ပါ"

"တစ်နှစ်ထဲမွေးရင် မင်းအငယ်ပဲ၊ ငါက (၁) ရက်နေ့ (၅) မိနစ်နဲ့မွေးတာကွ"

ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်မိလေတော့၏။ ကျွန်တော်ကဖြင့် february (14) ဆို (၂၃) နှစ်ပြည့်မှာလေ။ တစ်နှစ်လောက်ငယ်သည့်ရာဇဝင်က ကျွန်တော့်ထက်အသက်ကြီးချင်နေတာကိုး။ အတော်ရယ်ရသည့်ကောင်ပါပဲ၊ မကြည့်သလိုအကြည့်ကိုက ခေါင်းထုချင်စရာပါလေ။

"မငယ်ပါဘူး၊ ကိုယ်က ချစ်သူများနေ့မှာ (၂၃) ပြည့်မှာ။



www.burmeseclassic.com

www.burmeseclassic.com



မယုံရင် မှတ်ပုံတင်ပြရမလား"

ပိုင် အံ့ကြိတ်လိုက်မိ၏။ တွေ့လား ဒင်းမှာ အကြံရှိပါတယ်ဆိုမှ။ လူကို ကပ်ပိုးကပ်ဖဲ့နဲ့ ရန်စနေတာလေ။ လက်ကနာ စိတ်ကတိုနေပါတယ်ဆိုနေမှ ဒင်းက တစ်မှောင့်ပါလား။ တံခါးခေါက်သံနှင့်အတူ ရုံးခန်းအတွင်းသို့ ဝင်လာသံကြောင့် လှည့်ကြည့်လိုက်မိ၏။ အလိုအန့်တီလေးပင် ထမင်းချိုင့်လာပို့ပါရောလား။

"ဟောတော် ... လက်က ဘာဖြစ်တာလဲ ပိုင်"

"တိပ်ဖြတ်ရင်း ဓားချော်ထိသွားတာ"

"တော်တော်များလား။ သံဆိပ်တော့တက်တော့မှာပဲ၊ ပိုင်ဟာလေ နမော်နမဲ့နဲ့၊ တကယ်ပါပဲ ... ကိုကိုသိရင် နားပူဦးမယ်"

"တော်ပါပြီ အန့်တီလေးရယ်၊ ဒီကောင်ပြောတာတောင်နားအူနေတာ မကြားပါရစေနဲ့တော့"

"ကိုယ့်အဒေါ်ကို အဲဒီလိုပြောရလား"

"အ"

အန့်တီလေးက ပိုင့်နားရွက်ကို ဖျတ်ခနဲဆွဲလိုက်ပါ၏။ သိပ်မနာပေမယ့် သူ့ရှေ့မှာမို့ ပိုင့်မျက်နှာ ရဲသွားရပါသည်။ သူက ထမင်းစား စားပွဲကို အန့်တီလေးနှင့်အတူ ကူရှင်းပေးလေ၏။ အံမယ် သိဖြင်မသိ၊ မြင်ဖြင့်မမြင်ဖူးပါဘဲ ဒီကောင် ဖားနေပြန်ပါပြီ။

"သားက"

"မိုးသားဖြူပါ အန့်တီ"





"ဪ် ... ဒါဖြင့် ဟိုတလောက ပိုင်နဲ့ပြဿနာဖြစ်တယ်ဆိုတဲ့ ကလေးပေါ့"

"အဟင်း ... ဟုတ်ပါတယ်ခင်ဗျာ"

"ဖြစ်ရမယ်၊ ကိုကိုပြောလို့သိထားတာ။ အခုတော့ ဆက်ဆံရေး အိုကေနေပြီ မဟုတ်လား"

"ဟုတ်"

"မအိုကေပါဘူး။ စားချင်စိတ်လည်း မရှိပါဘူး"

"မစားလို့မရဘူးလေ။ အစားမဝင်လို့ လူက ဝါးခြမ်းပြားဖြစ်နေပြီ။ ပိုင်က ခေါင်းသိပ်မာတာပဲ။ သားပါ တစ်ခါတည်း ဝင်စားလိုက်ပါလား"

"မဟုတ်တာ အန့်တီရယ်"

"စားလိုက်ပါသားရဲ့၊ အန့်တီလေး အများကြီးထည့်လာတာပါ။ ဖူးငုံတို့အတွက် လက်ဖက်သုပ်နဲ့ သီးစုံဟင်းရော၊ အာလူးနဲ့ကြက်သားပါ သပ်သပ်ထည့်လာပေးတယ်။ ဖူးငုံရေ"

"ရှင် အန့်တီ"

"ဒီမှာ သမီးတို့ဝန်ထမ်းတွေအတွက် ဟင်းချိုင့်လာယူချေ"

အန့်တီလေးကတော့ကျိုင်ပါပဲ။ စေတနာပိုတာက အကြောင်းဟုတ်။ ဒီလူ့ရှေ့မှာ ပိုင်က ပါးစပ်ဖြဲပြီး ထမင်းစားရမှာလား။ မဖြစ်နိုင်တာ သိပ်လုပ်စေချင်တာပဲ။ မစားဘူးဆိုလည်း ပွစိပွစိအပြောခံရဦးမှာမို့ စားရဦးမှာလေ။



www.burmeseclassic.com

www.burmeseclassic.com



"ပိုင့်လက်နာနေတာ ဖွန်းနဲ့ပဲစားလေ၊ အသားကို ကိုယ်ဖဲ့ပေးမယ်"

အန်တီလေးက ပြုံးစစဖြင့် ရုံးခန်းထဲမှ ထွက်သွားတော့၏။ ငါနော် ဒင်းကို စိတ်ရှိလက်ရှိ ထုရ မကောင်းတတ်လို့မှတ်။ ပိုင့်ကို စိတ်ရင်းနှင့် အသေအချာတောင်းပန်ထားတာမို့ စိတ်ကို တစ်ဝက်လောက်အထိ လျှော့ချပေးထားတာပါ။ တကယ်ပဲ တောင်းပန်တာထင်ပါရဲ့။ သူ့မျက်နှာက အတော့်ကိုကြည်လင်နေတာပါလေ။ ရင်ထဲမှာ အဖုအထစ်ရှိသည့်ပိုင်ကသာ မျက်နှာ (၈) ခေါက်ချိုးဖြစ်နေရတာမဟုတ်လား။

"အလုပ်သမားတွေ လုပ်ခိုင်းလည်း ရရဲ့သားနဲ့ အပင်ပန်းခံလို့ ပိုင်ရာ"

"မင်း အတော်ဆရာလုပ်တာပဲ၊ ဘယ်အလုပ်မဆို ကိုယ်တိုင်လုပ်တာထက် ပိုစိတ်ချပြီး တိကျသေချာတာ မရှိဘူး"

"ဆောရီး"

"အဲဒီလိုလွယ်လွယ်ပြော လွယ်လွယ်တောင်းပန်တာမျိုးလောက်မုန်းတာ မရှိဘူး"

"ကိုယ့်ထက်တစ်နှစ်လောက်ငယ်တာတောင် မင်းနဲ့ငါလို့ပဲ ခက်ပြောနေမှာလား"

"ကျစ် ... ဒီလိုပဲပြောတတ်တယ်"

"မဟုတ်ပါဘူး၊ ဟိုအစ်ကိုကိုဖြင့် အစ်ကိုဆိုပြီး တရိုတသေ





ခေါ်ပြီးတော့"

"အဲဒါက ကိုကိုဘော်ဒါကိုးဗျ၊ ကိုယ့်ထက် (၈) နှစ်ကျော်ကြီးတဲ့ အစ်ကိုကို မင်းနဲ့ငါဆိုပြီး ပြောလို့ ဘယ်ရပ့ါမလဲ၊ နှိုင်းယှဉ်ချင်ရတယ်လို့"

ကျွန်တော် မပြုံးဘဲမနေနိုင်ပါလေ။ ကိုယ့်ဘက်က ဖြောင့်ပေးမှ သူ့ဘက်ကပါ အလိုလိုမကောက်ဘဲ ဖြောင့်တော့တာကိုး။ ဒက်ဒီပြောတာ မှန်နေပါရောလား။ ဒါကြောင့်လည်း သစ်ပင် ဝါးပင်ကောက်တာ မြင်သာထင်သာရှိပြီး လူ့စိတ်ကို မမြင်နိုင်ဘူး ဆိုကြတာကိုး။

"ကိုယ် ဆက်ကြည့်ရမှာ အဆင်ပြေပါ့မလား"

"အလုပ်ကို အကြေးထားတဲ့လူတွေထဲမှာ ငါမပါဘူး၊ ဓာတ်ပုံရိုက်သွားပြီး လိုချင်တဲ့အရုပ်ကိုရွေးပြီး message ပို့ပေါ့"

"ဖုန်းနဲ့ရိုက်လို့ မဆုံဘူးထင်တယ် ပိုင်ရဲ့"

သူက အံဆွဲသော့ကိုဖွင့်လိုက်ပြီး ကျွန်တော့်လက်ထဲသို့ camera ထည့်ပေးလေ၏။ Digital မို့ ပိုအဆင်ပြေသွားရပါသည်။ စားပွဲထက်ရှိနေသည့် သူ့ဖုန်းကိုယူကာ ကျွန်တော့်ဖုန်းနံပါတ် ထည့်ပေးတော့ မနှစ်မြို့ဟန်ဖြင့်ကြည့်လိုက်ပေမယ့် ဘာမှ မပြောပါလေ။

"သွားစို့လေ"

ဂိုဒေါင်ထဲ နောက်တစ်ကြိမ်ရောက်ခဲ့ပြန်ပါ၏။ စားပွဲပေါ်တင်တစ်ခုစီ ရွှေးတင်ကာ ဓာတ်ပုံရိုက်တာကို စိတ်ရှည်စွာ စောင့်ပေးပါ၏။ သူရွေးပြီးတင်ပေးသမျှ အရုပ်အားလုံးနီးပါး ဒယ်ဒီကြိုက်မယ့်

www.burmeseclassic.com

www.burmeseclassic.com



ပုံစံတွေချည်းပါလေ။

အပြန်မှာ ဆိုင်ဝအထိ လိုက်ပို့ပေးသည့်သူ့ကို ကျွန်တော် နှုတ်ဆက်ပြီး ဆေးထိုးဖို့ သေချာမှာရလေသည်။ မတုန်မလှုပ် အမူ အရာသာပြုပြီး ခေါင်းကိုတော့ ညိတ်ပြဖော်ရ၍ တော်ပါသေး၏။

လေအဝှေ့ လွင့်ကျလာသည့် သူ့ဆံပင်ပျော့ပျော့လေး ကြောင့် ကျွန်တော် အံ့ဩသွားရပါသည်။

ကိုယ်တို့ ထပ်ဆုံကြတာပေါ့ ပိုင်။



## အခန်း (၁၁)

Catalogue က အသိမ်းလွှန်နေရာမှ ပြန်ရှာတွေ့ပါ၏။ သူ့ကိုပြလိုက်သည့် ရုပ်တုတွေကို မှတ်မိတာမို့ cost ကိုပို့ပေးရန် ဖုန်းကိုယူလိုက်ပြီး တွေဝေသွားရပါသည်။ ပိုင် အရင်ဆက်လို့ ကောင်း ပါ့မလား။ မဖြစ်သေးပါဘူး။ တော်ကြာ ကိုယ်က အရမ်းရောင်းချင်နေ လို့ အထင်သေးမှ အခက်လေ။

ရုတ်တရက် ဖုန်းသံမြည်လာသဖြင့် လန့်သွားရပါ၏။ Alum သံတီးလုံးမို့ ကိုရဲ၏ဖုန်းမှန်း သိလိုက်ပါသည်။ ဘာကိစ္စရှိလို့ ဆက်တာ ပါလိမ့်။ ခါတိုင်း ကိုကိုနဲ့သာ ဆက်သွယ်ပြီး အခုမှပိုင့်ကို ဆက်ရတယ် လို့။

"ဟဲလို"

"ကိုယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သိပါတယ်ကိုရဲ့ ဘာပြောစရာရှိလို့လဲ"

"ပိုင့်လက် ဓားရှလို့ဆို"

"အာ ... ဘယ်လိုသိတာလဲ"

"ဘုန်းနိုင်ပြောတာပေါ့၊ ဘာလဲ အန်တီလေးနဲ့ မီးဖိုချောင် သိုက်ဝင်လို့လား"

"ပေါက်ကရတွေ"

ပိုင် တဟားဟားရယ်တော့ ကိုရဲပါ လိုက်ရယ်လေ၏။ လက်စသတ်တော့ တမင်စတာကိုး။ အစ်ကိုလိုခင်ခဲ့ရသည့်လူမို့ ကိုရဲကို စိတ်ဆိုးစရာမှမလိုတာလေ။ ပန်းပုရုပ်တုဆိုင်ကနေ အခု furniture ဆိုင်ပြောင်းဖွင့်တဲ့ကိစ္စကိုလည်း သိပြီးလောက်ပြီထင်ပါရဲ့။

"ဆိုင်ရော အခြေအနေ ဘယ်လိုလဲ"

"မဆိုးပါဘူး။ သစ်ကြိုက်တဲ့လူတွေအတွက် အိုကေပါတယ်"

"တစ်ခေါက်လောက်လာကြည့်ဦးမှပဲ"

"လာပေါ့"

"ကားပြန်မောင်းခွင့်ရခါမှ လက်ကထဖြစ်ရတယ်လို့"

"အဲဒါ ... တိုက်ကောင်ကြောင့်ပဲလေ"

"ဘယ်လို"

"ဟုတ်တယ် ... ပိုင့်နားကို ဒီကောင်ရောက်လာတာနဲ့ တစ်ခု မဟုတ်တစ်ခု ပိုင်ဖြစ်ရောပဲ။ ပိုင့်အတွက် unlucky ပဲ"

"ဟိုချာတိတ်လား"





"အင်း"

"ဒါနဲ့များ ပိုင်နဲ့ပစ္စည်းအများကြီးဝယ်ဖို့ ချိတ်ဖြစ်တယ်ဆို။ ခုထိ မအိုကေကြသေးဘူးလား"

"စီးပွားရေးကိစ္စမို့ အိုကေချင်ပါတယ်။ ဒါပေမဲ့ ဒင်းကိုမြင်ရင် ပိုင့်မျက်စိထဲမှာ ever cross ပဲ"

"ဒေါသဖြစ်ရင် ပိုင်ပဲမောမှာလေ"

"အင်း"

"အခုထိ taxi နဲ့ပဲ သွားနေရတာပေါ့ ဟုတ်လား"

"ဟုတ်"

"ဖယ်ရီလုပ်ပေးဖို့လိုမလား"

"နေပါစေ၊ ကိုကိုဆူမယ်"

"Breakfast စားပြီးပြီလား"

"ဟုတ်ကဲ့"

"ဘာစားလဲ"

"ထမင်းပူပူနဲ့ ပဲပြုတ်ဆီဆမ်းထားတာ"

"ဟာ ... good ကိုယ့်အကြိုက်ပဲ"

ပိုင် ပြုံးလိုက်မိပါ၏။ ခင်တဲ့ချင်းတူရင်တောင် ကိုရဲက ပိုင့်အပေါ် စိတ်ရှည်သည်းခံပြီး ခွင့်လွှတ်တတ်သူပါ။ ပိုင် စိတ်ချမ်းသာအောင် ထားပေးတာ ကိုကိုထက်ပင် ပိုနေသေးတာပါလေ။ ဒီလို အစ်ကိုနဲ့ ဒင်းကို နှိုင်းပြစရာပင် မလိုပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ဒေါက်"

"ပိုင်"

"ဗျာ အန်တီလေး"

"ဖုန်းလာနေတယ်၊ ပိုင့်ဖုန်းနဲ့ ပြန်ခေါ်ပါတဲ့"

"ဘယ်သူလဲ အန်တီလေး"

"ဟိုကလေးလေ"

ကျစ်၊ အတော်ရှုပ်တဲ့ အရှုပ်ထုပ်ပါပဲလား။ သူ့ကို ဆိုင်ကဒ် မပေးလိုက်မိတာမို့ ပြဿနာဖြစ်ပါပြီလေ။ ပိုင့်ဖုန်းထဲမှာ သူ့နံပါတ်သာ ရှိပြီး ပိုင့်နံပါတ်ကို သူမသိတာကိုး။ အလကားနေ ဖုန်းငွေဖြည့်ကတ်ကုန် ကုန်အောင် လုပ်ပြန်ပါပြီ။

"ဘယ်သူလဲ ပိုင်"

"မိုးသားဖြူတဲ့"

"ပြောလိုက်လေ၊ အလုပ်ကိစ္စဖြစ်မှာပေါ့။ ဒါဖြင့် ကိုယ် ဖုန်းချလိုက်ပြီ"

"ဟုတ်"

ဘယ်ရမလဲ။ ပိုင်က ဒီလောက်မှမလည်ရင် စီးပွားရေး လုပ်စားလို့မရမှာလေ။ ကိုရဲနှင့်ပြောပြီးသည်နှင့် သူ့ဖုန်းနံပါတ်ကိုရှာကာ message ခလုတ် နှိပ်လိုက်ပြီး call me ဟု ရေးကာ ပိုင့်နံပါတ်ကို ရေးလျက်ပို့လိုက်ပါ၏။ လိုချင်ရင် မင်းပဲ ငွေကုန်ခံသင့်တာပေါ့ မိုးသား ဖြူ။





မင်းလည်းသလောက် ငါက အေးဆေးပါပဲ။ ဖေဖေ့လုပ်ငန်းနဲ့ စီးပွားရေးကိစ္စမို့ မင်းကို မလွှဲသာမရှောင်သာမို့ ဆက်သွယ်ပြောဆို နေတာပါ။ မဟုတ်ရင်တော့ ဝေးဝေးကသာ ရှောင်မှာအမှန်ပါပဲ။ သိပ်မကြာခင်မှာတော့ ပိုင့်ဖုန်းခေါ်သံမြည်လာလေ၏။ ချက်ချင်း မကိုင် သေးဘဲ တစ်မိနစ်ကျော်မှ ကောက်ကိုင်လိုက်ပါသည်။ မှတ်လောက် သားလောက်ရှိပြီထင်တာပဲ။

"ပြော"

"ဘာလုပ်နေလို့လဲ ပိုင်၊ ဆေးထိုးဖြစ်ရဲ့လား၊ သက်သာရဲ့ လားဟင်"

ကျစ် မေးခွန်းက တရစပ်ထွက်လာရတယ်လို့၊ ဖုန်းကို ခဏ နားမှခွာကာ တစ်ချက်ကြည့်လိုက်မိပါ၏။ ဘယ်လိုကောင်မှန်းကို မသိ တော့ပါဘူး။ ပြောစရာရှိတာ မပြောဘဲ လေရှည်ပြီး စပ်စုနေရတယ်လို့၊ အရမ်းရင်းနှီးသည့် ကိုရဲတောင်မှ ဒီလောက်သည်းသည်းမလှုပ်ပြပါ လေ။ မျက်နှာကိုတစ်ချက်ရှုံ့လိုက်ပြီး စိတ်ရှည်ရမှာကို သတိရလိုက်မိပါ ၏။

"အိုကေပါတယ်"

"ဘာကို အိုကေတာလဲ"

"ခင်ဗျားမေးတာအားလုံးကို တစ်ခွန်းနဲ့ဖြေတာလေ။ ဘာ ပြောမှာလဲ၊ ပြောမှာသာပြောပါ"

ကျွန်တော် ပခုံးတွန့်လိုက်မိပါ၏။ စေတနာနဲ့ မေးပေမယ့်



www.burmeseclassic.com

သူက နည်းနည်းမှ နားမလည်ပါလား။ ဒယ်ဒီပြောထားတာမို့ ကျွန်တော့်စိတ်ကို အတော်လေးလျှော့ပြီး ဆွဲဆန့်ထားရတာပါ။ ဒါတောင်မှ သူက ကျွန်တော့်အပေါ်လိုက်ပြီး စိတ်မလျှော့သေးတာပါလား။ အံ့သြမိပါရဲ့။

"ပစ္စည်းမှာမလို့ပါ"

"ရွေးပြီးပြီလား"

"အင်း"

"ဒါဆိုလည်း ပြောလေ"

ကျွန်တော် လေပူတစ်ချက်မှုတ်ထုတ်လိုက်မိ၏။ ဆိုင်ကို ထပ်လာချင်သေးတာ မှန်ပေမယ့် သူနဲ့တွေ့တိုင်း ရင်ထဲမှာ အလိုလို မွန်းကျပ်လာသလို ဖြစ်တတ်တာမို့ ခြေလှမ်းမရွေ့ချင်တော့ပါလေ။ ဘာဖြစ်လို့ပါလဲ။ သူ့အနားရောက်ရင် သူ့ဆီက ကိုယ်သင်းရနံ့က ကျွန်တော့်လို အနံ့လိုမဟုတ်ပါဘဲ မွှေးနေတာလေ။ မကြာခဏဆိုသလို သူ့မျက်နှာကိုသာ အသေးစိတ်ဖြန့်ကျက်ပြီး တစ်ခုချင်းကြည့်ပြီး သတိ ထားမိတာပါလိမ့်။

သတိထားပေတော့ မိုးသားဖြူ။ မိန်းကလေးတွေကို စိတ် မဝင်စားဖြစ်ဘဲ ဘယ်လိုဖြစ်ပြီး ရှယ်တူယောက်ျားချင်းကိုမှ စိတ်က လှုပ်ရှားမိရတယ်လို့။ ခေါင်းကို သွက်သွက်ခါလျက် စိတ်ကို အမြန် စည်းလိုက်ရပါ၏။ ကျွန်တော့်ရင်ထဲ ဒီလိုဖြစ်နေတာကို သူသာသိလို့က ဖြင့် အလှောင်ခံလိုက်ရမယ့် ဖြစ်ခြင်းပါပဲ။





"မိုးသားဖြူ"

"ဗျာ"

ရင်ထိတ်သွားရပါ၏။ ဘာလို့များ နာမည်အပြည့်အစုံသုံးရပါ သနည်း။ မျက်စိရှေ့ချထားပြီး ရွေးထားသည့်ဓာတ်ပုံတွေကို ဖြန့်၍ စီလိုက်စဉ် ပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။ အလို ရုပ်တုပုံ တွေကြားထဲမှာ ဘေးတစောင်းအနေဖြင့် သူ့ပုံက ပါနေရတာပါလိမ့်။ နံရံဘက်မှာ မှောင်နေပေမယ့် မျက်လွှာချကာ ခပ်ငေးငေးကြည့်နေပါ သည့် သူ့ပုံသဏ္ဍာန်က ထင်ထင်ရှားရှားပါလား။

"ပြောတော့လေ"

"အဲ"

ရင်ထိတ်သွားပေမယ့် တံတွေးကို မျိုချလိုက်ရပါ၏။ သတိ မိုးသားဖြူ။ သူ့ပုံကိုဖယ်ကာ ယူမည့်ပုံတွေကို သေချာစီလိုက်ပါ၏။ ဒက်ဒီက camera ထဲမှာပဲကြည့်ထားတာမို့ ဒီပုံကိုမြင်မိလား မမြင်မိ လားဆိုတာကို ကျွန်တော်မသိပါချေ။ အလုပ်ကအလုပ်ပဲ မိုးသားဖြူ။ လူ့မှုရေးကိစ္စကို ခဏဘေးချိတ်ထားပါဦး။ ရုပ်တုအကြီးပုံတွေကို အရင် ရွေးလိုက်ရပါသည်။

"အင်း … လူ့ပုံတွေက စပြောမယ်"

"အိုကေ"

"ရေခပ်ဆင်းတဲ့ လုံမပျိုရယ်"

ခစ်ခနဲရယ်လိုက်သံကြောင့် လန့်သွားရပါ၏။ သေစမ်း။ ဒီ

www.burmeseclassic.com



လုံချည်ရင်လျားနဲ့ပုံကိုမှ စပြောမိရတယ်လို့။ ကျွန်တော့်ကိုတော့ သူ တစ်မျိုးထင်တော့မှာပဲ။ ပြဿနာပါလား''

''ဘာဖြစ်လို့လဲ''

''ဟင့်အင်း ... ဆက်ပြောလေ''

''အဲ ... ဆွမ်းခံကြွနေတဲ့ ကိုရင်လေးနဲ့ ဆွမ်းဆန်တောင်း ထမ်းထားတဲ့ ကျောင်းသားလေးရယ်၊ ပြီးတော့ ကလေးကို ရင်မှာ ပိုက်ထားတဲ့ သားအမိရယ်၊ ဆွမ်းအုပ်ပိုက်ထားတဲ့ မိန်းကလေးရယ် ကောက်စိုက်သမလေးရယ်၊ ခွေးလေးနဲ့ ဆော့နေတဲ့ ကလေးလေးရယ် အဲဒါတွေပါ''

''အလတ်နဲ့ အသေးထဲကရော''

''အင်း ... သစ်ဆွဲဆင်ရယ်၊ နွားလှည်းယာဉ်ရယ်၊ မြင်း လှည်းလေးရယ်၊ အိုးစည်ဒိုးပတ်ဝိုင်းရယ်၊ နစ်ပါးသွားမောင်နှံရယ် မင်္ဂလာမောင်မယ်ရယ်၊ မိဘတွေကို ကန်တော့နေကြတဲ့ သားသမီး တွေရယ်၊ သံခွေလှိမ့်ဆော့နေတဲ့ ကောင်လေးရယ်၊ လှေထဲကနေပြီး ကြာပွင့် လှမ်းခူးနေတဲ့ ကောင်မလေးရယ်၊ ကျောင်းသားလေးတွေနဲ့ ကျောင်းက ပြန်ချိန် ဆရာမလေးရဲ့ပုံရယ်၊ နောက်ပြီး နှာစ်မလေးရဲ့ ရုပ်တုရယ်ပါ''

''ဒါအကုန်ပဲလား''

''ထင်တာပဲ''

''ဘာလဲကွ ... မရေမရာနဲ့ ငါ့ကို ပါကင်ပုံးတွေ ဖွင့်လိုက်





ဖိတ်လိုက် ထပ်မလုပ်နိုင်းပါနဲ့ မိုးသားဖြူ၊ တော်ရုံပဲ ဒုက္ခပေးပါ''

တွေ့လား ... ဒီလောက်လေးကိုမှ စိတ်မရှည်တဲ့ကောင် လေးပါပဲ။ ဒါနဲ့များ ဘယ်လိုဖြစ်ပြီး စီးပွားရေးလုပ်နေရပါသလဲ။ အရောင်းအဝယ်လုပ်တယ်ဆိုတာ နှုတ်ချိုမှ ဖြစ်တာလေ။ ပိုင်ဆိုတဲ့ ချာတိတ်ကဖြင့် မချေမငံပြော၊ မကြည်မလင်ကြည့်၊ မထီမဲ့မြင်ပြုမှုနဲ့ ဘာကယ့်မီးခဲပါပဲ။

''Cost amount ကို message ပို့လိုက်မယ်၊ ဒါပဲ''

''ဟာ ... တစ်ခုချင်း မပြောဘူးလား''

''ကျစ် ... တစ်ခုချင်းပေါ့ဗျ ခင်ဗျားပြောတဲ့အတိုင်း နံပါတ် ထိုးတပ်ပြီး ပို့ပေးမယ်၊ လူကို ကလေးထင်နေလား။ တကယ်ပါပဲ''

သူ့ထက် တစ်နှစ်ကြီးပါတယ်ပြောလည်း မရ။ ဘယ်လို ကောင်မှန်းကို မသိတော့ပါဘူး။ ကျွတ် အဲဒါမှဒုက္ခ။ သူကမှ ကျွန်တော့် ကို အလုပ်ပြန်နိုင်းထားသလို ဖြစ်နေတာမဟုတ်လား။ စောစောက တစ်ခုချင်းကိုင်ပြီးပြောလိုက်သည့်ပုံတွေကို ဖြစ်သလိုချထားမိတာမို့ ပြန်စီရင်တော့ ရတာပါလေ။

ပိုင် ... ပိုင် ... နာမည်နဲ့လိုက်ဖက်အောင်ကို လုပ်သမျှ အပိုင်ပါပဲလား။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်ရယ်မိတော့တာပါပဲ လေ။ ဓာတ်ပုံနောက်ကျောဘက်မှာ နံပါတ်စဉ် ပြန်တပ်လိုက်ပြီး သေချာစီထပ်လိုက်ပါ၏။ အံဆွဲထဲထည့်သိမ်းစဉ် သူ့ပုံက စားပွဲထဲမှာ ကျောက်ပြီး ကျန်ရစ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကာယကံရှင်ကို ပြန်ပေးရမလား။ မဖြစ်သေးပါဘူး။ တော်ကြာ ဓာတ်ပုံခိုးရိုက်ပါတယ်ဆိုပြီး ပြဿနာရှာမှ ရှင်းရခက်တော့မှာလေ။ အတော်ရှုပ်ပါလားနော်။ သိမ်းထားလို့တွေ့ရင်လည်း မာမီက မေးဦးမှာလေ။ ယောက်ျားလေးပုံကို ဘာလို့သိမ်းထားလဲဆိုပြီးပေါ့။ ခက်ပါလား ပိုင်။

အိပ်ရာထက် ပစ်လှဲချလိုက်ပြီး မျက်စိစုံမှိတ်ထားလိုက်မိ၏။ မျက်တောင်ရှည်တို့က အာရုံထဲ ဖျတ်ခနဲ ရောက်လာလေသည်။ ပြီးနောက် တစ်မျိုးလေးဖြစ်နေပြီး ကြည့်ကောင်းနေသည့်မေးစေ့ ခပ်လုံးလုံး။ ဘုရားရေ ကျွန်တော်တော့ ဒုက္ခဖြစ်ချေပြီ။

ဘယ်လိုဖြစ်ပြီး ဒီကောင်လေးရဲ့ပုံရိပ်ကိုမှ ကျွန်တော့်မျက်စိထဲမှာ တဝဲလည်လည်မြင်နေရပါသလဲ။ ဘေးအနီးနားတစ်ဝိုက်မှာ မိန်းမလှလေးတွေ ပေါပေါများများ ရှိနေပါလျက် တစ်ယောက်ကိုမှ ရင်မခုန်မိပါပဲ အဘယ်ကြောင့် ဒီထောင့်မကျိုးတဲ့ကောင်ကိုမှ မှတ်မှတ်ရရ ဖြစ်ရတာပါလိမ့်။

မင်းတော့သွားပြီ မိုးသားဖြူ။ လူပုံအလယ်မှာ မျက်နှာပြစရာမရှိအောင် ဖြစ်တော့မှာပါလား။ ဆင်ခြင်စမ်း။ ဒီကိစ္စပြီးပြတ်ရင် ဒီကောင်နဲ့ အဆက်အသွယ်မလုပ်တော့ဘဲ အပြတ်ဖြတ်လိုက်မှပါပဲ။ နို့မို့ ကျွန်တော့်အတွက် မလွယ်သလို ခက်ခဲတော့မှာလေ။

နေပါဦး ... ဒီဓာတ်ပုံကြည့်မိလို့ပဲ အထူးအဆန်းတွေ ဖြစ်နေတာများလား။ အိပ်ရာထဲမှ ဆတ်ခနဲ အမြန်ထကာ သူ့ပုံကို အံဆွဲထဲ



စာအုပ်ပုံကြားထဲသို့ ထည့်သိမ်းလိုက်ပါသည်။ တစ်သက်လုံး ပြန်ထွက်လာနဲ့တော့ ပိုင်။

ခေါင်းအုံးထက် မျက်နှာကိုမှောက်ချဖိထားလိုက်မိပါ၏။ ရင်ထဲမှာ တအားမွန်းကျပ်နေပါရောလား။ ရင်ခုန်ခြင်းဆိုတာကို ဆန့်ကျင်ဘက်လူသားချင်းမှာသာ ဖြစ်သင့်တာမျိုးပါ။ အခုတော့ဖြင့် ကျွန်တော့်အဖြစ်က ရှက်စဖွယ်ပါ။

စိတ်ကိုဖြေလျော့ချလိုက်သော်ငြား အမောကမပြေသေးပါလေ။ ပိုင် မင်း ငါ့ကို ဘာတွေများ ဖြုစားနေပါသလဲ။ အတွေးတွေကနေ အပြီးအပိုင် ထွက်သွားပါတော့လားကွာ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

ကားကို parking ထိုးလိုက်ပြီး restaurant ထဲ လှမ်းဝင်လိုက်ပါ၏။ စိတ်ထဲ မကြည်တာမို့ သူငယ်ချင်းတွေချိန်းသည့်နေရာကို စိတ်ပေါက်ပေါက်ဖြင့် ထွက်လာတာပင်။ ဝေယျာတို့အုပ်စုက ကျွန်တော့်ကို လှမ်းမြင်သည်နှင့် လက်လှမ်းထောင်ပြလိုက်လေ၏။

"မိုးသား ... ငါတို့ဒီမှာ"

စားပွဲရှိရာဆီလျှောက်ခဲ့ပြီး ခုံကို ဆွဲထုတ်ထိုင်ချလိုက်ပါ၏။ ဒီကောင်တွေ ရှေ့မှာ Beer တစ်ဘူးတောင် စမြည်းနေပါရောလား။ အားလုံး အလုပ်ကိုယ်စီရှိကြသလို နိုင်ငံခြားမှပြန်လာသူလည်း ရှိတာ ငွေကိုယ်စီထောနေကြတာပါ။ အားလုံးထဲမှာ ကျွန်တော်က ခုချိန်ထိ မိဘထံမှ လက်ဖြန့်တောင်းသုံးနေရတုန်းပါပဲ။ မျက်နှာငယ်လိုက်ပါသီး

"အခြေအနေ ဘယ်လိုလဲ"





ခေါင်းကိုသာခါပြလိုက်ပါ၏။ ငယ်ပေါင်းကြီးဖော်တွေမို့ တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာတွေပါပဲ။ စနောက်တတ်ဘာမှန်ပေမယ့် အားနည်းချက်ကို ဖိနှိပ်ချိုးနှိမ်တာမျိုးကိုတော့ မလုပ်ကြပါလေ။

"မင်း father ကြီးဟိုတယ် တော်တော်ပြီးနေပြီဆို"

"အေး"

"ဒါနဲ့တောင် မ ok ဘူးပြောနေသေး"

"အေးလေ ... အဲဒါ မင်းဦးစီးဖို့ဆို"

"ဟင်း ... မင်းတို့မသိပါဘူးကွာ"

"ဘာလဲကွ"

"အေးလေ ... ဒီကောင် ခါတိုင်းဆိုကြွတက်နေပြီ။ အခုဘယ် လိုဖြစ်နေတာလဲ"

"တက်ကြွတယ်ပြောစမ်းပါကွာ"

"အတူတူပဲလေ ... ပြောပါဦး ရေနွေးဖျောဟင်းရွက်လိုနေတဲ့အကြောင်း"

ကျွန်တော် သက်ပြင်းရှိုက်လိုက်မိပါ၏။ ကိုယ့်အဖြစ်ကို ကိုယ်သာ အသိဆုံးမဟုတ်ပါလား။ သူတစ်ပါးကိုတောင် ရင်ဖွင့်ပြလို့မရတဲ့ ဒီပွပါပဲ။ အတော်ရက်စက်လွန်းတဲ့ ကံကြမ္မာပါလား။

"ဟော့ကောင် ... ဒါက ဘာ design လဲကွ"

"အေးလေ ... ကြက်လည်လိမ်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ . . . မင်းရည်းစားနောက်ကျနေတာလား။ ဒါပဲဖြစ်မယ်ထင်တယ်"

"မူးလို့ ရှူစရာတောင်မှ မရှိပါဘူးကွာ"

"ဒါဖြင့် . . . ငါတို့ရှာပေးရမလား"

"မလုပ်ပါနဲ့"

"မှာကြရအောင်"

"အေး"

"ငါ အအေးသွားယူဦးမယ်"

"ဘီယာမမော့တော့ဘူးလား"

"No! ဒက်ဒီသိရင် အိမ်ကခေါင်းနဲ့ဆင်းရမယ်"

"ဘာ"

သူငယ်ချင်းတွေ၏ လှောင်ရယ်သံက ကျွန်တော့်ကို နေ ခက်စေပါ၏။ ရှောင်သလိုမဖြစ်ရအောင် အအေးမှာသလိုထခဲ့ပါသည် ထောပတ်သီးဖျော်ရည်ကို စောင့်ယူရမှာမို့ ဘားကောင်တာနားမှာ ကျွန်တော် ရပ်နေမိ၏။ ရေခဲများများထည့်ပေးနိုင်းပြီး လှည့်ထွက်လိုက် စဉ် လူတစ်ယောက်နှင့် တိုးမိလေတော့သည်။

"ဟာ"

"အို"

တိုက်ဆိုင်မှုပါပဲ။ အနောက်မှ အုပ်စုလိုက်ဖြတ်သွားတာ တောင်မှ သူမတစ်ဦးတည်းနဲ့မှ တည့်တည့်တိုးမိရတယ်လို့။ ပတ္တမြား





သွေးရောင် နှုတ်ခမ်းဆိုးဆေးနှင့်အပြိုင် သူမမျက်နှာလေးပါ ရဲရဲနီနေ ချေပြီ။ သေစမ်း မိုးသားဖြူ။ ဒုတိယအကြိမ်မြောက် ဆုံခြင်းကလည်း ဒွိပက္ခနဲ့ ရင်မောစရာပါပဲလား။

"Sorry"

"Sorry လို့ရမလား။ ဒီမှာ တစ်ကိုယ်လုံး ပေကုန်ပြီ ဘယ် လိုလုပ်မလဲ"

မျက်ဝန်းက လက်ခနဲ တောက်ပပြီး ဆတ်ခနဲ ကြည့်လိုက် သို့ ရင်ဘတ်ထဲမှ ဒိန်းခနဲ မြည်သံက ဆောင့်လေတော့၏။ ဘုရားရေ ဒါ ဒါ သူနဲ့ငြိနေတဲ့ ယုဆိုတဲ့ကောင်မလေးပါလား။ ဘယ်လိုဖြစ်ပြီး ဉ်မှု စွဲမက်ဖွယ်ကောင်းတဲ့ မိန်းကလေးကို ဖမ်းထားနိုင်ပါလိမ့်။

"ရှင် . . . စကားနားမလည်ဘူးလား"

"ဗျာ"

"ဘယ်လိုလူလဲမသိဘူး။ အူကြောင်ကြောင်နဲ့"

"ဟို ဟို . . . ကျွန်တော်"

ဘာမှမဖြေရှင်းရသေးမီ ကောင်မလေးက သန့်စင်ခန်းထဲ ဝင်သွားတော့၏။ ဝတ်ထားသည်က အနက်ရောင်ဂါဝန်မို့ မစွန်း ထောက်ပေမယ့် ရေခဲအေးလိုက်ပါက ခန္ဓာကိုယ်မှာ ပိုပြီးချုပ်ရုပ်ကပ်နေ တော့မှာလေ။ ပြဿနာပါပဲ မိုးသားဖြူ။

"မင်း အကြံအဖန်လုပ်တာ မဟုတ်လား"

"ဟာကွာ . . . မဟုတ်ရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ငနဲ ပြီချင်တဲ့ မဒီက စက်စက်ယိုငွေဘောင် ယူတယ်ကွာ"

"နာဘူး"

"အတူတူပဲ"

ရယ်လိုက်ကြပြန်၏။ နောက်တစ်ခါတစ်ခွက်မှာခဲ့သည့် ဖျော်ရည်ခွက်ကိုသောက်နေစဉ် သူမ ပြန်ထွက်လာလေသည်။ မျက်နှာအနည်းငယ်မှုန်နေသည့်နှယ်ပါ။ တောင်းပန်ရဦးမှာပါလား။ ကျွန်တော်တို့နှင့်အနီးဆုံးစားပွဲမှာ သူမတို့အုပ်စု နေရာယူထားကာ အုပ်စုထဲမှာ ယောကျ်ားလေးနှစ်ဦးပါနေလေ၏။

သူ မဟုတ်သည့် တခြားကောင်လေးတွေနှင့်လည်း ဤမိန်းကလေး သူငယ်ချင်းထားတာပါလား။ ထူးဆန်းတာမှ မဟုတ်တာလေ။ သူ လှမ်းကြည့်တာကိုမြင်တော့ ကောင်မလေးက မျက်စောင်းလှည့်ထိုးလေ၏။ လှတဲ့သူများ စိတ်ဆိုးနေတာတောင် အလှမပျက်ပါလားနော်။

"အကြည့်က ငြိချင်စရာပဲ၊ လှပ်ရှားလိုက်ပါလား မိုးသား"

"မလုပ်ပါနဲ့ကွာ ... ငါသိပြီးသားပါ"

"မအာနဲ့ ဟေ့ကောင် ... မင်း ဒီလောက်အဖြစ်မရှိဘူး"

"အေးလေ"

"ငါသိတယ်ပဲ ပြောတာလေ၊ ရင်းနှီးတယ်လို့ ပြောတာမှ မဟုတ်ဘဲ"

"မယုံဘူး"





ရော် ခက်တော့တာပဲ။ သူမနှင့် ရင်းနှီးအောင်စတာက ကိစ္စမရှိ၊ တော်ကြာ သူမအသည်းကို သွားတိုင်မှ ပြဿနာဖြစ်မှာလေ။ ဆိုကတည်းက ကျွန်တော့်ကို မြင်တာနဲ့ လက်ယားနေပြီချည်း အော်နေတာ မဟုတ်လား။

"ကောင်လေးရှိတယ်"

"ဘာ"

"ဟုတ်လို့လားကွ"

"ဩော် ... ဟုတ်ပါတယ်ဆိုမှ"

"မင်း သွေးမရှိရင် မရှိဘူးပြောပါ မိုးသားဖြူရာ၊ အချင်းချင်းတွေ မဘောင်ချင်စမ်းပါနဲ့"

ကဲ ပြောရုံနဲ့ ယုံမှာမှမဟုတ်ဘဲ။ လက်တွေ့တွဲလာပြမှပဲ ယုံတော့မှာလေ။ Sorry ပိုင် မင်းနဲ့ မင်းကောင်မလေးကြားထဲ ဝင်ချင်သို့မဟုတ်ရပါဘူး။ ရင်ထဲ ရှုပ်နေတဲ့ မှန်းကျုပ်စိတ်ကို ပြင်ချင်တာရော သူငယ်ချင်းတွေရဲ့ မခံချင်အောင်ပြောကြတဲ့အတွက်ကြောင့် မင်းကောင်မလေးကို ကြားက လုပြီး ချစ်ခွင့်ရအောင် လုပ်ရတော့မှာလေ။

အဲဒီလိုသာဆို ရင်းနှီးလက်စရှိတဲ့ ငါတို့တွေ ပိုမရင်းနှီးတော့ဘဲ ဝေးကွာပြီး စိမ်းသက်တော့မှာပါ။ ဒါမှသာ မင်းအပေါ် လိုသည်ထက် ပိုချင်နေတဲ့ ငါ့စိတ်က ဖြေသာတော့မှာ မဟုတ်ပါလား။ လွန်သွားရင် Sorry လို့ပဲ ပြောပါရစေ ပိုင်။

"ဒါက ဘယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရော် . . . မင်းတို့ပဲ လှုပ်ရှားဆို"

သူငယ်ချင်းတွေ ပါးစပ်အဟောင်းသားဖြစ်သွားပါ၏။ ဟ…

ကိုယ့်ဖို့ပဲ မဟုတ်လား။ ခပ်တည်တည်မျက်နှာဖြင့်ပင် တစ်ဖက်ပိုင်း…

လျှောက်ခဲ့ပါ၏။ သူမက စောစောကလို မှုန်ကုပ်ကုပ်မဖြစ်တော့ပါ…

အဖော်တွေနှင့်အတူ ဟက်ဟက်ပက်ပက် ရယ်မောနေလေသည်…

ပါးချိုင့်လေးတွေကိုက သူမကို ပို၍ ချစ်စဖွယ်ဖြစ်စေတာ အမှန်ပင်…

"ယု"

ဖျတ်ခနဲ လှည့်ကြည့်လိုက်ပါသည့် မျက်ဝန်းမှာ အံ့ဩမှု…

ထင်လေ၏။ ဤမျှ အကြည့်ခံသည့် ကောင်မလေးကို ပိုင် စွဲလမ်းပြေ…

ဆိုလည်း စွဲလမ်းလောက်ပါရဲ့။ မျက်ဝန်းတစ်စုံနှင့်ကြည့်လိုက်တာ…

ဆန့်ကျင်ဘက်လူရဲ့စိတ်ကို ညှို့ငင်ယူနိုင်တဲ့ စွမ်းအင်တွေ ဖြာထွက်…

လာသည့်နှယ်ပါလေ။

"ရှင်က ဘယ်လိုဖြစ်ပြီး ယုနာမည်ကို သိနေတာလဲ"

"သိတာပေါ့"

"ဘာရယ်"

"ဟုတ်တယ်လေ၊ ပိုင့်ကိုသိမှတော့ ပိုင်နဲ့ကျောင်းချင်းကပ်နေတ…

ယုကို မသိဘဲနေပါ့မလား"

"ဟင်"

ကောင်မလေး နှုတ်ခမ်းက ခပ်ဟဟလေးဖြစ်သွားလေ၏…

လှလိုက်တာ။ အမှတ်တမဲ့ ဟန်ပန်လေးတွေကအစ ဆွဲဆောင်မှုရှိ…





…ညီလား။ ဒီလောက်လှတဲ့ချစ်သူကို အနားမှာ super glue နဲ့ကပ်…

…သလို မကပ်ထားဘဲ ကိုယ်တခြား သူတခြားရှိနေရတယ်လို့ ပိုင်ရာ။

…င်းမို့ စိတ်ချလက်ချ နေနိုင်တယ်၊ အံ့ပါ့။

"ရှင်က ပိုင့်ရဲ့"

"သူငယ်ချင်းပါ"

"ဩော် . . . ပိုင်ဖြင့် ယုကို တစ်ခါမှ မပြောမှုးဘူး"

"ပိုင့်အကြောင်း ယုအသိဆုံးပဲ မဟုတ်လား။ ဒီကောင်က…

မြို့စိစိနဲ့ပဲလေ"

ကောင်မလေးမျက်နှာက ကာလာချက်ချင်း ပြောင်းသွားပါ…

၏။ စောစောက မကြည်သလို ကျုံ့ထားသည့်မျက်နှာက ချက်ချင်းပြေ…

လျော့ ကြည်လင်လာတာပါလေ။ ဒီလိုပဲ ဖြစ်ရမှာပေါ့။ စီးပွားရေးလုပ်…

နေတဲ့လူက ကွက်ကျော်မြင်တတ်ရမှာ မဟုတ်ပါလား။ မင်းနာမည်ကို…

တုံးခုပြီး ကျော်တက်လိုက်ရတာတော့ စိတ်မကောင်းပါဘူး ပိုင်။

နားလည်ပေးပါ။

"သိတာကြာပြီလား"

"ကြာပြီဆိုပါတော့"

"မညာနဲ့နော်"

"မညာပါဘူး ယုရဲ့၊ အင်း သုံးလလား လေးလလား၊ အဲဒီ…

လောက်တော့ရှိပြီ ပိုင့်ဆိုင်မှာ ပစ္စည်းတွေ မပြောင်းခင်လောက်ကပါ"

"ဩော်"

www.burmeseclassic.com



ကျွန်တော်ညာတာ မဟုတ်မှန်း သူမ ယုံသွားပုံရလေ၏။ ဘေးမှာထိုင်နေသည့်အပေါင်းအသင်းတွေက ကျွန်တော်နှင့်ယု ပြောနေတာကို ဘာမှဝင်မပြောဘဲ အကဲခတ်နေရုံပဲမို့ တော်ပါသေးသည်။ နို့မို့ ပိုင်းလှောင်ကြရင် ဝင်ရောနေတဲ့ ကျွန်တော့်အဖို့ အရှက်ကွဲမှာ မဟုတ်ပါလား။

"ယုတော့ ရှင့်ကိုမမြင်ဖူးတော့ အမှန်ပဲ"

"အခုမြင်ဖူးပြီ မဟုတ်လား၊ ကိုယ့်နာမည် မိုးသားဖြူပါ"

ခပ်ရဲရဲပင် လက်ကမ်းပေးလိုက်စဉ် သူမက အပြုံးမျက်နှာဖြင့် ခုံမှထရပ်ကာ ကျွန်တော့်ကို ပြန်နှုတ်ဆက်လိုက်လေ၏။ ရဲသားပါပဲလား။ ပိုင်ဆိုရင်ဖြင့် ဒီလို လက်ပြန်ကိုင်ဖို့ နေနေသာသာ တွန့်နေဟန် ပြတတ်တာလေ။ မင်းကောင်မလေးက အတော်ပွင့်လင်းသားပဲ ပိုင်း။

"တွေ့ရတာ ဝမ်းသာပါတယ်၊ ယုပါ"

"စောစောကကိစ္စအတွက် အနူးအညွတ် တောင်းပန်ပါတယ် ယု" -

"ရပါတယ်၊ တမင်လုပ်တာမှ မဟုတ်တာ"

"ဒါဆို ... ကြေအေးပေးတယ်ပေါ့နော်"

"အင်း"

"ပိုင့်ဆီကို ဖုန်းခေါ်နေတာ မရလို့လေ။ အဲဒါ ယုဖုန်းနဲ့ ခေါ်ပေးလို့ ရမလား၊ Please"

သူမ ဟက်ခနဲ ရယ်လိုက်လေ၏။ ဘာလဲ တမင်လုပ်မှန်း





သိသွားတာများလား။ ကျွန်တော်က မိန်းကလေးတွေနဲ့ ပတ်သက်ပြီး မာယာမသုံးတတ်တာ ဝန်ခံပါ၏။ အရိုးသားဆုံးသုံးသည့်နည်းကို ယု တမင်ပုတ်မချလောက်ဘူး ထင်ပါရဲ့။

"တခြားနည်းလမ်း မရှိဘူးလား"

"ဗျာ"

"ယုဖုန်းနံပါတ်သိချင်လို့ဆိုပြီး ရှင်းရှင်းပြောလည်း ရပါတယ် ရှင်ရယ်"

"အာ"

ကျွန်တော် မျက်နှာရဲသွားရပါ၏။ မလွယ်ပါလား။ ဒီကောင်မလေးက ကျွန်တော်တို့ယောကျ်ားလေးတွေရဲ့အထာကို ကြိုမြင်နေသည့်နှယ်ပါ။ ဒါကြောင့်လည်း ပိုင်ဆိုတဲ့ ကြွပ်ဆတ်ဆတ်ချာတိတ်ကို ရှန်းမထွက်နိုင်အောင် ထိန်းချုပ်ထားနိုင်တာ ဖြစ်ပေမည်။ မလွယ်ပါလား မိုးသားဖြူ။

"စိတ်မဆိုးပါနဲ့"

"ရပါတယ်ရှင်၊ ပိုင့်နံပါတ်နောက်ဆုံးနှစ်လုံးကို နေရာလဲလိုက်ပါ၊ အဲဒါ ယုနံပါတ်ပါပဲ".

"Thanks ပါယု".

ကျွန်တော် ကျေနပ်သွားပါ၏။ ခြေလှမ်းကို ရှေ့တိုးဖို့ နေရာရပြီမဟုတ်ပါလား။ ဒီလကုန်ပြီးရင် ဟိုတယ်ကို ဦးစီးရတော့မည်မို့ ဒီလို လှုပ်ရှားခွင့်က မရတော့မှာလေ။ အချစ်မှာ အားလုံးတရားမျှတ



www.burmeseclassic.com

www.burmeseclassic.com



တာချည်းပဲ မဟုတ်လား။ ပိုင်ရှင်မရှိသေးတဲ့ ဘယ်မိန်းကလေးကိုမဆို ယောကျ်ားလေးတိုင်း ကြိုးစားယှဉ်ပြိုင်ပြီး လုခွင့်ရှိပါတယ်။

မတရားသဖြင့်မှန်း မသိစိတ်က သိနေပေမယ့် မင်းနဲ့ ပတ်သက်လာရင် နည်းနည်းလေးတော့ ငါ သာချင်လို့ပါ ပိုင်ရယ်။

❦❦

## အခန်း (၁၃)

Calculator ဖြင့် အလုပ်ရှုပ်နေသည့် ပိုင့်အနီးသို့ ခြေသံဖွ၍ ကပ်ခဲ့ပါ၏။ Voucher တွေ သေချာစစ်ဆေးပြီး laptop ထဲ စာရင်းမှတ်နေပုံပါပဲ။ ရုတ်တရက် ခလုတ်နှိပ်နေသည့်လက်က တုံ့ခနဲ ရပ်သွားလေသည်။ မျက်လုံးအစုံကို အနောက်မှနေ၍ လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာလိုက်ပါ၏။

"ကိုယ်သိပါတယ်ကွာ၊ ယုကိုယ်သင်းရနံ့ရလိုက်ကတည်းကပဲ"

"ဟင် . . . တစ်ခါလေး မသိယောင်ဆောင်လိုက်ရင် ဘာဖြစ်မှာမို့လို့လဲ"

"ဩော် . . . အလိုလိုသိတာကို မသိအောင်လုပ်လို့ ရပါ့မလား၊ ပြော . . . မလာစဖူး ရောက်လာလို့ အဆန်းပဲ"





www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ဟင်း ... ပြောစရာရှိလို့"

"ဒါများ ... ဖုန်းနဲ့ပြောရောပေါ့"

"ဖုန်းနဲ့မပြောချင်လို့ပေါ့ ပိုင်ရဲ့"

"လူကိုတွေ့ချင်ရင် တွေ့ချင်တယ် ဝန်ခံစမ်းပါ အမိရယ်"

"ကြည့်စမ်း ... ပိုင်နော်"

သိုင်းဖက်ထားပါသည့်လက်ကို ဖယ်လိုက်သည်မို့ ပိုင့်ကျော ကို ခပ်ဖွဖွထုလိုက်မိ၏။ သူမဘက်က ကယုကရင်ဖြင့် ချစ်ခြင်းတို့ ပြနေသလောက် ပိုင်ကဖြင့် အေးစက်စက်ဖြင့် အမြင်ငြိဆန်ပြတတ်တာ မဟုတ်လား။ အိမ်မှာ ကိုကိုကြီးရှိနေတာမို့ ရှိန်ပြီး ဒီလိုမနေပေမယ့် ကွယ်ရာမှာ လက်ပွန်းတသီးနေလို့ရသော်ငြား အဘယ်ကြောင့် ပိုင် ဆင်ခြင်ရပါသနည်း။

မူကြို့တက်ကတည်းက အိုကြာကွေးလို တပူးတွဲတွဲရှိခဲ့သည့် သူငယ်ချင်းကို မေမေတို့လူကြီးတွေက ဘာမှမပြောပေမယ့် ခေတ်ဆန် လွန်းသည့်ယုက ကိုကြီးမျက်စိနှင့် ဘောင်မဝင်ခဲ့ပါ။ ခပ်အေးအေး ငြိမ်ငြိမ်နေလေ့ရှိသည့်ပိုင်နှင့် ယုက ဆန့်ကျင်ဘက်မို့ ဆုတ်စလူးဟု အပြောခံခဲ့ရတာပါလေ။ သို့သော် ယု မည်သို့နေနေ ဘယ်သူနဲ့ပေါင်း ပေါင်း ပိုင်က မကန့်ကွက်ခဲ့ပါချေ။

ဤသည်ကပင် ယုအပေါ် ပိုင် အဘယ်မျှ ချစ်သလဲဆိုတာ ကို ပြတာပင် မဟုတ်ပါလား။ ယုကသာ အကြီးဖြစ်ပြီး ပိုင့်အပေါ် ဗိုလ်ကျချိုးနှိမ့် အနိုင်ယူတတ်တာပါလေ။ ဒါကိုလည်း ဗွေမယူပါဘဲ





အနစ်နာခံ ခွင့်လွှတ်တတ်သည့်သူက ယုရဲ့ပိုင်ပါပဲ။

"ထိုင်"

"အလုပ်ပျက်ပြီလား"

"ရပါတယ် ... စာရင်းပိတ်နေတာပဲ၊ ညမှ ဆက်လုပ်လည်း ဖြစ်တယ်"

"ကိုကြီးဆူဦးမယ်"

"ကိစ္စမရှိပါဘူး ယုရဲ့၊ ပြောမယ်ဆိုတာ ဘာများလဲ"

ဟုတ်ပါတယ်။ အလုပ်ကို အလုပ်မှာပင် အပြီးလုပ်စေပြီး အိမ်ကို မသယ်ခိုင်းတာ ကိုကိုပါပဲ။ အလုပ်က အလုပ်ချိန်၊ အိမ်မှာက နားချိန်ဆိုပြီး ခွဲခြားခိုင်းထားတာပါပဲ။ ပိုင့်ကို အချိန်ပြည့်အလုပ်လုပ်ရင် ပင်ပန်းတာမျိုး မဖြစ်စေချင်တဲ့ စေတနာကြောင့်ပါပဲ။

နေ့တိုင်း စကားမပြောပေမယ့် ပိုင် အလုပ်သွားချိန်တိုင်း ပြတင်းပေါက်ကနေ လက်လှမ်းပြတတ်သည့်ယုက ဒီနေ့တော့ ထူးထူး ခြားခြား ဆိုင်ကိုရောက်လာတာပါ။ ပြောစရာ ဘယ်လောက်များ အရေးကြီးနေလို့ပါလိမ့်။ အဖြူရောင်ကိုယ်ကြပ်ဂါဝန်က ယုကိုယ်ခန္ဓာ ထက် ချပ်ချပ်ရပ်ရပ် ရှိနေလေ၏။

အသားဖြူသည့်မိန်းကလေးမို့ ဘယ်အရောင်ပဲဝတ်ဝတ် ယုကို ထင်းခနဲ မြင်သာထင်ပေါ်စေတာ မဟုတ်ပါလား။ ဆံပင်ကို ခါတိုင်းလိုပင်ချထားပြီး နှုတ်ခမ်းထက်မှာ ပန်းဆီရောင်ဆိုးဆေးက သူမအလှကို ပို၍ ထင်စေလေသည်။ ပိုင်ကြည့်နေတာကို မြင်တော့



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းလှလှလေးတစ်ချက် လက်ဆောင်ရလိုက်ပါ၏။

"ဘာကြည့်တာလဲ"

"ဟင့်အင်း"

"ပိုင်က ဘယ်တော့မှ ဝန်မခံဘူးနော်"

ပြုံးရုံသာပြုံးပြလိုက်ပါ၏။ စကားဆိုတာမျိုးက ပြောသင့် မပြောသင့် ချိန်ဆပြီးမှ ပြောရတာမျိုးလေ။ စိတ်ထဲရှိသည့်အတိုင်း ပြောသင့်တာမှမဟုတ်ဘဲ။ ဒါကို အနှစ် (၂၀) ကျော်ပေါင်းလာသည့် ယုက နားမလည်သလိုပါပဲလား။ ခက်ပါ့ယုရယ်။

"အချစ်ဆိုတာကို ပိုင် ဘယ်လိုယူဆထားလဲဟင်"

နားထဲအူသွားရသလိုပါ။ ဘာလဲ ယုက ယုက အချစ်ဆိုတာကို တွေ့နေပြီလား။ ဒီလိုပဲ ဘဝကို ခပ်ပျော်ပျော်နေပြီး အပေါင်းအသင်းတွေနဲ့သာ ကခုန်ပျော်မြူးနေသည့် မိန်းကလေးထံမှ အလေးအနက်စကားက သူ့ကို အလန့်တကြား ဖြစ်သွားစေတာပါလေ။ အလို ယုတစ်ယောက် ရင်ခုန်တတ်ပြီတဲ့လား။

"လူတစ်ယောက်ရဲ့မျက်နှာကို မကြာခဏ မြင်ယောင်ပြီး သူ့အကြောင်းတွေကို အမြဲတမ်းလိုလို တွေးနေတတ်တာမျိုး။ ညအိပ်ရင်လည်း သူ့အသံကို ကြားချင်နေတာ၊ အိပ်မက်ထဲမှာလည်း သူနဲ့ပဲ အတူရှိနေချင်တာကို အချစ်လို့ ခေါ်နိုင်မလား"

တလက်လက်တောက်ပနေသည့် မျက်ဝန်းတို့ကို အငေးသား ကြည့်နေမိ၏။ နှုတ်ခမ်းထက်မှာ အချိုဆုံးအပြုံးက အဓိပ္ပာယ်ပြည့်ဝ



လွှမ်းနေတာပါလေ။ သူ့ရဲ့ယု သူချစ်သောယုက ဘဝမှာ အချစ်ဆိုတာကို ခံစားတတ်ပါရောလား။ လေးနက်ခြင်းတို့က သူမမျက်နှာထက်မှာ အထင်းသားပါပဲ။

"ဒီနေ့ရာကနေ့ တဒိတ်ဒိတ်ခုန်လာတာ၊ ကြက်သီးမွေးညင်းတွေ ထလာတာ၊ သူနဲ့အကြည့်ဆုံရမှာကို မသိစိတ်က လိုလားနေပေမယ့် သိစိတ်ကရှက်ပြီး ရင်မဆိုင်ဝံ့တာ၊ ရင်ထဲမှာ ပြောစရာတွေ အပြည့်ရှိနေပေမယ့် လည်ချောင်းမှာ တစ်နေပြီး ပြောမထွက်အောင် ဆို့နေတာတွေ။ အဲဒါတွေ ဘာကြောင့်ဖြစ်လာရသလဲလို့ ပိုင်ထင်လဲ"

သက်ပြင်းကို ကျိတ်ရှိုက်လိုက်မိ၏။ စိတ်အိုက်တာကို ပိုင်လည်း ဖြစ်ဖူးပါသည်။ အခုလို ယုပြောနေသလို တဖွဲ့တနွဲ့ စာမစီတတ်တာအမှန်ပါပဲ။ အချစ်ဆိုသည့်အဓိပ္ပာယ်ကို သူ မဖော်ပြတတ်တာလေ။ အချစ်နဲ့ပတ်သက်ရင် သူက မှုကြိုအဆင့်လောက်သာ တတ်တာထင်ပါရဲ့။

"သူနဲ့ ဘယ်တုန်းက တွေ့ခဲ့တာလဲ"

"ဟင်"

"တော်တော်လေးရင်းနှီးနေပြီပေါ့လေ"

"ပိုင် စိတ်ဆိုးတာလား"

"မဆိုးပါဘူး။ လူတိုင်းမှာ ကိုယ်ပိုင်လွတ်လပ်ခွင့်မျိုးရှိမှန်း ကိုယ်သိပါတယ်"

"ကိုကြီးရဲ့ချစ်သူကရော"

www.burmeseclassic.com

www.burmeseclassic.com



"ပြတ်သွားပါပြီ ယုရယ်၊ ကိုယ့်ကို အဖေလိုရော အစ်ကိုလိုပါ စောင့်ရှောက်ဖို့အတွက် မမညီကို ချစ်လျက်နဲ့ဖြတ်လိုက်မှန်း ယုတို့ မိသားစုလည်းသိပါတယ်"

ရီဝေဝေလေးကြည့်နေပါသည့် အကြည့်တို့ကိုရှောင်လိုက်မိ၏။ စစ်ပြီးသည့်ဘောက်ချာစာအုပ်ကို အံဆွဲထဲထည့်သိမ်းလျက် စိတ်ကို ငြိမ်စေရန်ကြိုးစားနေရပါသည်။ ပိုင့်အတွက် အနစ်နာခံစွန့်လွှတ်တတ်ခဲ့သည့် ကိုကို့အတွက် ပိုင် ပြန်လုပ်ပေးနိုင်တာ ဘာများရှိပါ့မလဲ။

"ပိုင့်ထက် အရင်ချစ်သူရသွားတဲ့ ယုကိုရော"

ရင်ထဲ ကျဉ်ခနဲဖြစ်သွားရပါ၏။ သူချစ်သော သူ့ကိုချစ်သော ကိုကိုတောင် အသည်းကွဲခဲ့ရတာမဟုတ်လား။ နောက်ထပ် သူနဲ့ အနီးဆုံးမှာ ရှိနေသည့် ယုကိုပါ ဒီလိုဝေဒနာမျိုး မခံစားစေလိုပါလေ။ အချစ်ဆိုတာမျိုးက ဘဝမှာ တစ်ကြိမ်တစ်ခါတော့ ရှိခွင့်ရသင့်တာ မဟုတ်ပါလား။

"ပြောပြီးပြီလေ"

နှစ်လိုစွာပြုံးလေ၏။ ရင်ထဲမှာမပျော်တာတော့အမှန်ပါပဲ။ သူငယ်ချင်းဆိုတာထက် အနီးဆုံးလူဖြစ်ခွင့်ရခဲ့သည့် အခွင့်အရေးက ဝေးတော့မှာပါလား။ အချိန်မရွေး လှမ်းခေါ်ပြောတာတွေ၊ အချိန်အခါမဟုတ် ဖုန်းဆက်ခွင့်တွေ၊ အချိန်အခါသင့် လူချင်းတွေ့ခွင့်ဆိုတာတွေ အားလုံးကို ခွဲဝေပေးရတော့မှာမို့ မနာလို ဖြစ်မိပါရဲ့။

(၁၅၀၀) နဲ့ (၅၂၈) ဆိုတာ ယှဉ်လို့ရတဲ့အရာမှာ မဟုတ်တာပဲ။



ချစ်ပါလို့ ရဲရဲကြီးမတိုက်တွန်းဝံ့သလို မချစ်နဲ့ဟုလည်း မကန့်ကွက်ရဲခဲ့ပါလေ။ သေချာတာတစ်ခုကဖြင့် သူနဲ့ယုကြားကို သူစိမ်း တစ်ယောက်က ပိုင်စိုးပိုင်နင်းဖြင့် ဝင်လာပြီဆိုတာပါပဲ။

"ပြောသာပြောရတာပါ ယုကို ခုထိ သူ ဖွင့်ပြောသေးတာ မဟုတ်ဘူး"

"ဘယ်လို"

"ဒါပေမဲ့ ယုအလိုလိုသိနေပါတယ်။ သူ့မျက်ဝန်းကို ကြည့်ရုံနဲ့ ဖုံးကွယ်ထားတဲ့ သူ့ရင်ထဲက တွယ်တာမှုတွေကိုပေါ့"

ဘုရားရေ ... ဘယ်လိုကြီးလဲ။ ယောကျ်ားလေးဘက်က မစရပါဘဲ မိန်းကလေးဖြစ်သည့်ယုက တစ်ဖက်သတ်ရင်ခုန်စိတ်လှုပ်ရှားတာမျိုး ဖြစ်ရတယ်လို့။ အချစ်ဆိုတာမျိုးက ခက်သားပါပဲလားလေ။

"သိပ်မကြာခင်မှာ သူဖွင့်ပြောတော့မယ်မှန်း ယုသိတယ်"

"ဘယ်နှခါဆုံဖူးပြီလဲ"

"အဟင်း ... ယုပြောရင် ပိုင် ယုံမှာမဟုတ်ဘူး၊ အဖြစ်အပျက်က မြန်သလိုဖြစ်နေပေမယ့် ယုရင်ထဲမှာတော့ သူ့ပုံရိပ်တွေက စွဲစွဲလမ်းလမ်း ရှိနေတာအမှန်ပါ ပိုင်။ ယုနဲ့သူ အပြင်မှာ တစ်ကြိမ်ပဲဆုံဖူးပါသေးတယ်"

"ကျစ် ... ရူးပေါ့ ယုရား ပထမတစ်ကြိမ် စိတ်လှုပ်ရှားတာနဲ့ အချစ်လို့ သတ်မှတ်လိုက်ရတယ်လို့"

"ဖုန်းတော့ အပြန်အလှန်ပြောဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဪ . . . ခက်တာပဲ၊ ဒီခေတ်မှာ ဖုန်းနဲ့ အီစီကလီလုပ်တာမျိုး၊ Net သုံးပြီး Chatting ထိုင်တာမျိုးက အထူးအဆန်းမှ မဟုတ်တော့တာကွ၊ လေထဲလွင့်နေတဲ့ အရာတွေကို ဖမ်းဆုပ်ဖို့ စိတ်ကူးမယဉ်ချင်ပါနဲ့လား"

"ဒါဖြင့် . . . ယုရင်ဘတ်ထဲက လိုက်ခုန်ခြင်းကို ဥပေက္ခာပြုထားရမယ်လို့ ပိုင်ဆိုလိုချင်တာပေါ့လေ"

"မဟုတ်ပါဘူး"

"မဟုတ်ရင် ဘာသဘောလဲ၊ ယုဘက်က အရှင်းဆုံး ရင်ဖွင့်ပြနေတာ ပိုင့်ဆီကအကြံဉာဏ် လိုချင်လို့ပါ၊ ဒီလိုပြောတာတော့ မကောင်းပါဘူး"

ပြဿနာပါပဲလား။ ပဋိပက္ခနဲ့စရင်ဖြင့် သူနဲ့ယုကြားမှာ အခု အဆထစ်တွေ ရှိလာနိုင်တာလေ။ အကြံဉာဏ်တဲ့၊ ဟုတ်သားပဲ ယုမှာ ရင်ဖွင့်စရာဆိုလို့ သူတစ်ဦးတည်းသာ ရှိတာမဟုတ်ပါလား။ အပေါင်းအသင်းတွေထားပေမယ့် အတွင်းရေးမှန်သမျှအားလုံးကို တိုင်ပင်ရင်ဖြင့် သူသာလျှင်ကြားခွင့် ဖလှယ်ခွင့် တိုင်ပင်ခွင့် ရှိနေတာပါလေ။

"များနေပြီ . . . ယုအဓိပ္ပာယ်ကောက်လွဲသွားတာပါ"

"ယု နားလည်ပါတယ်၊ ယုတို့နှစ်ယောက်က ငယ်စဉ်ကတည်းက အတူရှိခဲ့တာမို့ ယုဘက်က အပြောင်းအလဲဖြစ်လာရင် ပိုင်နဲ့ အနည်းအများ စိတ်အခန့်မသင့်ရှိမယ်ဆိုတာပါ"

"ဒါကြောင့် ညဘက် message မရောက်တော့တာကိုး"



"ပြောတော့ စိတ်မဆိုးဘူးဆို"

"စိတ်မကောင်းဖြစ်တာပါ၊ စိတ်မကောင်းဖြစ်တာနဲ့ စိတ်ဆိုးတာ မတူမှန်း ယုသိမှာပါ"

"ပိုင်ကလည်းလေ"

လက်မောင်းကို မှီတွယ်လိုက်လေ၏။ ရုန်းလိုက်ချင်သော်ငြား ရုန်းဖယ်မိ။ တော်ကြာ ယုနာကျသွားရင် အခက်ပါပဲ။ သူက လူတစ်ဖက်သားကို ခပ်မာမာတုံ့ပြန်တတ်ပေမယ့် ယုကဖြင့် ချွင်းချက်မဟုတ်သား။ သူချစ်သောယုကို အစဉ် ပြုံးပျော်ကြည်နူးစေချင်တာ အမှန်ပါလေ။

"ကိုယ်အကြံပြုတော့ ယုက လက်သင့်ခံဦးမှကိုး"

"စဉ်းစားမှာပေါ့ ပိုင်ရဲ့"

"အဲဒါဆို . . . ဘာလို့များ အကြံလာတောင်းနေသေးလဲ"

"မဟုတ်ဘူးလေ . . . ပိုင်ပဲ ပြောကြည့်ပါဦး"

သက်ပြင်းကို ခပ်ရှည်ရှည်ရှိုက်ထုတ်လိုက်ပါ၏။ ယောကျ်ားလေးဘက်က မစရသေးမီ မိန်းကလေးဘက်က လှုပ်ခတ်နေတာက သိပ်မှသဘာဝမကျတာလေ။ သို့သော် သူချစ်သောယုကိုဖြင့် အပြစ်တင်ရက်ပါ။ ချစ်ရင် ခွင့်လွှတ်တတ်ဖို့က အလိုလို တတ်မြောက်ထားသင့်တာ မဟုတ်လား။

"ပြောလေ . . . ယု ဘာလုပ်ရမလဲ"

"၃-ရက်လောက် မဆက်သွယ်ဘဲနေလိုက်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်ဖြစ်ပါ့မလဲ၊ ယုတို့ ညကိုင်း ဖုန်းမခံက်ဖြ
ရင်တောင်မှ ဖုန်းမဆက်ဖြစ်ရင်တောင်မှ အပြန်အလှန် messag
ပို့တာ အကျင့်ဖြစ်နေပြီ ပိုင်၊ ဒါကို ဖျက်လို့ ဘယ်ရပါ့မလဲ"

ခက်ပါရောလား။ အကြံလာတောင်းပြီး ဘာအကြံမှ မပေး
သေးတာတောင်မှ ယုက ဟိုလူ့ဘက်ကို (90%) ကျော် ပါနေလေပြီ
ရင်မောရပါလား ယုရယ်။ ဒါနဲ့များ ကိုယ့်အပေါ်မှာ သံယောဇဉ်ရှိတယ်
ဆိုပြီး ညာထားရတယ်လို့။ သူငယ်ချင်းဆိုတဲ့ ကြိုးရဲ့နိုင်မြဲမှုကို လျှော့
တွက်လို့ချည်လားကွယ်။

"ဒါဆိုလည်း ယုသဘောပဲလေ၊ ကိုယ်က ယုကို ပိုင်တဲ့လူ
မဟုတ်ဘဲ"

"ပိုင်"

စကားပိုင်းက တိတ်ဆိတ်သွားပါ၏။ အေးစက်စက်အကြည့်
ကို ဖယ်ရှားကာ ငွေစာရင်းပြန်စစ်စဉ် သူကျောမှ သိုင်းဖက်ခြင်းကို
ခံလိုက်ရလေသည်။ ကိုယ့်ကို မပြုစားပါနဲ့လား ယုရယ်။



# အခန်း (၁၄)

"တုံတုံ" မြည်သံကြောင့် ဖုန်းထဲကို message ဝင်လာမှန်း
သိလိုက်ပါ၏။ ဖတ်လက်စစာအုပ်ကို လက်ဖြင့်ညှပ်ကိုင်လျက် ဖုန်းကို
လှမ်းယူလိုက်ပါ၏။ အနီရဲရဲ cover အုပ်ထားသည်က ယုဖုန်းမဟုတ်
ပါလား။

"What are you doing?"

နှုတ်ခမ်းကိုမဲ့လိုက်မိ၏။ အရည်မရ အဖတ်မရတွေရေး၀ ကို
များ ရေးကြီးခွင်ကျယ်လုပ်လို့။ ဒါမျိုးရေးတာကိုပဲ ယုက ရင်ခုန်ရသတဲ့
လား။ မကျေနပ်နိုင်ပါ။ အထူးသဖြင့် သူနှင့် ညစဉ်စကားပြောနေကျ
အချိန်ကို ဒင်းက လုယူသွားတာကို။

"Are you sleeping now?"

အမှန်က ည (၁၁) နာရီဆို ယုအိပ်ပျော်နေကျထုံးစံပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဒီကောင်မသိဘဲ စာတွေပို့နေရသလား။ သူက အိပ်ပြီဆို ဖုန်း လုံးဝပိတ်လိုက်ပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်လေ့ရှိသူပါ။ အချိန်မတော် တကွမ်ကွမ်လာသည့် ဖုန်းသံက အနှောင့်အယှက်ဖြစ်စေတာ မဟုတ်ပါ လား။

"Busy"

စာပြန်ပို့လိုက်ပြီး စာအုပ်ကို ဖွင့်လိုက်စဉ် အသံထပ်မြည်လာ ပြန်လေ၏။ သုံးရက်လုံးလုံး ပိတ်ထားပြီး ဒီညလေးပဲ ဖွင့်ရပါတယ် ဖတ်လမ်းက စပြီလေ။ ယုတို့ ညီမြ ဘယ်လောက်လုပ်ထားမှန်းမ မသိ။ အလုပ်ဝင်နေတာတောင်မှ ညဘက် အချိန်အတော်အားနေ ပါလားနော်။

"Your phone was closed about three days. Why? What happen?"

"Battery Charging is downing"

"Is it ok, now?"

"Yes!"

"I miss you, Yu"

လက်က တွန့်ခနဲဖြစ်သွားရပါ၏။ လာပါပြီ စီကာပတ်ကုံး စာသားတွေ။ ငါနော် ဆန့်ကျင်ဘက်တွေချည်း ရိုက်ပို့လိုက်ရ မကောင်း ပါဘူး။ တော်ကြာ ယု ဒီဖုန်းပြန်ယူရင် သူရှာထားတဲ့ပြဿနာကို သူပဲ ပြန်ရှင်းနေရမှာလေ။ ပြဿနာပဲ၊ အချစ်တွေ အသက်တွေသာ





ပါလာရင် ကျိုင်ပါပဲလား ပိုင်။

"And you?"

ထင်သားပဲ။ ဒါမျိုးတွေလာတော့မယ်ဆိုတာ။ အလကားနေရာ ပိုင့်သူငယ်ချင်းကို စိတ်ဝင်စားပြီး လာကျူနေမှန်း သိနေပါ၏။ တခြား ကောင်မလေးတွေကိုပဲ ကြိုက်ပါလား။ ဘာလို့များ သူ့ရဲ့ယုကိုမှ လုံးဝ ပြီးကြိုက်ရတာပါလိမ့်။ စိတ်တိုလိုက်တာနော်။ ယုနဲ့ပတ်သက်ပြီး ပြဿနာ အကြီးအကျယ်ရှိခဲ့ဖူးတာမို့ ပိုင့်ကို ကိုကိုက သတိပေးထား တာမို့ နောက်ထပ်ပြဿနာ မဖြစ်အောင် နေခဲ့ရတာပါ။

ဒီလိုမှ မဟုတ်ဘဲ ပိုင်သာ ကိစ္စအကြီးကြီးဖြစ်လာရင် ဒီ တစ်သက် ယုနဲ့ဝေးရတော့မှာအမှန်ပါလေ။ အဲဒီတုန်းကလို မျက်ရည် စက်လက်နဲ့ ကတိပေးပြီး ဆက်ပေါင်းရတော့မှာမှ မဟုတ်တော့ပါ။ အရမ်းခင် အရမ်းချစ် အရမ်းတွယ်တာခဲ့ရတဲ့ယုကို အပြစ်တစ်စက်မှ မမြင်ဘဲ မျက်စိစုံမှိတ်ယုံတဲ့ ပိုင့်လိုလူမျိုး ဒီကမ္ဘာမှာ ထပ်ရှိပါဦးမလား။

"Why are you answer me"

"Sleep time. Don't you know?"

"Yes, I know. But I want to tell you many speach"

ရှုးပါ။ ဒီလောက်စာတွေ တစ်ပြုံကြီးရိုက်တာတောင် ပြော စရာ ကျန်သေးသလား။ နည်းနည်းပါးပါး လူမှုရေးလောက်တော့ နားလည်သင့်တာပေါ့။ တကယ့်လူခွစာပါပဲလား။ အိပ်ချိန်ကြေရင် သဘောပေါက်သင့်တာပေါ့။ အတော်ညံ့ဖျင်းတဲ့ကောင်ပါလားနော်။



www.burmeseclassic.com

www.burmeseclassic.com



"Will you meet me this sunday?"

ဟား ... အလာကြီးပါလား။ ယုကတော့ ခင်းကို ညှိမြှုလုပ်နေလို့ပဲလားနော်။ မနာလိုတာမဟုတ်ပေမယ့် အမြင်ကပ်တာတော့ အမှန်ပါပဲ။ အချိန်ဘယ်လောက်မှမကြာပါဘဲ ယုကိုချစ်တယ်ဆိုတဲ့ စကားက ယုံနိုင်စရာမှမရှိတာလေ။ ဆုံချင်တယ်ဆိုပဲ။ အထာပေးရအောင် ငါက ယုမဟုတ်ဘူး မိုးသားဖြူရေ။

"No"

"Why?"

"I haven't time"

"I don't believe"

"Really. I'll dating my boy friend, Paing"

ကဲ မှတ်ကရောပဲ။ ခဏမျှ message သံပျောက်သွားလေ၏။ Handset ကို မှောက်ထားလိုက်ပြီး ကိုယ်ခန္ဓာကို ခေါင်းအုံးထက် လှော်ချလှဲလိုက်ပါသည်။ ဒီမှာ စုံထောက်အတတ်လင်း ဖတ်ရှုံနေတာကနေ ပါတယ်ဆိုမှ ခင်းက နှောင့်ယှက်ရတယ်လို့။

"ဟာ ... ကျစ်"

ဖွဲကမလျှော့ပါလား။ အသံထပ်ထွက်လာတာမို့ ခန္ဓာကိုယ်ကို မှောက်လျက်သားဖြင့် ဖုန်းကို ယူကြည့်လိုက်ပါ၏။ ဒီတစ်ခါဖြင့် English လိုမပို့ဘဲ Myanmar font ဖြင့် ရိုက်ပို့တော့တာလေ။ ဖွဲက မသေးပါလား မိုးသားဖြူ။



"သူနဲ့ သူငယ်ချင်းပဲ မဟုတ်လား"

အလည် အလည်၊ ဒါက စကားအစ်တာပေါ့လေ။ ရမယ် မထင်ပါနဲ့ကွ။ ယုဆိုတာ ငါ့ရဲ့ကျောကပ်ပြီးမွေးလာတဲ့ အမွှာလို ခွဲမရအောင် နှောင်တွယ်ထားတဲ့ လူနှစ်ယောက်ပါ။ ဒီလို နှစ်ဦးကိုခွဲဖို့ လွယ်မယ်လို့များ ထင်နေသလား။ သေတော့မှာပဲ။ စာဖတ်ရင် အစ အဆုံးဖတ်ရမှာလေ။ ဒီလိုမှမဟုတ်ဘဲ ဖတ်လိုက် ချထားလိုက်လုပ်တာ မျိုးက စာရေးသူကို မလေးစားရာရောက်သလိုမို့ စာမျက်နှာကိုမှတ်ပြီး စာအုပ်ကို ပိတ်လိုက်ရတော့၏။

ခင်းက special ကို အနှောင့်အယှက်ပေးနေတော့တာကိုး။ ပြိုင်လာရင် ပိုင်တို့က အေးဆေးပါ မိုးသားဖြူ။ ကိုယ့်ပြိုင်ဘက်ကို အထင်မကြီးသလို လျှော့လည်းမတွက်ထားပါဘူး။ ဒါပေမဲ့ တရားမျှတတဲ့နည်းလမ်းမျိုး ကျင့်သုံးဖို့တော့လိုပါမယ်။

"ငယ်သူငယ်ချင်းဆိုတာ ကိုယ်သိတယ်"

"Yes, But mort than friend"

"အိမ်နီးချင်းသူငယ်ချင်းနဲ့ date စရာမှမလိုတာ။ ကိုယ့်ကို မညာပါနဲ့ ယု"

"I don't lie. I want to sleep. Don't send to message to me, please! Bye!"

အောက်နှုတ်ခမ်းကို သွားဖြင့် အသာကိုက်လျက် ကြိတ်ပြုံးလိုက်ပါ၏။ ရုတ်တရက် ပိုင့်ဖုန်းက ထမြည်တာမို့ လန့်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အလို ဒီကောင် ယုဆီဆက်သွယ်နေပြီး ဘာကြောင့် သူ့ဆီကို ဆက်ရ ပြန်ပါသလဲ။ ခင်းတော့ ဉာဏ်အများသားပါလား။

"ပြော"

"အိပ်နေပြီလား"

"ဘယ်အချိန်ရှိနေပြီလဲ၊ နားလည်မှုပေါ့ကွ"

"မေးစရာရှိလို့ပါ ပိုင်ရ"

"မင်းမေးတိုင်း ဖြေရအောင်၊ ငါက အားနေတာ မဟုတ်ဘူး မိုးသားဖြူရ။ အလုပ်ကိစ္စမဟုတ်ဘဲ ငါ့ကို မဆက်သွယ်ပါနဲ့၊ ဒါပဲ"

"Wait ခဏလေးနေပါဦး"

"ကျစ် . . . ဘာလဲကွာ၊ မင်း အတော်နှောင့်ယှက်တာပဲ"

"ယုနဲ့မင်းက ဘာလဲ၊ သူငယ်ချင်းပဲ မဟုတ်လား"

"အဲဒါ . . . မင်းနဲ့ဘာဆိုင်လဲ၊ မဆိုင်ဘဲ ဝင်မရှုပ်ချင်နဲ့ မိုးသားဖြူ၊ ငါ့လက်က အကြောင်းသုံးပါး မရွေးမှန်း မင်းသိပြီးသားပါ မမေ့နဲ့"

"မင်းကလည်း ဒါလေးမေးမိတာကို"

"ဒါလေးကမလားကွ၊ ဒါကြီးလောက်ဖြစ်နေတာ၊ ငါ့ယုကို မင်းမျက်လုံးနဲ့တောင် မကြည့်မိစေနဲ့"

"အားပါး . . . ခြိမ်းခြောက်လှချည်လားကွ"

"ငါ အပိုမပြောဘူးမိုးသားဖြူ၊ နောက်မှ ဘာညာဆိုပြီး မိန်းမလို မိန်းမရစိတ်နဲ့ ငါ့အစ်ကိုနားရောက်အောင် ချွန်ပစ်မယ်မကြံနဲ့





အလုပ်ကိစ္စရှိလို့ မင်းကို အလျှော့ပေးထားတာ။ နောက်ထပ် ဒီလိုမျိုး လျှော့ပေးလိမ့်မယ် မထင်လေနဲ့"

"မဟုတ်ရပါဘူး"

ဘူးခံငြင်းမနေနဲ့ မိုးသားဖြူ။ ငါက စီးပွားရေးလုပ်နေတာ ကြာပါပြီ။ ဘယ်လိုပြောပြီး ဘယ်လိုခြေလှမ်းရွှေ့မယ်ဆိုတာကို ကြို မြင်တတ်ပါတယ်။ ဒါမှ မမြင်တတ်ရင် လောကကြီးမှာ ဘယ်လိုများ ရပ်တည်လို့ရပါ့မလား။

ဒေါသကို ထိန်းချုပ်ပြီး သက်ပြင်းချမိပါ၏။ ကိုကိုက ပိုင့်ကို သတိအခါခါပေးတဲ့စကားမျိုးက ခဏခဏမဟုတ်ပါ။ တစ်ကြိမ်ပြောရုံ နဲ့ တစ်သက်တာ မှတ်မိဖို့က အရေးအကြီးဆုံးဆိုတာ ပိုင်နားလည်ထား ပါသည်။ အထူးသဖြင့် မိုးသားဖြူ၏ဖခင်ကို အလေးထားပြီးသားဖြစ်သူ့ ကိုပါ အရေးတယူပြုရမှာပါ။

သို့သော် အဲဒီကောင်က ယုကို ပိုင့်ဆီက လုဖို့ ချစ်ဖို့ ပြင် နေမှန်း အသိသာကြီး မဟုတ်ပါလား။ ရင်ထဲမှာ အောင့်ပြီး နာကျင် နေရတာ ဘာကြောင့်ပါလဲ။ တကယ်ဆို ယုက ပိုင့်ထက် အရင် အိမ်ထောင်ပြုမယ်မှန်း ကြိုသိပြီးထားတာပါလေ။ မိန်းကလေးဖြစ်တဲ့ ယုကိုယ်တိုင်က ဟိုတစ်ဖက်ကို ယိုင်လဲချင်သည့်အတွက် စိတ်ထဲမှာ မျက်နေတာ အမှန်ပါပဲ။

"ယုပြောတာကို ငါက အတည်ပြုချင်လို့ မင်းကိုမေးရတာပါ"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ယုက ပိုင်နဲ့သူငယ်ချင်းဆိုတာကို ဖွင့်ပြောလိုက်လို့များလား။ မဖြစ်နိုင်တာ။ ယု ဘာပဲလုပ်လုပ် သူ့ကို အရင်အသိပေးဖို့ ကတိပေးထားပြီးသားပါလေ။ ဒါနဲ့များတောင် ဒီလိုဆက်ပြောရပါ့သလား။ သူငယ်ချင်းထက် ပိုတယ်ဆိုတဲ့ စကားလုံးရဲ့အနက်အဓိပ္ပာယ် ကို မိုးသားဖြူ နားမလည်ဘူးထင်ပါရဲ့။

"ခုနပဲ ငါ့ကို message ပို့ပြီး ဖုန်းပိတ်လိုက်တယ် ပိုင်"

"ယုက ည (၁၀) ခွဲဆို အိပ်ပြီကွ၊ လာမရှိုးနေနဲ့"

"ရော် ... တကယ်ပြောတာပါ"

ပြုံးလိုက်မိပါ၏။ ဖုန်းနှစ်လုံးစလုံးကိုင်ပြီး message ပို့တဲ့လုပ်ကွက်ကိုသာ ခင်းသိရင် ပက်သက်လန်ဖို့ပဲရှိတော့တာပါလေ။ ရှေ့ဆက် နှောင့်ယှက်ပြုဦးမလား မိုးသားဖြူ။ ယုအပေါ်မှာ မေတ္တာစစ်နဲ့ ချစ်မချစ်ဆိုတာကိုတော့ ဆန်းစစ်ကြည့်ဖို့လိုမှာပေ။ ကြည့်ကြသေးတာပေါ့လေ။

"ဒီမှာ ... အရှည်မရ အဖတ်မရတွေ ဆက်ပြောနေဦးမယ်ဆို ငါ ဖုန်းပိတ်တော့မယ်"

"နေဦးလေ ... ငါမေးထားတာ မင်းမဖြေသေးဘူး"

အံမာ၊ ကြီးကျယ်ပါ့။ ခင်းမေးသမျှကို ပိုင်ကပဲဖြေရမှာတဲ့လား။ ဝေးစွ မိုးသားဖြူ။ ယုကို မင်းနဲ့ငါက အပြိုင်လုကြတာပေါ့ကွာ။ ဒီကိစ္စ ကိုကိုသာသိရင် ပိုင်တော့ အထုခံရမှာ အသေအချာပါပဲ။ ထားပါတော့။ သမီးရည်းစား case က လူငယ်တွေရဲ့ လျှို့ဝှက်ချက်မို့





မင်းနဲ့ငါပဲ ဖြေရှင်းရုံပေါ့လေ။

"ယုက ငါ့ရဲ့ချစ်သူကွ"

"ဘယ်လို မဟုတ်တာမပြောနဲ့ ပိုင်။ မင်းတို့ ငယ်သူငယ်ချင်းဆိုတာ ငါသိပြီးသားကွ"

"ဟ ... ငါတို့ကိစ္စကို မင်း ဝင်မစွက်ဖက်ချင်စမ်းပါနဲ့ကွာ။ အေးဆေး နေစမ်းပါကွ"

"ငါ လုံးဝမယုံဘူး"

"အဲဒါ ... မင်းဘက်ကပဲလေ၊ ငါက အနေသာချည်းပဲ"

"အေးပါ ... လွတ်လပ်တဲ့မိန်းကလေးကို ဘယ်ယောက်ျားလေးမဆို လှုပ်ရှားခွင့်ရှိကြတာပဲ၊ မင်းနဲ့ငါ တရားသောနည်းနဲ့ ယှဉ်ကြတာပေါ့ ပိုင်"

"ဘာ"

"ဟာ ... တောက်"

ကြည့်စမ်း .. အနိုင်ပိုင်းသွားတာပါလား။ လူ့ကို challenge လုပ်ပြီး ခင်းက ဖုန်းကို ပိတ်ပစ်လိုက်တာလေ။ ဒေါသတွေ ဆူပွက်လာပြီး လူက ချွေးပြန်လာသလို နှလုံးခုန်သံက အတော့်ကို မြန်လာလေ၏။ ငါနော် လူ့ကို နေမထိ ထိုင်မသာဖြစ်အောင် လုပ်ရတယ်လို့။

ကောင်းပြီ မိုးသားဖြူ။ စိန်ခေါ်ရင် ပိုင်ဆိုတဲ့ငါက ဘွာခတ်တတ်တဲ့ကောင်မှမဟုတ်ဘဲ၊ မင်းနဲ့ယုကြားမှာ ငါက ဓားတစ်လက်လိုပဲ ရှိနေမှာပါ။ ကြိုးစားကြည့်လိုက်စမ်းပါဦး။ ယုလို ဘဝကို ပေါ့ပျက်ပျက်

www.burmeseclassic.com



နေတတ်တဲ့ မိန်းကလေးနဲ့ ဘယ်နှလများ မင်းရေရှည်တွဲနိုင်မလဲ။

တစ်သက်တာ လက်တွဲဖို့ရည်ရွယ်ထားရင်ဖြင့် ယုအတွက် သည်းခံခွင့်လွှတ်ပြီး အလိုလိုက်သွားရမှာ အမှန်ပါလေ။ ဘာကိုမဆို နက်နက်နဲနဲ စိတ်မနှစ်တဲ့ အလေးအနက်မထား ပေါ့ပေါ့တွေးပြီး လုပ်ဆောင်လေ့ရှိတဲ့အကျင့်ကို ဘယ်လိုဖျောက်ပေးလို့ရပါ့မလဲ။

ပိုင်ကသာ သူငယ်ချင်းဆိုသည့်အသိနှင့် ရစ်တွယ်ခဲ့တဲ့ သံယောဇဉ်ကြောင့် မျက်စိစုံမှိတ်ပြီး ခွင့်လွှတ်တတ်ခဲ့တာပါလေ။ အချစ်ဆိုတာ မျက်ရခြင်းမျိုးမှ မဟုတ်ဘဲ။ မင်းရဲ့သည်းခံစိတ်ကို စောင့်ကြည့်ရမှာပဲ မိုးသားဖြူ။ ယုအပေါ် အပျော်သဘောမျိုးထားပြီး ငါ့ကိုနိုင်ချင်တဲ့ စိတ်ရှိရင်ဖြင့် မင်းက ငါ့ရဲ့ရန်ဘက်ဖြစ်မှာ အသေအချာပါပဲ။

## အခန်း (၁၅)

အိပ်ရာမှထစဉ် ခေါင်းထဲနောက်ကျိနေပါ၏။ နာရီက သူ့ကို အတော်နောက်ကျပြီးမှ နှိုးထစေသည်ပဲ။ ကိုကိုသာသိရင် ပြဿနာ။ ရေချိုး အဝတ်အစားလဲပြီး အောက်ထပ်သို့ အမြန်ဆင်းလာခဲ့၏။ ကိုကိုပင် ကုမ္ပဏီသွားဖို့ ready ဖြစ်နေလေပြီ။

"ကိုကိုသွားတော့မှာလား"

"အင်း"

နှုတ်ဆက်တာကို ခပ်တိုးတိုးပြန်ဖြေရင်း ဖျတ်ခနဲ အကြည့် အဆုံမှာ ကိုကို့မျက်မှောင်ကြုတ်သွားလေ၏။ သူက မျက်နှာလွှဲကာ ထမင်းစားခန်းထဲ ဝင်လိုက်ပါသည်။ အန်တီလေးပြင်ထားပေးသည့် ခေါက်ဆွဲပြုတ်အနံ့က မွှေးသော်ငြား ရင်ထဲ ပျို့တက်လာမှုကို မထိန်း ချုပ်နိုင်ပေ။

www.burmeseclassic.com



"အွတ်"

"ဟဲ့ . . . ဘာဖြစ်ရပြန်တာလဲ"

"ဘာမှ . . . အွတ်"

ဘယ်လိုမှ ဟန်မဆောင်နိုင်တာမို့ အောက်ထပ်သန့်စင်ခန်းကို အပြေးဝင်ရလေ၏။ ထိုးအံချလိုက်ပေမယ့် ဘာအစာမှမအန်ဘဲ လေချဉ်တွေသာ တဝွပ်ဝွပ် တက်လာလေသည်။ ရင်ဘတ်ဆီမှ အောင့်သက်ခြင်းက ဝေဒနာကို ပိုဆွနေသည့်နှယ်ပါ။

"ပိုင်"

တံခါးမပိတ်ထားတာမို့ အဝမှာလာရပ်လိုက်သည့် ကိုကို့ကို လှမ်းမြင်ရလေ၏။ နဖူးထက်မှ ချွေးစေးတို့ သီးလာခြင်းနှင့်အတူ အသက်ရှူရတာ မဝသည့်နှယ်ပါ။ မောလိုက်တာ မပြောပါနှင့်။ ခေါင်းကို ရေလောင်းချိုးထားပါလျက် မကြည်လင်ရတာ ဘာကြောင့်များပါလဲ။

"အန်တီလေး ဒေါက်တာ ဝင့်သီကိုကို ဖုန်းဆက်ခေါ်ပေးပါ"

"အေးအေး . . . သားကြီး"

ကျောကိုပါလာဖိပေးလေ၏။ မခေါ်နဲ့ဟု တားချင်သော်ငြားပြောမထွက်ပါချေ။ ဒီညီလေးရဲ့ ကျန်းမာရေးကို ယခုထိတိုင် ဂရုစိုက်ပေးနေသည့် ကိုကို့စေတနာကြောင့် မျက်ရည်က ချက်ချင်းဝဲလာလေ၏။ ပိုင် ရင်မောနေတာ ကိုကိုမှမမြင်နိုင်တာလေ။

"ကျစ် . . . ဒီလောက်အတန်တန်ပြောထားလျက်နဲ့ ခေါင်းက





လျှော်ပြန်ပြီ။ ခြောက်အောင်လည်းမသုတ်ဘူး ပိုင်ကတော့ကွာ"

"ခြောက်ပါတယ်"

"ဒါ . . . ခြောက်တာလား။ ဒီလောက်စိုရွှဲနေတာ ပိုင်က သိပ်ခေါင်းမာတာပဲ၊ ပြောရကျပ်ပို့"

ဆံပင်ကို ထိုးဖွပြီးပြောတာမို့ စောဒကမတက်ဝံ့တော့။ သက်ပြင်းကို ရှိုက်လိုက်ပြီး ပါးလုပ်ကျင်းတာကို လုပ်လိုက်ပါ၏။ ရင်ထဲမှာဟာပြီး အောင့်သလို နာသလို တစ်မျိုးကြီးပါပဲ။ ခြေဖျားလက်ဖျားတွေအေးစက်နေတာကို ရေချိုးပြီးခါစမို့ဟု ထင်ထားပေမယ့် ခန္ဓာကိုယ်က မဟန်တော့တာကို ကျန်းမာရေးဒေါင်ဒေါင်မြည်တဲ့လူလိုသာ ဖြစ်ချင်ပါ၏။

"ရေအကြာကြီးမကိုင်နေနဲ့လေ"

မျက်နှာနှင့်လည်ပင်းကို ရေထပ်ဆေးလိုက်စဉ် ကိုကို သတိပေးပြန်လေ၏။ အလုပ်သွားမည့်အစ်ကိုကို စိတ်အနှောင့်အယှက်ဖြစ်စေပြီလား။ ဒီပုံနဲ့ ပိုင့်ကိုလည်း ဆိုင်သွားခိုင်းမည်မထင်ပါလေ။ ခက်တာပဲ။ ဒီနေ့ ဟိုကောင့်ဆီက လက်ကျန်ငွေယူဖို့ ဆိုင်မှာ ပိုင်ရှိနေရမှာလေ။

"ဆိုင်မသွားနဲ့တော့"

"မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ နေ့တိုင်းလည်း ရောင်းနေရတာမှမဟုတ်တာ၊ Order မှာရင်လည်း ဖုန်းငုံလက်ခံထားရင် ဖြစ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပွမနေနဲ့"

"ချိန်းထားတာရှိတယ် ကိုကိုရ"

"ဘယ်သူနဲ့ ဘာကိစ္စလဲ"

"မိုးသားဖြူနဲ့"

"ဘယ်လို"

"လက်ကျန်ငွေကိစ္စပါ"

"ကျစ် ... အဲဒါ နောက်ရက်မှ ချိန်းလည်းရတာပဲကို အရေး မကြီးဘူး"

"ကိုကို့အဲကောင်က ကတ်သတ်တယ်ဗျ။ ပိုင်နဲ့မတွေ့ရ အပြစ်က တင်ဦးမယ်"

"ကိစ္စမရှိဘူး။ ကိုကို ဖုန်းဆက်လိုက်မယ်"

စိတ်ရှုပ်လိုက်တာနော်။ ဒင်းက ပိုင့်ကို ပြဿနာပတ်ရှာ တာ မဟုတ်လား။ ကိုကို့ကို ယုနဲ့ပတ်သက်ပြီး တစ်ခုခုပြောလိုက် ပိုင်တော့ ခေါင်း ဆင်နင်းခံရမှာ အသေအချာပါ။ ကိုကို့နဲ့ဒင်း con- tact မဖြစ်စေချင်ပါလေ။ စကားဆိုတာ ပြောရင်းနဲ့ ကားတတ် သဘာဝမို့ မလိုလားအပ်သည့်ကိစ္စတွေ ဖြစ်လာမှာကို မလိုလားပါ

"ပိုင်ပဲ ဆက်ပါ့မယ်"

"လူက ဒီလောက်ဖြစ်နေတာ နားမှပေါ့"

Towel အသေးလေးပေးလျက် လက်မောင်းကိုတွဲခေါ် တာမို့ သန့်စင်ခန်းမှထွက်လိုက်ရပါ၏။ ခေါင်းထဲမှာ တစစ်စစ်ကိုက်





လာမှုက ပို၍ စိပ်လာလေသည်။ ပိုင်တော့ ဖျားပြီထင်ပါရဲ့။ ဘယ်လို ဖြစ်ပြီး ဒီနှစ်အစမှာမှ ကျန်းမာရေးက စဖောက်နေရပါသလဲ။

"အိပ်ခန်းထဲပြန်လှဲမလား"

"ဟင့်အင်း"

"အန်တီလေးရေ ... ပိုင့်အတွက် ကော်ဖီတစ်ခွက်လောက် ဖျော်ပေးပါ၊ ခေါက်ဆွဲစားလို့ မဖြစ်ဘူး။ ပြန်အန်မှာစိုးလို့"

"အေး အေး ... ဒေါက်တာထွက်လာပြီပြောတယ်"

ဧည့်ခန်းဆက်တီမှာ ပျော့ခွေစွာ ထိုင်လိုက်ပါ၏။ ကိုကိုက Aircon ကို လျှော့ဖွင့်လိုက်လေသည်။ ပြီးနောက် အန်တီလေးယူလာ ပေးသည့် Towel အကြီးဖြင့် ပိုင့်ခေါင်းကို ခပ်ဖွဖွလေးခြောက်အောင် သုတ်ပေးပြန်၏။ ပိုင်တော့ နေရင်းထိုင်ရင်း အလိုလို ကလေးပြန်ဖြစ် သွားသည့်နှယ်ပါ။

"ပေါ့ပေါ့ပါးပါး အဝတ်ပြန်လဲလိုက်၊ ချွေးစို့ရင် လဲဝတ်ဖို့ပါ တစ်စုံထပ်ယူလာပေးပါဦး အန်တီလေး။ အောက်ထပ်အခန်းမှာပဲ နားပါ စေတော့"

"မဟုတ်တာ ကိုကိုကလည်း"

"ဒီလောက်ပျော့ခွေနေတာ၊ အပေါ်မှာနေခိုင်းလို့ ဘယ်စိတ်ချ ပါ့မလဲ၊ အန်တီလေးလည်း ခဏခဏ တက်လိုက်ဆင်းလိုက် ဘယ် လုပ်နိုင်မှာလဲ၊ ပြောရင်နားထောင်မှပေါ့ ပိုင်"

"ကလေးမှမဟုတ်တာ ကိုကိုရာ"



www.burmeseclassic.com

www.burmeseclassic.com



“ကလေးမဟုတ်လို့ ပူနေရတာပေါ့။ ကလေးဆို တုတ်ပြီး ငြိမ်နိုင်းရင်ရတယ် . . . လျှာမရှည်နဲ့”

စိတ်ရှုပ်သည့်ကြားမှ သက်မရှိုက်မိပြန်လေ၏။ ကိုကိုက စကားများများပြောတတ်သူမှ မဟုတ်တာလေ။ ပိုင့်ကို စိုးရိမ်လို့သာ ဒီလောက်ထိ ဂရုစိုက်ပြီး ပြောနေတာ မဟုတ်ပါလား။ ဆံပင် ခြောက် မခြောက်ကို လက်ဖြင့်ကိုင်ကြည့်ပြီး စိတ်ချလေမှ ခေါင်းသုတ်ခြင်းကို ရပ်လေ၏။

အောက်ထပ်အိပ်ခန်းထဲမှာ အဝတ်ပြန်လဲနေစဉ် အိမ်ရှေ့မှ ကားရပ်သံကြားရလေသည်။ Family doctor ကြွလာပြီထင်ပါရဲ့။ ဖေဖေရှိစဉ်က ပါရဂူကြီးဒေါက်တာဘသက် (ဒေါက်တာ ဝင့်သိင်္ဂါ၏ ဖခင်) ကိုယ်တိုင် လာကုပေးတာပါ။ ပိုင်တို့လူငယ်တွေကိုဖြင့် လူငယ် ဆရာဝန်ပဲလာကုသပေးလေသည်။

“ဘာဖြစ်ပြန်ပြီလဲ”

“ပိုင်ရယ်လေ . . . ခြေလျှော လက်ဖျားတွေအေးပြီး အန်လို့”

“ဒေါက်တာ့ patient က စောစောစီးစီး ခေါင်းရေမလောင်း နဲ့ပြောလည်း ရမှမရတာ”

“ဟုတ်ပါ့ရှင် . . . ခေါင်းက သံမဏိကိုး”

အကျီကြယ်သီးတပ်ရင်းမှ နှာခေါင်းရှုံ့လိုက်မိပါ၏။ ပိုင်က ခုချိန်ထိ အိမ်မှာ ကလေးပါပဲလား။ ဘယ်လိုပဲ အလုပ်လုပ်ပြီး လူကြီးလိုပဲနေပြပြ ကိုကိုတို့မျက်စိထဲမှာ တစ်သက်လုံး ကလေးဟု





မြင်နေကြတုန်း မဟုတ်ပါလား။

“ပိုင်ရော”

“အောက်ထပ်မှာပါ ဒေါက်တာ”

“ဒေါက် ဒေါက်”

“ပိုင်”

“ဝင်ခဲ့ပါ”

ပိုင်အသံလှမ်းပြုလိုက်မှသာ အခန်းတံခါးပွင့်လေ၏။ ခုတင်ပေါ်က် ထိုင်နေတာမို့ အခြေအနေ မဆိုးမှန်းသိမှာပါလေ။ ကိုကိုရော အခန်းတီလေးပါ ဒေါက်တာနှင့် ပါလာတာမို့ မျက်နှာပူမိ၏။ ပိုင့်ကို စိုးရိမ်ရတာနှင့် ကုမ္ပဏီတောင် မသွားသေးပါလားကိုကိုရယ်။

“လှဲလိုက်ပါ ပိုင်”

အိပ်ရာထက် လှဲလိုက်စဉ် ချိုင်းကြားမှာ Thermometre ညှပ်လိုက်လေ၏။ အေးစက်စက်နားကြပ်က ပိုင့်ရင်ဘတ်ထက် ရောက်လာလေသည်။ ရင်တွေမောနေတာကို ဒေါက်တာတော့ ရိပ်မိတော့မှာပါလား၊ ခက်ပါရဲ့။

“အစာမကြေတာလား”

“မနေ့က ညစာမစားဘဲ အိပ်တာပါ ဒေါက်တာ။ ခုနကလည်း ကွေကာအုတ်တစ်ခွက်ပဲ သောက်ထားတယ်”

“Heart beat မကြိုက်ဘူး။ အပေါ်ကိုတစ်ချက်ကြည့်လိုက်ပါ ပိုင်။ လျှာထုတ်ပြပါဦး”



www.burmeseclassic.com

www.burmeseclassic.com



နိုင်းသည့်အတိုင်း လုပ်ရလေ၏။ သိသားပဲ။ ခုတလော ညည အိပ်မပျော်တာ ကိုယ်တိုင်ပင် သိနေတာမဟုတ်လား။ ဘာဆေး သောက်ပြီး အိပ်မှရပ့ါမလဲ။ နဂိုကတည်းက သွေးအားနည်းလေ့ရှိတာမို့ တွေ့ကရာဆေးဆိုပြီး မသောက်ရဲပါလေ။ ပြီးတော့ ပိုင် ဘာစားစား ဘာသောက်သောက် အိမ်မှသိပြီးမှ စားရတာမျိုးလေ။

"မျက်ကွင်းတော်တော်ညိုနေတာပဲ။ ညအိပ်မပျော်ဘူးလား ဟုတ်လား"

ငြိမ်နေမိ၏။ ဝန်ခံရမှာခက်ပါရဲ့။ ကိုကို့မျက်နှာမှာ ပူပန်ရိပ်က အထင်းသားပါပဲ။ ရှားရှားပါးပါးညီကလေးရဲ့ ချူချူချာချာ ကျန်းမာရေး ကို အမြဲစောင့်ကြည့်ပေးနေပါလျက် ဒီလို မကြာခဏ ဖြစ်တတ်ရတယ် လို့။ ပိုင်တစ်ခုခုဖြစ်တိုင်း ဖေဖေ့ကို မျက်နှာပူသည်ဟု ကိုကို ရေရွတ် လေ့ရှိတာမို့ အဲဒီအခါ ပိုင်ပါ မျက်ရည်ဖြိုင်ဖြိုင်ကျလာရတော့တာပဲ။

"စိုးရိမ်ရလား ဒေါက်တာ"

"Stress တအားများနေပုံပဲ ကိုဘုန်းမြင့်နိုင်။ ဘာစိတ်ညစ် စရာ၊ စိတ်ပူစရာတွေများ ရှိနေလဲ။ BP လည်းကျနေတယ်။ ဆေး သွင်းရမယ်"

"အာ . . . ဒီလောက်နာတဲ့ဟာ၊ ဆေးမသွင်းချင်ပါဘူး ကိုကို ပြောပေးပျာ"

"မလိုတဲ့သွင်းပ့ါမလား ပိုင်ရယ်၊ မဟုတ်တာ ဂျီကျမနေနဲ့"

"ကိုကို ကုမ္ပဏီမသွားသေးဘူးလား"





"ကုမ္ပဏီက ထွက်မပြေးဘူး၊ ပိုင်က ပိုအရေးကြီးတယ်၊ ကိုကိုသွားရင် အန်တီလေးနဲ့ဒေါက်တာ့ကို ပိုင် ဂျစ်တိုက်တော့မှာ ဟုတ်လား၊ သိပြီးသား"

မျက်နှာကိုရှုံ့တွလိုက်မိ၏။ ပိုင့်သွေးကြောတွေက သေးသေး မျှင်မျှင်နှင့် မှုန်မှုန်လေးမို့ Drip သွင်းတိုင်း အပ်အကြီးသုံး၍မရပါ။ ကလေးတွေကိုသာသုံးရသည့် Plus Syringe (လိပ်ပြာအပ်) ကိုသာ သုံးရပါသည်။ အပ်ပိစိလေးမို့ ဆေးသွင်းချိန် အရမ်းကြာလေ၏။

"အစ်ကိုကို ပထုတ်ချင်တယ်ပေ့ါလေ"

ဒေါက်တာက ဆေးသုံးမျိုးလောက်ကို ဆေးထိုးပြွန်ဖြင့် စုပ် နေရင်း ပြုံးလေ၏။ မိသားစုအကြောင်းသိထားပြီးသည့်ဆရာဝန်မို့ ပိုင် ညာလို့မရပါလေ။ စိတ်ညစ်လိုက်တာ။ နေမကောင်းတာမျိုး၊ သွေးပေါင်ကျတာမျိုးက ဘယ်လိုဖြစ်ပြီး ပိုင့်ဆီမှာပဲရှိနေရတာပါလိမ့်။ နှင်းကလေးဖြစ်တဲ့ ယုကဖြင့် ပိုင့်လိုမျိုး ရောဂါတစ်ခုမှ မရှိတဲ့ ကျန်းမာ ရေးကောင်းလိုက်တာ ဒေါင်ဒေါင်ကိုမြည်နေသလိုပါပဲလားလေ။ လောကကြီးက ပိုင့်အပေါ်ကိုပဲ ရက်စက်ရတယ်လို့။

"ဟဲလို"

ကိုကို ဖုန်းမြည်လာတာမို့ အခန်းပြင်ထွက်ပြီးပြောချေပြီ။ ကုမ္ပဏီက လှမ်းဆက်တာပဲဖြစ်မှာပေ့ါလေ။ ဘယ်လိုလဲ ပိုင်က ကိုကို့ ကို အနှောင့်အယှက်ဖြစ်ပြန်ပြီလား။ ကိုကိုအားကိုးရသည့်အယေ်မျိုး ဖြစ်ချင်တဲ့ဆန္ဒက အလုံးစုံမပြည့်ဝရတယ်လို့။ ကိုယ့်ကိုယ်ကိုပင် အား



www.burmeseclassic.com

မလို အားမရ ဖြစ်ရပါရောလားပိုင်ရယ်။

"အော ... မလာဖြစ်တာ။ သိပ်အရေးကြီးလို့ လက်မှတ်ထိုးကိစ္စ ရှိရင် အိမ်ကိုလာပို့ချေ။ ဘာမှမဖြစ်ပါဘူး။ အိမ်မှာ ပိုင်နေမကောင်းဖြစ်လို့ နားလိုက်တာ ... ဒါပဲ"

တွေ့လား။ ပိုင်က ယုအပေါ် သည်းညည်းခံရသည့်လူဖြစ်ပေမယ့် အိမ်မှာတော့ ဗိုလ်ဖြစ်ပြီး အခွင့်ထူးခံပုဂ္ဂိုလ်ပါလေ။ အငယ်နှင့် တင်းတင်းကျပ်ကျပ် ပြောဆိုကြသော်ငြား ပိုင်တစ်ခုခုဖြစ်သည်နှင့် ကိုကိုရော အန်တီလေးပါ ပျာကြတော့တာပါ မဟုတ်လား။

"နွားနို့သောက်ရမယ်၊ ကြက်ဥအကာကျက်ပြုတ်စားပါ၊ အိပ်မပျော်တဲ့အတွက် အိပ်ဆေးသောက်ပြီး အနားယူပါ ပိုင်"

ဆေးတစ်ရက်စာကိုတောင် တစ်ပြိုကြီးပေးသွားတဲ့အထဲ စားရမည့် အစားအသောက် Menu က ပိုင့်ကို ပျို့လာပြန်စေ၏။ ထိုဆေးထဲမှာ အိပ်ဆေးပါ၍ထင့် ပိုင့်မျက်ခွံတွေ တဖြည်းဖြည်း လေးလံကာ မေးစက်အိပ်ပျော်ချင်လာချေပြီ။



## အခန်း (၁၆)

စကားပြောသံသဲ့သဲ့မှကြားရစဉ် အိပ်နေရင်းမှ ဖျတ်ခနဲ နိုးသွားပါ၏။ ချွေးထွက်လာပြီမို့ အဝတ်လဲရတော့မှာလေ။ အန်တီလေးရော အနားမှာစောင့်မနေဘူးလား။ အာခေါင်တွေခြောက်ပြီး ရေသောက်ချင်စိတ်ကြောင့် ခုတင်ဘေးစားပွဲပေါ်ရှိ ရေဘူးကို လှမ်းယူစဉ် လက်က ဖန်ခွက်ကို တိုက်ချလိုက်သည့်နှယ် ဖြစ်သွားလေသည်။

'ခွမ်း'

တံခါးက ချပ်ခနဲပွင့်သွားပြီး ဝင်လာသည်က ထင်မထားသည့်လူမို့ စိတ်တိုသွားရပါသည်။ ဒင်းက ဘယ်လိုဖြစ်ပြီး အိမ်ကိုရောက်နေပါသလဲ။ လူက ခေါင်းခဲပြီး စိတ်ရှုပ်ရသည့်အထဲ လာနှောင့်ယှက်ရတယ်လို့၊ အနောက်မှပါလာသည့် အန်တီလေးက စိုးရိမ်တကြီးဖြင့်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ပိုင် . . . နိုးပြီလား"

"ရေသောက်ချင်လို့"

"အဲဒါ . . . အန်တီလေးကို အသံလှမ်းပေးမှပေါ့၊ လက်ရှ သွားပြီလား"

"ဟင့်အင်း"

"ခဏလေး ဖန်ခွက်သွားယူဦးမယ်"

ဩော် . . . ရေဆာလို့ပါဆိုမှ ဖန်ခွက်က အရေးလား။ အဲဒီ အန်တီလေးက မဟုတ်တာလုပ်ပြန်ပြီ။ ခုတင်ထက်ထိုင်ရန်ပြင်စဉ် မိုးသားဖြူက ပိုင့်လက်မောင်းကို ကိုင်လျက် ထူပေးလေ၏။ ဒီကောင် ရဲတင်းလှချည်လား။ ခွင့်မတောင်း ဘာမတောင်းနဲ့ လူကိုလာထိရတယ် လို့။

"ဘာလုပ်တာလဲ"

"ထူပေးတာလေ၊ ပိုင်ကလည်း ဒေါသချည်းပဲ"

"ဘာကိစ္စ ဒီမှာရှိနေရတာလဲ"

"လက်ကျန်ငွေ လာရှင်းပေးတာလေ"

"ဘာ"

"ပိုင့်ဖုန်းဆက်မှ ဖျားနေမှန်း သိလိုက်တာ။ အဲဒီလောက် တောင် ပျော့ရသလားကွ"

ကြည့်စမ်း။ လူကို တစ်တာစ်ခွခွဝေဖန်နေပြန်ပါပြီ။ ဘယ်လို ကောင်လဲ။ ရေဘူးကို ဆွဲမော့စဉ် ရေဘူးကို ကူကိုင်ပေးသလို ရေဖိတ်





မှာစိုးပြီး လက်ဝါးဖြင့် ခံပေးထားပြန်လေ၏။ ရော် ဒီကောင်တော့ ခက်တော့တာပါပဲလား။

လည်ပင်းမော့ကာ ရေသောက်နေတာကို ငေးခနဲကြည့်မိသွား ရပါ၏။ ဘယ်လိုလဲ၊ ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွားရတာလေ။ လည်ပင်းက သွယ်ပြီးရှင်းနေတာ အံ့သြစရာ။ ပြီးတော့ ပြီးတော့ ဒီကောင့်လည်ပင်းမှာ ကျွန်တော့်လိုမျိုးလည်စိကား ပေါ်ပေါ်ထင်ထင် မတွေ့ရပါလား။

နဖူးနှင့်နားထင်မှာ ချွေးတို့သီးခိုနေတာမို့ နွမ်းလျရိပ်က မြင် သနေပါ၏။ အိမ်နေရင်း ရုပ်အကျႌက ချွေးတို့စေးကပ်နေသည့်နှယ်ပါ။ လူမမာထံမှ ချွေးနံ့ခပ်ဆိုးဆိုးမရပါဘဲ နှာဝမှဝင်လာသည့် ရနံ့က အလိုလို မွှေးနေသည့်နှယ်လေ။ ဘုရားရေ ကျွန်တော့်စိတ်တွေ ဘာ ဖြစ်ကုန်ပါလိမ့်။

"ဘာကြည့်တာလဲ"

"အဲ . . . မဟုတ်ဘူး"

ရေဘူးအဖုံးကိုပိတ်ပေးရင် အကြည့်ကရောက်သွားပြန်၏။ နှုတ်ခမ်းဖျားမှာ ခိုသီးနေသည့်ရေစက်က ကျွန်တော့်စိတကို ပို၍ မရိုးမရွဖြစ်လာစေသလိုပါ။ မကြည်သလို မျက်ဝန်းကလည်း ဖျားနေ တာတောင် အားပါပြီး တောက်ပနေတုန်းပါပဲလား။

Tissue ဘူးထဲမှ စက္ကူယူပေးစဉ် သူက လက်ခုံဖြင့် နှုတ်ခမ်း ကို ခပ်ကြမ်းကြမ်း သုတ်လိုက်လေ၏။ ကျွန်တော် ဘာလုပ်မည်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကြိုသိနေသလိုပါပဲလား။ ဘယ်လိုလဲ ပိုင်၊ ငါ့စိတ်တွေ ပြောင်းဆန်လာအောင် မင်းဆီမှာ ဘယ်လို sense မျိုးရှိနေလို့ပါလဲ။

"ပိုင် ... နို့အရင်သောက်မလား အဝတ်အရင်လဲမှာထင်တယ်"

အန်တီလေးရောက်လာတာမို့ မိုးသားဖြူက ခုံမှထပေးလေ၏။ ဘယ်လိုလဲ၊ ဒီကောင် အပြင်ထွက်ဖို့ အစီအစဉ်မရှိဘူးလား။ ကိုယ့်ကိစ္စပြီးပြတ်ရင် အိမ်ပြန်တော့ပေါ့။ အလုပ်မရှိသလို အားအားလျားလျား အိမ်လျှောက်လည်ရတယ်လို့။

"မင်းမပြန်သေးဘူးလား"

"အစ်ကိုငွေရေနေတုန်းမို့ပါ"

"ဒါဆိုလည်း ကိုကို့နားနေပါလား၊ ဘာလို့ ဒီကိုရောက်လာရတာလဲ"

"ဖန်ခွက်ကွဲသံကြားလို့ စိတ်ပူလို့ပေါ့ ပိုင်ရဲ့"

"ထွက်သွား"

"ဘာရယ်"

"ထွက်သွားလို့ပြောတာလေ။ နားလေးနေလား"

"ဟယ် ... ပိုင်ကလည်း၊ ကိုယ့်ကိုလာကြည့်တဲ့ဧည့်သည်ကို ဒီလိုမောင်းထုတ်ရလား၊ သူ့ အဝတ်လဲ ရေပတ်တိုက်မှာမို့ သားကို ထွက်ပေးစေချင်တာပါ မိုးသားရဲ့"

"ဩော် ... ဟုတ်ကဲ့"





ကျွန်တော်ပြုံးလိုက်မိပါ၏။ ဘာဖြစ်လို့ပါလဲ။ တကယ်ဆို ကျွန်တော်က ကူပေးလို့ရတာပါလေ။ အခုတော့ လူကို အတင်းနှင်ထုတ်နေရတယ်လို့ အရှက်ကသည်းပါ့ပိုင်ရယ်။ တံခါးကိုဖွင့်ကာ ဧည့်ခန်းသို့ ပြန်ထွက်ခဲ့ပါ၏။

နေမကောင်းလို့ဆိုသည်နှင့် ကားကို ဒီအိမ်ဆီ အလိုလို ဦးတည်ခဲ့မိတာပါ၊ ဖုန်းကိုင်ကတည်းက ပိုင်ဆိုပြီးခေါ်လိုက်မိပေမယ့် အစ်ကိုက ဘုန်းမြင့်ပါဟ. ပြောလိုက်တာမို့ အံ့သြသွားရတာလေ။ ဘယ်လိုဖြစ်ပြီး ပိုင့်ဖုန်းကို အစ်ကိုကကိုင်ရပါသလဲ။

ငွေချေရင်း တစ်ခုခုသောက်ကာ စကားစမြည်ပြောချင်သည့် စိတ်က အထိတ်တလန့်ဖြစ်သွားရတာပါ။ ဖျားရုံနဲ့ အိပ်ရာထဲက မထနိုင်အောင် ဖြစ်ရသတဲ့လား။ မျက်ကွင်းတွေညိုနေသည့် မျက်နှာက ကျွန်တော့်ရင်ကို ပူခနဲဖြစ်သွားရတာလေ။ ဘယ်လိုလဲ၊ ညက ကျွန်တော်ပြောတာနဲ့ စိတ်ပျက်ပြီး အခုလို ဖြစ်သွားရတာများလား ပိုင်ရယ်။

"တိပါတယ် ညီ၊ Ok"

အစ်ကိုက စချုပ်မှာ လက်မှတ်ထိုးလိုက်ပြီး ကျွန်တော့်ရှေ့ လှမ်းပေးလိုက်ပါ၏။ ညီအစ်ကိုနှစ်ယောက်စလုံး ပြုံးခဲ့ပြီး မျက်နှာတည်လွှန်းတာတော့ အမှန်ပါ။ သို့သော် အစ်ကို့လေသံက သြပြီး ပြတ်သားပါ၏။ ပိုင့်အသံကဖြင့် တိုးပြီး ပျော့သည့်နှယ်ပါ။

"ပိုင် အတော်ဖြစ်နေတာပဲ အစ်ကိုရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... သူက နဂိုကတည်းက သွေးအားနည်းပြီး ခေါင်း
တတ်တယ်ညီရဲ့၊ ကိုယ့်ကျန်းမာရေးကို ဘယ်တော့မှ အလေးမထား
ဘူး"

"အစ်ကိုတို့တွေဝိုင်းက ပိုင့်ကို အတော်ဂရုစိုက်ကြတာပဲနော်"

"မိဘတွေမှ မရှိတော့တာကို ညီရဲ့။ ကိုယ်နဲ့အန်တီလေး
ပိုင့်ကို ဂရုစိုက်ရတာပေါ့"

"အန်တီလေးက အိမ်ထောင်မရှိဘူးလား"

"အင်း ... ပိုင် ငယ်ငယ်ကတည်းက ထိန်းလာတာမို့ အမေ
တစ်ပိုင်ဖြစ်နေတာ၊ ဖေဖေရော ကိုယ်ပါ တိုက်တွန်းပေးမယ့် မပြုခြ
တော့တာပဲ"

"အစ်ကိုရောပေါ့ ဟုတ်လား"

အစ်ကိုက ပြန်မဖြေဘဲ ပြုံးရုံသာ ပြုံးလိုက်လေ၏။ တခြား
ညီအစ်ကိုတွေ အဘယ်မျှ ချစ်ကြပါသလဲ။ ကျွန်တော့်အမြင်မှာဖြ
ပိုင့်အပေါ် ထားရှိသည့် အစ်ကို့မေတ္တာက ပိုသာလွန်းနေတာပါလေ
ညီလေး နေမကောင်းဖြစ်တာနှင့် သည်းသည်းလှုပ်ပူပန်ပြီး အလုပ်မျ
တဲ့ အစ်ကိုမျိုး ဒီလောကမှာ ရှိပါရဲ့လား။

အလိုလိုက်တာထက် စည်းစနစ်ကျစွာ ထိန်းမတ်ပေးသည်
အစ်ကိုက မိဘသဖွယ် လုံခြုံနွေးထွေးလွန်းတာပါလေ။ ဒယ်ဒီပြော
တာ အပိုမှမဟုတ်တာပဲ။ ပိုင်ဆိုတာ ဘုန်းမြင့်နိုင်ရဲ့အသည်းနှလုံ
ပေပဲလား။ ကိုယ်တိုင် အိမ်ထောင်မပြုသလို ပိုင့်ကိုပါ အိမ်ထောင်ပြု





က ဒီဘဝမှာ ရှိပါတော့မလားလေ။

"ပိုင် ... နေမကောင်းဖြစ်ပြီး အားနည်းနေသေးရင် ကျွန်တော် ကြိုပို့လုပ်ပေးရမလား အစ်ကို"

"နေပါစေ ညီ၊ သူတစ်ပါးကို မှီခိုအားကိုးတဲ့စိတ်မျိုးမရှိအောင် ပိုင့်ကို သင်ထားပေးတယ်"

ဟုတ်သားပဲ။ တစ်ခါပြောထားတာကိုမှ မေ့ရတယ်လို့။ စိတ်များ ဆိုးသွားလားဟု အကဲခတ်လိုက်ပေမယ့် အစ်ကို့မျက်နှာက ပုံမှန်ပါပဲ။ တော်ပါသေးရဲ့။ ကျွန်တော့်စကား foul ဖြစ်သွားရင် ဒက်ဒီ ပွမ်းမှာ အသေအချာပါ။ ပြန်သင့်ပြီထင်ပါရဲ့။ အချိန်ဆွဲပြီး နေစရာမှ မရှိတာကိုး။

"ကျွန်တော်"

"ပိုင်ရေ"

ဧည့်ခန်းကို ဖျတ်ခနဲဝင်လာသည့်မိန်းကလေးကြောင့် ကျွန်တော် လန့်သွားရပါ၏။ အလို ယုပါလား။ ဝတ်ထားသည့် fashion က လူငယ်မျက်စိထဲ ကြည့်ကောင်းနိုင်ပေမယ့် အစ်ကို့လို ခပ်ရိုးရိုး လူကြီးအတွက်ကဖြင့် မျက်စိနောက်စရာပါလေ။ အပေါ်မှ Blouse က shirt ပုံစံမို့ အောက်စနှစ်ခုကို ခါးမှာစည်းနှောင်ထားတာပါ။

အပေါ်ကြယ်သီးက အတော့်ကို ဟနေသည့်နှယ် ဝမ်းဗိုက်သား ဖွေးဖွေးက မပေါ့တပေါ်ဖြစ်နေလေ၏။ အောက်က short pants က အကျပ်သားဖြစ်ပြီး ပေါင်လယ်ခန့်တိုလွန်းလှ အမြင်ရိုင်း

www.burmeseclassic.com

www.burmeseclassic.com



လွန်းနေတာပင်။ ဘုရား ဘုရား ယောက်ျားလေးတွေချည်းရှိတဲ့ ဒီအိမ်ကို ဤမိန်းကလေး ဒီပုံစံမျိုး ဝတ်လာရဲရပါသလား။

"ကိုကြီး ရှိနေတာကို။ ဩော် . . . ယုပါရောက်နေတာပေါ့လေ"

"အလုပ်ကိစ္စနဲ့ပါ ယု"

"ပိုင်ရောဟင် ကိုကြီး၊ အလုပ်ကို မလာဘူးဆိုလို့ ယုလာခဲ့တာပါ"

"ပိုင်နေမကောင်းဘူး"

"ဟယ် . . . ဟုတ်လား"

"မနှောင့်ယှက်ပါနဲ့လား"

"ယုက ဖုန်းပြန်လာယူတာပါ"

"ကျစ် . . . ပိုင် ဘာတွေရှုပ်ပြန်ပြီလဲ"

"အပေါ်မှာလားဟင်"

"မဟုတ်ဘူး၊ အောက်ထပ်အခန်းမှာ"

ဘာတွေလဲ ဖုန်းပြန်လာယူတာတဲ့။ ညက ကျွန်တော်နဲ့ message အပြန်အလှန်ပို့ခဲ့တာ ယုမဟုတ်ဘူးပေါ့လေ။ ကြည့်စမ်း။ ဒါဖြင့် ပိုင် လူလည်ကျတာပါလား။ ကျွန်တော့်ကိစ္စကို မနာလို မရှုဆိတ်တဲ့စိတ်နဲ့ နှောင့်ယှက်တာမျိုးပေါ့လေ။ အံ့ပါ ပိုင်ရယ်၊ ယုက ပိုင်ရှိနေသည့်အခန်းကို ဝင်သွားလေ၏။ အင်းပေါ့လေ၊ ငယ်သူငယ်ချင်းမို့ ဘယ်သူက မတင့်တယ်ဘူးထင်ပါ့မလဲ။



"ပိုင်နဲ့ယု ချစ်သူဆိုတာ ဟုတ်လား အစ်ကို"

"ဘယ်သူပြောလဲ မဟုတ်ပါဘူး"

အစ်ကို့မျက်နှာ တင်းသွားလေ၏။ ယု ဝင်လာတာကိုလည်း မနှစ်မြို့သည့်အကြည့်ရင့်ရင့်ဖြင့် ကြည့်လိုက်တာ လန့်စရာပါ။ ကိုကြီးဟု အံ့သြစွာ ရေရွတ်သံမှာ ကြောက်ဟန်က အထင်းသားပါပဲ၊ ငယ်သူငယ်ချင်းဆိုတာထက် ဘောင်မကျော်စေချင်လို့ ပိုင့်ကို အတော်လေး အုပ်ထိန်းထားတာပါလား။

"ဒီလိုပဲ ကြားလို့ပါ"

"ကောလာဟလတွေက ခုထိ ကြားနေရတုန်းပါလား။ အဲဒီကောင်မလေးနဲ့ ပတ်သက်တာ မကြိုက်ဘူးလို့ ပြောထားပါတယ်၊ ခက်တာက ပိုင်က မကာင်းနိုင်တာပဲ။ ဟိုက တစ်ချက်လှော်က် ခေါ်လိုက်တာနဲ့ ဝေါက်ခနဲ ထထွက်ပါရော။ စိတ်မကောင်းဖြစ်မှာစိုးပြီး ပြင်းပြင်းထန်ထန် မကန့်ကွက်ဖြစ်တာ။ ပိုင့်ကို ကိုယ် ငဲ့ညှာလို့ပဲ"

အလို . . . ဒါဖြင့် ပိုင်နဲ့ယုကြားမှာ အတော့်ကို ထုထည်နိုင်မာတဲ့ တံတိုင်းကြီးရှိနေတာပေါ့လေ။ ဘာဖြစ်လို့ပါလဲ။ ပိုင်တို့ကြားမှ ဘာအကြောင်းတွေများ ရှိနေလို့ပါလိမ့်။ ပိုသိချင်လာတဲ့စိတ်က အတော်ကို ဆိုးလွန်းတာပါလေ။

ဖုန်းမြည်သံကြောင့် အစ်ကိုက ကောက်ကိုင်လိုက်လေ၏။ ခပ်မှုန်မှုန်ဖြစ်နေသည့်မျက်နှာက အနည်းငယ်ကြည်လင်သွားသည်ပါ။ ဘယ်သူများပါလိမ့်။ အတော်ရင်းနှီးသူ ဆက်တာပဲဖြစ်မည် ထင်ပါရဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ပြော ... ကျော်စွာ၊ အေးကွာ ... ဒ်နေ့ အလုပ်မသွားဖြစ်ဘူး၊ မင်းရောက်လာလို့လား၊ ဖုန်းကြိုဆက်မှပေါ့ကွ။ အိမ်မှာပဲ ... လာချင်လာလေ၊ အေး ... ပိုင် နေမကောင်းတာနဲ့ ဖျက်လိုက်ရတာ ဒီနေ့ သိပ်အရေးကြီးတဲ့ case မျိုး မရှိပါဘူး။ အေးအေး ... ဒါပဲနော်"

ကျော်စွာတဲ့၊ ဒါဖြင့် ဟိုတစ်ခါဆုံခဲ့ဖူးတဲ့ လူပေါ့။ ကျွန်တော်နဲ့ ပိုင့်ကို ပြေလည်အောင် ဖြေသိုပေးခဲ့သေးတာ၊ အထူးသဖြင့် ပိုင့်အပေါ် ကြင်နာတဲ့အကြည့်မျိုးနဲ့ကြည့်တဲ့ မျက်လုံးမျိုးကို မြင်ခဲ့ရတာပါ။ ပိုင့် ဆံပင်တွေကို ခပ်ဖွဖွပွတ်သပ်လိုက်တာမျိုး အဲဒီလူသာ လုပ်တတ်တာ မဟုတ်လား။

မိန်းကလေးဖြစ်တဲ့ယုကိုဖြင့် မကြည့်သလိုအကြည့်မျိုး အပြောမျိုးပြတဲ့အစ်ကိုက ကိုကျော်စွာကိုဖြင့် အပြုံးနှင့်ပြောနေတာလေ။ သူငယ်ချင်းဖြစ်သူကိုတော့ လိုလားသလိုပါပဲလား။ ပိုင်ကလည်း အဲဒီလူကို ချိုသာပြီး ကျွန်တော်ကိုဖြင့် ခုချိန်ထိ အမြင်မကြည်လင်သလို စကားခါးခါးချည်းပြောနေတာပါလေ။

"ကျွန်တော်ပြန်ပါဦးမယ် အစ်ကို"

"ကောင်းပြီညီ ... Hotel အတွက် လိုအပ်တဲ့ ပရိဘောဂ တွေရှိရင်မှာပါ၊ အတတ်နိုင်ဆုံး မြန်မြန်လုပ်ပေးပါ့မယ်"

"ဟုတ်ကဲ့ပါ အစ်ကို"

"အိမ်အထိ ငွေလာချေရတာ အားနာစရာကြီး"

"ကျွန်တော်က ပိုင်နဲ့တွေ့ချင်လို့ပါ"





"ဘယ်လို"

အစ်ကို အံ့ဩသွားလေ၏။ ဘာများထင်သွားမလဲ။ ကျွန်တော် မျက်နှာအနည်းငယ်ပူစွာဖြင့် ထရပ်လိုက်စဉ် အခန်းထဲမှ ပိုင်နှင့်အတူ ယုပါထွက်လာလေသည်။ အဝတ်အစားလဲပြီးပြီမို့ ပိုင့် မျက်နှာက လန်းသွားပါ၏။ လက်မောင်းကိုတွဲကာ ပူးကပ်နေပါသည် က ယုရယ်လေ။

"See you later, ပိုင်"

"I haven't wish!"

ခပ်တိုးတိုးပြန်နှုတ်ဆက်လိုက်သည့် ပိုင့်လေသံက ပြတ်သား လှချည်လား။ ဘေးမှယုကဖြင့် သဘောကျသည့်နှယ် ရယ်နေတာ ပါလေ။



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်း လူတိုင်းမှာ လျှို့ဝှက်စွာ ကိုယ်စီရှိကြမယ် ဆိုတာကို ကျွန်တော် နားလည်နိုင်ပါတယ်။ သို့သော် ယုရယ်၊ သူရယ်၊ ကျွန်တော်ရယ် သုံးဦးကြားမှ လျှို့ဝှက်ချက်ကိုတော့ ကြိုမမြင်နိုင်ခဲ့ပါ။ အထူးသဖြင့် သူနှင့်ယုတို့ နှစ်ယောက်ကြားမှာ တစ်သက်လုံး ဖုံးကွယ်ထားသည့်လျှို့ဝှက်ချက်ကြီး တစ်ခုက ကျွန်တော့်ကို အံ့အားသင့်စေပြီး ကျွန်တော့် ဦးနှောက်ကို ချာချာလည်စေခဲ့တာ အမှန်ပါ။ သေချာပါတယ်။ ကျွန်တော့်ကမ္ဘာကြီး ပြောင်းပြန်လည်စေခဲ့တဲ့ အဖြစ်အပျက်ပါပဲ။

လူဆိုတာ မွေးလာကတည်းက ပြီးပြည့်စုံလာတာ မဟုတ်ပါဘူး။ ပိုင်က ယုထက် နောက်ကျပြီး လူဖြစ်လာခဲ့ပေမယ့် ယု့ရဲ့ဘဝကို ဖြည့်ဆည်းပေးဖို့ အဖြည့်ခံအဖြစ် ခံယူခဲ့တာပါ။ သို့သော် ပိုင့်ကို သူငယ်ချင်းဆိုတာထက် ရန်ဘက်လိုသဘောထားပြီး မျက်မုန်းကျိုးနေတဲ့ ယုကို ဖြူစင်တဲ့ မေတ္တာမျိုး ဘယ်ပေးလို့ရပါတော့မလဲ။ ကွဲအက်သွားခဲ့ရတဲ့ ရင်ထဲမှာ နှလုံးသားက အနာကျင်ဆုံးပါပဲ။ အချစ်ကြီး ချစ်သူ့ရဲ့မေတ္တာကို ယုမှ မစာနာ နားမလည်တတ်ရင် ဒီလောကကြီးမှာ အသက်ဆက်ရှင်လို့ ဖြစ်နိုင်ပါတော့မလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ငါတို့ ချစ်သူတွေ ဖြစ်သွားကြပြီ"

"ဘာ"

ရုတ်တရက်မို့ ထိတ်လန့်ကာ ဆွံ့အသွားရပါ၏။ မြန်လှချည်လား။ ဘာမှမကြာသေးပါဘဲ ဘယ်လိုဖြစ်ပြီး ဒင်းကို ခေါင်းညိတ်လိုက်ရတာပါလဲ။ ရင်ခုန်တာနဲ့ပဲ အချစ်လို့ ယူဆလိုက်ရတာလား။ ယုရယ်ပြောတော့ဖြင့် တိုင်ပင်မယ်ဆိုပြီး ခုတော့ဖြင့် –

"ယု ဖုန်းလာပြန်ယူတာ သူနဲ့မှတည့်တည့်တိုးရတယ်လို့ အဲဒါနဲ့ အမှန်အတိုင်းပြောလိုက်ရတာပါ ပိုင်"

ခုံတန်းမှာထိုင်နေရင်း ဂစ်တာကို ပိုက်ထားမိ၏။ ဘာစကားမှ မပြောချင်ပါ။ လူက မနည်းအားယူနေရတဲ့အချိန်မှာမှ တစ်ကိုယ်လုံး ကိုင်ရိုက်ခံလိုက်ရသလိုပါပဲလေ။ မိန်းကလေးဖြစ်ပြီး နည်းနည်းကြာ





ကြာလေးမှုပါလား။ ခက်တော့ခက်တာ အမှန်ပါ။ ပိုင်က ယုကိုပိုင်တဲ့သူမှ မဟုတ်တာကိုး။

"ပိုင်"

"___"

"စိတ်ဆိုးတာလား"

"ဟင့်အင်း"

"ဒါဆိုလည်း တစ်ခုခုပြောလေကွာ"

"ဘာပြောရမှာလဲ ... ပြောစရာမှမရှိတာ၊ ကိုယ့်သဘောနဲ့ကိုယ် ရည်းစားကောက်ရသွားတဲ့ကိစ္စ ပိုင်နဲ့ ဘာမှမဆိုင်ဘဲ အနေသာကြီး"

"တွေ့လား ... ဒါက J ဝင်တာမဟုတ်ရင် ဘာလဲ"

ပခုံးကို နောက်မှသိုင်းဖက်လိုက်လေ၏။ ချစ်သူတဲ့၊ ဒင်းကိုပါဒီလို လက်ပွန်းတတီးရှိတော့မှာပေါ့။ လက်ကိုင်တာ၊ ပခုံးဖက်တာ အဆန်းမှမဟုတ်တော့တာပဲ။ သမီးရည်းစားဖြစ်ရင် ပါးကိုပါ။ ကျွတ် ဘာတွေစဉ်းစားမိတာပါလိမ့်။ စိတ်ရှုပ်ရပါလားနော်။

"ဘာဖြစ်လို့ ခေါင်းခါတာလဲ"

"စိတ်ရှုပ်လို့"

"ယုကြောင့်လား"

သက်ပြင်းရှိုက်လိုက်မိ၏။ စိတ်ကြည်ညိုကြည်ဖြာဖိုပြီး ညနေဘက် ခြံထဲဆင်းလာမိပါတယ်။ ရင်ထဲကို မီးလာရှို့တယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်ခြင်းတွေက ယုထံမှာ မငြိမ်သက်သေးပါလား။ သူ့ဘက်က ဘယ်လိုပင် လိုက်လျှောမှုတွေပေးပေး ယုဘက်က မတင်းတိမ်တတ်သည့် ဆန္ဒကို ဘယ်လိုမှ တားလို့မရပါချေ။

"ပိုင်နဲ့သူ့ကို အဆင်ပြေစေချင်တယ်ကွယ်၊ ပြေလည်အောင် ပြောကြပါလား"

"ဆန္ဒမှမရှိတာ"

"ကြည့်"

"သူနဲ့စတွေကကတည်းက ပြဿနာနဲ့စခဲ့တာ၊ ဘယ်လိုမှ ကြည့်မရဘူး၊ ကြားထဲကနေ ရှေ့ပြည်အေးတရားမဟောချင်နဲ့"

"ပိုင်ကလည်းလေ၊ ယုကိုယ်စား ပိုင် သူ့ကို message ပို့တာကိုသိတာတောင် ဖွေမယူတာ။ ပိုင့်ဘက်က နည်းနည်းလောက် လျှော့မှပေါ့"

ကြည့်ပါဦး။ အရင်က ပိုင့်ဘက် လုံးလုံးရပ်တည်ပေးခဲ့သည့် ယုက အခုတော့ဖြင့် မဟုတ်တော့ပြီ။ ဟိုတစ်ဖက်ကို ချိန်ခွင်လျှာ တစ်ဖက်စောင်းသွားမှတော့ ဘာလုပ်လို့ ရပါတော့မလဲ။ မိုးသားဖြူနဲ့ ပြေလည်ရမှာထက် ရန်သူလိုသာ သဘောထားဖြစ်တော့မှာ အမှန်ပါ။

"အပျော်ထားတာလား၊ အလေးအနက်ရှိရဲ့လား"

"ဘာကိုလဲ . . . ဩော် သူလား"

"အင်း"

"မပြောတတ်ဘူးလေ"





ရင်မောရပ့်။ ပေါ့ပေါ့တန်တန်သဘောမျိုးနဲ့ တွဲရအောင် ငယ်တော့တာမှ မဟုတ်တာ။ ယောကျ်ားလေးဘက်က ထားပါတော့၊ ကိုယ်က မိန်းကလေးဖြစ်တာမို့ တစ်ယောက်ဆိုတစ်ယောက် သတ်သတ်မှတ်မှတ်ထားပြီး လက်တွဲရမှာလေ။ ဒီလိုချည်း တွဲရုံသာတွဲပြီး ဘဝအဖော်မွန်ကို ရွေးဖို့ စိတ်မကူးဘူးလား ယုရယ်။

"ပေါ့လိုက်တာ"

"ယုဘက်ကတော့ ဘဝအတွက် လက်တွဲဖို့ရွယ်တာပါ ပိုင်"

"တော်သေးတာပေါ့"

"မကြိုက်ဘူးလားဟင်"

"ကျွတ် . . . မဆိုင်လိုက်တာ"

"ပိုင်နဲ့ကိုကြီးသူငယ်ချင်း အဆက်အသွယ်ရှိတယ်ဆို"

ရော် . . . မဆိုင်တာမေးပြန်ပြီလား။ နေ့လယ်ကရောက်ချလာသည့် ကိုကျော်စွာကို မြင်ဖြစ်အောင်မြင်လိုက်သေးတယ်ပေါ့။ လက်ထဲမှာ မုန့်ပုံးတွေ အထုပ်တွေ တစ်ပြုံကြီးနဲ့ ပေါက်ချလာမှတော့ မမြင်ဘဲရှိပါ့မလား။ အန်တီလေးတောင်မှ ငွေကုန်ခံပြီးဝယ်လာလို့ ဆူလိုက်သေးတာလေ။

"ဘယ်လိုဖြစ်ရပြန်တာလဲ၊ ဒီနှစ်ထဲ ပိုင် အတော့်ကို ချူချာတယ်နော်" ဟူသည့် စကားထဲမှာ ပူပန်မှုတွေပါနေတာ မြင်ရုံနှင့် သိသာနိုင်တာပါလေ။ ကိုကို့ထံမှာ မကြိုက်သလို အကြည့်မျိုးမရှိဘဲ ပြုံးရုံသာပြုံးသည့်အကြည့်သာ တွေ့ခဲ့ရတာမို့ အံ့ဩမိရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုနှင့် စကားပြောနေရင်း သူ့ထံ တစ်ချက်တစ်ချက် ရောက်လာသည့် ကိုကျော်စွာမျက်လုံးတို့က အရည်လဲ့တောက်ပနေသည့်နှယ်ပါ။ ဘာသဘောပါလဲ။ နေရခက်တာမဟုတ်ပေမယ့် အဲဒီအကြည့်ကို ပိုင် မနှစ်သက်လှပါ။ ကိုကို့သူငယ်ချင်းမို့ အစ်ကိုလို့ သဘောထားပြီး ရင်းနှီးခင်မင်မိတာအမှန်ပါ။

သို့သော် တစ်ဖက်သားအပေါ် သာလွန်ကဲပိုသည့် ခံစားချက်မျိုး၊ အားကိုးမှီခိုချင်စိတ်မျိုး မမွေးမိအောင် ထိန်းကွပ်ပေးခဲ့သည့် ကိုကို့ကြောင့် ပိုင်က အတော် တည်ငြိမ်အောင်ကျင့်နိုင်ခဲ့တာပင် ဒါပေမဲ့ အားနည်းအားငယ်ချိန်မှာ ရောက်လာပြီး အားပေးသည့် အစ်ကို့ကိုဖြင့် ဥပေက္ခာမပြုဝံ့ခဲ့။

"အိပ်ပျော်အောင်အိပ်မှပေါ့ ပိုင်ရယ်။ နဂိုကတည်းက ဝါးခြမ်းပြားလေးဖြစ်ရတဲ့ကြားထဲ လေတိုက်တာနဲ့ လဲတော့မှာပဲ"

ဆံပင်တိုတို့ကို ခပ်ဖွဖွလေးဖွပြီး ပြောသည့်စကားကို ပြန်ကြားမိလေ၏။ အစ်ကိုလိုသဘောနဲ့ပေါ့နော်။ ဟုတ်မှာပါ။ ကိုကို့နဲ့ထပ်တူဖြူစင်တဲ့မေတ္တာမျိုးနဲ့ ပိုင့်အပေါ် ပြုမူဆက်ဆံမှန်း ပိုင်သိနေပါတယ်။ သို့သော် ရင်ထဲမှာ တစ်မျိုးကြီးဖြစ်ဖြစ်သွားရတာ ဘာကြောင့်များပါလဲ။

"ပိုင်"

"ဟင်"

'ဘာတွေစဉ်းစားနေတာလဲ၊ ကိုကိုကျော်စွာကို သတိရသွားပြန်ပြီလား"





"ဘယ်ကလာ မဟုတ်ပါဘူး"

"ကိုကြီးထက် ကိုကျော်စွာက ပိုချောတယ်နော်"

"ကိုကိုက အရပ်ပိုမြင့်ပါတယ်"

"အံမယ် . . . အစ်ကို့ဘက်က နည်းနည်းမှမလျှော့ပါလား"

"မှန်တာပြောတာပဲလေ၊ မဟုတ်လို့လား"

"ဟုတ်ပါတယ်"

ကိုကိုရော ကိုကျော်စွာပါ ပုဆိုးကို နှစ်နှစ်မြိုက်မြိုက် ဝတ်တတ်ပါ၏။ သို့သော် အနောက်တိုင်းဝတ်စုံ ဝတ်ရင်ဖြင့် ခန္ဓာကိုယ် သွယ်သွားသည့် ကိုကျော်စွာက ကိုကို့ထက် ပိုကြည့်ကောင်းသွားတာ ဝန်ခံချင်ပါသည်။ ဘက်မလိုက်ဘဲ ပြောရင်ပေါ့လေ။

"ကိုကိုကျော်စွာကိုတော့ ကိုကြီးက အမြင်ကြည်သားပဲ"

"ဒါကတော့ သူငယ်ချင်းကိုး"

"သူနဲ့လည်း ခင်ပုံရပါတယ်၊ ပိုင်ပဲ ရန်လိုပုံရတာ"

မျက်စောင်းခဲလိုက်မိ၏။ မနာလိုသလို ဖြစ်နေမှန်းသိပါလျက် ပေါ်တင်ထုတ်ပြောရတယ်လို့၊ ဘယ်လိုမှ ကြည့်မရပါဘူးဆိုတာတောင် ချစ်သူဖြစ်ဖို့ ခေါင်းညိတ်သွားတဲ့လူက ယုပါလေ။ အနီးဆုံးမှာရှိနေပါလျက် အဝေးဆုံးဖြစ်အောင် ယုသာ ဖန်တီးနေတာပါ။ သံယောဇဉ်ဆိုတာက ချစ်ခြင်းနှင့် ပတ်သက်ရင် အရာမထင်တော့သလိုပါပဲလား။

"ယုကို ကတိမပေးနိုင်ဘူးလား"

လက်မောင်းကို ပါးအပ်ကာ တစ်ကိုယ်လုံးဖိလျက် ပူပူကပ်



www.burmeseclassic.com

www.burmeseclassic.com



ကပ် ထိုင်လိုက်လေ၏။ မခွဲပြပါနဲ့တော့လား။ ယုံကြည်ဖို့က ခက်ပါတယ် ယု။ နှုတ်ဖျားက တီတီတာတာအပြောမျိုးနဲ့ ယောက်ျားတွေကို အရည်ပျော်အောင် ပြောတတ်မှန်း သိထားပါတယ်။

"ကြာ"လို အကြည့်မျိုးနဲ့ မျက်ဝန်းကတလက်လက် တောက်ပပြီး တစ်ချက်ကြည့်လိုက်ရုံနဲ့ နောက်က ကောက်ကောက်ပါလာအောင် ပြုလုပ်နိုင်စွမ်းရှိမှန်း အစကတည်းက သိပြီးသားပါ။ ဆယ်ကျော်သက်ကာလကို ကျော်လွန်ခဲ့ပြီမို့ ဒီအကျင့်တွေ ပျောက်တန်သလောက် ပျောက်မယ်ထင်ခဲ့ပေမယ့် ထူးမခြားပါပဲလား။

ရင်ထဲ နှင့်ပြီးချစ်ရသည့်သူကို တည်ငြိမ်အေးဆေးတာမျိုး ရှိစေချင်တဲ့ စေတနာကို ယုမှ မသိနိုင်တာလေ။ သူဖြစ်ချင်တာထက် ကိုယ်ဖြစ်ချင်တာကိုသာ ဦးစားပေးတတ်တာ လူ့သဘာဝဖြစ်ပေမယ့် လက်မခံချင်ခဲ့။ လူဆိုတာ အတ္တနဲ့ ဖွဲ့စည်းထားတဲ့ အစိုင်အခဲဖြစ်သော်ငြား စာနာနားလည်မှုက အနည်းအမျှတော့ ရှိသင့်တာပါလေ။

"ဟင်လို့"

"စဉ်းစားပေးမယ်"

"ပိုင့်အတွက် အတော့်ကိုခက်ခဲနေလို့လား။ နှစ်ယောက်စလုံး ပြေလည်ရင် ယု စိတ်ချမ်းသာမှာကို ပိုင် သိစေချင်လို့ပါ"

"ပြောပြီးပြီလေ . . . စဉ်းစားပေးမယ်လို့"

"ကျေးဇူးပါ ပိုင်"

လက်မောင်းကို ရွှတ်ခနဲနမ်းရှိုက်လိုက်သဖြင့် ရင်ထဲမှာ နှင့်





သွားရပါ၏။ နှစ်သိမ့်ပေးတာတဲ့လား။ ကြင်နာပြခြင်းရဲ့ ဆန့်ကျင်ဘက်က နာကျင်မှုဆိုတာကို ယုသိပါလေ၏။ အနာတစ်လှည့် ဆေးတစ်လှည့် ပေးနေရအောင် သူက မသိနားမလည်သေးတဲ့ကလေးမှ မဟုတ်တာလေ။

ယု ကြိုးဆွဲရာကရမယ့် ရုပ်သေးရုပ်လိုမျိုး သူ့ကို သဘောထားလေသလား။ ယုအပြင် တခြားသူငယ်ချင်းမရှိရဘူးဆို၊ ယုကလွဲပြီး တခြားလူကို ပိုမချစ်ရဘူးဆို၊ ယုကို သူ့ထက်ပိုပြီး ပုံချစ်ရမယ်ဆိုတဲ့ စကားတို့က လေနဲ့အတူ ပျောက်ကွယ်ကုန်ပြီလား။

နှစ်ဦးသား ပူပူးကပ်ကပ်ရှိနေပေမယ့် အေးစက်ခြင်းရဲ့ ပြယုဂ်ကို ကြုံမြင်နေရပါတယ်။ အချစ်ဆိုတာကို သင်ယူတတ်မြောက်ဖို့ထက် ရင်မှာ အနာတရဖြစ်သည့်ဒဏ်က ခံရခက်လွန်းနေတာပါလေ။ တစ်ဘဝလုံးစာအတွက် အချစ်တွေ ပုံအပ်ပေးထားပေမယ့် ကြင်နာသူက အသိအမှတ်မပြုလေတော့ ခက်ပြီကော။

"ယုတို့ သူငယ်ချင်းအဖြစ် ဆက်ရှိနေမှာကို ယုံပါ ပိုင်"

လက်ဖျားကို လာဆုပ်ကိုင်လိုက်စဉ် လက်ကို ရုတ်လိုက်မိ၏။ မျက်နှာကို မော့ကြည့်သည့်မျက်ဝန်းတို့ကိုရှောင်ရင်း အကြည့်ကို လွှဲလိုက်မိသည်။ ဟန်ဆောင်ခြင်းအတတ်ကို မကျွမ်းကျင်သည့် သူ့အတွက် ခက်ခဲလွန်းလေ၏။ "သိသာသိစေ မမြင်စေနဲ့" လို့ ဆိုရိုးရှိလက်တွေ့ပြရတော့မှာပါလား။

"ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာကိုကိုင်လျက် platrum ဖြင့် ကြိုးတို့ကို စတီးခတ်လိုက်တာမို့ သူမ ငြိမ်သက်သွားပါ၏။ သူငယ်ချင်းတဲ့။ တစ်သက်လုံး ဆက်ရှိသွားဖို့ မျှော်လင့်ခွင့်ရှိပါရဲ့လား။ ရောဂါကို အကြောင်းပြုပြီး ဆက်သွယ်မှုကို ခါးခါးသည်းသည်း၊ တင်းတင်းကျပ်ကျပ်မလုပ်သည့်အတွက် ကျေးဇူးပါ ကိုကို။

"အဲဒီကောင်မလေးကြောင့် ပိုင်နာကျင်ခံစားရတာ ကိုကို နောင်တအကြီးကြီးရမိတယ် ပိုင်"

ကြာတော့ကြာခဲ့ပါပြီ၊ သို့သော် မေ့ပျောက်လို့မရခဲ့၊ အတိတ်ဆိုတာ မေ့ဖျောက်ဖို့ခက်သည်ပဲ။ မိဘတွေခုံးစဉ်ကတောင် မျက်ရည်တစ်စက် မကျခဲ့သည့်ပိုင့်ကိုကိုက ပိုင့်ကြောင့် ရင်ကွဲပြီး မျက်ရည်ကျခဲ့ဖူးသည်လေ။

♫ ဖူးစနငယ်စဉ် xxx ရွှန်းပပွင့်မယ်ရွယ် xxx တိမ်းမူးညွတ်ကာ ရှန်းထွက်မလွတ်ခဲ့တယ် xxx မင်းရဲ့အလှဟာ တကယ် xxx သင်းပန်းညို့ယူတယ်xxxအသည်းလေး မခိုင့်တခိုင် ညွတ်ယိုင်ခဲ့ရတယ်

ရင်ခွင်မှာ မင်းအတွက်ပေးချင်တာ xxx သီးသန့်ထားတဲ့ မေတ္တာပါ xxx လှမ်းလို့ယူလိုက်ကွာ။

အသည်းထဲနှင့်အောင်တကယ် xxx စိုးမိုးရစ်နှောင်တွယ် xxx ချစ်မိခဲ့သူ ယုယမလောက်ထိကွယ် xxx ဖွဲလမ်းငြိသူမယ် xxx အမြဲတမ်းတွေ့ချင်တယ် xxx တစ်ရက်လောက်မတွေ့ရင် တစ်သက်လို့ အောက်မေ့တယ် xxx





အကြင်နာပိုချစ်ခဲ့ရသူပါ xxx မိုးထက်နှန်းသူဇာ xxx တို့တာဝပုံအပ်ခါ xxx မင်းကိုချစ်တာ xxx အပေါ်ယံသဘောနဲ့ မဟုတ်ဘူးကွာ xxx အကြင်နာမိုးတွေ သည်းလို့ ရွာနေတာ xxx

မင်းကိုချစ်တာ xxx အပေါ်ယံသဘောနဲ့ မဟုတ်ဘူးကွာ xxx ယုံကြည်တတ်ရင် မင်းတစ်ယောက်သိလာမှာ xxx

အကြင်နာပိုချစ်ခဲ့ရသူပါ xxx မိုးထက်နှန်းသူဇာ xxx တို့တာဝပုံအပ်ခါ xxx မင်းကိုချစ်တာ xxx အပေါ်ယံသဘောနဲ့မဟုတ်ဘူးကွာ xxx အကြင်နာမိုးတွေ သည်းလို့ရွာနေတာ။

မင်းကိုချစ်တာ xxx အပေါ်ယံသဘောနဲ့မဟုတ်ဘူးကွာ xxx စာနာတတ်ရင် မင်းတစ်ယောက် နားလည်မှာ xxx ♫

အမှောင်က အစပျိုးလာလေ၏။ အသံကို မတုန်အောင် အတော့်ကို ကြိုးစားရတာပါ။ ပခုံးထက် မှတ်မိမိတ်ကာ နားထောင်နေသည့် ယုကဖြင့် သူ့ရင်တွင်းမှ ဝေဒနာကို မသိနိုင်ခဲ့၊ တိုက်ရှေ့မီးဖွင့်လိုက်ပြီမို့ အိမ်ထဲဝင်ရတော့မှာလေ။

မျက်ဝန်းမှာ ရစ်ဖွဲ့လာသည့် မျက်ရည်စကို ပုတ်ခတ်သိမ်းဆည်းလိုက်ရပါ၏။ မေးစက်ငြိမ်သက်နေသည့် သူမကို မရှိုးရက်၊ ဆံစကိုချထားပါသည့် နဖူးလေးကို သူမ,မသိအောင် ခပ်ဖွဖွမိုး၍နမ်းရှိုက်လိုက်စဉ် ပါးပြင်ထက်သို့ မျက်ရည်က ပေါက်ခနဲ ကျသွားတော့သည်။ ဪ . . . ယုရယ်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တောက်"

"ဟဲ့ . . . ဘယ်လိုဖြစ်နေပြန်တာလဲ၊ ခုထိ ဒေါသမပြေသေးဘူးလား"

"မာမီ မသိပါဘူးဗျာ"

"မသိဘဲ ရှိမလား။ တစ်ညလုံး ပါးစပ်က တတွတ်တွတ်ပြောပြီး ဆူပွက်နေတာ"

ဟုတ်ပါရဲ့ . . . ကျွန်တော့်ကိုက ဆက်ဆော့ပြီးသွားခဲ့မိတာ။ အမှန်က ယုကို ဖုန်းဆက်တာမကိုင်၍ပါ။ အိမ်မှာ ရှိမှရှိပဲ့မလားဆိုပြီး အရိပ်လေး မြင်လိုမြင်ငြား သွားခဲ့တာ မှားပါရောလား။ မဟုတ်သေးပါဘူး။ ကျွန်တော်သွားမိလို့ မမြင်သင့်တဲ့မြင်ကွင်းမျိုး မြင်ခဲ့ရတာပါလေ။

ဘယ်လောက် ဒေါသဖြစ်စရာ ကောင်းလိုက်ပါသလဲ။





ကျွန်တော့်ချစ်သူကို ပိုင်စိုးပိုင်နင်းဖြင့် သူနမ်းလိုက်တာ မျက်စိနဲ့တပ်အပ်မြင်ခဲ့တာလေ။ ယုကလည်း ငြိမ်နေရသတဲ့လား။ သူငယ်ချင်းက သူငယ်ချင်းစည်းနဲ့ နေတတ်မှပေါ့။ ဒီလို ကျူးကျော်ခွင့်မှ မရှိတာဘဲ။

"ဒင်းနဲ့ ဒီနေ့စာရင်းရှင်းမယ်"

"လုပ်ပြန်ပြီ ဟိုတယ်ကို အခုမှအစပျိုးနေတာ လူကြီးဆန်မှပေါ့ သားသားရယ်။ သား ဒက်ဒီသိရင် နားပူခံရဦးမယ်"

"အခုက ကျွန်တော့်ကိုယ်ရေးကိုယ်တာကိစ္စ မာမီရဲ့၊ မရှင်းလို့မရဘူး၊ ဒီကောင် အတင့်ရဲလွန်းတယ်"

"သား . . . အမြင်မှားတာလည်း ဖြစ်နိုင်တာပဲ"

"အာ . . . မျက်စိနဲ့တပ်အပ်ကြီးမြင်တာ မာမီရဲ၊ သူများပြောရင် ယုံမှာမှ မဟုတ်တာ"

"ခက်တာပဲ၊ ဟဲ့ . . . ကြယ်သီးက အပေါက်မှားနေပြီလေ၊ ဒီကလေးကတော့လေ"

ပြဿနာပါလား။ တစ်ခါမှ ဒီလိုမဖြစ်ဖူးတာမို့ ကမောက်ကမတွေ ဖြစ်ရသတဲ့။ မာမီပြောလေမှ ရှပ်ကြယ်သီးတပ်တာကို ငုံ့ကြည့်လိုက်မိ၏။ ဟုတ်ပ။ ကြယ်သီးကို တလွဲတွေ တပ်ထားမိတာလေ။ စိတ်ရှုပ်လိုက်တာ။ ဒင်းအတော်ကို ငြိုးဟော်မွေ့တဲ့ကောင်ပါလား။ ဟိုတစ်ခါ ယုနဲ့ပတ်သက်ပြီး Message လိမ်ပို့တဲ့ကိစ္စကတည်းက တင်းနေတာပါ။ ယုက တားထားတာမို့ ကျွန်တော် လျှော့ပေးခဲ့ရတာလေ။ ဒီတစ်ခါဖြင့် မရတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ပြန်ပြီလဲ"

"တခြားဟာပဲ ဝတ်တော့မယ်"

"ဩော် . . . ကြယ်သီးအကုန်ဖြုတ်ပြီးမှ ဝတ်လေ၊ ဒီကလေးနဲ့တော့"

"သွားတော့မယ်မာမီ"

"ဘာမှမစားတော့ဘူးလား"

"မစားချင်ဘူး"

အခန်းထဲမှ ပြေးထွက်လာခဲ့၏။ လေကားမှဆင်းခဲ့စဉ် သူ့မျက်နှာကိုသာ မြင်ယောင်နေမိတာလေ။ ချစ်သူတဲ့လား။ ယုအပေါ် တစ်ဖက်သတ်ချစ်တာပဲ ဖြစ်မှာပေါ့။ အလကားကောင်၊ သူငယ်ချင်းအပေါ် အသားယူတတ်တဲ့မင်းကို ငါ ကောင်းကောင်းကြီး lesson ပေးမယ် ပိုင်။

"ငါ့လက်သီးက အကြောင်းသုံးပါးမရွေးဘူး" ဆိုပဲ။ မင်းလက်သီးသေးသေးလေးကို ငါက ကြောက်ရမှာလား။ တစ်ခန်းရှိသွေးဆူလွယ် ရန်ရှာချင်တဲ့မင်းကို ပညာကောင်းကောင်းကြီးပေးတော့မှ ဖြစ်မှာလေ။ တွေ့ကြသေးတာပေါ့ ပိုင်။

"ပြော"

တွေ့လား။ ဖုန်းခေါ်လိုက်တိုင်း လေသံမာနဲ့ထူးနေပြန်ပြီ။ လွန်တာကသူဖြစ်ပြီး တကယ်တောင်းပန်ရတိုင်းက ကျွန်တော်သာ ဖြစ်နေရတာ ဘာကြောင့်ပါလဲ။ မျက်စိထဲက မြင်ကွင်းကို ရှင်းရှင်းလင်းလင်းကြီး မကြာခဏ မြင်နေမိတာမို့ ဒေါသက မီးဇတောင်ချော်ရည်နှယ် ဆူပွက်နေရတုန်းပါပဲ။





"ဆိုင်ဖွင့်ပြီလား"

"အေး"

"မင်းနဲ့လာတွေ့မလို့"

"အခုလား . . . မအားဘူး။ Customer တွေရှိနေတယ်"

"ငါရှိန်းတဲ့နေရာကို မင်းမလာရင် မင်းရှိတဲ့နေရာကို ငါလာမယ် ပိုင်"

"ဟ . . . မင်း ခေါ်တိုင်းလာရအောင် ငါက မင်းတပည့်မှမဟုတ်တာကွ၊ တွေ့ချင်တဲ့လူလာပေါ့၊ ဒါပဲ"

"ဘာ . . . တောက် မင်း"

ဖုန်းက ပိတ်သွားလေပြီ။ ဒီကောင် အတော်မောက်မာပါလား။ စကားပြောတိုင်း အငယ်ဖြစ်ပြီး ရင့်သည်းတာလေ။ အစ်ကိုဖြစ်သူ ဖော်ရွှေသလောက် အငယ်က ကြွပ်ဆတ်ဆတ်နဲ့ မဟုတ်လား။ နေပါဦး၊ ကိုကျော်စွာနဲ့ ပြောရင်ဖြင့် ဒင်းအချိုးက တစ်မျိုးဖြစ်သွားတတ်တာလေ။

ဟုတ်တယ်၊ အစ်ကိုသူငယ်ချင်းကိုတော့ အထင်တကြီးနဲ့ တရိုတသေ ဆက်ဆံတယ်ပေါ့။ ကျွန်တော့်ကိုတော့ လူရာမသွင်းသဲ့ မချေမငံပြောဆိုတာပေါ့လေ။ နေနှင့်ဦးပေါ့ပိုင်။ မင်းနဲ့ငါ ဒီနေ့တော့ ပွဲကြီးပွဲကောင်းတွေ့ကြပြီမှတ်။ အရေးထဲမှ ဗိုက်ကလည်း ခဏခဏ

www.burmeseclassic.com



မိနေရတယ်လို့။

ဆိုင်ရှေ့မှာ နေရာမရှိတာမို့ ခပ်လှမ်းလှမ်းမှာ ကားရပ်လိုက်ရပါ၏။ အဟုတ်တကယ်ကိုပဲ ဝယ်သူတွေ ဆိုင်ထဲမှာ ရှိနေတာပါလား။ ဒေါ်သက်ထိန်းကာ စောင့်ပြေနိသည်။ အလျင်လို အနေးတွေ့ဆိုတာ မှန်ချေပြီကိုး။

"ကျေးဇူးအများကြီးတင်ပါတယ် ခင်ဗျာ။ နောက်လိုတာရှိရင်လည်း လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်"

"ဒီလိုပဲ ဈေးလျှော့ပေးမှာလား"

"ဟာ . . . လျှော့ပေးရမှာပေါ့ ကိုယ့် Customer တွေပဲဟာ"

Voucher တရွက်ကမ်းပေးလျက် ကျေးဇူးတင်စကား ဆိုနေလိုက်တာများ မျက်နှာက ပြုံးရွှင်မှောက်ကျထားသည့်နှယ်ပါ။ ဝယ်သူက အမျိုးသမီး ခပ်လှလှမို့ပဲလား။ ရုံးသုံးစားပွဲကုလားထိုင်ငါးစုံခန့် သယ်သွားတာမို့ ကုမ္ပဏီက ထင်ပါရဲ့။ ဆိုင်ထဲမှပစ္စည်းတွေသယ်ကာ ကားပေါ်တင် ပြီးသည်အထိ ရပ်စောင့်နေရပြန်၏။

စောင့်ရတာကို စိတ်မရှည်သည့်လူကိုမှ ဒီလိုဖြစ်ရတယ်လို့ ဆိုင်ထဲဝင်လိုက်စဉ် ဟိုတစ်ခါမဟုတ်သေးဘူး။ သုံးလေးခါဆုံခဲ့ဖူးသည့် အရောင်းစာရေးမလေးက ဦးညွှတ်နှုတ်ဆက်လိုက်လေ၏။ ရုံးခန်းတံခါးကို တွန်းဖွင့်စဉ် အံ့ဆွဲထဲငွေသိမ်းနေသည့်သူကို နောက်ကျောဘက်မှ မြင်ရလေသည်။

ပိုပိန်သွားပါလား။ ဒီလောက်လေးဖြစ်ရုံနဲ့ ကိုယ်ခန္ဓာက





အတော်လေး သွယ်ကျသွားတာလေ။ အားအတော်ပျော့သည့်ကောင်ပါလား။ ရန်လာရှာသည့်စိတ်က ထက်ဝက်မျှ လျော့သွားသည့်နှယ်ပါ။ ပြဿနာပဲ။

"ဖူးငုံ . . . ငါ"

ဆတ်ခနဲ လှည့်လာသဖြင့် အကြည့်ချင်းဆုံသွားပါ၏။ ဒီနည်းပြ တန်မပြသလို ဟန်ပါပါဖြင့် လက်ပိုက်ထားပုံက ဖြတ်ရိုက်ချင်စရာကောင်းနေလေသည်။ ကျုပ်၊ ဒီလက်တစ်ဆုပ်စာ ချာတိတ်ကို အနိုင်ကျင့်သလို ဖြစ်တော့မှာပဲ။ ကျွန်တော့်အတွက် အတော်အကြပ်ရိုက်စရာလေ။

"ပြော . . . ဘာကိစ္စ"

"ညက မင်း မင်း ငါ့ချစ်သူကို ဘယ်လိုလုပ်လိုက်တာလဲ"

မျက်ခုံးတစ်ဖက်မြင့်သွားပြီး နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်လေ၏။ ဘာလဲ စိန်ခေါ်တာလား။ အမြဲတစေလွှန်တဲ့သူကိုချည်း အနိုင်ပေးနေရတာတော့ သဘာဝမကျပါလား။ ကိုယ့်ဘက်ကမှားရင် အမှန်အတိုင်း ဝန်ခံသင့်တာပေါ့ ပိုင်။

"ဘာတွေလာပြောနေတာလဲ၊ အိပ်ရာက ကမူးရှူး နိုးထလာပုံနဲ့"

"ဘာ"

"ငါ့ကောင်မလေးကို ကြားကဖြတ်ခုတ်သွားတဲ့ကောင်က များ။ သူနိုးက လူလိုဟာစ်ပြရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"မင်း ... မင်း"

"ယုက ငါ့ချစ်သူပါလို့ မင်းကိုငါပြောခဲ့ပြီးသားပါ မိုးသားဖြူ ကြောင်တောင်တောင်လုပ်ရပ်တွေကို ရပ်သင့်ပြီကွ"

ဒေါသက ဆောင့်ထွက်လာပြန်၏။ ခြေလှမ်းကို ရှေ့တိုး၍ သူ့အနီးသို့ ကျွန်တော်ရောက်သွားပါသည်။ Sport shirt အဖြူဝတ် ထားသည့် သူ့အင်္ကျီရင်ဘတ်ကို ဆတ်ခနဲ ဆွဲလိုက်စဉ် သူက ကျွန်တော့်လက်တို့ကို ပုတ်ထုတ်လိုက်လေ၏။ ဟုတ်သားပဲ ဒီကောင် က ကိုယ်လုံးပညာတတ်ထားတာလေ။

"ဒါ ... ဘာလုပ်တာလဲ"

"အလျှော်ပြန်တောင်းမလို့"

"ကျစ် ... ဒါ ငါ့အလုပ်ခန်းနော်"

"သိတယ် ... ဘာကိုမှ ဂရုမစိုက်လို့ ဒီအထိရောက်လာတာ ပဲ"

"ဟား ... စောစောစီးစီး ပြဿဒါးပါပဲလားကွာ၊ Hotel GM ဖြစ်နေပြီး မင်းလုပ်ရပ်တွေက ခုထိ ကလေးဆန်နေတုန်းပဲ"

"မင်း ငါ့ကို စော်ကားလွန်းနေပြီနော်"

သူက ဟက်ခနဲ ရယ်လိုက်လေ၏။ နာလန်ထခါစ လူမမာ က ရယ်ဖို့အားရှိသေးတယ်ပေါ့လေ။ ဒင်းကတော့ အတော်အသားနာ ချင်နေပုံပါလား။ လူကို ဒေါသထွက်အောင်ပြောတတ် လုပ်တတ်တဲ့ အကျင့်က ယောက်ျားမဆန်လွန်းတာ အမှန်ပါ။ ကောင်းပြီ ပိုင်





မင်းနဲ့ငါ စာရင်းအပြတ်ရှင်းကြရုံပေါ့။

"ယုက ငါ့ကို အကုန်ဖွင့်ပြောပြီးသား"

"အကုန်"

"ဟုတ်တယ် ... မင်းနဲ့ သူငယ်ချင်းအဆင့်ထက် မပိုဘူးတဲ့ ရှင်းလား"

"ကျစ် ... သွားစမ်းပါကွာ၊ မိန်းမတွေနှုတ်ကထွက်တိုင်း အမှန်တွေချည်းမှ မဟုတ်တာ"

"ဘာ"

"ယုနဲ့ပတ်သက်ပြီး မင်း ဘယ်လောက်များသိထားနားလည် ထားသလဲ၊ ခရေစေ့တွင်းကျသိထားတဲ့ငါနဲ့မှ လာယှဉ်ချင်ရတယ်လို့ နပါသေးတယ် မိုးသားဖြူရာ"

ကြည့်စမ်း ... ပြောရင်းနဲ့ ထပ်လွန်လာပြန်ပါရောလား။ ချစ်သူဆိုပြီး ပိုင်စိုးပိုင်နင်း ပြောရုံနဲ့ မလုံလောက်ဘဲ မဏ္ဍပ်တိုင် တက်ပြချင်ရတယ်လို့။ ယုဖုန်းကို ယူထားပြီး message ပို့ကတည်းက မကျေညက်တဲ့စိတ်က ပြန်ပေါ်လာတော့တာပါလေ။

"ဒီမှာပိုင် ... မင်းသာ အရှက်မရှိတဲ့ ယုကို တစ်ဖက်သတ် ကြိုက်နေတာကွ၊ ယုချစ်တာက ငါ့ကိုပဲ"

"စကားကိုပြင်သုံးပါ မိုးသားဖြူ။ ယုကိုကြိုက်တာ မဟုတ် ဘူး ... ချစ်တာ၊ ဟောဒီရင်ဘတ်ကြီးနဲ့ ချစ်တာကွ"

ရင်ဘတ်ကို ဟန်ပါပါ မာန်ပါပါဖြင့် ပုတ်ပြလိုက်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



အကျီစကို ဒီတစ်ခါတော့ အမိအရ ဆွဲကိုင်လိုက်ပါ၏။ ပါးပါးလေးဖြစ်သည့် သူ့ခန္ဓာကိုယ်က ကျွန်တော်နှင့် အနီးဆုံးသို့ရောက်လာသလို အတော်လေးလည်း ကိုယ်ချင်းကပ်မျှ အခြေအနေသို့ ရောက်သွားရလေသည်။

သူက ကျွန်တော့်ကို ပြုံးမကြည့်တော့ဘဲ မျက်နှာရဲကာ အကြည့်ကိုရှောင်လိုက်လေ၏။ ဒီလိုဖြစ်ရမှာပေါ့လေ။ မဟုတ်တာလုပ်တဲ့လူသာ ကိုယ့်လိပ်ပြာ ကိုယ်ရှက်စတမ်းပေကိုး။ ကျွန်တော့်လက်ကို သူ အမြန်ဖယ်ကာ ရုန်းနေသော်ငြား လွှတ်မပေးဖြစ်ပါလေ။

"မင်းလို သူများရည်းစားကို ကြောင်တောင်နိုက်ရဲ့တဲ့ကောင်နဲ့ အခုလို ပြဿနာချည်း ဖြစ်ရတာ ရှုံတယ် ပိုင်"

"ဘာပြောတယ်"

"ငါ့ချစ်သူကို လေနုန်နစ်ဖက်နှင်းသလို လုပ်ရပ်မျိုး မင်းလုပ်နေတာ ရပ်တန်းက ရပ်ပါ။ ယုက ငါ့ချစ်သူ၊ ငါပိုင်တယ်။ ငါနဲ့သက်ဆိုင်တဲ့ မိန်းကလေးအပေါ် ယိုင်နေတဲ့စိတ်ကို ပြင်လိုက်စမ်းပါကွ"

သူ့အကြည့်က စူးခနဲရောက်လာတော့၏။ မျက်လုံးတွေ ရဲလာတာ၊ မျက်နှာနီလာတာ၊ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာတာတို့ကို အနီးကပ်မြင်နေရပါသည်။ အနာပေါ် တုတ်ကျတော့လည်း ဒီကောင် နာတတ်သားပါပဲလား။

"မပြင်နိုင်ဘူးဆိုရင်ကော"

"ဘာ"





ကြည့်စမ်း ... ဒီကောင် အတော်အဆိပ်ပြင်းတာပါလား။ ဒီလောက် သတိပေးနေတာတောင် ကျွန်တော့်ကို ဆန့်ကျင်ပြီး ဆက်ပြောနေတာလေ။ ကောင်းပြီ ပိုင်၊ အသားနာချင်လို့ တောင်းဆိုနေမှတော့ မင်းဆန္ဒကို ငါ ဖြည့်ဆည်းပေးရုံပေါ့။

"မလိုလားအပ်တာတွေ ဖြစ်ကုန်မှာပေါ့ ပိုင်၊ ယုကို ငါက ငါ့အသက်ထက်ပိုပြီး ချစ်တာကွ။ ဒီတော့ ငါ့ချစ်သူကို အန္တရာယ်ကျလာစေမှာမျိုး မရှိစေရဘူး။ အဲဒါ မင်းမှတ်ထား"

သူ ညစ်ကျယ်ကျယ်ရယ်လိုက်လေ၏။ ရှက်ရယ်တာပဲလား။ မိန်းမတစ်ယောက်အတွက်နဲ့ အခုလို ယောက်ျားနှစ်ဦး စကားများရန်ဖြစ်နေရတာ ရေရှည်အတွက် မသင့်လျော်ပါ။ အနိုင်အရှုံးဆိုတာ ပြိုင်ပွဲတိုင်းမှာရှိတယ် ပိုင်။ မင်းနဲ့ငါ ဘယ်သူနိုင်မှာလဲ။

"ကောင်းပြီလေ၊ ဒီမှာ မိုးသားဖြူ ... ယုအပေါ်မှာ မင်းက မင်းအသက်ထက်ပိုပြီးချစ်တယ်ဆိုရင် ငါက ယုကို ငါ့ဘဝကြီးတစ်ခုလုံး ပုံပေးပြီးချစ်ခဲ့တာကွ၊ နောက်မှရောက်လာတဲ့မင်းလိုလူကို အခွင့်သင့် နေရာဖယ်ပေးရလောက်အောင် ပိုင်ဆိုတဲ့ငါက မင်းထင်နေသလို ငနုံအ မဟုတ်ဘူး"

ကျွန်တော့်စိတ်တွေ ဘာဖြစ်သွားမှန်းပင် မသိလိုက်ပါချေ။ ညာလက်က ခပ်မာမာအရာကို ထိုးချလိုက်ပြီးမှ လွန်ပြီဟူသည့် အသိက ရုတ်ချည်း ပြန်ရောက်လာလေ၏။ ဖြာခနဲ စင်ထွက်လာသည့် သွေးနီနီများ။



www.burmeseclassic.com

www.burmeseclassic.com



ယိုင်လဲသွားပါသည့် သူ့လက်မောင်းကို ဆွဲထားလိုက်တာက လျှပ်ပြက်သွားသည့်နှယ်ပါ။

ကွဲသွားပြီ ... ဟုတ်တယ် နှုတ်ခမ်းကွဲသွားတာပဲ။ သူ တစ်ခုခုပြန်လုပ်မည်ဟု မျှော်လင့်ထားပေမယ့် ဘာကိုမှ သူ ပြန်မလုပ်ပါချေ။ ဘယ်လိုလဲ ပိုင် ... မင်းများလို့ အခုလို ငြိမ်ခံလိုက်တာ မဟုတ်လား။ ဒါ lesson ပေါ့ ပိုင်။



## အခန်း (၁၉)

"ဟာ ... မင်း ဘယ်လိုလုပ်လိုက်တာလဲ၊ ပိုင် ပိုင် ... ဘာဖြစ်သွားလဲ"

တောက် ပြဿနာဖြစ်ရင် ဒီလူက မိုးပေါ်ကကျလာသည့်နှယ် ရောက်လာပြန်ချေပြီ။ ကျွန်တော့်လက်ထဲမှ သူ့ကို ဖျတ်ခနဲဆွဲကာ မျက်နှာကို စိုးရိမ်တကြီးကြည့်လိုက်လေ၏။ နှုတ်ခမ်းမှသွေးစတို့ကို Tissue paper ဖြင့် ကူသုတ်စဉ် သူက ရှောင်လိုက်လေသည်။

"နေပါစေ ... အစ်ကို ရတယ်"

"မင်း ... ဘယ်လိုလူငယ်လဲ၊ သူ့တစ်ပါးနေရာအထိလာပြီး စော်စော်ကားကား လုပ်ရပ်မျိုး လုပ်ရလား။ မင်းကို ပိုင်နက်ကျူးလွန်မှု လက်ရောက်မှုနဲ့ တရားစွဲလို့ရနေပြီ"

"ကျွန်တော် ... ကျွန်တော်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမနေပါနဲ့ အစ်ကို"

"မပြောလို့ရမလား ပိုင်ရဲ့၊ ကြည့်ပါဦး မျက်နှာမှာ ဒီလောက် ဒဏ်ရာရသွားတာ နည်းမလား၊ ဘုန်းမြင့်သာသိရင် မိုးမီးလောင်ပြီ"

ကျွန်တော် ခေါင်းနားပန်းကြီးသွားရပါ၏။ ပြဿနာကို မီးစ မွှေးမိရတယ်လို့၊ ကျွန်တော့်အကျင့်ကိုက ဒီလိုပါ။ မဆင်မခြင်နဲ့ ရှေ့ မကြည့်နောက်မကြည့် ဖွတ်လုပ်တတ်တာလေ၊ နောက်ကိစ္စ နောက်မှ ရှင်းဆိုပြီး လုပ်ကျင့်က ခုထိရှိနေတုန်းပါပဲလား။

"သူ မလွန်ပါဘူး ပိုင်လွန်တာ"

"ဒီလောက် ထိုးကြိတ်ထားတာတောင် သူ မလွန်ဘူး ပြော ရလား ပိုင်ရဲ့"

"ကိုယ်ရေးကိုယ်တာကိစ္စပါ အစ်ကို၊ အရေးမကြီးပါဘူး"

"ဘယ့်နှယ်အရေးမကြီးရမှာလဲ၊ ဘယ်လိုပဲ ကိုယ်ရေးကိုယ် တာ ကိစ္စဖြစ်ပါစေ၊ နှုတ်နဲ့ဖြေရှင်းရမှာပေါ့၊ လက်နဲ့ ဖြေရှင်းစရာလား ပြီးတော့ ပိုင်က"

"အစ်ကို"

"အင်း ...ပိုင်က အခုမှ နေကောင်းခါစရှိသေးတာကို မညှာ မတာ လုပ်ရသလား"

တရှုံးရှုံး တရှဲရှဲဖြင့် ပြောနေသည့် မင်းရဲကျော်စွာကို သူက လှမ်းတားလိုက်ပါ၏။ နှုတ်ခမ်းက ညွှန်းတိတ်သွားပေမယ့် အတော့်ကို ရောင်ပြီး ညိုမည်းသွားတာပါ။ ကျွန်တော်တော့ ခေါင်း ဆင်နှင်း





ခံရကိန်း ကြုံချေပြီကော။

"ဖြစ်ရလေ ပိုင်ရယ်၊ တော်တော်နာနေမှာပဲ၊ ကြပ်ထုပ်ထိုးရ အောင်"

"ရပါတယ် အစ်ကိုရာ"

"မရပါဘူး ... တော်ကြာ ပိုရောင်နေမှ"

"ဒီလောက်တော့ အပျော့ပါဗျာ"

"ပိုင်ကတော့လေ ... ပြောလိုက်ရင် ခပ်ပေါ့ပေါ့ပဲ"

"ဒါနဲ့အစ်ကို ဘာကိစ္စရှိလို့လဲ"

"အဲ"

ကိုကျော်စွာက အခုမှရောက်လာသည့်ကိစ္စကို မှတ်မိကာ ဘေးမှချထားသည့် အိတ်ကို ကောက်ကိုင်လိုက်လေ၏။ ကျွန်တော် တစ်ယောက်လုံးရှိနေပါသေးလျက် အခုတော့ သူတို့နှစ်ဦးကမ္ဘာနှယ် သီးသန့်ဖြစ်နေသလိုပါ။ ဘယ်လိုလဲ၊ ဒီလူနဲ့ဆို သူ့မျက်နှာမှာ အလိုလို ပျော့ပြောင်းနူးညံ့မှုတွေ ပေါ်လာတာ မဟုတ်ပါလား။

"America က သူငယ်ချင်းပြန်ရောက်တာနဲ့ ပိုင့်ဖို့ ကိုယ် လက်ဆောင်ယူလာတာ"

"လက်ဆောင်"

"အင်း"

"လက်ဆောင်ပေးမယ်ဆို၊ အိမ်ကိုလာပေါ့ အစ်ကိုရဲ့"

"အိမ်ကို နောက်မှလာနိုင်မှာမို့ပါ ပိုင်ရဲ့၊ အခုက ပိုင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးချင်လွန်းလို့ ရောက်လာတာ၊ ပြီးတော့ lunch လည်း အတူသွားစားရင်းပေါ့"

"Lunch"

"အင်းလေ"

"အန်တီလေး ထမင်းချိုင့်လာပို့မယ် အစ်ကိုရဲ့"

"မပို့ပါဘူးဗျာ၊ ကိုယ် ဖုန်းနဲ့ကြိုပြောခွင့်တောင်းပြီးမှ လာခဲ့တာပါ"

"အပိုင်ပဲပေါ့"

"ဒါပေါ့ . . . မင်းရဲကျော်စွာပဲဟာ၊ လာ ဒီမှာထိုင်"

ဟောကြည့်၊ ပခုံးကိုဖိပြီး ခုံမှာထိုင်ခိုင်းလေပြီ။ ဘာလဲ၊ သူတို့ကိုကြည့်နေသည့် မြင်ကွင်းက ကျွန်တော့်အတွက် အထူးအဆန်းနယ်ပါ။ မဟုတ်သေးပါဘူး။ ဒီနှစ်ယောက်ကို ကြည့်ရတာ တစ်မျိုးကြီးတော့ တစ်မျိုးကြီးဖြစ်နေတာလေ။ ပိုင်, မင်းနဲ့ မင်းရဲကျော်စွာက ဘာတွေလဲ။

"ပိုင်က ခြေထောက်အေးလို့မဖြစ်ဘူး မဟုတ်လား။ ဒါကြောင့် နွေးပြီးလှတဲ့ shoe မျိုး ရွေးလာတာ"

"Shoe"

"ဟုတ်တယ်"

"အစ်ကို"

"ဗျာ"





"အဲဒီလိုမလုပ်ပါနဲ့ . . . ပိုင် ငရဲကြီးပါဦးမယ်"

"ငရဲကြီးကို ငရဲလေးက နိုင်မှာပေါ့ကွာ။ ကဲ . . . ဖိနပ်ချွတ်ရအောင်"

အာပါး စံမှတကယ့်စံပါပဲ။ မိန်းကလေးလည်း မဟုတ်ပါဘဲ တယုတယဖြင့် လုပ်ပေးနေတာလေ။ ဝတ်ထားသည့်ဖိနပ်ကိုချွတ်နေတာမို့ သူ့မျက်နှာက ခပ်အမ်းအမ်းဖြစ်နေလေ၏။ ဘာလဲ နိုင်ငံခြားမှာတွေလို သူတို့ သူတို့ အာ စိတ်ရှုပ်လိုက်ပါဘိ။

"ခြေစွပ်မချွတ်တော့ဘူးနော်၊ Walking Shoe ပဲဟာ"

ချွတ်ပြီးသွားသည့် ဖိနပ်ကို ဘေးမှာစီချလိုက်လေ၏။ ခြေစွပ်ဝတ်ထားပါသည့် ခြေထောက်လေးတွေက သေးသွယ်လှချည်လား။ ဒါလား ယောကျ်ားလေး။ ဒီကောင့်ခန္ဓာကိုယ်မှာ ယောကျ်ားပီသသည့် တစ်နေရာကိုမှ မတွေ့နိုင်တာအမှန်ပါ။ စက္ကူဘူးထဲမှ shoe အဖြူလေးကို ယူလိုက်ပြီး သူ့ခြေထောက်မှာ ဝတ်ပေးကာ ကြိုးပါချည်ပေးနေလေသည်။ အံ့သြပေစွ ကိုကျော်စွာ။

"ပြီးပြီ . . . အတော်ပဲနော်"

"ဟုတ် . . . ကန်တော့ ကန်တော့ပါ အစ်ကို"

"ရပါတယ် ပိုင်ရယ်"

ကျွန်တော် ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိပါ၏။ ဘာတွေလဲ၊ ဘာကိုမှ နားမလည်ပါလေ။ ဟိုလူ့အကြည့်တိုက နူးနူးညံ့ညံ့၊ သူကလည်း သိမ်မွေ့သည့်အကြည့်တို့နှယ် ပြန်ကြည့်နေတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။ ဘုရားရေ ... ကျွန်တော် ဘာတွေဖြစ်နေပြီလဲ။

စိတ်ထဲမှာ ရှုပ်ထွေးပြီး ဘာလုပ်လို့ လုပ်ရမှန်းမသိ တောင့်တောင့်ကြီး ရပ်နေမိတာပါ။ ဘေးဘီကို သတိမထားကြလေသလား။ ဒီနှစ်ယောက်ကို ယှဉ်တွေ့လိုက်ရတိုင်း ကျွန်တော့်စိတ်ထဲ တကယ့်ကို တစ်မျိုးကြီး ပူလောင်လာရတာပါလေ။ မင်းတော့သွားပြီ မိုးသားဖြူ။

"မုန့်တွေ စားလို့ကုန်ပြီလား"

"ဘယ်ကုန်ဦးမှာလဲ၊ ဒီလောက်အများကြီးကို။ ပြီးတော့ ပိုင်က အချိုမှမကြိုက်တာ"

"ဒါဖြင့် နောက်တစ်ခါ အစိမ့်တွေချည်း ဝယ်လာပေးမှပဲ"

"တော်ပါပြီ ... ဒီတိုင်းလာလည်းရပါတယ် အစ်ကိုရယ်"

"ခဏခဏလာလို့မှမရတာ ပိုင်ရဲ့"

"ဘာလို့လဲ"

"ဘုန်းမြင့်နိုင်ကမှ မကြည်တာ"

နှစ်ယောက်သား ရယ်လိုက်ကြလေ၏။ သူ့မျက်နှာက အတော်လေးကြည်လင်နေပြီး နုငယ်ချောမွတ်နေသည့်နှယ်ပါ။ ကိုကျော်စွာက သူ့ဆံပင်တွေကို အသာထိုးဖွလိုက်လေ၏။ အလို သူ ဘာကြောင့် မငြင်းဆန်တာပါလိမ့်။

"ပိုင်က ငယ်ငယ်တုန်းကအတိုင်းပဲ"

"ဟုတ်လို့လား"

"အင်း ... ကိုယ့်မျက်စိထဲမှာတော့ ဂလေးလေးပဲလေ"



"ပိုင့်အသက် (၂၃) နှစ်ထဲ ဝင်နေပြီ"

"သိပါ့ဗျာ ... သိပါ့"

"ကိုကိုက အစ်ကို့အပေါ် ကြည့်ပါတယ်ဗျာ"

"ဟင်းဟင်း ... ပိုင်နဲ့ပတ်သက်လာရင်တော့ သူငယ်ချင်းလည်း ရန်သူဖြစ်သွားမှာပဲလေ မဟုတ်လို့လား"

သူက နှုတ်ခမ်းစေ့ကာပြုံးလိုက်လေ၏။ ကိုကျော်စွာက သူ့ကို ကြည့်ရင်း ချစ်စနိုးဟန်ဖြစ်နေ၍ထင့် ခေါင်းကို အသာဖိအုပ်ပြန်လေသည်။ ဟုတ်တယ်၊ ဒီလို တရင်းတနှီး အမူအရာတွေကို သူတို့နှစ်ဦးဆုံချိန်မှာသာ မြင်ရတာမျိုးပါ။ ငယ်ငယ်ကတည်းကတဲ့လား။ ဒီလိုလူကို ဒီပုံနဲ့ဆက်ဆံပြီး ယုကိုဖြင့် ယောကျ်ားလေးလို ပြုမူပြန်တာလေ။

မင်းက နှစ်ဖက်ချွန်ကောင်ပါပဲလား ပိုင်။

"ဟော ... မင်း ခုထိ မပြန်သေးဘူးလား"

"ငါတို့ကိစ္စမှ မပြီးပြတ်သေးတာ"

ရုတ်တရက် သတိထားမိသွားသည်ထင့်၊ အကြည့်က ကျွန်တော့်ဆီရောက်လာသလို မေးခွန်းပါ ထွက်လာလေ၏။ တွေ့လားဗောဓောကလို ကြည်လင်ခြင်းမရှိတော့ဘဲ မှုန်ကုပ်ကုပ်ပုံစံကို ချက်ချင်းပြောင်းသွားတာလေ။ ကွာသတဲ့လား။ မင်းရဲ့ကျော်စွာနဲ့ မိုးသားဖြူတို့အကြောင်းများ ခွဲခြားဆက်ဆံရတာပါလဲ။

"ငါ့ဘက်က လျှော့ပေးလိုက်ပါ့မယ်"

"ရမလား ... ယုနဲ့ လုံးဝမပတ်သက်တော့ဘူးဆိုတဲ့ကတိ

www.burmeseclassic.com



ပေးမှပေါ့''

''ဒါတော့မဖြစ်ဘူး''

''ဘာကွ''

''ဟုတ်တယ်လေ၊ ယုက ငါနဲ့တွဲလာတာ အနှစ် (၂၀)ကျော်နေပြီ၊ အဲဒီကြိုးကို တီခနဲဖြတ်အောင် မင်းမှမဖြတ်နိုင်တာ။ မလုပ်နိုင်တာကို မတောင်းဆိုချင်နဲ့ မိုးသားဖြူ''

''ဒါပေမဲ့ ... မင်းက ... ကျစ်''

လှေနံ့နှစ်ဖက်နင်းတဲ့ကောင် ဟုပြောချလိုက်ချင်သော်ငြား နှုတ်မရဲပါလေ။ ဒီကောင်ကသာ ကျွန်တော့်ကိုပြောချင်ရာ ရှေ့နောက်မကြည့်ပြောချတတ်တာ မဟုတ်လား။ ဒီနေရာမျိုးမှာတော့ ကျွန်တော်က သူ့ထက် နောက်ကောက်ကျတာပါလေ။

''ယုဆိုတာ ပိုင်ရဲ့''

''ဟုတ်တယ်''

''ယုနဲ့ပိုင်က ဘာမို့လို့ ပိုင့်ကို ရန်လာရှာရတာလဲ''

''ယုက ကျွန်တော့်ချစ်သူဗျ''

ကိုကျော်စွာ ပြုံးလိုက်သည့်အပြုံးကို ကျွန်တော်နားမလည်ပါ။ ဘာလဲ ဘာလို့များသဘောကျသလို အပြုံးမျိုးနဲ့ ပြုံးရပါသလဲ။ သူတို့နှစ်ဦးက ကျွန်တော့်အဖို့ အတော့်ကို ပဟေဠိဆန်လွန်းနေပါ။ ခင်ဗျားတို့မှာ ဘာလျှို့ဝှက်ချက်တွေ ရှိနေပါသလဲ၊ ကိုကျော်စွာ။

''အဲဒီတော့''



''ကျွန်တော်တို့ကြားမှာ ဝင်ရှုပ်နေလို့ သူ့ကိုလာပြောတာ''

''ပိုင်က''

''ဟုတ်တယ်''

''ပိုင်နဲ့သူက သူငယ်ချင်းတွေမဟုတ်လား။ ဘာများရှုပ်စရာရှိလို့လဲ''

''သူငယ်ချင်းအဆင့်မဟုတ်လို့ပေါ့ဗျ။ အဲဒီအဆင့်နဲ့ဆို ဒီထိလာစရာတောင်မလိုဘူး''

''ပိုင်တို့က ဘာဖြစ်နေလို့လဲ''

''သူက ... သူက ယုကို ကျစ်''

''ယုကို ပိုင်ဘာလုပ်လို့လဲ''

''ညက ယုနဖူးကို နမ်းလိုက်မိတာပါ အစ်ကိုရယ်။ ရိုးရိုးသားသားပါ၊ အဲဒါကို မြင်ပြီး မျောက်ငါးပိကိုင်မိသလို ထွန့်ထွန့်လူးပြီး ပေါက်ချလာတာ''

''မင်း''

''ဒါများ အဆန်းလုပ်လို့၊ ဟိုကောင်မလေးလည်း ပိုင့်ပါးကို နမ်းတယ်မဟုတ်လား။ သူငယ်ချင်းပဲကို''

အလို တယ်လည်းသဘောထားကြီးနေပါလား။ သူငယ်ချင်းအဆင့်ထက် ပိုနေပါတယ်ဟု ပြောနေတာတောင် သူ့ဘက်က ရှေ့နေလိုက်ပေးနေတာလေ။ ဘယ်လိုလဲ၊ သူတို့နှစ်ယောက်စလုံးက ဒီလိုမျိုး စည်းမစောင့်တတ်ကြတဲ့ ထုံးစံမျိုးနဲ့ လူတွေမို့လို့လား၊ အံ့သြစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလေစွ။

"အဲဒါကို . . . လက်သင့်မခံနိုင်လို့ပေါ့ဗျ"

"ဒါဖြင့် . . . မင်းကောင်မလေးကို ပြောထားပေါ့၊ သူသာ ပိုင့် အနားမကပ်ရင် ဒီလိုဖြစ်စရာအကြောင်းမှ မရှိဘဲ၊ မင်းလုပ်နေတာ ခုတ်ရာတခြား ရှရာတလွဲဖြစ်နေပြီ"

"အဲ"

ဟုတ်တော့ ဟုတ်သာ။ ကျွန်တော်မြင်လိုက်ရတိုင်း သူကိုသာ ယုက ဖက်တွယ်ထားတတ်တာပါလေ။ သေစမ်း မိုးသားဖြူ။ မြင်တာနဲ့ လုပ်တာက တလွဲချည်းဖြစ်တော့တာလေ။ ယုကိုတားတဲ့၊ ပိုင်နဲ့မပေါင်း နဲ့ဆိုပြီး စေတစ်လုံးအမိန့်မျိုးနဲ့ ယုကိုတားနိုင်တာမှ မဟုတ်ဘဲ။

"ဘာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်ဗျာ၊ ယုအနားမှာ သူရှိနေတာ မကြိုက်ဘူး"

"အေး . . . မင်းမကြိုက်သလို ပိုင့်အစ်ကို ဘုန်းမြင့်နိုင်လည်း မကြိုက်တာအမှန်ပဲ၊ ယုအနားမှာ ပိုင်မဟုတ်ဘူး။ ပိုင့်အနားမှာ မင်း ကောင်မလေးက ရှိနေတာပါ"

ကျွန်တော် မကျေမနပ်ဖြင့် လှည့်ထွက်ခဲ့ပါ၏။ ရုံးခန်းတံခါးကို ဆွဲဖွင့်လိုက်စဉ် သူ့ထံမှ အသံထွက်လာလေသည်။ ဒေါသကို လာဖြေ ပေးမယ့် ကျွန်တော့်စိတ်တွေ ရှုပ်ထွေးတာသာ အဖက်တင်တော့တာပါ လေ။

"မိုးသားဖြူ"





"---"

"ယုကို ပျော်အောင်ထားပေးပါ၊ ယုသာ မျက်ရည်ကျရင် ဒီ မင်းကို အရှင်မထားဘူးမှတ်"

"တောက်"



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"အ"

"သားကြီးသာသိရင် ကျွတ်ကျွတ်ညံ့ဦးမယ် ပိုင်ရယ်၊ ဘ
လိုဖြစ်ရပြန်တာလဲ"

"ဒင်းကြောင့်ပေါ့ အန့်တီလေးရဲ့"

"ဖြစ်ပြန်ပြီလား အဲဒီကောင်လေးနဲ့၊ ခုထိကို အဆင်မ
ကြဘူး။ ခက်လိုက်တာနော်"

အန့်တီလေးက ပိုင့်နှုတ်ခမ်းမှအနာကို ဆေးထည့်ပေး
ပွစိ ပွစိ ပြောပြန်၏။ ဖုံးထားလို့မှမရတာဘဲ။ ကိုကိုသိကိုသိမှာ
အစ်ကိုလည်း ဖုံးပေးထားလို့မှ မရတာ။ နဂိုကတည်းက ကိုကို
ကိုကျော်စွာထက် (၆) လခန့်ကြီးတဲ့သူမို့ ကိုကို့စကားကိုသာ ပို အ
ဖြစ်လေ့ရှိတာလေ။





"မောင်ကျော်စွာရှိတာတောင် အခုလိုဖြစ်ရလား"

"သူလုပ်ပြီးမှ အစ်ကိုက ရောက်လာတာပါ အန့်တီလေးရဲ့ ပြီးတော့ သူ ဒီလိုလုပ်ရဲလိမ့်မယ်လို့ ပိုင်မှ ထင်မထားတာ၊ အထင်သေး လိုက်မိလို့ နာသွားတာပဲ"

"ပြန်မလုပ်လိုက်ဘူးလား"

"ပိုင်လုပ်လိုက်ရင် သူ တစ်စစီဖြစ်သွားမှာပေါ့ အန့်တီလေး ရဲ့ အုတ်ခဲ (၈) လုံးကို အသာလေးခွဲနိုင်တဲ့ လက်စကို သိသားနဲ့"

"သနားလို့ပေါ့လေ"

ပိုင် ပြုံးလိုက်မိပါ၏။ ယုကိုတော့ အတော်ချစ်ပုံပါပဲ၊ တကယ် ပါ။ ဤမျှအထိ ဖြစ်အောင် ပိုင်မရည်ရွယ်ရပါလေ။ ဘယ်တော့မဆို ယုကသာ ပိုင့်လက်မောင်း၊ ပိုင့်လည်ပင်း၊ ပိုင့်ပါးပြင်ကို မကြာခဏ နမ်းရှိုက်လေ့ရှိတာပါ။ ဒီလိုပြုမူတိုင်း မငြင်းဆန်ဘဲ ငြိမ်နေခဲ့တာလေ။

တစ်ခါတည်းပါ။ တကယ့်ကို တစ်ကြိမ်တစ်ခါလေး ယုနဖူး ကို နိုးနမ်းလိုက်မိတာ။ အဲဒီတစ်ကြိမ်မှာပဲ သူနိုးလူမိခဲ့ရတာလေ။ ဘယ်လိုဖြစ်ပြီး အဲဒီညဦးပိုင်းမှာမှ ပိုင်တို့ခြံရှေ့ကို ရောက်လာရတာပါ လိမ့်။ ယုဆီလာတာများလား။ ဟုတ်မှာပင်။ ဒီဘက်ခြံမှာ နှစ်ယောက် အတူ ရှိနေတာကို မြင်နေရတာကိုး။ ပိုင်တို့ခြံက အုတ်တံတိုင်း အပြည့် မဟုတ်ပါဘဲ သံတိုင်တစ်ဝက် တံတိုင်းတစ်ဝက် ဆောက်ထားတာပါ။ သံတိုင်ပေါ်တွေမှာ "စော်ဘွားလေးဘိုဘိုမောင်" သံဆူးလိပ်တွေကို လှလှပပ တပ်ထားတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ရယ်ရတယ် ... အန်တီလေးရဲ့"

"ဘာကိုလဲ"

"မိုးသားဖြူပေါ့"

"___"

"ကြည့်လိုက်ရင် အဲဒီလိုပဲ တရှူးရှူးရောက်လာပြီး ပြဿနာရှာတတ်တာ၊ သူရောက်လာတိုင်း အစ်ကိုက တိုက်တိုက်ဆိုင်ဆိုင်ရောက်တတ်ရော၊ ဟင်း ဟင်း"

"မောင်ကျော်စွာက ပိုင့် Body gurad ပေါ့လေ"

"မဟုတ်ပါဘူး ... ပိုင့်ကိုယ်ပိုင် ကာကွယ်နိုင်ပါတယ် အန်တီလေးရဲ့၊ အစ်ကိုဝင်ရှင်းပေးတိုင်း သူ ပါးစပ်ပိတ်ပြီး ပြန်ရတာတောင် အမှတ်မရှိဘူး၊ ဘယ်တော့မှမနိုင်ဘဲ သူပဲ ရှုံးတာကိုများ ရယ်ရတယ်ကွာ"

အန်တီလေးက ပိုင့်ကို အငေးသားကြည့်နေပါ၏။ ရေချိုးပြီး ခါစမို့ ဗီရိုဖွင့်ကာ ပေါ့ပေါ့ပါးပါးဝတ်စုံကို ယူဝတ်လိုက်ပါသည်။ ကြယ်သီးတပ်ရင်း မှန်ရှေ့မှာရပ်လိုက်မိ၏။ သွယ်လျလျမျက်နှာကို မှန်ထဲကြည့်ရင်း တွေသွားရပါသည်။ ယုနဲ့ အဆက်ဖြတ်တဲ့လား။ ကိုကိုတောင် မပြောရက်တဲ့စကားမျိုးကို ဒင်းမို့ ပြောရတယ်လို့။

"ယုနဲ့ပတ်သက်ပြီး ပိုင် အခုလို အနာတရဖြစ်ရတာတွေ ရပ်သင့်ပြီ ပိုင်"

မျက်ရည်ဝဲသွားရပါ၏။ အတိတ်ကို ပြန်မတူးဆွပါနဲ့လား။





ပိုင်တို့ တမင်တကာ မေ့ထားတာပါ။ အတိတ်ဆိုတာ မေ့ဖျောက်ပစ်လို့မရတာမှန်ပေမယ့် အဲဒီအတိတ်က ဘဝမှာ အဆိုးဆုံးဖြစ်ခဲ့ရတာလေ။ အတိတ်ဆိုတာ ဘဝရဲ့အရိပ်တဲ့။ ဒါဖြင့်လည်း အဲဒီအရိပ်က ပျောက်ကွယ်သွားတာမျိုးမှ မဟုတ်ဘဲကိုး။

"အန်တီလေးက ပိုင့်အတွက် ပြောနေတာပါ။ ကိုကိုလည်း ပြောချင်ပေမယ့် ပိုင့်ကို ငဲ့ပြီးပြောမထွက်တာဘဲ ဖြစ်မှာပါ"

"ပိုင် ဗိုက်ဆာနေပြီ"

စကားဖြတ်တာမှန်း အန်တီလေးသိပုံရပါ၏။ သွေးသားရင်းချာတွေ မဟုတ်ပါလား။ ပိုင့်ရင်ထဲကို ထိုးထွင်းမြင်နိုင်စွမ်းက အန်တီလေးမှာရော ကိုကို့ထံမှာပါ ရှိနေပါသည်။ အငယ်ဆုံးကလေးမို့ အလိုလိုက်ကြတာ မှန်ပေမယ့် မျက်စိစုံမှိတ်ပြီး လွှတ်ထားတာတော့ မဟုတ်ပါချေ။

"ပိုင်"

"ဟော ... သားကြီးပြန်လာပြီ"

ပိုင် သက်ပြင်းရှိုက်လိုက်မိပါ၏။ ကိုကို့ထက်အရင် ပြန်ရောက်လေ့ရှိတာမို့ ပြန်လာတာနှင့် ထွက်ကြိုနေတာကိုသာမြင်ချင်သည့် ပိုင့်ကိုကိုပါ။ ဒီမျက်နှာ ဒီဒဏ်ရာနဲ့ ကိုကို့ကို ဘယ်လိုရင်ဆိုင်ရပါ့မလဲ။ နားပူဦးမယ်ထင်ပါရဲ့။ မဆူချင်ဘူး ဘယ်လောက်ပဲပြောပြော ပိုင်ကိုက ပြဿနာရှာတတ်လေ့ရှိတော့ ခက်သားလား။

"ပိုင် ခေါ်နေတာမကြားဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"လာပြီ"

အန်တီလေးက အရင်ထွက်သွားနှင့်ပြီမို့ အသံလှမ်းပြုလိုက်ပါ၏။ Ready ပြင်ပေတော့ပိုင်။ အသားနာရတာထက် နားပူတာကို မနှစ်သက်သည့်လူက ဒီဘဝမှာ ဝဋ်မှမကျွတ်တာကို။ အခန်းတံခါးကို အသာစေ့ပိတ်ခဲ့ပြီး ထွက်ခဲ့ပါ၏။ လှေကားမှဆင်းခဲ့စဉ် ညှိခန်းမှာ ညှိသည်တွေရှိနေတာကို တွေ့လိုက်ရ၍ ခြေလှမ်းက တုံ့ခနဲ ရပ်သွားလေသည်။

အလို မိုးသားဖြူရောက်နေတာပါလား။

"လာခဲ့လေ"

သွားပါပြီ၊ သူစိမ်းတွေရှေ့ အဆူခံရမှာတော့ မမိုက်ပါဘူးလေသံမာဖြင့် ခေါ်နေသည့် ကိုကိုက ခါးကိုပါ ထောက်ထားသဖြင့် ကျိုင်က အတော်ကြီးပူမှန်း သိလိုက်ပါ၏။ ခုံကို လက်ညှိုးနှင့်ပြလိုက်တာနှင့် အသာငြိမ်ပြီး ထိုင်လိုက်ရလေသည်၊ ရော်၊ ဘယ်လိုဖြစ်ပြီး မိုးသားဖြူနဲ့ တည့်တည့်ခုံမှာမှ ထိုင်မိလိုက်တာပါလိမ့်။

ဒီဘက်နှစ်ယောက်ထိုင်ခုံမှာ လူကြီးနှစ်ဦးရှိနေတာမို့ မိဘတွေပါ ခေါ်လာမှန်း သိလိုက်ပါသည်။ အင်အားအတော့်အတင်းနဲ့ပေါ့လေ။ နစ်နာရသူက ပိုင်သာဖြစ်ပြီး အခုလိုအုပ်စုနဲ့ ရောက်လာတာတော့ တဆိတ်လွန်လွန်းချေလေပြီ မိုးသားဖြူ။

"အန်တီတို့က သားသားရဲ့မိဘတွေပါ ပိုင်"

မျက်လွှာပင့်ကြည့်လိုက်မိ၏။ နှုတ်ဆက်ရမှာလား။ ဆိုင်မှာ





Customer ကို ဖော်ရွေစွာ ပြောလေ့ရှိပေမယ့် ဒီလိုလူကြီးတွေကို မျက်နှာချိုသွေးပြီး ယဉ်ကျေးပျူငှာစွာ ပြောဖို့က ပိုင့်အဖို့ ခက်ခဲလွန်းလေ၏။ အထူးသဖြင့် တဖောင်းဖောင်းနှင့်မျက်ချေးဖြစ်နေသည့် မိုးသားဖြူ၏မိဘတွေကို ဘယ်လိုပြောဆိုရပါ့မလဲ။

"ဦးက ဦးအောင်ဖြူပါ"

"အန်တီက ဒေါ်ရွှေစင်ပါ, ပိုင်"

ဘာမှမပြောဖြစ်။ ကိုကိုက ပိုင့်ဘေးခုံမှာ ဝင်ထိုင်လိုက်ပြီမို့ ကြက်သီးက ဖျန်းခနဲ ထသွားရပါသည်။ ကိုကိုက စိတ်ဆိုးဒေါသထွက်လာရင် သူများတွေလို အော်ဟစ်တာမျိုး မလုပ်ပါ။ အံကိုတင်းတင်းကျိတ်ပြီး အေးစက်စက်လေသံမာနှင့် ပြောတိုင်း ပိုင်ကျောချမ်းရတာ မဟုတ်လား။

အခုလည်း ဒီလိုအေးစက်ခြင်းတို့က ပိုင့်ထံ ပြေးလာသလိုနယ် ခံစားလိုက်ရသလိုပါ။

"အန်တီတို့သားလုပ်ရပ်အတွက် အခုလို ပိုင့်ကို လာတောင်းပန်ရတာပါကွယ်"

"ဟုတ်ပါတယ် မောင်ဘုန်း၊ လူငယ်တွေရဲ့ကိစ္စဖြစ်ပေမယ့် လူကြီးဖြစ်တဲ့ အန်ကယ်ကပဲ အနူးအညွတ်တောင်းပန်ပါတယ်"

"ပြော"

ကိုကို့အသံ ခပ်ပြတ်ပြတ်ထွက်လာပါ၏။ အဘယ်မျှ ဒေါသဖြစ်နေပါသလဲ။ မျက်နှာငယ်လေးဖြင့် ငြိမ်နေသည့်က မိုးသားဖြူ



www.burmeseclassic.com

www.burmeseclassic.com



တုံထိုဘာဝေဖြင့် နှုတ်ဆိတ်နေတာက ပိုင်ရယ်ပါ။ အန်တီလေးက ညှိသည်တွေဖို့ ကော်ဖီနှင့်မုန့် စီစဉ်ကာ လာချပေးပြီး ရှောင်သွားလေ၏။ ပိုင့်ကိစ္စကို ကိုကို စီစဉ်ပေးရုံနဲ့ ပြီးပြတ်မည်ဟု ယုံကြည်ခြင်းကြောင့်ပါပဲ။

"ပိုင်!"

"ပိုင် ဘာပြောရမှာလဲ"

"ကိုကို ဘာပြောထားလဲ၊ ဘယ်နှခါပြောရမလဲ၊ ဘယ်လိုပြောမှ ပိုင့်နားထဲ၊ နှလုံးသားထဲ ဝင်မှာလဲ ပိုင်"

မျက်ရည်က ချက်ချင်းဆို့တက်လာတော့၏။ မငိုမိစေနဲ့ ပိုင်။ တင်းထားမှပေါ့။ အားငယ်ဝမ်းနည်းတတ်သည့်အကျင့်ကို ဒီလိုသူစိမ်းတွေ ပေးသိလို့ ဘယ်ရပါ့မလဲ။ သူစိမ်းနှင့်ပိုင် ရန်ဖြစ်တိုင်း ပြဿနာဖြစ်ဖူးတိုင်း ပိုင့်ကိုသာ ဦးတည်ပြီး ပြောတတ်တာပါ။ ဆန်ရင်းကိုသာ နာနာဖွပ်တာ ထုံးစံပင် မဟုတ်ပါလား။

"ပိုင့်အလွန် မဟုတ်ရပါဘူး သားရယ်၊ အန်တီ့သားက မှားတာပါ"

"ဘယ်လောက်ပြောပြော အမှတ်သည်းခြေကို မရှိဘူး၊ အဲဒီကောင်မလေးနဲ့ ပေါင်းလို့ ပိုင့်အတွက် ဘာများအကျိုးရှိသလဲ၊ ဘာကောင်းကျိုးများ ရဖူးသလဲ ပိုင် ... ပြောစမ်းပါ"

နှုတ်ခမ်းအတွင်းသားကို ဝဲနာနာကိုက်လိုက်မိ၏။ တင်းထားသည့်ကြားမှ ပါးပြင်ထက် မျက်ရည်က စီးကျသွားလေသည်။





လက်ခုံဖြင့် အမြန်သုတ်ရင်း ရှိုက်သံမထွက်အောင် အသက်ကို အောင့်ထားလိုက်မိ၏။ ပြောပါ ကိုကို ... (၅၂၈) ဆိုတာ မိသားစုမောင်နှမတွေထဲမှာသာ ရှိတာ မဟုတ်ရပါဘူး။ လည်ပင်းဖက်ကြီးပြင်းလာတဲ့ သူငယ်ချင်းအပေါင်းအသင်းတွေကြားမှာလည်း အနိုင်အမာရှိတတ်တာကို ကိုကိုမှ မမြင်နိုင်ဘဲ။

"အ ... အစ်ကို ... ကျွန်တော်"

"အန်ကယ်တို့ အန်တီတို့ကို အားနာပါတယ်၊ ဘာပြဿနာပဲဖြစ်ဖြစ်၊ ဘယ်လိုအကြောင်းပဲရှိပါစေ ... ကျွန်တော့်ညီ မှားတာပဲဖြစ်မှာပါ"

"မဟုတ်ပါဘူး အစ်ကို၊ ကျွန်တော် မှားခဲ့တာပါ၊ မရည်ရွယ်ဘဲ ကိုယ်တိုင်လက်ရောက် ဖြစ်သွားရတာပါ၊ ကျွန်တော့်မှာပဲ အပြစ်ရှိတာပါ အစ်ကို၊ ပိုင့်အပြစ် မဟုတ်ရပါဘူး"

"ဒါပေမဲ့ ... အရင်းအမြစ်က ဟိုမိန်းကလေးကြောင့် ဖြစ်ရတာ မဟုတ်လား၊ ကျွန်တော် သိပါတယ်၊ ဒီလိုဖြစ်တာ ဒီတစ်ကြိမ်တည်းမှ မဟုတ်ဘဲ"

"ကိုကို"

"ပါးစပ်ပိတ်ထား"

ဆတ်ခနဲ လှည့်ကြည့်လိုက်သည့်အကြည့်စူးကို မခံယူဝံ့ဘဲ မျက်လွှာချလိုက်မိ၏။ မိုးသားဖြူက ခုံထက်မှထကာ ဖါကေးခင်းထားသည့် ကြမ်းပေါ်မှာ ဒူးထောက်၍ ထိုင်နေလေပြီ။ ဘာလုပ်မလဲ



www.burmeseclassic.com

www.burmeseclassic.com



ပိုင်။ ဒီလိုမြင်ကွင်းမျိုးကို ကိုကို မြင်နေရရင် အတိတ်စာမျက်နှာက အသစ်ပြန်ဖွင့်ပြီပဲ။ ပိုင်တော့ . . . ပိုင်တော့ မီးတောက်ကြီးကို ရဲရဲကြီး မျိုချမိလေပြီ။

"ထပါ ညီ . . . အဲဒီလို မလုပ်ပါနဲ့"

"ကျွန်တော် အနူးအညွတ် တောင်းပန်တာပါ အစ်ကို၊ တကယ့်စိတ်ရင်းအမှန်ပါဗျာ"

"ကိုယ်နားလည်ပါတယ်၊ ခုံမှာ ပြန်ထိုင်ပါ ညီ"

"ပိုင့်ကို . . . ပိုင့်ကို မဆူပါနဲ့"

"အဲဒါ မင်းပြောစရာမလိုပါဘူး"

"ပိုင်!"

"အလကားလူ . . . ယောက်ျားဖြစ်ပြီး မိန်းမလို မိန်းမရ"

"ပိုင်! တိတ်စမ်း!"

ရိုပ်ခနဲ မြောက်တက်သွားသည့် ကိုကို့လက်ကြောင့် မျက်စိကို စုံမှိတ်လိုက်မိ၏။ ဒါ . . . ဒုတိယအကြိမ်မြောက်ပင် မဟုတ်ပါလား။ ပိုင့်ဘဝမှာ ပါးပြင်ထက် နာကျင်မှုဖြစ်ခဲ့ရတာ ပထမတစ်ကြိမ် ရှိခဲ့ဖူးတာလေ။

"မလုပ်ပါနဲ့ အစ်ကို . . . မလုပ်ပါနဲ့ အန့်တီလေးရေ . . . လာပါဦး"

"ပိုင် မဖြတ်နိုင်ဘူး။ ယုနဲ့ ဆက်ပြီး မတွေ့ရရင် ပိုင် သေမှာ . . . ပိုင်"





"ကဲ! . . . မဖြတ်နိုင်ဦး"

"ဟာ!"

"ဟယ်! သားကြီး . . . ဘယ်လိုလုပ်လိုက်တာလဲ၊ ပိုင် . . . ပိုင် . . . လုပ်ကြပါဦး၊ ခေါ်လို့မရတော့ဘူး . . . အမယ်လေး!"

လက်ပြန်ရိုက်ချက်ကို တား၍ မရလိုက်ပါ။ ဆက်တီထက် ပုံလဲသွားသည့်ပိုင့်ကို အန့်တီလေးက အမြန်ပွေ့လိုက်လေ၏။ လက်သီးကို ကျစ်ကျစ်ဆုပ်ထားသည့် အစ်ကိုက ပိုင့်ကို စူးစူးရဲရဲ ကြည့်နေရာမှ မျက်ရည်ပေါက်ပေါက်ကျလာတော့သည်။

"ဆရာဝန် . . . ဆရာဝန်"

"အန့်တီလေး . . . phone ဆက်ခေါ်လိုက်လေ၊ ပိုင့်ကို အခန်းထဲ ကျွန်တော် ပို့ပေးမယ်"

"အေးအေး သား . . . ဖြည်းဖြည်းမ"

"ခွမ်း!"

"သားကြီး"

ဆက်တီမှန်စားပွဲက တစ်စစီဖြစ်သွားလေ၏။ ပိုင့်ကို ပွေ့ချီထားတာမို့ အစ်ကို့ကို မဆွဲလိုက်မိပါ။ အောက်ထပ်အိပ်ခန်းဆီသို့ ချီပွေ့သယ်လာမိလေသည်။ ပေါ့လိုက်တာ။ ယောက်ျားလေးဖြစ်ပြီး ဤမျှ ပေါ့ရသလား။

ရောက်လာသည်က အမျိုးသမီးဆရာဝန်မို့ အံ့သြပြီးရင်း အံ့သြမိရပါ၏။ ဘာကြောင့်လဲ၊ လူနာက အမျိုးသားဖြစ်ပါလျက်

www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် Family Doctor က အမျိုးသမီးဖြစ်နေရတာပါလိမ့်။ မျက်ရည်လည်ရွဲဖြင့် အန်တီလေးက တူဖြစ်သူလက်ကို ဆေးထည့်ကာ ပတ်တီးစည်းပေးစဉ် ပိုင့်ကို ဆရာဝန် စစ်ဆေးနေသည်။ ခပ်ငေးငေးကြည့်မိတော့သည်။ ပိုင်, ပဟေဠိဆန်တဲ့ ပုစ္ဆာတစ်ပုဒ်ပါလား။

## အခန်း (၂၁)

ခေါင်းကို ခပ်ပြင်းပြင်းခါလိုက်မိ၏။ ဘယ်လိုမှ စဉ်းစားမရပါလေ။ အဖြေက နတ္ထိ။ မဖြတ်နိုင်ဘူးတဲ့။ ဆက်မတွေ့ရရင် သေမှာတဲ့လား။ ဤမျှထိ အချစ်ကြီးသတဲ့။ အံ့သြပါရဲ့ ပိုင်။ ယုအပေါ် ကျွန်တော့်လောက် ချစ်တဲ့လူ မရှိနိုင်ဟု ထင်ထားသမျှ ပိုင့်ကို အရှုံးပေးရတော့မှာပါလား။

သက်ပြင်းကို ရှိုက်ထုတ်လိုက်မိ၏။ ရင်တွင်းမှ အပူက မငြိမ်းနိုင်ခဲ့။ ဘယ်လိုမှ နေ၍မရပါ။ ထိုင်မရဲတော့ လမ်းထလျှောက်မိ၏။ လမ်းလျှောက်ပါသော်ငြား စိတ်က မတည်ငြိမ်နိုင်တာမို့ အိပ်ရာထက် ပစ်လှဲချလိုက်မိပြန်သည်။ phone ကို လှမ်းယူကာ နံပါတ်တွေကို နှိပ်လိုက်မိ၏။ ဘုရားသိကြားမ,လို့ phone ကိုင်ပါစေလား။

“လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါ

www.burmeseclassic.com



သဖြင့် ခေါ်ဆို၍ မရနိုင်ပါရှင်”

“တောက်! လူကြီးမင်းနဲ့ချည်း တိုးနေတာပဲ၊ တင်းလာပြီ”

Battery ပါ ဖြုတ်ထားလေသလား။ မဟုတ်ပါဘူး။ Phone ဖြေသံ ကြားရတာမို့ မကိုင်တာပဲ ဖြစ်မှာပါ။ နေမကောင်းသေးတာလား။ အစ်ကိုပဲ မဆက်သွယ်နိုင်းလို့ အခန်းအောင်းနေရတာများလား။ ဘယ်လိုလဲ ပိုင်။ အသံလည်း မကြား။ လူကိုလည်း မမြင်ရ။ ဘယ်လောက်ကြာပြီလဲ။

ဆိုင်ကိုသွားတော့ ဆိုင်က ပိတ်လျက်သား။ ဘာကြောင့်လဲ။ ကျွန်တော့်ကြောင့် ပိုင့်ကို ဘာမှမလုပ်နိုင်းတော့တာလား။ ကျွန်တော့်ကြောင့် အိမ်ထဲက အိမ်ပြင်မထွက်နိုင်းတာလား။ ကျွန်တော့်ကြောင့် ပိုင့်ကို ... ပိုင့်ကို လှောင်ချိုင့်ထဲ သိမ်းထားလိုက်ပြီလား။ ကျွန်တော့်ကြောင့် ... ကျွန်တော့်ကြောင့်။

“ပိုင်ရယ်”

တီးတိုးရယ် ရွတ်မိစဉ် phone မြည်သံကြောင့် မျှော်လင့်တကြီး ကြည့်လိုက်မိ၏။ မျှော်နေသည့် phone မဟုတ်ဘဲ Hotel မှ ဖြစ်နေတာမို့ စိတ်မပါစွာ ပြန်ဖြေပြန်သည်။ ဘာမှလုပ်လို့မဖြစ်နေပါရောလား မိုးသားဖြူ။ ဘာတွေဘယ်လိုဖြစ်ကုန်ပြီလဲ။ အာရုံက ပါးပေါ်ကို စီးကျသွားသည့် မျက်ရည်။ အောက်နှုတ်ခမ်းကို တင်းတင်း ကိုက်ထားသည့်မျက်နှာ။ ချာခနဲလှည့်ထွက်သွားသည့် ခေါင်း။ ပုံခနဲ လဲကျမေ့မျောသွားပါသည့် ကိုယ်ခန္ဓာ။





“ရှူးပြီကွာ ... မှူးနေပြီဗျ။ ကယ်ကြပါဦး”

ခေါင်းအုံးထက် မျက်နှာကိုအပ်လိုက်ပြီး အသက်ကို ခပ်ပြင်းပြင်းရှူထုတ်နေမိ၏။ ရက်စရာပါပဲလား။ ယောကျ်ားချင်းကို ဘယ်လိုဖြစ်ပြီး သံယောဇဉ်တွယ်မိပါသလဲ။ ဘာဖြစ်လဲ ... ဟုတ်တယ်။ သူငယ်ချင်းလို ပေါင်းလို့ဖြစ်တာပဲဟာ ... ဘယ်သူက ဘာပြောမှာမို့လဲ။

သူငယ်ချင်းအချင်းချင်း အတူစား။ အတူသွား။ အတူအိပ်ကြတာ အဆန်းမှမဟုတ်တော့တာပဲ။ နေပါဦး ... ကျွန်တော့်စိတ်က ပိုင့်အပေါ် သူငယ်ချင်းထက် ပိုရင်ကော ... ဘုရားရေ! အကြီးအကျယ်ကို ရှုးသွက်ဖွယ်ပါပဲလား။ မှောက်ခုံလှဲလျက်မှ ပက်လက်ပြန်လှန်ကာ မျက်နှာကျက်ကို တွေတွေကြီး မော့ကြည့်နေမိပြန်၏။ ငါ မှူးနေပြီ ပိုင်။

“ပိုင်,မဖြုတ်နိုင်ဘူး”

“ယုနဲ့ ဆက်ပြီး မတွေ့ရရင် ပိုင်သေမှာ”

မျက်လုံးကို မှိတ်လိုက်မိ၏။ အထပ်ထပ်အခါခါ ကြားယောင်နေမိသည့်အသံက အလွတ်ပင် ရနေလေပြီ။ သေမှာတဲ့လား။ မတွေ့ရရင် သေရလောက်အောင် ဖြစ်သင့်တာ ယုအပေါ်မှာ ကျွန်တော်သာ ဖြစ်သင့်တာလေ။ အခုတော့ ကျွန်တော်မဟုတ်တဲ့ ပိုင်က ယုကို အရူးအမူးချစ်ရသတဲ့။

လောကကြီးကို ဟားတိုက်ချင်စရာပါ။ ဖြစ်သင့်ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သူ့ကိုမြင်ချင်တယ်။ သူ့အသံကို ကြားချင်တယ်။ သူ့ရဲ့ စကားတွေ ဖောင်ဖွဲ့ပြောနေချင်တယ်။ သူနဲ့ မကြာခဏ အကြည့်ချင်း ဆုံပြီး ရင်မခုန့်တခုန်ဖြစ်ရတဲ့ feel မျိုးကို အမြဲရနေချင်တယ်။

ဟုတ်တယ်။ ကျွန်တော် သူ့ကို ချစ်တယ်။ သူဆိုတာ ပိုင်မိုး ကျွန်တော် သွက်သွက်ခါ ရူးပြီထင်ပါရဲ့။

"သားသား"

မာမီလား။ ကျွန်တော် ဘယ်သူနဲ့မှ မတွေ့ချင်ဘူး။ တစ် ယောက်တည်း နေပါရစေ။ တစ်ယောက်တည်း တွေးနေပါရစေ။ တစ်ယောက်တည်း ကျိတ်ပြီး ရူးနေပါရစေလားဗျာ။ အချစ်ဆိုတာကို သိပြီးတဲ့အခါ ဘဝမှာ ပိုပြီး အထီးကျန်လာတတ်ပါတယ်တဲ့။ လုံး ဥသုံ မှန်ကန်နေပါပြီကော။

"သားလေး ... ဘာဖြစ်နေတာလဲ၊ မာမီ့ကို ပြောပါဦး ထမင်းမစား။ ဘာမစားနဲ့ နေတာကြာနေပြီ၊ ဘာတွေဖြစ်ကုန်ပြီလဲ သားရယ်၊ မာမီခေါ်နေတာ ကြားရဲ့လား"

"ရူးနေပြီ"

"ဟဲ့!"

"ဟုတ်တယ် ... ကျွန်တော် ရူးသွားပြီ မာမီ"

"အမယ်လေး! ... သား ... မိုးသားဖြူ"

မာမီက ရင်ဘတ်ဖိကာ ကျွန်တော့်ကို စိုးရိမ်တကြီး ကိုင်လှုပ် နေပါ၏။ တကယ်ရူးသွားတာများလား။ မဟုတ်သေးပါဘူး။ ဘယ်လို



အရူးကမှ ကိုယ့်ကိုယ်ကိုယ် ရူးပါတယ်လို့ ဝန်မခံတာလေ။ မိုးသားဖြူ မရူးဘဲ ကြောင်တောင်တောင်ဖြစ်သွားတာပါ မာမီ။

"ဒီနေရာ ... ဒီနေရာက နာနေတယ် မာမီ"

"ဘယ်လို ... ဒါဖြင့် ဆရာဝန် ခေါ်မှာပေါ့"

"ဆရာဝန်ကုပေးလို့မရဘူး မာမီ"

"ဘာ"

"သူ ကုပေးမှာရမှာ"

"အမယ်လေးနော် ... ဒါဆိုလည်း သား့ကောင်မလေးကို phone ဆက်ချိန်းပေါ့ဟယ်၊ ခက်ခက်လွှန်းလို့"

"ဆက်လို့မရဘူး မာမီ"

"အဲဒါဖြင့်လည်း အိမ်ကိုသွားပေါ့"

"အိမ်မှာလည်း မရှိဘူး"

"ဩော် ... အဲဒါ မာမီက ဘာလုပ်ပေးရမှာလဲ၊ ကိုယ့်ဘာ သာကိုယ် ရှာကြံစဉ်းစားမှပေါ့။ ဦးနှောက်ခြောက်လာပြီ ... တကယ် ပါပဲ"

"ကျွန်တော်က brain ချောင်နေတာပါ မာမီ"

"ဟဲ့!"

ဆတ်ခနဲ ထထိုင်လိုက်စဉ် မာမီက အလန့်တကြားဖြင့် နေရာရွှေ့ထိုင်လိုက်လေ၏။ လန့်နေပြီလား ... သားဖြစ်သူကို မာမီမှ မယုံရင် ဘယ်သူက လာယုံပေးမှာတဲ့လဲ။ ဖြူးကြောင်ကြောင်ရှက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကြည့်နေသည့် ကျွန်တော့်ကြောင့် အသံပင် မထွက်နိုင်တော့ပါ လေ။

"ကျွန်တော် . . . ကျွန်တော် သူ့ကို မတွေ့ရရင် မနေနိုင်အောင် ဖြစ်နေပြီ"

"အေးလေ . . . ဒါကြောင့် မာမီ ပြောတာပေါ့"

"မဟုတ်ဘူး"

"ဘာကိုမဟုတ်တာလဲ"

"မာမီထင်နေသလို မဟုတ်ဘူးလို့ ပြောတာပါ"

"ဒါဖြင့်"

"ဟုတ်တယ် . . . ကျွန်တော် တကယ်ချစ်နေမိတာ ယု မဟုတ်ဘူး"

"ဘာ"

"ကျွန်တော်ချစ်တာ ပိုင့်ကို"

"ဘယ်လို! ဟဲ့! . . . မိုးသားဖြူ"

"ပိုင့်ကို မတွေ့လို့မဖြစ်ဘူး မာမီ"

"ဒုက္ခပါပဲ"

သေချာပါတယ် ပိုင်။ အသေချာဆုံးစကားကို ပြောရတာပါ။ ယုထံ phone ဆက်တိုင်း busy ဖြစ်နေရင် ပိုင့်ဆီကိုသာ message ပို့ဖြစ်ခဲ့တာလေ။ "ရှုပ်လိုက်တာ" ဟူသည့် စာသားတွေ အထပ်ထပ် မြင်ရပေမယ့် ဒါကိုပဲ ပီတိဖြစ်ပြီး အိပ်ပျော်ခါနီးအထိ အပြန်အလှန်





ပို့ခဲ့ကြတာပါ။

ပိုင် . . . မနာလိုခြင်းတွေက မင်းကြောင့် ဖြစ်လာရတာပါ။ မင်းပါးကို ယုနမ်းစဉ်က မင်းအပေါ် မနာလိုမှုဖြစ်ခဲ့တာပင်။ မင်းကောင်မလေးကို မရရအောင်ဆွဲခေါ်ပြီး တွဲဖြစ်ခဲ့တာလည်း မင်းကြောင့်ပါပဲ။ မင်း ဆတ်ဆတ်ခါ ဒေါသထွက်တာ၊ ပေါက်ကွဲတာတို့က ကိုယ့်ကို တစ်မျိုးခံစားစေတာ အမှန်ပါလေ။

အထူးသဖြင့် မင်းအနီးမှာ ဟိုလူရောက်လာတိုင်း မခံမရပ်နိုင်ဖြစ်ရတာကို သိပါရဲ့လား။ ကိုယ့်အပေါ်မှာတောင် တစ်ကြိမ်မှ မပြုမူဖူးခဲ့တဲ့အကြည့်မျိုး၊ အပြုံးမျိုးကို ဘာဖြစ်လို့များ သူ့ရှေ့မှာ လုပ်ရပါသလဲ။ မင်းဆံပင်တွေကို သူ့လက်နဲ့ထိကိုင်ခွင့် မင်းပခုံးကို ခပ်သာသာပုတ်ခတ်ခွင့်ကို ဘာကြောင့်များ သူ့ကိုမှ ခွင့်ပြုရတာပါလဲ။

မနာလိုဘူး ပိုင်။ အဲဒါတွေကို တစ်ခုစီ စစ်တမ်းပြန်ကောက်ကြည့်မိမှ ဒီအဖြေကို ရခဲ့တာပါ။ မင်းကိုချစ်တယ် ပိုင်။ အရူးအမူး ချစ်မိသွားတာပါ။ မျက်စောင်းခဲလိုက်တာ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ရန်လိုတဲ့အကြည့်နဲ့ မျက်နှာလေးကို ကြည့်မဝနိုင်ခဲ့တာ အမှန်ပါလေ။

လက်ကို ဓားထိစဉ်က ရင်အခုန်ဆုံးပါပဲ။ နာကျင်မှုဒဏ်ကို ကျိတ်မှိတ်ခံခဲ့ရတာကို ရင်ထဲမှာ နာခဲ့ရတာလေ။ ရေသောက်နေတဲ့ မြင်ကွင်းကိုလည်း ဒီနေ့အထိ မမေ့နိုင်ပါ။ ပိုင့်လက်ကို ကိုင်ပြီး ပတ်တီးစည်းစဉ်က ရင်တွေ တဒိုင်းဒိုင်းနဲ့ အခုန်မြန်ခဲ့တာ ပိုင်မှမသိခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်တယ်၊ အရမ်းချစ်တယ်၊ သိပ်ချစ်တယ် … ဆိုတာ တွေကို ရင်ထဲမှာ ပေါက်ကွဲအော်ဟစ်ပြီး အခါခါပြောနေမိပေမယ့် နှုတ်ဖျားက မထွက်အောင် ထိန်းချုပ်ထားရတာ အဘယ်မျှ ခက်ခဲလှ ပါသလဲ။ နီစွေရွှဝ ကယောင်ချောက်ချားနဲ့ ယောက်ယက်ခတ်နေတာ တွေကို ပိုင်မှ မစာနာနိုင်တာလေ။

"ဘယ်လိုဖြစ်ရတာလဲ"

"မသိဘူး။ ကျွန်တော်မသိခဲ့လို့ အခုလိုတွေဖြစ်နေတာပေါ့ မာမီရဲ့"

"ဟုတ်ပါပြီ … မာမီ သဘောပေါက်ပါတယ်၊ ပိုင့်ကို သူငယ်ချင်းလို့, ညီအစ်ကိုလို ချစ်တာဖြစ်မှာပါ၊ ဟုတ်တယ် မဟုတ်လား … ဟင်"

"အဲဒီထက်ပိုတယ် မာမီ"

"ဘာ"

"သူငယ်ချင်းအဆင့်ထက် ပိုနေလို့ ခက်နေတာပေါ့ဗျာ ချစ်တာ၊ မယုံရင် ဒီမှာစမ်းကြည့်၊ သူ့အကြောင်းပြောနေတိုင်း ကျွန်တော့်နှလုံးက ဒီလိုအချက်ပြနေတာ၊ အဲဒါ အချစ်မဟုတ်လို့ ဘာလဲ"

"ဘုရား! … ဘုရား!"

မာမို့လက်ကို ရင်ဘတ်နေရာမှာ စမ်းစေတော့ မာမီ ဘုရား "တ"လေ၏။ ဒီလိုဖြစ်မယ်ထင်သားပဲ။ ဒါကြောင့် ဘယ်သူ့ကိုမှ မပြော ဘဲ တစ်ယောက်တည်း ကျိတ်မှိတ်မျိုသိပ်ခံစားနေရတာလေ။





ကျိုး ကျုပ်လိုက်တာနော်၊ ရင်ထဲမှာ အလုံးကြီး တစ်နေသလို တင်းတင်း ကျပ်ကျပ်ကြီး ခံစားနေရတာ ဘာကြောင့်ပါလဲ။

"ဒါတော့ … ဒါတော့ မဖြစ်ဘူး သားရယ်၊ လူကြားလို့မှ မကောင်း"

"ဒါဖြင့် … ကျွန်တော် ဘာလုပ်ရမလဲ မာမီ၊ သူ့ကို မတွေ့ ရရင် ကျွန်တော်မှ မနေနိုင်တာ၊ နေ့တိုင်း message တွေ ပို့နေတာ အခု ဘာအဆက်အသွယ်မှမရတော့လို့ ငါးရံ့ပြာလူးဖြစ်နေတာ မာမီ မြင်နေတယ် မဟုတ်လား"

"ခုက္ခပါပဲ … ဟော! phone လာနေပြီ"

မာမီက ထွက်ပေါက်ရသွားပုံဖြင့် ကျွန်တော့် Hand Phone ကို လှမ်းယူပေးလေ၏။ အရေးထဲမှ ဘယ်က phone ဝင်လာရပြန်တာ လဲ။ အလုပ်ကိစ္စကို နားထားမည်ဟု ပြောထားတာမို့ ထပ်ဆက်စရာ မှ မလိုတာလေ။ အလို! … ဒါ … ဝဏ္ဏရဲ့နံပါတ်ပါလား။

"ဟဲလို !"

"အေး … မိုးသား … မင်း ဘာလုပ်နေလဲ"

"ငါ"

ဘာပြောရမည်မှန်းမသိဘဲ တံတွေးကို မျိုချလိုက်ရပါ၏။ ကျွန်တော့်အဖြစ်က အတော့်ကို ဆိုးသွမ်းသည့်ကိစ္စ မဟုတ်ပါလား။ သူငယ်ချင်းတွေသာသိရင် အလှောင်ခံလိုက်ရမယ့်ဖြစ်ခြင်း။ ကံကြမ္မာ ရယ် မျက်နှာသာပေးမယ်ဆိုလည်း လူကြားလို့ကောင်းတာမျိုးနဲ့ ဖန်



www.burmeseclassic.com

www.burmeseclassic.com



တီးပေးပါတော့လား။

"အားလား . . . Hotel မှာ မရှိဘူးဆိုလို့ ဆက်လိုက်တာ"

"အင်း"

"ငါတို့အုပ်စု အခု Club မှာ"

"အင်း"

"မင်းလာမှဖြစ်မယ်"

"ဘာလို့လဲ"

"ငါတို့ လုံးဝမျှော်လင့်မထားတာကို ဒီမှာ လာတွေ့နေရလို့ကွ၊ ညနေပဲ ရှိသေးတာနော်"

"ငါ မလာနိုင်ဘူး"

"ကာယကံရှင်ဖြစ်တဲ့ မင်းကို ကိုယ်တိုင်မြင်စေချင်လို့ကွ၊ phone နဲ့ vedio ရိုက်ပို့လို့ရပေမယ့် မလုပ်ချင်ဘူး"

"ဘာကိုလဲ"

"မင်း lady လေးလေ"

"ဘာ!"

"အေး! . . . မင်း lady ကို ဒီလိုမှန်း လုံးဝထင်မထားဘူးကွ၊ မင်းကိုယ်တိုင် လာကြည့်ချေ"

"ယုက"

"ဟုတ်တယ် . . . မင်းရဲ့ယု . . . အခု stage ပေါ်တက်ပြီး Sexy Dancer လုပ်ပြနေတာ Club တစ်ခုလုံး အုန်းအုန်းကျွတ်ကျွတ်





ညံနေတာပဲ၊ အရမ်းဆူနေလို့ ငါ အပြင်ထွက်ပြောရတာ၊ လာခဲ့နော် မိုးသား . . . ဒါပဲ! . . . ဒါပဲ!"

ကျွန်တော် phone ကို ပိတ်လိုက်တော့၏။ ဘုရားရေ! . . . ဘာတွေဖြစ်ကုန်ပြီလဲ။ လက်ရှိတွဲနေတဲ့ချစ်သူက club မှာ က,နေသတဲ့။ မဖြစ်နိုင်တာ။ အခန်းထဲမှ အပြေးထွက်ခဲ့စဉ် မာမို့အော်သံက နောက်မှာ ကျန်ရစ်ခဲ့လေ၏။

ကားကို သွားနေကျ club ပါကင်မှာ ရပ်ခဲ့ပြီး club ထဲ ဝင်ခဲ့ပါ၏။ လှေကားမှ တက်ကာ အပေါ်ထပ် စားသောက်ခန်းသို့ တက်လိုက်ပါသည်။ ကျွန်တော်တို့အုပ်စု တစ်ခါတလေ လာတတ်သည့် club မို့ ထိုင်နေကျခုံမှာပင် ဝဏ္ဏတို့ ရှိနေလေ၏။

လက်ပြခေါ်ကာ ထိုင်စေပြီး beer မှာဖို့ကို သတိမရပါ။ ကြည့်ချင်သည့်မြင်ကွင်းကို လက်ညှိုးညွှန်ပြလေသည်။ အစစ်အမှန်ပါပဲ။ ကျွန်တော့်ချစ်သူ ယုရယ်ပါ။ မပေါ့တပေါ် fashion ဖြင့် stage ပေါ်မှာ က,နေတာများ အံ့ဩလောက်စရာဖြစ်နေတာလေ။

❦❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ခြံထဲမဆင်းစေနဲ့၊ အိမ်ကို ဘယ်သူမှ မလာစေနဲ့၊ phone လည်း မဆက်ပါစေနဲ့"

"အေးပါ သားရယ် . . . စိတ်ချပါ"

ကုမ္ပဏီသွားခါနီး အတန်တန်မှာနေသည့် ကိုကို့အသံကို ပီပီသသကြီး ကြားနေရပါ၏။ အခုမှပဲ တိရစ္ဆာန်လို အိမ်ထဲ ပိတ်လှောင်ခြင်းခံရတော့တာပါလေ။ ဘယ်တတ်နိုင်ပါ့မလဲ။ ပိုင်ကလည်း ပိုင်မို့ မပြောသင့်, မလုပ်သင့်တာတို့ကို ရှူးရှူးမိုက်မိုက်နဲ့ ပြောခဲ့,လုပ်ခဲ့မိတာကိုး။

"အစားလည်း ဝင်အောင်ကျွေးပါ အန်တီလေး"

"သူမှမစားတာ သားရဲ့ ရိုက်ကျွေးရအောင် ကလေးလည်း မဟုတ်"



"မစားရင် ပစ်ထားလိုက် . . . ငတ်ပါစေ"

"သားကလည်းလေ"

"ဒီလောက်ထိ အလိုမလိုက်နိုင်ဘူး၊ ပြီးတော့ ဒီရက်ပိုင်း အတွင်း ခြံဝေးပေါက်ကို အုတ်နဲ့ အသေပိတ်မယ်၊ ဟိုကူး ဒီလာတွေ ဘယ်လိုမှ မရှိစေရဘူး။ ဒါနဲ့မှ တားမရရင် ဒီအိမ်ကနေ တခြားကို ပြောင်းမယ်ဆိုတာ သူသိအောင် ပြောထားပါ၊ ကျွန်တော် သွားပြီ"

ပြောရက်ပါ့၊ ရက်စက်ပါ့၊ ဥပေက္ခာပြုရက်ပါ့။ ဒါလား ပိုင့်ကိုချစ်တာ။ အကြီးဖြစ်ပြီး အငယ်ကို အလိုမလိုက်ဘူးတဲ့လေ၊ နေပေါ့ . . . ဘယ်သူက စကားမပြောဘဲ ဘယ်နှရက်နေနိုင်သလဲ။ စောင့်ကြည့်ကြတာပေါ့လေ၊ ကိုကို ရက်စက်မှတော့ ပိုင်က ပိုပြီး ခေါင်းမာတယ်ဆိုတာ သိအောင်ပြရမှာပဲ။

ပါးပြင်ထက် စီးကျလာသည့် မျက်ရည်ကို ခပ်ကြမ်းကြမ်း သုတ်မိစဉ် အတော်နာသွားရပါ၏။ လက်ဖျားနှင့် တစ်ခါမှ မတို့ခဲ့ဖူးသည့် ကိုကို့ရိုက်ချက်ကြောင့် တစ်ပတ်ကျော်သွားသည်အထိ ပိုင်ဖျားခဲ့ရတာ မဟုတ်လား။ အရင်လို နှဖူးကို တစ်ချက်လာမစမ်း။ ဆရာဝန်လာတော့လည်း ပိုင့်အခြေအနေကို မမေး။ တကာယ့်ကို ပစ်ချင်သလို ပစ်ထားတာပါလေ။

ပိုင် မရည်ရွယ်ပါ။ ဒင်းကို အရွဲ့တိုက်ပြီး ဆက်တိုက် ပြဿနာဖြစ်ခဲ့ရတာလေ။ လူကို ကိုယ်ထိလက်ရောက် စော်ကားပြီး နှုတ်နဲ့ တောင်းပန်ရုံနဲ့ ကျေအေးပေးရမှာတဲ့လား။ ပိုင့်အကြောင်း သိသိကြီး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါလျက် ကိုကိုကိုယ်တိုင် သူစိမ်းဘက်ပါလို့ ပိုရှုံ့ခဲ့မိတာပါလေ။

မှန်းလိုက်တာ။ တအားမှန်းတာပဲ။ ခါးခါးတူးတူးကို မုန်းတယ်။ အဟုတ်ပဲ။ ဘာကောင်မှန်းကိုမသိ။ ပိုင့်ရှေ့မှာ တစ်မျိုး။ လူကြီးတွေရှေ့ကျ တစ်မျိုးနဲ့၊ အမျိုးမျိုး အပြောင်းအလဲမြန်တဲ့ အကြေ့စေ့လိုကောင်။ လုပ်ချင်ရာလုပ်ပြီးမှ လူကြီးတွေကိုယ်တိုင် တောင်းပန်စကား ပြောတာကို မကောင်းတတ်လို့ ဒူးထောက်တာကိုများ ပိုင်မသိဘူး ထင်နေသလား။

"ဟောက်!"

"ဟယ် ... ဘာဖြစ်ပြန်ပြီလဲ!၊ နင်တို့မောင်နှမနဲ့တော့ ခက်ပါတယ်၊ အကြီးကတစ်မျိုး၊ အငယ်ကလည်း တစ်မျိုး။ ဘယ်သူက စလျှော့ပေးမှာလဲ၊ စကားမပြောကြတာ တစ်ပတ်ပြည့်နေပြီ၊ ဘယ်လိုလဲ ပိုင်"

မပြောပါဘူး။ မခေါ်နိုင်ဘူး။ ပိုင်ဆိုးတယ်ဆိုတောင်မှ အခုလို လက်ပါသင့်ရဲ့လား။ ပြီးတော့ သူစိမ်းတွေရှေ့မှာ အရိုက်ခံရတာ အဘယ်မျှ အရှက်ရခဲ့ပါသလဲ။ အရာရာ ဆင်ခြင်သုံးသပ်နိုင်သည့် ဦးဘုန်းမြင့်နိုင်က မဆင်မခြင်နဲ့ လက်လွတ်စပယ်လုပ်ပြုရတယ်လို့။

ပိုင် လွန်တာမှမဟုတ်တာ။ ပိုင့်ဘက်က အရင်စပြီး မလျှော့ဘူး။ လုံးဝပဲ။ အဲဒါ ... ဒင်းကြောင့်ဖြစ်ရတာ။ ဒင်းမွှေလို့ ပိုင်နဲ့ကိုကို အခုလို ဖြစ်ကုန်တာလေ။ သူများမိသားစုကို ကွဲအောင်ခွဲရင် ဝဋ်လည်တတ်တယ်ဆိုတာ ဒင်း မသိဘူးထင်ပါရဲ့။





"ဘာစားချင်လဲ"

"ဘာမှမစားဘူး"

"မစားလို့ရမလား။ အမြဲတမ်း ဒီလိုပဲ၊ အစားအသောက်ကို ဘယ်လိုအားထားပြီး စားရမှန်း မသိတဲ့ကလေး။ နင်တို့ကြားမှာ ငါ အတော်စိတ်ညစ်နေပြီနော်"

"ပိုင်လည်း စိတ်ညစ်နေတာပဲ"

"အေး ... ကိုယ့်ဘာသာ လုပ်သင့်,မလုပ်သင့်ချင့်ချိန်ရင် အခုလိုတွေဖြစ်မလား။ ကိုယ်က အငယ်ဖြစ်ပြီး အကြီးကို လေးစားပြီး စကားကို နာခံတတ်မှပေါ့"

"ဟုတ်ပါတယ်၊ ပိုင်က အငယ်ပါ၊ ပိုင်ပဲ မှားတာပါ၊ ပိုင်ပဲ ရိုင်းစိုင်းမိတာပါ၊ ပိုင်ပဲ အကြီးနှိပ်စက်သမျှ ခံပါ့မယ်၊ အကြီးပြောသမျှ သေတဲ့အထိ နားထောင်ပါ့မယ်၊ အဲဒါဆို ကျေနပ်ကြမယ် မဟုတ်လား"

"ကြည့်စမ်း! ... ဒီလောက် ဆုံးမနေတဲ့ကြားက ရှုံ့ပြန်ပြီ၊ အစ်ကိုကိုလည်း ဒီလိုရှုံ့လို့ အရိုက်ခံရတာ၊ ဒဏ်ရာဖြင့် ရှင်းရှင်း မပျောက်သေးဘူး၊ နင်ကတော့လေ"

"ရိုက်ပါ ... ရိုက်ပါ၊ ပိုင့်ကိုယ်ပိုင် လူလို့လည်း မမြင်တော့ပါဘူး၊ အိမ်ထဲလှောင်ထားတဲ့ တိရစ္ဆာန်လို့ပဲ သတ်မှတ်ပါတော့မယ်"

"ဟဲ့!"

ခေါင်းအုံးထက် မျက်နှာကို မှောက်လိုက်မိ၏။ ငိုထားတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မျက်နှာက ပိုတင်းပြီး ပိုရောင်နေတာလေ။ မှန်တောင် မကြည့်ရဲတော့ပါ။ ဒီမျက်နှာကိုကြည့်တိုင်း ဒီဒဏ်ရာကို မြင်မိရင် ကိုကို့အပေါ် ပိုပြီးစိတ်နာမိမှာစိုးလို့ပါပဲ။

အလုပ်လည်း မသွားရတာမို့ အိမ်မှာ ဘယ်လောက်အထီး ကျန်ပြီး ပျင်းနေရပါသလဲ။ စိတ်ညစ်ရင် ခြံထဲဆင်း လမ်းလျှောက် အပန်းဖြေရင် သက်သာနိုင်မှာကို အခုဖြင့် ခြေချုပ်မိနေရတဲ့အဖြစ်လေ။ ဘယ်တုန်းကများ သတ္တဝါတွေကို လှောင်ချိုင့်ထဲ ထည့်ပိတ်ခဲ့မိလို့ ပိုင် ဝဋ်ပြန်လည်ခံရတာပါလိမ့်။

"မှန်းတယ်"

"ဟယ် . . . ဘယ်သူ့ကိုလဲ"

"ကိုကို့ကိုပေါ့"

"ပိုင်နော် . . . အစ်ကို့ကို ပြောစရာလား"

"ပြောမှာပဲ၊ သူကျ အလုပ်သွားပြီး စိတ်ချမ်းသာနေတာ၊ ပိုင့်မှာ ဘာမှမလုပ်ရဘဲ ငြိမ်နေရတာ ဘယ်လောက်နေရခက်သလဲ၊ အန်တီလေးမှ ကိုယ်ချင်းမစာတတ်တာ"

"အလိုတော် . . . နေရင်းထိုင်ရင်း အရမ်းခံရပြန်ပါပြီ၊ နင့်အစ်ကို အလုပ်သွားတာများ ပျော်နေမယ်ထင်လား။ မလွှဲသာလို့သာ သွားနေရတာ၊ ပိုင် ဘာမှမစားရတာနဲ့ သားကြီးလည်း ဘာမှမစား ဖြစ်ဘူး"

မယုံပါ။ အိမ်မှာမစားလည်း အပြင်မှာ စားမှာပေါ့။ မသိဘဲ





နေမလား။ ပိုင်တောင် ဘာမှဟုတ်တိပတ်တိ မစားဖြစ်ပေမယ့် အန်တီလေး လာပို့တိုင်း ဟိုဟာတစ်ဇွန်း ဒီဟာတစ်ခု မှုတော့ စားဖြစ်တာပါလေ။ တကယ်ပဲ မစားဘူးလား။ ပိုင့်ကိုချစ်တယ်ဆိုပြီး စိတ်ရှိလက်ရှိ ရိုက်လိုက်တဲ့ကိစ္စကို မမေ့နိုင်ဘူး ကိုကို။

"ပိုင်က အငယ်မို့ ကိုကို့ကို အရင်စကားစပြောမှပေါ့"

"မပြောနိုင်ပါဘူး"

"ကြည့်! . . . အစ်ကိုက လက်မှာ ကျောက်ပတ်တီးကြီးနဲ့၊ အငယ်ဖြစ်တဲ့ ပိုင်ကလည်း အခန်းအောင်းပြီး တေမိလုပ်နေကြ ငါပဲ အိမ်က ထွက်ပြေးတာကောင်းမယ်၊ ကတုံးတုံးပြီး သီလရှင်ဝတ် လိုက်ရ . . . ဟင်းနော်"

"သိပါတယ် . . . သိပါတယ်၊ ပိုင့်ကို ကိုကို့လိုပဲ ပစ်ထားခဲ့ချင်တာ မဟုတ်လား"

"တွေ့လား . . . ပိုင်ဟာလေ၊ စေတနာကို ဘယ်တော့မှ နားမလည်ဘူး။ ပိုင့်ကို ရိုက်လိုက်မိလို့ သားကြီး ယူကျုံးမရဖြစ်ပြီး ဆက်တီစားပွဲကို ရိုက်ချိုးခဲ့ပစ်လိုက်တာ အရိုးကျိုးသွားတယ်ပဲ ပြောတာ၊ ဘယ်လောက်နာလိုက်မလဲ"

"ပိုင်က ပိုနာတာပါ အန်တီလေးရဲ့"

"နာမှာပေါ့ . . . ဆိုးတာကိုး"

တွေ့လား။ ပိုင်ပဲ အဆိုးဖြစ်တာလေ။ POP ကိုင်လိုက်ရသတဲ့။ ကိုကို့လက် အရိုးကျိုးသွားတာတဲ့လား။ လက်ပြန်ရိုက်ချက်မို့



www.burmeseclassic.com

www.burmeseclassic.com



ပိုင့်ကို ရှုပ်ထိသွားရုံပါ။ နဂိုက အသားအရေဖြူနုတာမို့ ပိုင့်မျက်နှာမှာ ဒဏ်ရာက ထင်းသွားရတာလေ။

ဟိုကောင်ထိုးလိုက်လို့ နှုတ်ခမ်းကွဲသွားရတာတောင် ပိုင့်ကို မသနားဘဲ ထပ်ရိုက်ရတယ်လို့။ နာတယ်။ အသားနာရတာထက် ဟောဒီရင်ဘတ်ထဲက ပိုပြီး တနုံ့နုံ့နဲ့ နာကျင်ရတာကို ကိုကိုမှ မသိတာလေ။ ပိုင့်ကိုယ်ပိုင်ဆိုးမှန်း သိပါ၏။ ဆိုးလို့ရှုမှန်းသိလို့ ဆိုးပြတာပါ။ ပိုင့်အကြောင်း ကိုကိုရော၊ အန်တီလေးပါ သိရဲ့သားနဲ့လေ။

"အန်တီလေးကလည်း ကိုကို့ဘက်တော်သားပဲ"

"ဟောကြည့်! လုပ်ပြန်ပြီ၊ နှစ်ယောက်ကို ပြေလည်စေချင်လို့ ပြောနေတဲ့ကြားက"

"ကိုကို့လက်က ညာလက်လား"

"အေးပေါ့"

အန်တီလေးက မျက်စောင်းခဲလေ၏။ ပိုင့်စိတ်ထဲပြေပြီဟု ခန့်မှန်းသွားမိပုံပါ။ ငယ်ငယ်ကတည်းက ချိုပိုးထိန်းကျောင်းလာခဲ့တဲ့ ပိုင့်ရင်ထဲကို မမြင်ဘဲနေမလား၊ မသိဘဲနေမှာတဲ့လား။ ပိုင်က စိတ်ထဲ တေးမှတ်ပြီး အကြာကြီး မျှသိပ်ထားရတာကို မုန်းသည့် ကလေးပါလေ။

အငယ်က အရင်လျှော့တဲ့၊ ဘယ်လိုစခေါ်ရမှာလဲ။ မျက်နှာပူရပါ့။ အမြဲတမ်း ကိုကိုကသာ ပိုင့်အခန်းတံခါးကို လာခေါက်ပြီး "ပိုင်" ဆိုပြီး ခေါ်လေ့ရှိခဲ့တာလေ။ ဘာကိုအကြောင်းပြုပြီး စကားစ





ပြောရပါ့မလဲ။ ဆိုးပါ့ ပိုင်။

"အဲဒီလို စိတ်ပုပ်လို့ မိန်းမမရတာ"

"ဘယ်လို"

"ဟုတ်တယ်လေ၊ ပိုင့်ကို လိုက်ချုပ်ချယ်နေတာ မဟုတ်လို့ ဘာလဲ"

"ဖြစ်ရလေ"

အန်တီလေးက ရင်ဘတ်ဖိကာ သက်ပြင်းရှိုက်လိုက်လေ၏။ ဘာလဲ မမှန်လို့လား။ အသက်ပဲ (၃၀) ကျော်နေပြီ။ အိမ်ထောင်ပြုမှပေါ့။ တစ်ယောက်တည်း လူပျိုကြီးလုပ်နေပြီး ပိုင့်ကို မျက်စိဒေါက်ထောက်ကြည့်နေမှဖြင့် ဒီတစ်သက် လွတ်လမ်းမမြင်နိုင်ဖြစ်တော့မှာလေ။

ရည်းစားဦးနဲ့ လမ်းခွဲခဲ့ဖူးတာနဲ့ပဲ ဒီဘဝ အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူးလား။ ကိုယ်ချစ်မှတော့ ကိုယ်ယူမှပေါ့။ အခုလည်း ကုမ္ပဏီမှာ မမလှလှလေးတွေနဲ့ နေ့စဉ် တွေ့နေရတာပဲ။ တစ်ယောက်မဟုတ် တစ်ယောက်နဲ့ အနေနီးတာနဲ့ နှလုံးသားက ထူးထူးခြားခြား ခုန်နိုင်တာပဲလေ။ အချစ်ဆိုတာမျိုးက ဘဝတံခါးကို တစ်ကြိမ်တစ်ခါတည်း ခေါက်တတ်တာမှ မဟုတ်တာ။

"ပိုင်က သားကြီးကို အဲဒီလိုဖြစ်စေချင်လို့လား"

"ဘာကိုလဲ"

"အိမ်ထောင်ပြုစေချင်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"မြို့ပေါ့ . . . ပိုင်က တားမှာမှ မဟုတ်တာ၊ သဘာဝပဲကို"

"ကိုကို ဘာလို့အိမ်ထောင်မပြုသေးတာလဲဆိုတာ ပိုင် ေ
ဘူးလား"

"ဟင်!"

"ပိုင့်ကို ငဲ့လို့ပါ၊ ပိုင့်ကို ချစ်လွန်းလို့၊ သနားလွန်းလို့ မေ
ဖြစ်တာပါ ပိုင်"

"ဘာရယ်"

"သူ့ရင်ထဲမှာ ခုချိန်ထိ အညို ရှိနေတုန်းပါ ပိုင်"

ပိုင် ပါးစပ်အဟောင်းသား ဖြစ်သွားရပါ၏။ မညိုကို အခုထ
မမေ့နိုင်သေးတာလား။ ရင်ထဲမှာ ယခုတိုင် သိမ်းထားတုန်းမို့ အိမ်
ထောင်ပြုတော့မယ်ဟူသည့်စကားကို ထုတ်မပြောတာပေါ့လေ။ ဘာ
ကြောင့်ပါလဲ ကိုကို။

"မေတ္တာစစ်နဲ့ ချစ်ကြသူတိုင်း သစ္စာဆိုတာ ရှိကြတယ်
ပိုင်၊ အညိုလည်း သားကြီးလိုပဲ လူလွတ်ဘဝနဲ့ စောင့်နေတုန်းပဲ"

ဘုရားရေ!။ ပိုင် ဘယ်လိုမှ ထင်မထားတဲ့ အကြောင်းအရာ
တွေက တကယ်ပဲ ရှိနေတာပါလား။ ဖေဖေရှိစဉ်က ပိုင်တို့အိမ်ကို
မကြာမကြာလာလည်သည့် မညိုကို အာရုံမှာ ကွက်ခနဲမြင်မိပါ၏။
အဲဒီတုန်းက ပိုင် အလယ်တန်းပဲ တက်နေတုန်းပါ။ ကျစ်ဆံမြီးကျစ်
ထားသည့် ဆံပင်ကို လူကြီးတွေအလစ်မှာ ဆတ်ခနဲဆွဲလိုက်တာ
မညို လာနေတာတွေ့ပေမယ့် မမြင်ယောင်ဆောင်ကာ ပိုင်ကန်နေ





တဲ့ ဘောလုံးကို လှတပတလေးဝတ်ထားတဲ့ ဝတ်စုံပေကျန်အောင်
ဘမင်တကာ ဗိတ်ကန်ခဲ့တာ။

ကိုကိုနဲ့နှစ်ယောက်တည်း ရှိချိန်တိုင်း ခဏခဏရောက်သွား
ပြီး နှောင့်ယှက်ခဲ့တာ။ လက်ဖက်သုတ်ကို နှစ်နှစ်ခြိုက်ခြိုက်စားတတ်
သည့် မညိုရဲ့ထမင်းပန်းကန်ထဲမှာ လူအလစ်ကိုစောင့်ပြီး ပိုင့်အ ငါ
"ဗုံး" ဆိုပြီး ငရုတ်သီးစိမ်းသေးသေးလေးတွေကို မြှုပ်ထားပေးတာ။

စားမိလို့ စပ်သွားတဲ့ မညို ရေသောက်ချင်လို့တောင်းရင်
ရေအေးအေး မခပ်ပေးပါဘဲ ရေနွေးပူပူလောင်လောင်ကို ထည့်ပေး
တာကို သောက်မိပြီး လျှာကျက်သွားတာတွေ၊ အဘယ်မျှ ဆိုးသွမ်း
ခဲ့သည့် ပိုင်ပါလဲ။ အိမ်လာတိုင်း ပိုင်နဲ့အရင်တိုးမိရင် "ကိုကိုမရှိဘူး"
ဆိုသည့်စကားကို ကလေးအရွယ်နှင့် မလိုက်အောင် ခပ်မာမာပြော
တတ်ခဲ့တာပါ။

သို့သော် . . . ပိုင် ဤသို့ အမျိုးမျိုးလုပ်ခဲ့ပါလျက် မညို
မျက်နှာမှာ အပြုံးက မပျက်ခဲ့ပါချေ။ အံ့သြဖွယ်ကောင်းလေစွ။ ရောက်
လာတဲ့အခါတိုင်း "ပိုင်ဖို့" ဆိုပြီး တစ်ခါတစ်မျိုး မရိုးအောင် ယူလာ
ဝယ်လာတတ်သည့် ပစ္စည်းအသုံးအဆောင်တွေကို လိုအပ်မှန်း သိသိ
ကြီးဖြစ်ပါလျက် "အပိုလာဖားတာ" ဟူသည့် အတွေးရိုင်းကိုသာ
ခေါင်း ထဲထည့်ထားမိတာ အမှန်ပါလေ။

မနာလိုတာ၊ မရှုဆိတ်တာ၊ လောဘကြီးတာ၊ အတ္တတွေ
ပေါများခဲ့တာတွေအားလုံးဟာ ကိုကို့ကိုချစ်တဲ့ ပိုင့်ရဲ့မရင့်ကျက်သေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခြင်းတွေကြောင့်ပါပဲ။ ကိုကို မျှိသိပ်နာကြည်းနေမလား ဘာဆိုထုတ်မပြောဘဲ ငြိမ်သက်နေတတ်တဲ့ ကိုကို့အတွေးထဲကို ပိုင်မမြင်နိုင်တာလေ။

"ပိုင် . . . ပိုင် . . . ကိုကို့ကို စခေါ်ပါ့မယ်"

"လိမ္မာလိုက်တာ၊ အဲဒါကြောင့် ပိုင့်ကို အန်တီလေး ချစ်တာ၊ အင်မတန် စိတ်ထားဖြူစင်တဲ့ကလေးလေး"

အန်တီလေးက ပိုင့်နဖူးကို ရွှတ်ခနဲ မွှေးကာ အခန်းထဲက ထွက်သွားတော့၏။ စိတ်ထားဖြူစင်တဲ့ကလေးလေးတဲ့လား။ မှားနေပြီ အန်တီလေး။ ပိုင်က စိတ်ထားညစ်ညမ်းတဲ့ကလေးပါ။ ဒါကြောင့်လည်း မလုပ်သင့် မဝင်သင့်တဲ့နေရာတွေမှာ စွက်ဖက်မှုတွေ လုပ်ခဲ့တာ မဟုတ်ပါလား။ ဩော် . . . ကိုကိုရယ်။

## အခန်း (၂၃)

ဆုံနေကျ ကော်ဖီဆိုင်သို့ပင် ကျွန်တော် ထွက်လာခဲ့ပါ၏။ မည်သို့ပြောရပါမည်နည်း။ စိတ်ရှုပ်စရာတွေအားလုံးက အစုလိုက်၊ အပြုံလိုက် စုံပုံပြီး ရောက်လာတတ်တယ်ဆိုတာ အမှန်ဖြစ်နေပါရောလား။ ကိုယ့်ဦးနှောက်၊ ကိုယ့်အတွေး၊ ကိုယ့်စိတ်၊ ကိုယ့်နှလုံးသားထဲမှာ ဒီလောက်ရှုပ်ထွေးရတာကို တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးပါလေ။

ညနေစောင်းမို့ ဆိုင်က လူရှင်းသလောက် ဖြစ်နေပါ၏။ ချောင်ကျကျစားပွဲကိုရွေးပြီး ထိုင်လိုက်ပါသည်။ ချိန်းလိုက်တိုင်း နာရီဝက်ကျော် နောက်ကျပြီးရောက်တတ်တာ phone ဆက်လိုက်တိုင်း အမြဲ busy ဖြစ်နေတာ၊ message ပို့တိုင်း ပြန်မပို့ဘဲ အိပ်ပျော်နေတတ်တာတွေအားလုံးကို ကျွန်တော် သည်းခံပေးခဲ့ပါ၏။

ကိုယ်တိုင် ခေတ်လူငယ်မို့ ခေတ်ဆန်တာကို လက်ခံနိုင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မှီတာလည်း အပြစ်မတင်ပါ။ သို့သော် ခေတ်ရှေ့ပြေးလွန်းနေတာကိုဖြင့် လက်သင့်မခံနိုင်ပါလေ။ အထူးသဖြင့် မိန်းကလေးဖြစ်သည့်အတွက် ရှိသင့်ရှိထိုက်သည့် ဣန္ဒြေသိက္ခာတော့ အနည်းနဲ့အများ ရှိသင့်တာ မဟုတ်ပါလား။ မြန်မာမိန်းကလေးမို့ ခြေဖျားအထိ လုံအောင် လုံချည်အတင်းမဝတ်နိုင်းပါ။ ရင်ဖုံးအင်္ကျီဖြင့် အဘွားအိုကြီးတွေလိုလည်း မနေနိုင်းပါ။

ခေတ်နှင့်အညီ အမြင်တင့်တယ်ပြီး လုံခြုံကြည့်ကောင်းပြီး အမြင်သင့်သည့် fashion တွေက ဒီနေ့ခေတ်မှာ တစ်ပုံကြီးရှိတာ မဟုတ်ပါလား။ ကိုယ်နဲ့သင့်တော်ရာကို ရွေးချယ်ပြီး ဆင်ယင်တတ်သည့် လူငယ်တွေနဲ့မိန်းကလေးတွေလည်း ဒုနဲ့ဒေး ရှိနေကြတာပါပဲ။

ထိုသို့ ခေတ်မီမီလေး ဝတ်တတ်လို့လည်း ယုကို ကျွန်တော်နှစ်သက်သဘောကျမိခဲ့တာပါလေ။ ဘေးနားမှာရှိနေတိုင်း လက်တွဲပြီး သွားလာရတိုင်း သူငယ်ချင်းမိတ်ဆွေအပေါင်းအသင်းတွေကြားမှာ မျက်နှာဝင့်ဂုဏ်ယူနိုင်ခဲ့တာ မဟုတ်လား။ လူဝင်ဆံ့တာ၊ ပြောရဲဆိုရဲရှိတာ၊ လူတွေကို မရှိန်မလန့်ဘဲ ရှက်ကြောက်မနေတာကို အမှတ်ပေးခဲ့မိတာ မှားပါရောလား။

ယောက်ျားလေးအများစုသာ ရှိနေတတ်သည့် ဒီလို Day နဲ့ Night Club မျိုးမှာ သူမ ဝင်ရဲပျော်ရွှင်ရဲရတယ်လို့။ အကယ်၍ မလွှဲသာ မရှောင်သာလို့ သွားဖြစ်ရင်တောင် ကိုယ့်အဖွဲ့နှင့်သာ စုပြီး သွားသင့်တာပါလေ။ အခုတော့ဖြင့် ပခုံးမှာ ကြိုးတစ်လုံးသာရှိပြီး





နောက်ပိုင်းကျောက ဗလာ၊ ဟာလာဟင်းလင်း။ အသားကပ်ကာ အောက်ပိုင်းက ပေါင်လယ်တောင်မရှိသည့် ဂါဝန်ကြောင့် ပေါင်တန်ကို အရှင်းသား အစင်းသား မြင်နေရတာ။

အဆိုးဆုံးက stage ပေါ်မှာ ရဲတင်းစွာ တက်ကရဲတာပါပဲ။ ဘယ်မိန်းကလေးမျိုးမှ မလုပ်ရဲတဲ့ လုပ်ရပ်မျိုးကိုမှ ရဲရဲတင်းတင်းကြီး လုပ်ပြရဲရတယ်လို့။ သူငယ်ချင်းတွေပြောတာကို မယုံဘဲ ကိုယ်တိုင်မျက်စိနှင့်မြင်မှ တအံ့တသြဖြစ်ခဲ့ရတာ မဟုတ်ပါလား။ လုံးဝကို ထင်မထားမိတာပါလေ။

ယုရယ် . . . မင်းကို အဲဒီလိုမိန်းကလေးမှန်း မာမိတို့သိရင် ကိုယ် ဘယ်လိုဖြေရှင်းရပါ့မလဲ။ ဒီလောက် အရှက်အကြောက်မရှိသည့် မိန်းကလေးမျိုးနဲ့ ကိုယ့်ကို သဘောတူကြပါ့မလား။ နည်းနည်းလောက်တောင်မှ မစဉ်းစားခဲ့ဘူးတဲ့လား။

ဒါကို ပိုင်ရော မသိဘူးလား။ ဒါမှမဟုတ် သိပါလျက်နဲ့ မျက်စိမှိတ်ပြီး ချစ်နိုင်တာများလား။ “ယုနဲ့ပတ်သက်ပြီး ဘယ်လောက်များ သိထား။ နားလည်ထားသလဲ” တဲ့။ “ခရေစေ့တွင်းကျသိထားတာ” ဆိုပဲ။ ဘာတွေလဲ။ ဘာကိုဆိုလိုတာပါလဲ ပိုင်။

“ကြိုက်တာမဟုတ်ဘူး ချစ်တာ” တဲ့။ “ဟောဒီရင်ဘတ်ကြီးနဲ့ချစ်တာ” တဲ့လား။ ရင်ဘတ်ကို တဘုတ်ဘုတ်ပုတ်ပြပြီး ခပ်ရင့်ရင့်ပြောခဲ့တာကို မြင်ယောင်နေမိ၏။ အချစ်မှာ အပြစ်မရှိဘူးဆိုတာ ဘာကယ်ပဲ မှန်ကန်နေပါသလား။



www.burmeseclassic.com

www.burmeseclassic.com



''ယုအပေါ်မှာ မင်းက မင်းအသက်ထက် ပိုချစ်တယ်ဆိုရင် . . . ငါက' ယုကို ငါ့ဘဝကြီးတစ်ခုလုံး ပုံပေးပြီး ချစ်ခဲ့တာ'' တဲ့။ ''နောက်မှရောက်လာတဲ့ မင်းလိုလူကို အဆင်သင့်နေရာဖယ်ပေးရလောက်အောင် ပိုင်ဆိုတဲ့ ငါက မင်းထင်နေသလို ငနုံအ မဟုတ်ဘူး'' တဲ့လေ။

''ယုကို ပျော်အောင်ထားပေးပါ၊ ယုသာ မျက်ရည်ကျရင် ငါ မင်းကို အရှင်မထားဘူးမှတ်''တဲ့။ ကျွန်တော် မျက်လုံးကို စုံမှိတ်ချလိုက်မိပါ၏။ ဝမ်းနည်းပါတယ်။ မင်းချစ်သလိုမျိုး ယုအပေါ် ငါ မချစ်နိုင်လို့ပါ။ ဒီလောက်ကြီး အပျော်မက်လွန်းတာကို ငါ မျက်စိမှိတ်ထားနိုင်ဘူး။ ပြီးတော့ . . . ငါ့မိဘတွေကလည်း လက်သင့်ခံနိုင်မှာ မဟုတ်လို့ပါ။

ဒီတော့ . . . မင်းရဲ့ယုနဲ့ငါ လမ်းခွဲရုံပဲ ကျန်ပါတော့တယ် ပိုင်။ အပြစ်မမြင်ဘဲ ဆက်ချစ်ရအောင် အဲဒီလောက်ထိ ငါ သတ္တိမရှိလို့ပါ။ မစွန့်စားဝံ့လို့ပါပဲ။ သူ့ရဲ့ဘောကြောင်သည့်လူဟု သတ်မှတ်လည်း သတ်မှတ်လိုက်ပါတော့။ ဘဝအတွက် ပြတ်သားတဲ့ ဆုံးဖြတ်ချက်ကိုတော့ မဖြစ်မနေရမှာပါလေ။

''မျက်ရည်မကျစေနဲ့'' ဆိုတဲ့အချက်ကိုတော့ ငါ စဖောက်ဖျက် ရတော့မှာပါ။ sorry ပိုင်။ အရှင်မထားဘူးဆိုလည်း ပိုင့်လက်နဲ့သာ ရက်ရက်စက်စက် သတ်လိုက သတ်ပါစေတော့။ ကိုယ် ရဲရဲကြီး ခံဝံ့ပါတယ် ပိုင်။ တကယ့်ကို အရှုံးပေးလိုက်တာပါ။



ယုံပေးပါ ပိုင်။

စပြီး စိမ်ခေါ်မိကတည်းက မှားယွင်းခဲ့တာ မဟုတ်ပါလား။ ကောင်မလေးရဲ့အလှကိုစပြီး အသိအမှတ်ပြုစဉ်က ဘေးမှာရှိနေတာက ပိုင်ရယ်ပါ။ နှစ်ယောက်သား အပြန်အလှန် အပြုံးတွေ ဖလှယ်နေကြတာ အဘယ်မျှ စိတ်ကို ကသိကအောက်ဖြစ်ခဲ့ပါသလဲ။ အဆိုးဆုံးက မင်းပါးပြင်ကို သူမ ဖျတ်ခနဲ နမ်းလိုက်တဲ့ မြင်ကွင်းပါပဲ။

ရင်ထဲမှာ ဟာခနဲဖြစ်သွားခဲ့ရတာ ကိုယ်တိုင်သာ သိနိုင်တာပါလေ။ မနာလိုခဲ့တာ။ ဟုတ်တယ်။ အဲဒါကို တလွဲထင်ပြီး မင်းနဲ့ သက်ဆိုင်တဲ့ သူမကို မရမက လိုက်ပြီး တွဲခဲ့မိတာ မဟုတ်လား။ အလုပ်တစ်ဖက်နဲ့မို့ အချိန်မပေးနိုင်တဲ့ ကျွန်တော့်ကို ရှိတယ်လို့တောင် သဘောမထားဘဲ ပျော်ရာရှာနေတတ်တဲ့ သူမကို နားမလည်နိုင်ခဲ့။

သူမနဲ့ဆက်နွယ်ပြီး ပြဿနာဖြစ်လာတိုင်း သူ့ထံကို ကျွန်တော် မကြာမကြာရောက်ရောက်သွားရတာ အဘယ်ကြောင့်ပါနည်း။ ရန်သွားရှာတတ်တဲ့ ကျွန်တော့်ကိုယ်ကျွန်တော် နားမလည်နိုင်ခဲ့။ သူမကို phone ဆက်သွယ်လို့မရတိုင်း သူ့ထံကို phone ခေါ်ပြီး ပြဿနာရှာမိတာ။ သူနဲ့ပဋိပက္ခဖြစ်ပြီး စကားများရတာတွေရဲ့ အရင်းအမြစ်ကဖြင့် . . .

စူးခနဲကြည့်တတ်တဲ့ မျက်စောင်းခဲတာကို မှတ်မိနေသော။ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းပါးတို့ကို မြင်ယောင်နေမိတာ။ ရင်ဘတ်ကို လာဆုပ်ကိုင်လိုက်သည့် လက်ချောင်းသွယ်သွယ်တို့ကို အမှတ်

www.burmeseclassic.com

www.burmeseclassic.com



ရနေတာ။ ခပ်တိုးတိုးဖြစ်ပေမယ့် မာထန်နေသည့် အသံကို မကြာခဏ ကြားယောင်နေတက်တာ။ အဆိုးဆုံးကဖြင့် ညစဉ် မြင်မက်သည့် အိပ်မက်တွေတိုင်းမှာ သူမ မဟုတ်သည့် သူကသာ စိုးမိုးနေခဲ့တာပါ။

ဓားထိသွားတဲ့လက်ကို ကိုင်ပြီး စိတ်လှုပ်ရှားခဲ့မိတာလေ။ ရေသောက်နေတဲ့ လည်တိုင်ကို ငေးမိစဉ်က နှလုံးသားက တဒိတ်ဒိတ်နဲ့ အခုန်မြန်ခဲ့ရတာကရော။ အစ်ကိုရိုက်လိုက်တဲ့ ညက သတိလစ်သွားတဲ့ သူ့ကိုယ်လုံးသေးသေးပါးပါးလေးကို ပွေ့ချီစဉ်က ရင်ခုန်သံ အမြင့်ဆုံးပါပဲ။

ဝန်ခံပါတယ် ပိုင်။ မင်းကို ကိုယ်ချစ်ခဲ့တာပါ။ မင်းနဲ့တွဲနေတဲ့ သူမကို ချစ်တာလို့ အထင်မှားမိခဲ့တာပါပဲ။ အစ်ကို့သူငယ်ချင်းနဲ့ တရင်းတနှီး ရှိနေတာကို မမြင်ချင် မရှုဆိတ်တာ။ သူမကို ခိုးနမ်းလိုက်တဲ့ မြင်ကွင်းကဖြင့် ကျွန်တော့်စိတ်ကို မုန်တိုင်းထန်စေခဲ့ရတာလေ။ မနာလိုရခြင်း ဇာစ်မြစ်က ချစ်ခြင်းတဲ့လား ပိုင်ရယ်။

"ကို"

"ဟင်!"

အတွေးတွေ လွင့်ချင်သလို လွင့်နေပါသည့် စိတ်အစဉ်က ပျောက်သွားပါ၏။ ရှေ့တည့်တည့်မှာ ရောက်နေသည့် သူမကို သတိမထားမိသည်အထိ ဖြစ်ရသတဲ့။ ခရမ်းရင့်ရောင် ဂါဝန်နှင့် match ဖြစ်အောင် ဆိုးထားပါသည့် နှုတ်ခမ်းဆိုးဆေးနှင့် မိန်းကလေးက





ကျွန်တော့်ကို ပြုံးပြလျက် ခုံမှာထိုင်လိုက်လေသည်။ ကျွန်တော် အမုန်းဆုံး colour ကိုမှ ရွေးဝတ်လာရတာယ်လို့။

"ဒီနေ့ အလုပ်မသွားဖြစ်ပြန်ဘူးလား"

"အင်း"

"ဘာပြောစရာရှိလို့လဲဟင်"

Waiter ရောက်လာတာမို့ coffee နှစ်ခွက်မှာကာ စကားမပြောဖြစ်တဲ ငြိမ်သက်နေမိပါ၏။ "လမ်းခွဲကြရအောင်" လို့ စပြောရမှာ မဟုတ်လား။ အဲဒါရဲ့နောက်ဆက်တွဲ why ဆိုသည့် မေးခွန်းအတွက် reason က ready ရှိနေရမှာပါလေ။ အမှန်အတိုင်း ပြောချလိုက်ရမလား။ မိန်းမသားတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာကို ထိပါးစော်ကားဖို့ ကျွန်တော် မရဲတင်းလှပါချေ။

"ပြောလေ ကို"

"အင်း"

ဘာစပြောရမည်မှန်းမသိတာမို့ အားယူလိုက်မိ၏။ ရှေ့မှာချထားပါသည့် ကော်ဖီကို မော့သောက်ရန် စိတ်ကူးမရှိပါလေ။ သူမကို ခပ်ငေးငေးကြည့်နေမိသည့် ကျွန်တော်နှင့် အကြည့်ဆုံမိစဉ် လင်းလက်တောက်ပသည့် မျက်ဝန်းနှင့်အတူ နှစ်လိုဖွယ် ပြုံးပြလေ၏။

ကျွန်တော် ဖျတ်ခနဲ အကြည့်လွှဲလိုက်မိပါသည်။ လှပ်ကို ညို့ငင်နေသလို မျက်ဝန်းတွေကို ဘယ်လိုဖြစ်ပြီး သဘောကျမိခဲ့ပါသလဲ။ ဒီမျက်လုံးတွေနဲ့ လိုက်ဖက်သည့် အကျင့်စရိုက်မျိုးက သူမ



www.burmeseclassic.com

www.burmeseclassic.com



ထံမှာ ရှိနေရတယ်လို့၊ အားတင်းထားပါ မိုးသားဖြူ။ ဒီကိစ္စကို အစော ကြီးကတည်းက ပြတ်ပြတ်သားသား လုပ်ထားသင့်တာလေ။

"ကို"

"ကိုယ်တို့ လမ်းခွဲကြရအောင်"

ဟက်ခနဲ ရယ်လိုက်လေ၏။ မယုံဘူးပေါ့။ ခပ်ပေါ့ပေါ့ သဘောထားတာများလား။ ဒီစကားပြောဖို့ကို ကျွန်တော့်မှာ မနည်း ကြိုး အားခဲထားရတာလေ။ လူတစ်ဖက်သားကို အထင်သေးတတ် သည့် အကျင့်က သူမထံမှာ ရှိနေတာများလား။

"ဒါ . . . နောက်စရာမဟုတ်ဘူး ကို၊ ယုကို မစပါနဲ့"

"တကယ်ပြောနေတာပါ"

သူမ မျက်လွှာပင့်ကြည့်လေ၏။ နှုတ်ခမ်းမှ အပြုံးက သရော် နေသည့်နှယ်ပါ။ ဘာလဲ တခြားကောင်မလေးတွေလို ရှက်ဒေါသ မဖြစ်ဘူးလား။ ရှုံ့ရှုံ့ရွဲရွဲနဲ့ မပေါက်ကွဲပြဘူးလား။ အပျော်သဘော ထားတာလားဆိုပြီး ရန်မတွေ့ဘူးလား။ ဘယ်လိုများလဲ ယု။

"မယုံဘူး"

". . ."

"ယုတစ်ကိုယ်လုံးမှာ ကိုယ်သဘောမကျတာမျိုးရှိရင် ပြော ပါ"

ကျွန်တော့်မျက်နှာ ရဲခနဲဖြစ်သွားရပါ၏။ အပြောက ဤမျှထိ ရဲရပါသလား။ တကယ်ဆို "ယုမှာ ဘာအမှားတွေရှိနေလဲ၊ ရှိရင်





ပြင်မယ်၊ ပြောပါ" ဟုသာ ပြောသင့်တာလေ။ မိန်းကလေးဖြစ်ပြီး ပြောရဲတာကို ဒီတစ်ကြိမ်မှာဖြင့် ကျွန်တော် လန့်သွားရတာပါ။

"မဟုတ်သေးပါဘူး"

"မဟုတ်ရင် ဒီစကား ဘာကြောင့်ပြောရသလဲ ကို၊ ယုအပြင် ကိုမှာ နောက်တစ်ယောက် ရှိတယ်ပြောရင်တောင် ယုက လက်သင့် ခံမှာ မဟုတ်ဘူး။ သဘောပေါက်"

ဘုရား! နောက်တစ်ယောက်တဲ့။ မှားနေပြီ ယု။ နောက်တစ် ယောက် မဟုတ်ပါဘူး။ ရှေ့တစ်ယောက်ပါ။ ယုထက်အရင် စိတ်ဝင် စား ရင်ခုန်ခဲ့တဲ့ ရှေ့တစ်ယောက် ရှိခဲ့တာပါ။ ဒါကို ဘယ်သူမှ မသိ အောင် ရင်ထဲမျှိုသိပ်သိမ်းဆည်းသွားရတော့မှာလေ။

"ပြောလေ . . . မပြောနိုင်ဘူး မဟုတ်လား"

သက်ပြင်းကို ကျိတ်ရှိုက်မိလိုက်၏။ သူမက ကော်ဖီတစ် ခွက်ကို ကိုင်လျက် တစ်ငုံမျှ သောက်လိုက်လေသည်။ သမီးရည်းစား ကိစ္စ ဆွေးနွေးနေတာတောင် စိတ်မလှုပ်ရှားပါပဲ အေးအေးဆေးဆေး ပုံ ဖြစ်နေတာပါလား။ ကျွန်တော့်မှာသာ အကြောင်းပြချက် ရှာမရဘဲ ခက်ခဲနေတာပါလေ။

"ဒါနဲ့များ ရန်စ,နေသေးတယ်"

"ရှိတယ်ဆိုရင်ကော"

"ဘယ်လို"

"နောက်တစ်ယောက် မဟုတ်ပါဘူး၊ ယုထက်အရင်



www.burmeseclassic.com

www.burmeseclassic.com



ချစ်ခဲ့ရတဲ့သူပါ"

"ဘာ!"

သူမ ဆတ်ခနဲ ထရပ်လိုက်လေ၏။ ဒါပဲ ပြောသင့်တာ မဟုတ်ပါလား။ အမုန်းနဲ့လမ်းခွဲရင်တောင် ယောကျ်ားလေးဖြစ်တဲ့သူ့အပေါ်သာ အပြစ်တွေ ပုံချမှ သင့်လျော်မှာလေ။ ယု နားလည်ပေးနိုင်ပါ့မလား။

"ဒါဖြင့် . . . ဒါဖြင့် . . . ယုက ဘာလဲ"

"ကိုယ် တောင်းပန်ပါတယ်၊ ဘယ်လိုမှ မဖြစ်နိုင်တော့လို့ လမ်းခွဲဖို့ ဆုံးဖြတ်လိုက်တာပါ"

"ယုမေးတာကို မဖြေသေးဘူးနော်"

"ဖြေမှာပါ"

". . ."

"အထင်မှားခဲ့တာပါ ယု၊ ယုကိုချစ်တာလို့ စိတ်ကထင်ပြီး"

"လူယုတ်မာ!"

ကျွန်တော့်ပါး ပူခနဲဖြစ်သွားရပါ၏။ ဒီလောက်တော့ ခံရမှာပေါ့။ မင်းကို ပြုမူခဲ့တဲ့အတွက် ကိုယ်တော့ ကောင်းကောင်းကြီး ဝဋ်လည်ခံနေရပြီ ပိုင်။ ကိုယ် ကျေနပ်ပါတယ်။ မင်းအပေါ် လုပ်ခဲ့တာနဲ့ နှိုင်းယှဉ်ရင် ဒါက ပါးပါးလေး မဟုတ်ပါလား။

"ရှင့်ရင်ထဲ ဘယ်သူရှိနေလဲဆိုတာ ယု သိတယ်"

"ဘာရယ်"



"ဒီမှာ ကို . . . ယုဘဝမှာ အဆက်ဖြတ်ရင်တောင်မှ ယုဘက်ကပဲ စဖြတ်တာ ထုံးစံပဲ၊ တောက် . . . ရာဇဝင်ရိုင်းလိုက်တာ"

သူမ လှည့်ထွက်သွားလေ၏။ ဇာတ်သိမ်းက မလှပါလေ။ ရင်ထဲရှိသမျှ ပြောချလိုက်ချင်ပေမယ့် မျိုသိပ်ထားရတာမို့ လေးလံပြီး ပူနေရတာပါလေ။ ပိုင်, ကျွန်တော် ဘာဆက်လုပ်ရပါ့မလဲ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

တိုက်ရှေ့မှာ ရပ်စောင့်နေမိ၏။ မျှော်ရင် ပိုကြာတယ်ဆို... အမှန်ပါပဲ။ လက်မှနာရီကို တစ်ချက်ကြည့်လိုက်မိတော့ ည... နာရီ ရှိနေပေပြီ။ ကိုကို ဘာလို့နောက်ကျနေရပါသလဲ။ ပိုင့်မှာ ... စရာတွေ အပြည့်အသိပ်ရှိနေပါတယ်။ မြန်မြန်ပြန်လာပါ ကိုကို။ ... စောင့်နေတာကို ကိုကို သိပါလေစ။

"အိမ်ထဲမှာပဲ စောင့်နေပါလား ပိုင်"

အန်တီလေး လှမ်းပြောတာကို မကြားယောင်ဆောင်လို... ပါ၏။ ခြံဝတံခါးက ဟင်းလင်းဖွင့်ထားတာမို့ အကြည့်က မကြာ... ရောက်သွားရလေသည်။ မှောင်နေတာတောင် လရောင်က သိပ်... ပါလား။ ပိုင့်ရင်ထဲမှာ ထိုင်းမှိုင်းနေသလိုပဲ။ လမင်းလည်း မကြည်မ... နဲ့ မသာ့တသာ ဖြစ်နေသလိုပါလေ။





"ဟော!"

ကားမီးရောင်လက်ခနဲဖြစ်သွားတာမို့ လှမ်းကြည့်စဉ် ကိုကို့ ကားလေးက ခြံထဲဝင်လာလေ၏။ တိုက်ရှေ့မှာ လက်နောက်ပစ်ပြီး ရပ်စောင့်နေမိသည့် ပိုင်က မျက်လွှာကို အသာချလိုက်မိပါသည်။ ပြောစရာထက် ရင်ထဲမှာ ဝမ်းနည်းမှုတို့က သာလွန်ကြီးစိုးနေရတာကိုး။

"အပြင်မှာ အေးနေပြီလေ၊ ဘာရပ်လုပ်နေတာလဲ"

မျက်ရည်ဝဲနေရာမှ ပြုံးလိုက်မိလေ၏။ တွေ့လား။ စကား မပြောဘဲ ပြုံးတူ စိတ်ကောက်နေတာတောင် ပိုင့်အပေါ် စိုးရိမ်စိတ် ဖြင့် ကိုကိုကသာ စကားစပြောတာပါလေ။ အုတ်နံရံကို မှီရပ်ရင်း shoe ထိပ်ဖြင့် အုတ်လှေကားကို ဆောင့်ကာဆော့နေမိ၏။ "စောင့် နေတာ" ဟု ပြောဖို့တောင် ပိုင် မရဲပါလားနော်။

"ပိုင်"

"..."

"ဘာဖြစ်နေလဲ"

ခေါ်သံမှာ ဒေါသမပါဝင်ပါ။ ကားတံခါးကို ပြန်ပိတ်စဉ် ညာလက်မှာ ပတ်တီးစည်းထားတာကို အဖွေးသား မြင်လိုက်ရသဖြင့် ရင်ထဲမှာ နင့်ခနဲဖြစ်သွားရလေ၏။ ပိုင့်ကို ရိုက်မိတဲ့လက်ကို ဒဏ်ခတ် ခဲ့တာတဲ့လား။ ပိုင့်အပေါ် ဤမျှအထိ ကရုဏာထားပြီး ချစ်ရသလဲ့ လား ကိုကိုရယ်။

"ပိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို"

ပြန့်ထူးသံက တုန်သွားပါ၏။ ပါးပြင်ထက် မျက်ရည်ကျလွှာတာကို မသုတ်ဖြစ်ဘဲ ကိုကို့ကို ပြေးဖက်လိုက်မိတော့သည်။ ရင်ခွင်နွေးနွေးမှာ ပိုင့်ခေါင်းကို ဖိကပ်ငုက်ထားလိုက်မိပါ၏။ ရင်ဘတ်မှာရှဲရှဲစိုသွားတာမို့ ပိုင် ငိုနေတာမှန်း ကိုကို သိမှာပါလေ။

"စိတ်ကလည်း ပျော့လိုက်တာ"

ဆံပင်ကို ခပ်ဖွဖွပွတ်သပ်ပေးလေ၏။ ခပ်သာသာလေး ပြုံးပွေ့ထားရာမှ ပိုင့်နဖူးကို ကိုကို မွှေးလိုက်မှန်း သိလိုက်ပါသည်။ ဒါပဲလား။ ပိုင့်ကို ခွင့်လွှတ်တယ်ဆိုတာကို မပြောဘဲ အမူအရာနဲ့ပြလိုက်တာပါလား ကိုကို။

"ကိုကိုရိုက်လိုက်မိတာ စိတ်ဆိုးတုန်းပဲလား"

ခေါင်းခါပြလိုက်မိ၏။ ကိုကိုက ပိုင့်ကျောပြင်ကို အသာပွတ်ပေးနေပါသည်။ လှိုက်ခုန်နေပါသည့် ရင်ဘတ်ကျယ်ကြောင့် ကိုကိုလည်း ပိုင့်လိုပင် တနင့်တပိုးကြီး ခံစားနေမည်ဆိုတာ သိနေပါ၏။ သွေးသားရင်ချာတွေပင် မဟုတ်ပါလား။ ပိုင်နှင့်ထပ်တူ ကိုကိုလည်း ဝမ်းနည်းနေမှာ အမှန်ပါပင်။

"ကိုကို့ကို ခွင့်လွှတ်ပါ၊ ပိုင့်ကို ကောင်းစေချင်လွန်းလို့ပါကွယ်၊ ကိုကို့စေတနာကို ပိုင် နားလည်စေချင်ပါတယ်"

"ပိုင် သိပါတယ်"

"တော်သေးတာပေါ့"





ကိုကိုက တီးတိုးရယ်ကာ ပိုင့်ညာဘက်ပါးကို ခပ်ဖွဖွပွတ်သပ်ပေးလေ၏။ လက်ပြန်ရိုက်ခဲ့သည့် ပိုင့်ဒဏ်ရာက သက်သာ နေပြီဖြစ်ပါလျက် ကိုကို လက်ကျိုးသွားတာက မပျောက်သေးပါလေ။

"ပိုင် ပြောစရာတွေရှိတယ်"

"နောက်မှလေ၊ အခု . . . ကိုကို ရေချိုးပါရစေဦး၊ တစ်နေ့လုံး ဆိုက်တွေထဲ လျှောက်သွားရတာ တစ်ကိုယ်လုံး ညစ်ပတ်နေပြီ"

ပိုင် အသာထွက်လိုက်ပါ၏။ ကိုကိုက ပိုင့်နှာခေါင်းကို ဆွဲလိမ်လိုက်ပေမယ့် အရမ်းကြီး မနာပါလေ။ "အပြင်မှာ အကြာကြီး မနေနဲ့" ဟု သတိပေးကာ တိုက်ထဲဝင်သွားလေတော့၏။ မြက်ခင်းစပ်မှာရပ်ကာ လရောင်ကို မော့ကြည့်လိုက်မိပါသည်။ ခြံတံခါး ပွင့်နေတာကို သွားပိတ်ကာ သော့ခတ်လိုက်ပါ၏။

"ပိုင်"

"ဟင်!"

အနောက်မှရောက်နေသည့် ယုကြောင့် အထိတ်တလန့်ဖြစ်သွားရပါ၏။ အလို! . . . ကိုကိုမြင်သွားရင်တော့ ဒုက္ခပါပဲ။ အခုလေးတင် ကိုကို့ကား ဝင်လာတာကို မမြင်လိုက်ဘူးလား။ ယု မျက်လုံးတို့က ခါတိုင်းလို လင်းလက်မနေပါဘဲ စိုစွတ်နီရဲနေလို့ပါလေ။ ဘာများဖြစ်လို့ပါလဲ။

"ယု"

"နင် . . . သူ့ကို ဘာပြောလိုက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ကို့ကို ငါ့အကြောင်းတွေ ပြောလိုက်လားလို့ မေးနေတာလေ"

"ဘာရယ်"

ဘုရားရေ! သူတို့ပြဿနာဖြစ်ကြပြီလား။ ဘယ်ကနေ ဘယ်လို သတင်းတွေကြားခဲ့လို့ ပိုင့်ကို ဆွဲထည့်နေရပါသလဲ။ ယုပုံစံက ခါတိုင်းနှင့်မတူဘဲ ဒေါသဖြစ်နေသည့်နှယ်ပါ။ ဘာလဲ ... ရည်းစားမထားဖူးတဲ့လူမှ မဟုတ်တာ။ ဒီရည်းစားနဲ့ ပြဿနာ နည်းနည်းပါးပါးလေးဖြစ်တာကို သည်းခံနိုင်ရမှာပေါ့ ယုရယ်။

"ကိုက ... ကိုက ... ငါ့ကို မချစ်ဘူးတဲ့"

"ဟင်"

"ငါ့ကို ချစ်ခဲ့တာ မဟုတ်ဘူးလို့ ပြောတာ၊ သူချစ်တာ တခြားတစ်ယောက်တဲ့လေ"

"ယု"

ပိုင် လန့်သွားရပါ၏။ တခြားတစ်ယောက်ဆိုတာနဲ့ပဲ ဒီကိုပေါက်ချလာရသလား။ ဘယ့်လိုလဲ။ ဒီနှစ်ယောက် ပြဿနာဖြစ်တိုင်း ပိုင့်ကိုချည်း ရမယ်လာရှာတော့တာပါလေ။ ပိုင်ကိုယ်တိုင် မိတ်ဆက်အောင်သွယ်ပေးခဲ့တာ မဟုတ်ပါဘဲ သူတို့လက်ညှိုးဆုံရာက အဘယ်ကြောင့် ပိုင်သာ ဖြစ်နေရပါသနည်း။ ထူးဆန်းလေစွ။

"ငါ အစကတည်းက ရိပ်မိတယ်"





"ဘာ ... ဘာကိုလဲ"

"နင့်ကိုကြည့်တဲ့ သူ့အကြည့်တွေကိုပေါ့"

"ယု ... မဟုတ်ဘူးနော်"

"ဟုတ်တယ် ... ဟုတ်ကို ဟုတ်နေတာ၊ အများအမြင်မှာ င်တို့ချင်း ရန်ဖြစ်စကားများတာလို့ ယူဆနိုင်ပေမယ့် တကယ် ၆က ဟုတ်မှမဟုတ်တာ"

"ဟာ!"

ပိုင် ပါးစပ်ကို လက်ဖြင့် ပိတ်လျက် ယုကို မျက်လုံးအပြူးသား ကြည့်နေမိ၏။ သူများ ဓာတ်ခုတ်ရာမှာ လက်ဝင်လျှိုမိသလို ဖြစ်နေပြီလား။ မင်းအပေါ်မှာ ငါ ဘယ်လောက် စေတနာထားပြီး ချစ်ခဲ့သလဲဆိုတာကို ယု သိရဲ့သားနဲ့ကွယ်။ ပိုင့်လောက် ယုအပေါ် ကြင်နာတာ ဂရုစိုက်တာမျိုး ဘယ်သူလုပ်ပေးနိုင်လို့လဲ ပြောပါဦး။ အထင်မှားမှ မှားတတ်ပါပေ့။

"ငါ့ phone ကို တောင်းထားကတည်းက စသိသင်ခဲ့တာ၊ ဒါ အတော်ညံ့သေးတာပဲ"

"ယု! မှားနေပြီနော်"

"မမှားဘူး။ မှားတာက နင်ပါ ပိုင်၊ ငါ့ချစ်သူကို ကြားကနေ ကလော်ကလယ်နဲ့ ဖြတ်ခုတ်သွားတာ၊ ဖြားယောင်သွေးဆောင်သွားတာ နှင့်ကိုယ်နှင် မရှက်ဘူးလား"

"လွန်နေပြီ ယု"



www.burmeseclassic.com

www.burmeseclassic.com



"မလွန်ဘူး။ လွန်တာက နင်ဟဲ့! . . . ယဉ်မင်းပိုင်ရဲ့ သူငယ်ချင်းရဲ့ချစ်သူမှန်းသိပါလျက်နဲ့ ငါ့နောက်ကျောကို ဓားနဲ့ထိုးတာက နင်မှအစစ်"

"ဟာ . . . ယု!"

ပိုင် အံ့ဩမှုက အထွဋ်အထိပ်သို့ ရောက်သွားပါ၏။ "ယဉ်မင်းပိုင်" တဲ့လား။ တစ်သက်လုံး မခေါ်ဖြစ်အောင် သိမ်းဆည်းခဲ့ပါသည့် အမည်က ယုနှုတ်ဖျားက ထွက်လာသတဲ့လေ။ ကတိဆိုတာ တည်နိုင်မှ ပေးတာ အကောင်းဆုံး၊ အမှန်ဆုံးဟု ကိုကိုပြောခဲ့တာ မှန်နေပါပြီကော။

"ငါ့ကို စွန့်ပစ်ခဲ့အောင် သူ့ကို နင် ဘာတွေပြောခဲ့လဲ"

"မဟုတ်ဘူး"

"ငါ့လျှို့ဝှက်ချက်ကို ပြောပြလိုက်တယ်ပေါ့ . . . ဟုတ်လား ယဉ်မင်းပိုင်၊ ပြောတော့ဖြင့် နင် နောက်ဆုံးထွက်သက်အထိ လုံခြုံအောင် သိမ်းထားမယ်ပြောပြီး . . . ဟင်းဟင်း . . . ဘယ်လိုပဲ ယောကျ်ားလို ဟန်ဆောင်နေနေပါစေ . . . နောက်ဆုံးတော့ မိန်းမက မိန်းမဇာတိပြလိုက်တာပါပဲ"

"ယု! . . . တော်တော့နော်၊ မင်းစွပ်စွဲတာတွေ အရမ်းများနေပြီ"

လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်မိစဉ် ယုက ပိုင့်လက်တို့ကို ပုတ်ချလိုက်လေ၏။ ပြီးနောက် ရင်ဘတ်ကိုပါ အားကုန်ဆောင့်တွန်း





လိုက်လေသည်။ ထင်မထားတာမို့ ပိုင် ဟန်ချက်ပျက်ကာ မြက်ခင်းပြင်ထက် လဲကျလေတော့၏။ လျှို့ဝှက်ချက်တဲ့။ တကယ်တမ်း လျှို့ဝှက်ချက်ကို ပြောနေတာက မင်းမှအစစ်ပါ ယုရယ်။

"အနာပေါ် တုတ်ကျတော့ နာတယ်ပေါ့လေ၊ ဟုတ်လား"

"တော်သင့်ပြီလို့ ယူဆပါတယ်, ယု"

"ဟင်!"

အနီးသို့ရောက်လာသည့် အန်တီလေးလက်ထဲမှာက ပိုင့်အနွေးထည်နှင့်ပါ။ အပြင်မှာ အေးနေပြီမို့ ပိုင့်အတွက် ယူလာခြင်း ဖြစ်ပေမည်။ ဒုက္ခပါပဲ။ ပိုင်နှင့်ယု ပြဿနာအကြီးအကျယ်ဖြစ်နေတာကို ဘယ်သူမှ မသိစေချင်ပါဘူးဆိုနေမှ အန်တီလေး ထွက်လာရတယ်လို့။

မြက်ခင်းထက် လဲသွားသည့် ပိုင့်ကို အန်တီလေး တွဲထူပေးလေ၏။ နေကောင်းခါစ ပိုင့်ကို ယုမို့ ရက်ရက်စက်စက် တွန်းရက်ရတယ်လို့။ အစကဖြင့် ချစ်လှချည်ရဲ့ဆိုပြီး ဒီလက်တွေ ဒီပါးတွေ ယုပဲ တယုတယ နမ်းရှိုက်ခဲ့တာတွေ မေ့ကုန်ပြီတဲ့လား။

"တကယ်တမ်း ကတိမတည်တာက ယုကိုယ်တိုင်ပါပဲ"

"အန်တီလေး"

"အန်တီလေးပြောမှဖြစ်တော့မယ် ပိုင်၊ မတားချင်ပါနဲ့၊ အခုမှ အပြီးပြတ်မယ့်အချိန်ကို ရောက်လာရတာပဲ"

"ယုက . . . ယုက"



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ထိုးစော်ကားပြောရအောင် ပိုင်က အပြစ်ရှိတဲ့လူလား ယု"

"အန်တီလေး"

"အတိတ်ဆိုတာ ဘယ်လိုပဲ ဖုံးကွယ်ထားပါစေ၊ လျှို့ဝှက်ချက်ဆိုတာ တစ်ချိန်ချိန်မှာ ပေါ်လာရတာပဲ၊ ပိုင့်နာမည် ယဉ်မင်းပိုင်ဆိုတာကို မခေါ်ဖြစ်တာ အခု ဘယ်လောက်ရှိနေပြီလဲ၊ လေးနှစ်လား ဒါမှမဟုတ် ငါးနှစ်လား"

ယုပါးပြင်ထက် မျက်ရည်တို့ စီးကျလာလေ၏။ အတိတ်စာမျက်နှာကို ယုက စလှမ်းခဲ့လေတော့ ပိုင့်ဘက်က မခံနိုင်တဲ့ လှုကြီးတွေ ပါလာတာကို ဘယ်တတ်နိုင်ပါတော့မလဲ။ ကာယကံရှင်ဖော်တဲ့အမှုကို တရားခံမဟုတ်တဲ့ မျက်မြင်သက်သေက ဘေးမှရပ်ကြည့်နေရုံပါလေ။

"အချစ်ဆိုတာကြောင့် မျက်စိကွယ်နေတယ်ဆိုရင်လည်း တော်ရုံသင့်ရုံပေါ့ သမီးရယ်၊ ပိုင့်ဘဝမှာ ယုကြောင့် အများကြီးပြောင်းလဲသွားရတာ ထိခိုက်သွားရတာတွေကို မမြင်နိုင်ဘူးလား"

"အန်တီလေး"

"သမီးမိဘတွေက သမီး second year က အပြစ်အပျက်ကို မေ့ကောင်းမေ့နိုင်ပေမယ့် အန်တီလေးကတော့ ဒီနေ့ထိ မမေ့နိုင်ဘူး။ အထူးသဖြင့် ယုကိုယ်စား နာမည်ပျက်ခံပြီး လှပတဲ့ မိန်းကလေးဘဝကို အပြီးတိုင် သော့ခတ်သိမ်းခဲ့တဲ့ ပိုင့်အတွက် သားကြီးက





ပိုပြီး ရင်နာခဲ့ရတာပါ"

"ယု ... ယု"

"ငယ်လို့ မိုက်ခဲ့တာကို ခွင့်လွှတ်ကောင်း ခွင့်လွှတ်ကြမှာပါ၊ အမှားဆိုတာ လူတိုင်းနဲ့ မကင်းဘူးဆိုပေမယ့် ပြင်လို့ရနိုင်တဲ့ အမှားမျိုးပဲ ဖြစ်သင့်ပါတယ်၊ မိန်းမသားဘဝဆိုတာ ဖက်ရွက်လေးနဲ့ အတူတူပဲလို့ တင်စားကြတာ ယု သိပါရဲ့လား"

"ယု ... ယု ... မှားပါတယ်"

"တော်သေးတာပေါ့၊ ကိုယ်မှားရင် ကိုယ်တိုင်တောင်းပန်ရတယ် သမီးရဲ့၊ မေတ္တာစစ်နဲ့ ချစ်တဲ့လူဆိုရင် ဘယ်လိုမိန်းကလေးမျိုးပဲဖြစ်နေပါစေ ခွင့်လွှတ်ပြီး လက်သင့်ခံမှာပါ ယု၊ ဘဝမှာ တစ်ခါအမည်းစက်စွန်းထင်စေခဲ့တဲ့ကိစ္စကို ကိုယ်လက်ထပ်မယ့်လူကိုသာ ကိုယ်တိုင်အသိပေးသင့်ပါတယ်၊ ပွင့်လင်းမှုရှိမှ သမီးဘဝ သမီးအိမ်ထောင်ရေး အေးချမ်းသာယာမှုရှိမှာ အမှန်ပဲလေ"

"မဆိုင်တဲ့လူကို ဆွဲမခေါ်ပါနဲ့၊ ပိုင့်ကို ဒီဘဝ ဒီမျှနဲ့ပဲ လက်လွှတ်ပေးလိုက်ပါ ယု၊ ပိုင် လွတ်လပ်စွာနေခွင့်ရပါစေ၊ သူငယ်ချင်းဆိုတဲ့ကြိုးက ချုပ်နှောင်တဲ့ နှောင်ကြိုးတော့ မဖြစ်သင့်မှန်း ယုလည်း သိမှာပါ"

"နောက်ကို ဒီဘက်ခြမ်းနဲ့ဒီဘက်က လူတွေနဲ့ မပတ်သက်ပါနဲ့လို့ မေတ္တာရပ်ခံပါတယ်၊ ပိုင့်ကိုယ်ပေါ်မှာ, ပိုင့်ရင်ထဲမှာ ယုကြောင့် ရခဲ့တဲ့ ဒဏ်ရာအနာတရတွေကို ကျက်ပါစေတော့လို့ အန်တီလေး



www.burmeseclassic.com

www.burmeseclassic.com



ပြောပါရစေ၊ ဒီရက်ပိုင်းအတွင်း ခြံဘေးတံခါးပေါက်ကို သားကြီးက အုတ်နဲ့ အပြီးပိတ်တော့မှာပါ၊ ဒီလိုဖြစ်အောင် လုပ်ခဲ့တဲ့သူက ယုမှန်း သိပါရဲ့လား။ နောင်တဆိုတာ တစ်ကြိမ်ပဲ ရသင့်တဲ့ အရာမျိုးပါ သမီးရယ်''

ယုက မျက်နှာကို လက်ဝါးဖြင့် အုပ်လျက် ခြံဘေးတံခါး ပေါက်ရှိရာသို့ ပြေးသွားလေတော့၏။ ခုံတန်းဖြူထက် နွမ်းလျစွာဖြင့် ပိုင်တို့ ကျန်ရစ်ခဲ့ပါသည်။ ရင်ထဲမှာ မွန်းကျပ်နေတာမို့ ငိုဖို့ခွန်အား ပင် မရှိပါလေတော့။

ကြာတော့ ကြာခဲ့ပါပြီ။ ဟုတ်ပါတယ်။ အဲဒီတုန်းက ပိုင်တို့ Second year တက်နေကြတုန်းလေ။ ပိုင်တို့ Major မှာ Queen အဖြစ် Tip ပေးခံရသည့် ယုအနီးမှာ ကောင်လေးတွေ ဝိုင်းဝိုင်းလည် နေခဲ့ပါ၏။ ထိုအထဲကမှ ခပ်မိမိကောင်လေးကို ယုအဖြေပေးခဲ့တာ။

အဲဒီနောက် စာမေးပွဲအပြီး ကျောင်းပိတ်ခါနီး ကျောင်းမှာ Group လိုက် ခရီးထွက်ဖြစ်ခဲ့သည်က ရှမ်းပြည်နယ်ဘက်။ အဲဒီမှာ အုပ်စုနဲ့ကွဲပြီး အဲဒီကောင်လေးနဲ့ ယု ပျောက်သွားခဲ့တာ။ ဆရာဆရာမ တွေ ခေါင်းခဲကုန်တာ။ အိမ်ပြန်ရောက်တော့ လူကြီးတွေ စုံစမ်းကြည့် စဉ် ကောင်လေး၏ဇာစ်မြစ်က မရေမရာ။ အတော့်ကို အဆင့်အတန်း နိမ့်လွန်းနေတာမို့ လေးလေးတို့ မရမက ခွဲပစ်ခဲ့ကြတာလေ။

ကျောင်းပိတ်စဉ်ကာလလေးမှာ အိမ်တွင်းအောင်းပြီး အသည်းကွဲအရှက်ရနေတဲ့ ယုကို ပိုင်ပဲ အပြင်ကိုဆွဲထုတ်နိုင်ခဲ့တာပါ။





အနီးနားပတ်ဝန်းကျင်မှာ နာမည်ပျက်သွားသူက ယုမဟုတ်ဘဲ ပိုင် ဖြစ်နေသကဲ့သို့သော သတင်းများကို လွှင့်ကာ ပုံစံပါ လုံးဝပြောင်းပစ် ခဲ့တာပါလေ။

ဒါတွေအားလုံးကို ယုက မေ့နိုင်ခဲ့ရတယ်လို့ ''ဘယ်သူမပြု မိမိမှု'' ဆိုတာကို သတိမမူမိရသတဲ့လား။ ဟုတ်ပါတယ်။ ပိုင်ပြောချင် တာတွေအားလုံးကို အန်တီလေးက ပိုင့်ကိုယ်စား ပြောသွားခဲ့တာ အမှန်ပါ။ မျိုသိပ်ခဲ့ရတဲ့ လူရဲ့ခံစားချက်ကို ယုမှ နားမလည်ဘဲကို။

လူဆိုတာ မွေးလာကတည်းက ပြီးပြည့်စုံလာတာ မဟုတ်ပါ ဘူး။ ပိုင်က ယုထက် နောက်ကျပြီး လူဖြစ်လာခဲ့ပေမယ့် ယုရဲ့ဘဝ ကို ဖြည့်ဆည်းပေးဖို့ အဖြည့်ခံအဖြစ် ခံယူခဲ့တာပါ။ သို့သော် ... ပိုင့်ကို သူငယ်ချင်းဆိုတာထက် ရန်ဘက်လို သဘောထားပြီး မျက် မုန်းကျိုးနေတဲ့ ယုကို ဖြူစင်တဲ့မေတ္တာမျိုး ဘယ်ပေးလို့ရပါတော့မလဲ။

ကွဲအက်သွားခဲ့ရတဲ့ ရင်ထဲမှာ နှလုံးသားက အနာကျင်ဆုံး ပါပဲ။ အချစ်ကြီးချစ်သူရဲ့မေတ္တာကို ယုမှ မစာနာ နားမလည်တတ် ရင် ဒီလောကကြီးမှာ အသက်ဆက်ရှင်လို့ ဖြစ်နိုင်ပါတော့မလား။ ခြော် ... ယုရယ်။



www.burmeseclassic.com

www.burmeseclassic.com



မီးမှိတ်ရပ်ထားပါသည့် ကားကို ညင်သာစွာ စက်နှိုးရင်း ကျွန်တော် ပြုံးလိုက်မိပါ၏။ နှစ်လိုစွာ … ဝမ်းမြောက်ဝမ်းသာစွာ ပျော်ရွှင်ကြည်နူးစွာဖြင့် ခပ်တိုးတိုးရယ်လိုက်မိတော့သည်။

ကျေးဇူးပဲ ပိုင်။ ကျေးဇူးကမ္ဘာပါ လောကကြီးရယ် ရှုခင်းနီးနီးဖြစ်နေတဲ့ ကျွန်တော့်ကို ကယ်တင်ပေးခဲ့တဲ့အတွက်ကြောင့်ပါပဲ။

"ယဉ်မင်းပိုင်" တဲ့။ အဘယ်မျှ ချစ်စဖွယ်အမည်လေးပါလဲ။ မိန်းကလေးတဲ့လား ပိုင်။ ကျွန်တော့်ကို shock ရအောင် မျက်လှည့်ပြလိုက်တာများလား။ အရိပ်လေး မြင်လိုမြင်ငြား အသာလာကြည့်စဉ် မထင်မှတ်တဲ့မြင်ကွင်း၊ ထင်မထားသည့်အကြောင်းအရာတို့ကို သိခွင့်ရခဲ့တာပါလေ။

လူတိုင်းလူတိုင်းမှာ လျှို့ဝှက်ချက်ကိုယ်စီ ရှိကြမယ်ဆိုတာကို ကျွန်တော် နားလည်ပါတယ်။ သို့သော် … ယုရယ် … သူရယ် … ကျွန်တော်ရယ် သုံးဦးကြားမှ လျှို့ဝှက်ချက်ကိုတော့ ကြိုမမြင်နိုင်ခဲ့ပါ။ အထူးသဖြင့် သူနှင့်ယုတို့နှစ်ယောက်ကြားမှာ တစ်သက်လုံး ဖုံးကွယ်ထားသည့် လျှို့ဝှက်ချက်ကြီးတစ်ခုက ကျွန်တော့်ကို အံ့အားသင့်စေပြီး ကျွန်တော့်ဦးနှောက်ကို ချာချာလည်စေခဲ့တာ အမှန်ပါ။ သေချာပါတယ်။ ကျွန်တော့်ကမ္ဘာကြီး ပြောင်းပြန်လည်စေခဲ့တဲ့ အဖြစ်အပျက်ပါပဲ။

ကိုယ်တို့ ဆုံစည်းကြပါစို့ ပိုင်။



# အခန်း (၂၅)

## (၆) လခန့် ကြာပြီးသည့်နောက်

"ပိုင်ရေ"

"လာပြီ မမရေ"

ကိုကို့ဖနီး မမညို (သပြေညို) ၏ခေါ်သံကို အသံလှမ်းပြုလိုက်ရပါ၏။ အနည်းငယ် ရှည်လာပြီဖြစ်သည့် ဆံပင်ကြောင့် မှန်ထဲကြည့်ရင်း နှာခေါင်းရှုံ့လိုက်မိပါသည်။ ဆံပင်အတိုပဲ ထားခဲ့တာ အကျင့်ဖြစ်နေပြီမို့ လည်ကုပ်ကို ဆံပင်ထိတာနှင့် မနေတတ်တော့ပါချေ။

"လာပြီဆိုပြီး လူက ပေါ်မလာသေးပါလားဟေ့!"

"လာပြီ ကိုကိုရေ … ဒီတစ်ခါ တကယ်လာတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မျက်ခုံးမွှေးဆွဲနေလို့လား"

ကိုကို လှမ်းစလိုက်တာကြောင့် မျက်နှာကို ရှုံ့တွလိုက်မိပြန်လေ၏။ ဒီမျက်နှာမှာ ဘာကိုမှ မခြယ်မသဖြစ်တာမို့ အကျင့်ဖြစ်ပြီး ခပ်ပြောင်ပြောင်ပဲနေတာကိုများ သိရဲ့သားနဲ့။ လှေကားမှ အပြေးဆင်းခဲ့စဉ် မီးဖိုခန်းဘက်မှ မုန့်ဟင်းချည်နံ့က လှိုင်ခနဲ မွှေးလာလေသည်။

"ဟား! မွှေးလိုက်တာ ဆာပြီဗျို့"

"အဆင်သင့်ပါရှင် ... ပိုင်လာရင် ပူပူလေး စားရအောင် ပြင်နေတာ"

ထမင်းစားပွဲမှာ ခုံဆွဲထိုင်လိုက်စဉ် မမက ပိုင့်ရှေ့ရှိ မုန့်ဖတ်နှင့်ညှပ်ရောထားသည့် ပန်းကန်လုံးကိုယူ၍ ဟင်းချည်ပူပူလေး ဆမ်းပေးလေသည်။ အန်တီလေးက ရေဖန်ခွက်ထည့်လာသည့် ဗန်းထဲမှာ ပိုင်သောက်ဖို့ဆေးပါ ထည့်လာပေးပါ၏။

"အိပ်လို့ပျော်ရဲ့လား"

"ဟုတ်!"

"မျက်နှာကြည်သားပဲ၊ ပါးလေးတွေ ပြည့်လာသား၊ ပိုင် ဝ,လာလို့ တော်သေးတာပေါ့၊ ပေါင်ချိန်လာရဲ့လား"

နှာခေါင်းရှုံ့ပြကာ ခေါင်းခါလိုက်မိ၏။ ကိုကိုက မုန့်စားရင်း ပိုင့်ကို မျက်မှောင်ကြုတ်ပြလေသည်။ လူကို ခေါင်းအစ ခြေအဆုံး သေချာကြည့်နေကြတုန်းပါလား။ မမက ပဲသီးတောင့်နှင့် နံနံပင်ကို ရိတ်ရိတ်လှီးပြီး ပန်းကန်ပြားထဲထည့်ကာ ပိုင့်အနီး ချပေးပြီးမှ ခုံမှာ



ဝင်ထိုင်လိုက်လေ၏။

"ဘောင်းဘီတွေ ကျပ်ကုန်ပြီဆို၊ ဒီလိုပဲ ဆက်ဝတ်နေဦးမှာလား"

"ဟာ ... လာပြန်ပြီ မမကလည်း။ ဘာတွေလျှောက်ပြောနေတာလဲ"

"ဟုတ်သားပဲ ... ပိုင် ဒီလိုပဲဆက်နေလို့မဖြစ်တာ စဉ်းစားသင့်ပြီ၊ နို့မို့ ... ညီနဲ့တွဲသွားတိုင်း ညီ့ကို အသိတွေ တစ်မျိုးမြင်ကြတုန်းပဲ၊ ကောင်လေးငယ်ငယ်နဲ့ တွဲတွေ့တယ်ဆိုပြီပေါ့"

"ပိုင်က ဒီလိုမဝတ်လို့ ဘယ်လိုဝတ်ရမှာလဲ ကိုကိုရ"

"စကပ်တို့ ဘာတို့ဝတ်ပေါ့ ညီမလေးရဲ့"

"အာ! ရှက်စရာကြီး"

"ဘာရှက်စရာလဲ"

"အခုတောင် ဆံပင်သွားညှပ်မလို့ ရှည်လာတာ မနေတတ်တော့ဘူး"

စကားလမ်းကြောင်းကို အတင်းပြောင်းကာ မုန့်စားတာကို အာရုံစိုက်လိုက်ပါ၏။ အရင်ကဆို ပိုင် ဘာစားစား ဂရုစိုက်ကျွေးရပါလျက်၊ အခုဖြင့် မမက ပိုင်စားလို့ဝင်စေရန် တစ်နေ့တစ်မျိုး ပြောင်းချက်ကျွေးတာမို့ စားကောင်းအိပ်ကောင်းဖြစ်လာတာပင်။ အလုပ်မှာလုပ်ငန်းလည်း တိုးချဲ့နေပြီး အောင်မြင်သင့်သလောက် အောင်မြင်နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပြီးပြီလား"

"အင်း"

"အဖြေက ဘာလဲ"

"သူတို့ဘက်က လျှော့ပေးနိုင်တယ်ဆိုမှတော့ ယူဖြစ်မှာပေါ့ ကိုကို့ရဲ့ သစ်တွေက အကောင်းချည်းတွေဟာ"

"ကျစ်! တလွဲပြောပြန်ပြီ ခေါင်းထဲမှာ အလုပ်တွေပဲ ထည့်တုန်းလား"

"ဟင်!-မဟုတ်ဘူးလား"

"ကျော်စွာနဲ့ မိုးသားဖြူကို ရွေးခိုင်းထားတာကို ပြောနေတာလေ ပိုင်ရာ"

ပိုင့်မျက်နှာ ရဲသွားရပါ၏။ လာပြန်ပြီ ဒီကိစ္စ။ အစ်ကိုက ပိုင့်ကို ဘယ်သူ့ဘယ်ဝါမှန်း ငယ်စဉ်ကတည်းက သိတာမို့ အကြောင်း မဟုတ်ပါ။ ခက်တာက ဒင်း . . . ပိုင့်အကြောင်း ဘယ်ကနေဘယ်လို သိသွားပြီး မိဘတွေနှင့် နားဖောက်နိုင်းသည်မသိ။ သေချင်လိုက်ပါဘီ။

"မစဉ်းစားပါဘူး"

"ဘာဖြစ်လို့လဲ"

"လိုမှမလိုတာ၊ ပိုင်က ယောကျ်ားမှ မယူတာကို"

"ဟဲ့! . . . ယောကျ်ားမယူဘဲ ရှင်က မိန်းမယူချင်လို့လား"

"အန်တီလေးကလည်းလေ . . . မဟုတ်ရပါဘူး၊ ပိုင်က ကိုကိုနဲ့မမတို့မွေးလာတဲ့ ကလေးတွေကို ထိန်းပေးမှာ"





"အမယ်လေး! မဟုတ်တာ ပြောနေပြန်ပါပြီ၊ ငါ တစ်ယောက်လုံး ရှိနေတာ ထိန်းပေးစရာလား။ ရှင်ထိန်းမှဖြင့် ချောက်လောင်းလေးတွေပဲ ဖြစ်လာလိမ့်မယ်"

"ဟုတ်တယ် ပိုင်၊ အတွင်းသိ အစင်းသိ ကျော်စွာကို yes လည်း ok တယ်၊ ဒါမှမဟုတ် ပိုင့်ကိုမှ မရရင် သေရပါတော့မယ် ဆိုတဲ့ မိုးသားဖြူကို ခေါင်းညိတ်လည်း ဖြစ်တာချည်းပဲ၊ သိပ်အကြာကြီး မှုမနေနဲ့"

ကိုကို့ကို ပိုင် မျက်လုံးပြူးပြလိုက်ပါ၏။ မမညိုနှင့် ခွင့်ပြုပေးလိုက်တာနဲ့ပဲ လူကို အောင်သွယ်လုပ်ချင်နေရတယ်လို့။ မမက ပြုံးစိစိလုပ်နေသဖြင့် ပိုင် နေရခက်လွန်းတာလေ။ အန်တီလေးက ပိုင့်လက်ထဲသို့ သောက်ရန် ဆေးတွေထည့်ပေးလျက် ပြောပြန်လေ၏။

"သူ မပြောလည်း ငါသိတယ်ဟေ့"

"ဘာကိုလဲ"

"သူ ပွစိပွစိပြောပြီး မကျေမနပ်ဖြစ်နေမှတော့ အဲဒီတစ်ယောက်ဘက် (99.9%) ယိုင်နေပြီမှန်း မသိဘဲရှိမလား"

"အန်တီလေး! ဟာကွာ . . . မသိတော့ဘူး၊ ပိုင် သွားပြီ"

ဆေးအမြန်သောက်ကာ ထလစ်ခဲ့ရတော့၏။ ကားမောင်းထွက်ခဲ့စဉ် တစ်ဖက်ခြံထဲမှ ကားအထွက်နှင့် တိုးလေသည်။ အကြည့်ချင်းဆုံသွားရပါသည့် ယုက ပိုင့်ကို မပွင့်တပွင့် ပြုံးပြလေ၏။ ယုံ့ဘေးမှာ (စေ့စပ်ပြီးသွားသည့်) သတို့သားက ကားမောင်းလျက် ပါလာ

www.burmeseclassic.com



လေသည်။

ပိုင် ပြန်ပြုံးပြလိုက်ကာ ကားကို ကျော်တက်လိုက်ပါ၏။ အချိန်ကြာလာတာနှင့်အမျှ ရင့်ကျက်သင့်သလောက် တည်ငြိမ်ရင့်ကျက်သင့်ပါပြီလေ။ သီချင်းနားထောင်ကျင့်ဖြစ်နေတာမို့ ကားထဲမှ FM လိုင်းကို ဖွင့်လိုက်ပါသည်။ အလို! တိုက်ဆိုင်လှချည်လား။ ပိုင် အလွန်နှစ်သက်ပါသည့် "အဆိုတော် စိုးလွင်လွင်"၏ အသံက နံနက်ခင်းမှာ လွမ်းလွမ်းဆွေးဆွေးလေး လွင့်ပျံထွက်လာလေသည်။

♫ ချိုသာတဲ့ မင်းရဲ့စကားသံတွေ ××× ကြင်နာတဲ့ မင်းအယုအယတွေထဲ ××× သာယာစွာ မူးရစ်ခဲ့ပေမယ့် ဟိုတစ်ခါ ချစ်ခဲ့လေသမျှ ××× ရင်နာစရာ မုန်းမေ့ရက်သူ ယုရေ ××× ညင်သာစွာ ကျောခိုင်းထွက်သူ ယုရေ ×××

မနာလိုသူ သွေးထိုးစကားတွေထဲ ××× ရေစုန်မှာမျောရင်း နားယောင်စဲ ရှောင်ဖယ်ကာ ××× စိမ်းကားခဲ့ပေမယ့်' ××× တိုင်တည်ကာ ချစ်ခဲ့လေသမျှ ပြန်မြင်ယောင်အောက်မေ့စေပါ ယုရေ ××× အရင်လို ပြန်ယုယပါရစေ ယုရေ ×××

ကြင်နာတာတွေ မမုန်းလိုက်နဲ့ ×××
တိုင်တည်တာတွေ မမေ့လိုက်နဲ့ ×××
တိုင်တည်တာတွေ မမေ့လိုက်နဲ့ ×××
ကြင်နာတာတွေ မမုန်းလိုက်နဲ့ ×××

နာကျင်တဲ့ အသည်းအစားထိုးဖို့မလွယ် ××× မဖြေသာတဲ့





သောကမုန်တိုင်းအလယ် ××× ယံနေ့တိုင်ပဲ ယုရယ် ××× ရင်ခွင်မှာ အချစ်ဆုံး ××× ယုတစ်ယောက်တည်း ××× ♫

မုန်ပါတယ် ယုရယ်။ တစ်သက်မှာ ဒီတစ်ယောက်တည်းကိုပဲ ချစ်ခဲ့တာပါ။ ပိုင်ချစ်နေပါတယ်ဆိုတဲ့ ယုကို လာလုပြီး ပြိုင်ချစ်ခဲ့ရတဲ့ "မိုးသားဖြူ"က ယုကို တကယ်ချစ်တာ မဟုတ်ဘူးတဲ့လား။ အမှတ်မှားပြီး ရွေးချယ်ခဲ့တာ လူမှားတာတဲ့လားလေ။

ကျစ်! ဘယ်လိုဖြစ်ပြီး ဒင်းအကြောင်းက ခေါင်းထဲရောက်လာရပါသနည်း။ စိတ်တိုလိုက်တာနော်။ ဆိုင်ရှေ့မှာ ကားကိုရပ်ကာ အနီးဝန်းကျင်ကို လှေ့လာလိုက်ပါ၏။ ဘာကားမှ ရပ်ထားတာ မမြင်ရတာမို့ တော်ပါသေးရဲ့။ နို့မို့ တစ်နေ့တစ်နေ့ မျက်စိနောက်အောင် ပေါ်ပေါ်လာတာလေ။

ပန်းမကြိုက်တဲ့ ပိုင့်ကို ပန်းလာပို့ပေးတာ၊ အချိုမကြိုက်တဲ့ ပိုင့်အတွက်ဆိုပြီး cake လာပို့ပြန်တာ။ ကလေးမဟုတ်ပါဘဲ အရုပ်တွေ သယ်လာပေးပြန်တာ။ လုပ်သမျှ မုန်းစရာသာဖြစ်နေတာပါလေ။ ပိုင့်မှာ မကျေမနပ် ထုတ်ပြောပြန်လည်း အနိုက်တိလေးက မှတ်ချက်ချပြန်တာမို့ ရင့်နှုတ်ပိတ်နေရတာလောက် အဘယ်မျှ အနေခက်ရပါသလဲ အလကား အရှုး။

"Morning အစ်ကိုလေး"

"အင်း"

ဖူးငုံ နှုတ်ဆက်တာကို ပြန်ပြုံးပြလိုက်ရပါ၏။ ပိုင့်ကို မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးမုန်း သိနေပါလျက် နှုတ်ကျိုးနေသည့် အခါအခေါ်ကို ပြင်လို့မှမရတာလေ။ Show room ထဲ လှည့်ပတ်ကြည့်လိုက်သော်ငြား အရိပ်အယောင်မျှ မမြင်ရပါလေ။ ဒီနေ့တော့ စောစောစီးစီး ဖျက်စီနောက် သက်သာပြီထင်ပါရဲ့။

"ဘယ်သူလာသေးလဲ"

"ရှင်! . . . ခြော် . . . ဘယ်သူမှ မလာသေးပါဘူး အစ်ကိုလေး"

"အေး အေး"

ရုံးခန်းထဲမှာ computer ဖွင့်ကာ အလုပ်စလုပ်ရင်း စိတ်နှစ်လိုက်ပါ၏။ အံဆွဲသော့ကို ဖွင့်လျက် စာရွက်စာတမ်းသိမ်းရန် ပြင်လိုက်စဉ် အပေါ်အံဆွဲထက်မှာ ရှိနေသည့် ဖူးမည်းမည်းလေးကို မြင်လိုက်ရသည်။ ယူဖွင့်ကြည့်လိုက်စဉ် စိန်လက်စွပ်တစ်ကွင်းကို တွေ့လိုက်ရပါ၏။ ကြည့်စမ်း! . . . ခုန ဖုနဲ့ပြောတာ ဘယ်သူမှ မလာဘူးဆို။ ဒါဖြင့် . . . ဒီလက်စွပ်က ဘယ်လိုခြေထောက်ပေါက်ပြီး ရောက်လာပါသလဲ။

"ဖုနဲ့ . . . အာ . . . ဘယ်လိုလုပ်လိုက်တာလဲ"

Show room ဘက် လှည့်ခေါ်ရန် ပြင်လိုက်စဉ် ပိုင့်ပါးတစ်ဖက် နွေးသွားသလို အနောက်မှ သိုင်းဖက်ခြင်းကို ခံလိုက်ရပါ၏။ လူက ထူပူပြီး လက်တွေ ဖယ်ထုတ်နေပေမယ့် မရပါလေ။ ရုံးခန်းထဲ ဘယ်အချိန်ဝင်လာတာပါလိမ့်။





"ပိုင်က လှည့်လိုက်တာကိုး . . . မတော်တဆ"

"ဘာမတော်တဆလဲ . . . ဖယ်ပါ၊ မင်းနော်"

"ချစ်တယ်ပြောရင် လွှတ်ပေးမယ်လေ"

"မင်းတော့ အသားနာချင်နေပြီထင်တယ်၊ ငါ ကိုင်ပေါက်မိတော့မယ်၊ မိုးသားဖြူ"

"ရပါတယ် . . . ပိုင်ကြိုက်သလိုသာ လုပ်လိုက်ပါ၊ ကိုယ့်တစ်ကိုယ်လုံးကို ပိုင့်လက်ထဲ ပုံအပ်ထားတာပါ ပိုင်ရယ်"

"အား! . . . မုန်းလိုက်တာကွာ"

ပြောတော့ဖြင့် ပိုင့်လက်ထဲ သူ့တစ်ကိုယ်လုံး ပုံအပ်တာပါတဲ့။ တကယ်တမ်း ပိုင်ကသာ သူ့လက်ထဲ တစ်ကိုယ်လုံး ရောက်နေရတာပါလေ။ မုန်းလိုက်တာ "မိုးသားဖြူ" ရာ။

လေးစားလျက်



www.burmeseclassic.com

www.burmeseclassic.com

## နောက်လထွက်မည့်စာအုပ်

# "ရင်တွေအာရမ်းခုန်ပါတယ်"

မင်းကိုချစ်ဖို့ ကိုယ်မွေးဖွားလာခဲ့တာပါ . . . ဘဝမှာ ပထမဦးဆုံးပါပဲ . . . အဲဒီအချိန်မှာပဲ ကိုယ့်ရင်ခုန်နှုန်းတွေ ထူးခြားပြီး ရင်ခုန်သံကျယ်ခဲ့ရတာပါ ... နှလုံးသားတစ်ခုလုံး ပြောင်းဆန်လှုပ်ရှားအောင် မင်းက ပြုစားရတယ်လို့ ... မျက်စိအောက်က အပျောက်မခံနိုင်အောင် အရိပ်တကြည့်ကြည့် ရှိနေစေချင်ပါတယ် ... ရင်ထဲမှာ နွေးသွားစေတဲ့ ပုရှိန်းသကြားလုံးလေးလို ငုံထားလိုက်ချင်တာ မပြောပါနဲ့ ... ချစ်လိုက်ရတာ တုန်နေတာ အမှန်ပါ ...

ကိုယ့်ကို ပြန်ချစ်လှည့်ပါ "ပုလဲမြမြ" ...

www.burmeseclassic.com